
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ဦးမဏိပါဒေဝဟုံ

# ပိုးနဲ့အိ

(နည်းပညာတက္ကသိုလ်)

စီစဉ်သည်။

မိုးဆိမ်းပန်း စာပေ

၁၉/၂၁၊ ကျောင်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း - ၇၀၅၄၅၅

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ဒို့အရေး အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီး ပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက် အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

BURMESE CLASSIC .com

# ဓါထက်အောင်

## စစ်ရှန့်နိုင်းနှင့် မင်းထက်တစ်လှမ်းသာတဲ့ငါ

(အသစ်စက်စက် ၈/ဆုံးလုံးချင်း၀၅၅)

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၁၁၄၆၂၈၁၀၀၉၊ မျက်နှာဖုံးခွင့်ပြုချက်အမှတ်-၅၀၀၀၅၁
၂၀၁၀ခုစက်တင်ဘာ-အောက်တိုဘာလ၊ အုပ်ရေ -၅၀၀၊ တန်ဖိုး-၁၂၀၀၊ ဒီဇိုင်း
(ပသာန်) မနုယုလင်း၊ ကာလာခွဲ-ဟီးဂဲလ်၊ စာအုပ်ချုပ်-မောင်မောင်၊ ဦးနှင်းဆွေ
မြို့)၊ ပန်းလက် ဆောင်စာပေ၊ ၅၁၆/၁၊ ပုလဲ(၄)လမ်း၊ မ/ဥက္ကလာပ၊ ရန်ကုန်မြို့မှ ထုတ်ဝေ
ဦးကျော်လှိုင် (၀၅၅၇၃)၊ စေတနာဝေဘာ့(စ်)ဝက်၊ အမှတ် (၅၉)၊ ၁၉လမ်း၊ ရန်ကုန်မြို့
အဖုံးနှင့်အတွင်း ပုံနှိပ်ပါသည်။

ပထမအကြိမ်

"ထုတ်ဝေသည့်စာအုပ် ကတ်တလောက် အညွှန်း" (CIP)

၈၉၅.

ဇော်ထက်အောင်
စစ်ရန်နိုင်နှင့် မင်းထက်တစ်လှမ်းသာတဲ့ ငါ / ဇော်ထက်အောင်။ - ရန်ကုန်၊
ပန်းလက်ဆောင်စာပေ၊ ၂၀၁၀။
၆၅ - စာ၊ ၁၂.၇ × ၁၇.၇၈ စင်တီ။
(၁) စစ်ရန်နိုင်နှင့် မင်းထက်တစ်လှမ်းသာတဲ့ ငါ



## အခန်း (၁)

မိုးကောင်းကင်တစ်ခုလုံးပြာလွင်၍ကြည်လင်နေသည်။

အထက်ကောင်းကင်ယံမှအောက်ဘက်သို့ငုံ့ကြည့်မည်ဆိုလျှင် -

"အာသာဝတီ"မြို့သည် လွန်စွာကြီးမား ခန့်ထည်လှသော မြို့ကြီးတစ်မြို့အဖြစ် မြင်တွေ့ရမည်ဖြစ်သည်။

"ပယင်းဝါ" တံတားကြီးသည် နေရောင်ခြည်အောက်၌ ရွှေရောင်တဖိတ်ဖိတ် ဝင်းလက်တောက်ပ၍နေသည်။

မြေနီကုန်းမြင့် ထိပ်ဘက်၌တည်ရှိနေသော "အိုင်းယွန်း" မျှော်စင်ကြီးသည် မိုးသားတိမ်ထုအတွင်းထိ ထိုးဖောက်ထွက်နေသည်ဟု မှတ်ထင်ရသည်။

မြို့လယ်ရှိ မိုးမျှော်တိုက်တာ အဆောက်အအုံများကြား



www.burmeseclassic.com

www.burmeseclassic.com

ဌ်ပိရမစ်ပုံသဏ္ဌာန် ရုံးဌာနအဆောက်အအုံကြီး တစ်ခုရှိသည်။

အရှေ့ဘက်ကမ်းခြေရပ်ကွက်ရှိ လမ်းများပေါ်၌ ခရီးသည်များဖြင့် ပြည့်ကြပ်ရှုပ်ထွေးနေ၏။

အနောက်ဘက် ပင်လယ်အော်ကြီး၏ ရေပြင်ပေါ်၌ စူးရှတောက်ပသော နေရောင်ခြည်က တဖျတ်ဖျတ် လက်၍ ရောင်ပြန်ထ.နေသည်။

အပျော်စီးလှေများ၊ ကုန်တင်သင်္ဘောကြီးများ၊ မော်တော်ဘုတ်များ၊ ခရီးသည်ပို့ဆောင်ရေးရေယာဉ်များက ပင်လယ်ကမ်းခြေ၌ လှုပ်ရှားသွားလာနေကြသည်။ အချို့က ရပ်တန့်၍နေကြသည်။

ပင်လယ်ပြာလမ်းမှ မြောက်ဘက်သို့ ဦးတည်၍ အမှတ်အသားတံဆိပ်မပါသော ရဲကားတစ်စီးကို စဝ်ရန်နိုင် မောင်းနှင်လာသည်။

သူသည် အာသာဝတီမြို့၏ ရာဇဝတ်မှုနှင့် အကြမ်းဖက်မှုနှိမ်နင်းရေးအဖွဲ့ အထူးရဲအရာရှိတစ်ဦးဖြစ်သည်။ စဝ်ရန်နိုင်သည် လူသတ်မှုစုံစမ်း စစ်ဆေးရေးဌာန၌ တာဝန်ယူနေရသည်။

သူသည် ဤမြို့ပေါ်ရှိ နေရာပေါင်းစုံကို ကောင်းစွာသိထားသည်။

အလှာပေါင်းစုံမှ လူပေါင်းစုံသည် ပုံစံမျိုးစုံဖြင့် လှုပ်ရှားသွားလာ နေထိုင်လျက်ရှိနေကြသည်။

သူသည် ဤမြို့ပေါ်ရှိ နေရာပေါင်းစုံကို ကောင်းစွာသိထားသည်။





အလှာပေါင်းစုံမှ လူပေါင်းစုံသည် ပုံစံမျိုးစုံဖြင့် လှုပ်ရှားသွားလာနေထိုင်လျက် ရှိနေကြသည်။

အခြေအနေများစွာကို စဝ်ရန်နိုင် နားလည်သိရှိထားသည်။

စဝ်ရန်နိုင် ကားကို ညာဘက်ခြမ်းသို့ ချိုးကွေ့ဝင်လိုက်သည်။

သူ၏ဘေး၌ နားကြပ်ဖြင့် သီချင်းနားထောင်နေသည့် လူဝကြီး ဗသန်းထိုက် ငြိမ်သက်စွာ ထိုင်၍နေ၏။

လူဝကြီးက လှမ်း၍ပြောသည်။

"ဟေ့…စဝ်"

စဝ်ရန်နိုင် လူဝကြီးဗသန်းထိုက်ကို လှည့်ကြည့်လိုက်ပြီး

"ခင်ဗျား၊ ဘာပြောမလို့လဲ"

လူဝကြီးဗသန်းထိုက်က ပုံမှန်လေသံဖြင့် အေးဆေးစွာ ပြောသည်။

"မနက်ဖြန် ညပိုင်း ငါ့အိမ်မှာ ညစာလာစားပါလား… စဝ်၊ ငါ့မိန်းမဇာခြည်က မင်းကြိုက်တတ်တဲ့ ဟင်းတွေချက်ထားမယ်လို့ ငါ့ကို မှာလိုက်တယ်။ ဘဲပေါင်း၊ ဝက်နံရိုး၊ ဂျုံးမြစ်နဲ့ ငါး,ချဉ်ရည်ဟင်း။ မြင်းခွာရွက်သုပ်…စီစဉ်ထားမယ်တဲ့"

စဝ်ရန်နိုင်က သူ၏တွဲဘက်ဖြစ်သူ လူဝကြီး ဗသန်းထိုက်ကို မျက်မှောင်ကြုတ်၍ကြည့်သည်။

"ဒီတစ်ခါ ဘယ်က ကောင်မလေးတစ်ယောက်နဲ့ ကျွန်တော့်ကို မိတ်ဆက်ပေးဖို့ စီစဉ်ထားသလဲ"



www.burmeseclassic.com

www.burmeseclassic.com

လူဝကြီး မျက်လုံးပြူး၍သွားပြီး -

"ဟော့…ဘယ်လို…ဘယ်လို"

"အပိုတွေ ဟန်ဆောင်မနေပါနဲ့ လူဝကြီးရယ်။ ခင်ဗျား တို့ လင်းမယားအကြောင်း ကျွန်တော် သိပြီးသားပါ"

လူဝကြီး ခေါင်းကုတ်လိုက်သည်။

"မင်းနဲ့ငါ သူငယ်ချင်းစစ်စစ်တွေပါကွာ။ မင်း ဒုက္ခရောက် မယ့်အလုပ်မျိုး ငါ လုပ်ပါ့မလားကွာ…"

"မှန်ပါတယ်၊ ခင်ဗျားနဲ့ ကျွန်တော် သူငယ်ချင်းတွေပါ။ ဒီတစ်ကြိမ် ဘယ်ကကောင်မလေးကို ခေါ်ထားပြန်တာလဲ။ အဲဒီ ကောင်မလေးက ဘယ်သူလဲ"

လူဝကြီး ဗသန်းထိုက် သက်ပြင်းတစ်ချက် ချလိုက် သည်။

"စစ်…မင်းကို လွယ်လွယ် လှည့်စားလို့မရပါလား"

"ဒါ..ခင်ဗျားမိန်းမ ဇာခြည်ရဲ့အကြံပဲဖြစ်ရမယ်။ ခင်ဗျား အိမ်ကိုလာပြီး ညစာစားတိုင်း ကောင်းမလေးတစ်ယောက်. ယောက် အမြဲရှိနေတတ်တာ ကျွန်တော်သိတယ်။ အခု ဘယ်က ကောင်မလေးလဲ"

ဗသန်းထိုက် စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းခါယမ်း လိုက်သည်။

စစ်ရန်နိုင် အလွန်ပါးနပ်ကြောင်း သူသိထားသည်။

"အေးကွာ..အဲဒီကောင်မလေးက ငါ့မိန်းမရဲ့ သူငယ် ချင်းတစ်ယောက်ပဲ။ ဆရာဝန်တစ်ယောက်လို့ ပြောတယ်။





ကောင်မလေးက တော်တော်လှတယ်"

စစ်ရန်နိုင် ခေါင်းညိတ်၍ ရယ်မောလိုက်သည်။

"ဟော့ကောင်..ငါပြောတဲ့ ညစာစားဖို့ကိစ္စ မင်း လာမှာ လား"

"ကျွန်တော် မလာနိုင်ဘူး။ ကျွန်တော် မိန်းကလေးတွေ နဲ့ အသိအကျွမ်း မဖြစ်ချင်ဘူး…"

လူဝကြီးက မသိမသာရယ်၍ -

"မင်းကို ညစာစားဖို့အတွက် အဓိက ဖိတ်တာပါ။ ဟို ကောင်မလေးဆိုတာကလည်း ဇာခြည်ရဲ့မိတ်ဆွေတစ်ယောက် ပါပဲ။ မင်းသာ မလာခဲ့ရင်တော့ ဇာခြည်က အတော်စိတ်ဆိုးနေ လိမ့်မယ်"

"ကျွန်တော်မလာနိုင်ဘူး…လူဝကြီး"

"မင်းနဲ့ငါ သူငယ်ချင်းတွေပါနော်"

"ဟုတ်တယ်။ ခင်ဗျားနဲ့ ကျွန်တော် သူငယ်ချင်းတွေ… ဒါပေမယ့် ညစာစားဖို့ ကျွန်တော်မလာနိုင်ဘူး။ ဒီကိစ္စ တော် လောက်ပါပြီ"

လူဝကြီး ဗသန်းထိုက် သက်ပြင်းတစ်ချက် မှုတ်ထုတ် လိုက်ပြီး -

"အိုကေ…သူငယ်ချင်း။ ငါစိတ်ပြောင်းသွားပြီ..မင်းကို ပြောရတာ ငါတော့ ဗိုက်တောင်ဆာလာပြီ။ ငါတို့ တစ်ခုခု ဝယ် စားကြရအောင်…"

ဗသန်းထိုက်သည် လမ်းဘေးရှိ ဆိုင်များဘက်သို့ မျှော်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရင်းမှ ပြောလိုက်သည်။

စဝ်ရန်နိုင်က ဗသန်းထိုက်၏ ခန္ဓာကိုယ်ကြီးကို ကြည့်၍

"အံ့သြစရာပဲ။ ခင်ဗျား ဗိုက်ကြီးက ဆန့်လည်း ဆန့်နိုင်တယ်။ စားပြီးရင် စားချင်နေတာပဲ။ ဒီပုံစံမျိုးနဲ့ ခင်ဗျားတစ်သက်လုံး ပိန်သွားမှာ မဟုတ်တော့ဘူး။ မဆန့်မပြဲ ထပ်ပြီး ဝ.နေဦးမှာပဲ"

ဗသန်းထိုက်က သဘောကျစွာ ရယ်မောသည်။

"အေး...မင်းပြောသလိုပဲ။ ဇာခြည်က ဟင်းချက်အရမ်းကောင်းတယ်။ ငါကလည်းအစားကောင်းကောင်းဆို သိပ်ကြိုက်တယ်။ ဒီတော့ ငါလည်း ပိုပြီး ဝ.လာတာပဲ။ မဖြစ်သေးပါဘူးကွာ စခန်းက အားကစားရုံကိုသွားပြီး လေ့ကျင့်ခန်းဆင်းမှ ဖြစ်မယ်။ မင်းကော လိုက်ဦးမလား"

စဝ်ရန်နိုင် ခေါင်းခါ၍ -

"ဟင့်အင်း...မလိုက်နိုင်ဘူး"

"မင်းကတော့ ဘယ်တော့မှ မပြောင်းလဲဘူး။ အမြဲ ကျစ်လျစ်တောင့်တင်းနေတာချည်းပဲ။ ငါ့လို ဝ.လာတာမျိုး တစ်ခါမှ မရှိဘူး၊ မင်း ဘယ်လိုများ လုပ်နေသလဲ မပြောတတ်ဘူး။ အစားကျတော့လည်းလျော့တာမဟုတ်ဘူး..."

စဝ်ရန်နိုင်က ရယ်မောလိုက်သည်။

"ကျွန်တော်က ခင်ဗျားလို အပျင်းထူနေတာမှ မဟုတ်တာ။ အမြဲလှုပ်ရှားနေတာ.."

"အေး..အေး...ဟုတ်ပါပြီကွာ"





အောက်ဘက်လမ်းသွယ်တစ်ခု၏ ထောင့်တစ်နေရာ၌ ကားကိုရပ်သည်။ ကော်ပြန့်လိပ်၊ အသားညှပ်မုန့်၊ ကော်ပြန့်စိမ်း၊ ပေါက်စီနှင့် စပရိုက်ပုလင်းကြီး နှစ်ပုလင်းဝယ်သည်။ စက္ကူအိတ်များနှင့် စားစရာများထည့်ပြီး ကားထဲသို့ပြန်ဝင်ထိုင်သည်။

ဗသန်းထိုက်က စားစရာများကို ပလုပ်ပလောင်စားသည်။

စဝ်ရန်နိုင် ကော်ပြန့်စိမ်းတစ်လိပ် စားနေစဉ်မှာပင်၊ ကားတွင်း၌ တပ်ဆင်ထားသော ဆက်သွယ်ရေးစက်မှ အချက်ပေးသံ မြည်လာသည်။

ဗသန်းထိုက်က ရေဒီယိုဖုန်းကို ကောက်ယူ၍ အကြောင်းလိုက်သည်။

..............

"အဖွဲ့ခွဲတွေ နားထောင်ကြ။ မဟာမြိုင်လမ်းနဲ့ ရှခင်းသာလမ်းထောင့်မှာ အကြမ်းဖက်လုယက် တိုက်ခိုက်မှုတစ်ခု ဖြစ်နေတယ်။

အဖွဲ့ခွဲတွေအားလုံး . . .။ မဟာမြိုင်နဲ့ ရှခင်းသာလမ်းထောင့်မှာ အကြမ်းဖက် လုယက်မှုတစ်ခုဖြစ်နေတယ်။ အရေးပေါ် လျှို့ဝှက်သင်္ကေတ ခရမ်းရောင်အဆင့် အမှတ်တစ်လို့ သတ်မှတ်ထားတယ်..."

စဝ်ရန်နိုင်က ပေါက်စီတစ်လုံးကို ဝါးနေရင်းမှ -



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ရောက်နေတဲ့နေရာနဲ့ အနီးဆုံးနေရာပဲ"

စဝ်ရန်နိုင်က ကားစက်ကို နှိုးလိုက်သည်။

လူဝကြီး ဗသန်းထိုက်၏ မျက်နှာ ရှုံ့မဲ့သွားသည်။

"အရေးထဲကျမှကွာ ... အခု ငါးနာရီခွဲနေပြီ။ ငါ့မိန်းမက အဆင်သင့်ချက်ပြုတ်ပြီး မျှော်နေတော့မယ်။ ဒီနေ့ ဟင်းကောင်းတယ်ကွ။ ဇာခြည်တော့ ဒေါသထွက်နေလိမ့်မယ်။ ငါကလည်း အိမ်ကို ခပ်စောစော ပြောလာခဲ့မယ်လို့ ပြောခဲ့တယ်"

"တာဝန်နဲ့ ဝတ္တရားရှိတဲ့ လူတွေအတွက်တော့ ဒါမျိုး တွေ့ကြုံရတာ မဆန်းတော့ပါဘူးဗျာ"

စဝ်ရန်နိုင်က ကားကိုစက်နှိုး၍ မောင်းထွက်လိုက်သည်။

နောက်ထပ် ငါးမိနစ်တိတိအကြာ၌ -

မဟာမြိုင်လမ်းနှင့် ရှခင်းသာလမ်းထောင့်သို့ ရောက်လာသည်။ ထိုနေရာ၌ရဲကားများ ရပ်တန့်၍ထားသည်။ စဝ်ရန်နိုင်သည် သူ၏ကားကို ရဲကားများနောက်၌ ရပ်တန့်လိုက်၏။

အဖြူရောင် လူနာတင်ကားတစ်စီးပေါ်သို့ ရဲသားတစ်ဦးကို ထမ်းစင်ဖြင့် သယ်သွားကြသည်။

စဝ်ရန်နိုင်နှင့် ဗသန်းထိုက်တို့ကားပေါ်မှ ခပ်သွက်သွက်ဆင်းသည်။ ရဲကားတစ်စီး၏ နောက်၌ဝပ်၍ နေရာယူထားသော ရဲကြပ်ကြီးတစ်ဦးအနီးသို့ စဝ်ရန်နိုင် လျှောက်သွားသည်။

စဝ်ရန်နိုင်က သူ၏ တံဆိပ်ကဒ်ပြားကို ထုတ်၍ပြ‌ပြီး -

"ကျွန်တော် စဝ်ရန်နိုင်ပါ။ ဒီနေရာမှာ အခု ဘာဖြစ်နေလို့လဲ"

ရဲကြပ်ကြီးက လမ်းတစ်ဘက်ရှိ စတိုးဆိုင်ကြီးတစ်ဆိုင်ကို လက်ညှိုးထိုးပြသည်။

"စိတ်ပျက်စရာပါ။ အဲဒီစတိုးဆိုင်ကို လူတစ်စုက အကြမ်းဖက်ပြီး အပိုင်စီးထားကြတယ်။ ကျွန်တော်တို့ရဲ့ ရဲသားလေး "မင်းသူ" နဲ့ သွားတိုးတယ်။ သူတို့က သေနတ်နဲ့ ပစ်လိုက်ကြတယ်။ ဓားစာခံ ခြောက်ယောက်ဖမ်းထားတယ်။ သူတို့က ဆိုင်ကို ဓားပြတိုက်၊ အနုကြမ်းစီး အကြမ်းဖက်ပြီး ခြိမ်းခြောက်ထားတယ် ..."

"ဘယ်လိုခြိမ်းခြောက်ထားတာလဲ"

"သူတို့ ဒီနေရာကနေ ထွက်သွားဖို့အတွက် ကားတစ်စီး အသင့်စီစဉ်မပေးခဲ့ရင် ဓားစာခံတွေကို တစ်ယောက်ပြီး တစ်ယောက် သတ်ပစ်မယ်လို့ ခြိမ်းခြောက်ထားတယ်"

လူနာတင်ကား မီးနီဖွင့်၍ အပြင်းမောင်းထွက်သွားသည်။

စဝ်ရန်နိုင်က ရဲကြပ်ကြီးကိုကြည့်၍ -

"အခု ... ခင်ဗျားက ဘယ်သူ့ကို စောင့်နေတာလဲ"

"ဒုလုံခြုံရေးမှူး ကျော်ဇေယျကို စောင့်နေတာ။ သူက သူရောက်မလာမချင်း တတ်နိုင်သမျှ အကြမ်းဖက်သမားတွေကို အချိန်ဆွဲထားပေးပါတဲ့။ အထူးမျူဟာအဖွဲ့ကိုပါ လွှတ်လိုက်ပြီလို့ လှမ်းပြောထားတယ်"

စဝ်ရန်နိုင် နှာခေါင်းတစ်ချက် ရှုံ့လိုက်သည်။







www.burmeseclassic.com

www.burmeseclassic.com



"တကယ်တော်တဲ့ လူပဲ..."

ထိုအချိန်မှာပင် -

စတိုးဆိုင်ရှေ့၌ လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

ဆံပင်ကောက်ကောက်၊ နှာခေါင်းချွန်ချွန်နှင့် ကုလားဒိန်တစ်ဦး ထွက်လာသည်။ နားနှစ်ဘက်၌ နားဆွဲများ ရှုပ်ထွေးစွာ ဆွဲထားသည်။ ကုလားဒိန်က သူ၏ရှေ့၌ ကြောက်ရွံ့တုန်လှုပ်နေသော အဘိုးကြီးတစ်ဦးကို ကာ၍ဖမ်းချုပ်ထား၏။

ကျန်လက်တစ်ဘက်ထဲ၌ ကိုင်ထားသော သေနတ်တစ်လက်ဖြင့် အဘိုးကြီး၏ နားထင်ကိုတေ့၍ ချိန်ထားသည်။

အဘိုးကြီးမှာ ထိတ်လန့်တုန်လှုပ်စွာဖြင့် -

"ဘုရား ... ဘုရား။ ကျုပ် ... ကျုပ် ... မသေပါရစေနဲ့။ ဘုရား .. ဘုရား ကယ်တော်မူပါ"

ကုလားဒိန်သည် အဘိုးကြီးအား လမ်းပေါ်အထိ ကြမ်းတမ်းစွာ တွန်းထိုး၍ ထွက်လာသည်။

ကုလားဒိန်က ဓသေနတ်ကိုမြှောက်၍ အော်ပြောလိုက်သည်။

"ဟေ့ ... ရဲတွေ ငါပြောတာ သေသေချာချာ နားထောင်ကြ။ ငါတို့အတွက် ကားတစ်စီး အမြန်ဆုံး လာပို့ပေး။ မင်းတို့ ပို့မပေးခဲ့ရင်တော့ ဆိုင်ထဲက ဓားစာခံတွေကို တစ်ယောက်ပြီး တစ်ယောက် သတ်ပစ်ရလိမ့်မယ်"

စဝ်ရန်နိုင်က ရဲကြပ်ကြီး၏ လက်ထဲ၌ ကိုင်ထားသည့် အသံချဲ့စက်အော်လံကို ဆတ်ခနဲဆွဲယူလိုက်၏။





စဝ်ရန်နိုင်က -

"ဟေ့ ... မင်းတို့ဆီ ငါလာပြီး စကားပြောမယ်။ ပြီးတော့မှ မင်းတို့လိုတာကို စီစဉ်ပေးမယ်"

ကုလားဒိန် ခေတ္တမျှ တွေဝေစွာစဉ်းစားနေပြီးမှ ခေါင်းညိတ် သဘောတူလိုက်သည်။

"ဟုတ်ပြီ ... ခင်ဗျားနဲ့ပဲ စကားပြောမယ်။ တခြားဘယ်သူနဲ့မှ မပြောဘူး။ ဒါပေမယ့် ခင်ဗျားရဲ့ သေနတ်ကြီးကိုတော့ ကားဘောနက်ပေါ်မှာ တင်ထားခဲ့ရမယ်"

စဝ်ရန်နိုင်က သူ၏အိတ်ထဲမှ စမစ်အင်ဝပ်ဆင် အမျိုးအစားသေနတ်ကို ထုတ်ယူ၍ ရဲကား၏ဘောနက်ပေါ်၌ တင်လိုက်သည်။

စဝ်ရန်နိုင် ကားရှေ့သို့ ထွက်လာသည်။

ကုလားဒိန်က လှမ်း၍အော်ပြောသည်။

"ခင်ဗျားတစ်ယောက်တည်း ဆိုင်ထဲဝင်လာခဲ့"

ကုလားဒိန်သည် အဘိုးကြီးကို ဖမ်းချုပ်ထားလျက် နောက်ပြန်ဆုတ်၍ ဆိုင်ထဲသို့ပြန်ဝင်သွားသည်။ စတိုးဆိုင်တံခါးကိုပြန်၍ပိတ်လိုက်သည်။

စဝ်ရန်နိုင် စတိုးဆိုင်ဝသို့ တစ်လှမ်းချင်း စ၍လျှောက်သွားသည်။

"ဟေ့ ... စဝ်။ ငါ့ကို ဘာဖြစ်လို့ ထားခဲ့ရတာလဲ .. မင်းနဲ့ငါက အတူတွဲဘက်တွေလေ..."

လူဝကြီးဘက်သို့ စဝ်ရန်နိုင် တစ်ချက်လှည့်လိုက်ပြီး -



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားနဲ့ မဖြစ်ပါဘူးဗျ။ ပြေးရ၊ လွှားရ၊ သတ်ရ၊ ပုတ်ရရင် ခင်ဗျားရဲ့ဝက်ခန္ဓာကိုယ်ကြီးနဲ့ မလွယ်ပါဘူးဗျာ ..."

"မင်းလည်း ငါ့ကို တော်တော်အထင်သေးတာပဲ"

လူဝကြီး ဗသန်းထိုက်သည် လမ်းမပေါ်သို့တစ်ဦးတည်း ဖြတ်၍လျှောက်သွားသည့် စဝ်ရန်နိုင်ကို ငေး၍ကြည့်ရင်း လှမ်းပြောသည်။

"သတိထားပေါ့ ... စဝ်။ ငါ့ရဲ့ သူငယ်ချင်းတစ်ယောက် လူ့လောကထဲကနေ ပျောက်သွားတာမျိုး ငါ မမြင်ချင်ဘူး"

စဝ်ရန်နိုင်သည် စတိုးဆိုင်ရှေ့၌ ရပ်တန့်လိုက်၏။

စတိုးဆိုင်မှာ ခေတ်မီ၍ ခမ်းနားသပ်ရပ်သော ဆိုင်ကြီးတစ်ဆိုင်ဖြစ်သည်။ ဆိုင်၏တစ်ဘက်၌ ကွန်ပျူတာနှင့် လျှပ်စစ်ပစ္စည်းများ ရောင်းချသော ဆိုင်တစ်ဆိုင်ရှိသည်။ ကျန်တစ်ဘက်၌ ဘိလပ်မြေနှင့် သံထည်ပစ္စည်းများရောင်းသည့်ဆိုင် ...။

စတိုးဆိုင်၏ရှေ့၌ ကာရံထားသော မှန်ချပ်ကြီးများမှာ အလင်းပြန်မှန်ချပ်ကြီးများ ဖြစ်နေ၍ အတွင်းမှ မြင်ကွင်းများကို မမြင်ရပေ။

ဆိုင်တံခါး ပွင့်၍လာ၏။

စဝ်ရန်နိုင် အတွင်းသို့ဝင်သည်။

သေနတ်ပြောင်းဝတစ်ခုက စဝ်ရန်နိုင်၏ မျက်နှာသို့ တိုးဝင်လာ၏။ သေနတ်ကိုင်ထားသူမှာ အသားနီးစပ်စပ် ထောင့်မကျိုးသောမျက်နှာနှင့် လူရွယ်တစ်ဦး ဖြစ်သည်။

ထိုလူရွယ်က လေသံခပ်ထန်ထန်ဖြင့် -





"ငြိမ်ငြိမ် နေလိုက်စမ်း"

စဝ်ရန်နိုင် လုံးဝမလှုပ်ပဲ ငြိမ်နေလိုက်ရသည်။

သူ၏ရှေ့ဘက်၌ စောစောက တွေ့လိုက်ရသည့် ကုလားဒိန်လူရွယ်။

နံရံ၌ လူခြောက်ဦး ကပ်၍ရပ်နေကြ၏။ ထိုလူများမှာ ဓားစာခံများ ဖြစ်ကြသည်။

ထိုလူခြောက်ဦးထဲ၌ ဆိုင်ရှင်ဖြစ်သည့် အရပ်ပုပုလူကြီးတစ်ဦးနှင့် ဂျင်းဘောင်းဘီအဖြူ ဝတ်ထားသော ရွှေရောင်ဆံပင်နှင့် မိန်းမပျိုတစ်ဦးပါသည်။ အကြမ်းဖက်သမား လူဆိုးနှစ်ဦးက ဓားစာခံများကို စောင့်ကြည့်နေကြသည်။

တစ်ဦးမှာ မျက်လုံးမှေးမှေးနှင့် အသားညိုညို။

ကျန်တစ်ဦးမှာ မျက်နှာတစ်ခြမ်းရွဲ့နေပြီး မျက်လုံးတစ်ဘက် မကောင်းသော လူရွယ်တစ်ဦး ...။

လူဆိုးအဖွဲ့၏ခေါင်းဆောင် ကုလားဒိန်က လက်ထဲမှ သေနတ်ကို ဝှေ့ယမ်း၍ အမိန့်ပေးလိုက်သည်။

"ဟေ့ကောင် ... ကြမ်းပြင်ပေါ် မှောက်လိုက်စမ်း"

စဝ်ရန်နိုင်က ပေကျံနေသည့် ကြမ်းပြင်ကို ငုံ့ကြည့်၍ နှာခေါင်းတစ်ချက် ရှုံ့လိုက်သည်။

"ဟာ ... ဒီလောက် ညစ်ပေနေတဲ့ ကြမ်းပြင်ပေါ်မှာ မှောက်နေရမလား ..."

ဘေးမှ အဘိုးကြီးက မျက်လုံးပြူး၍ ပြောသည်။

"ဒုက္ခပါပဲကွာ။ မင်းကလဲ အရေးထဲမှာ ... သူတို့နိုင်းသ



www.burmeseclassic.com

www.burmeseclassic.com



လို လုပ်လိုက်ပါ။ ဒါမှမဟုတ် ...မင်းကို သတ်ပစ်လိုက်လိမ့်မယ်"

စဝ်ရန်နိုင်က ခေါင်းခါ၍ -

"ငါ့ဝတ်စုံတစ်ခုလုံး ပေကျံကုန်တော့မှာပဲ"

လူဆိုးခေါင်းဆောင် ကုလားဒိန်က ရှေ့သို့တိုး၍သေနတ်ဖြင့် ချိန်ပြီးပြောလိုက်သည်။

"ဟေ့ကောင် ... ကြမ်းပြင်ပေါ် အခုချက်ခြင်း မှောက်ချလိုက်စမ်း။ မြန်မြန်လုပ်စမ်း .."

မျက်လုံးမှေးမှေးနှင့် အကြမ်းဖက်သမားလူဆိုးက စဝ်ရန်နိုင်၏ နံကြားသို့ သေနတ်ပြောင်းဝဖြင့် ဆောင့်ထိုးလိုက်သည်။

"သူပြောတဲ့အတိုင်း မြန်မြန်လုပ်စမ်း"

စဝ်ရန်နိုင် သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်၏။

ထို့နောက် ကြမ်းပြင်ပေါ်သို့ ဝမ်းလျားမှောက်ချလိုက်သည်။

လူဆိုးခေါင်းဆောင် ကုလားဒိန်က စဝ်ရန်နိုင်၏ နှာခေါင်းဝသို့ သေနတ်ဖြင့် ချိန်လိုက်သည်။ သရော်လှောင်ပြောင်သော လေသံဖြင့် -

"ခင်ဗျားရဲ့ ခြေနဲ့လက်ကို ဘေးနစ်ဘက် ထုတ်လိုက်စမ်း"

စဝ်ရန်နိုင်က ခြေနှင့်လက်ကို ဘေးဘက်သို့ ကားထုတ်လိုက်သည်။

အသားညိုညို မျက်လုံးမှေးမှေးနှင့် လူဆိုးဖြစ်သူက





စဝ်ရန်နိုင်၏ ခန္ဓာကိုယ်ပေါ်၌ စမ်းသပ်ရှာဖွေသည်။

ထို့နောက် ခေါင်းခါပြလိုက်ပြီး -

"သူ့ကိုယ်ပေါ်မှာ ဘာလက်နက်မှ မပါဘူး"

မျက်လုံးမှေးမှေးနှင့် လူဆိုး နောက်သို့ ဆုတ်လိုက်သည်။

လူဆိုးခေါင်းဆောင် ကုလားဒိန်က -

"ဟေ့ကောင် .... ကျုပ်ပြောတာ သေသေချာချာနားထောင်။ ပထမဦးဆုံး ခင်ဗျားတို့ရဲ့ ရဲကားတွေကို ဒီနေရာတစ်ဝိုက်ကနေ ဖယ်ပေးရမယ်။ ဒီနေရာပတ်ဝန်းကျင်မှာ ရဲတစ်ယောက်မှ ရှိမနေစေရဘူး။ ရေဒီယိုဆက်သွယ်ရေး စက်တပ်ထားပြီး ဓာတ်ဆီအပြည့်ထည့်ထားတဲ့ ရဲကားတစ်စီး ကျုပ်တို့ဆီကို လာပို့ပေးရမယ်။ ဟောဒီ စတိုးဆိုင်ရှေ့မှာ လာပြီး ရပ်ပေးရမယ် ...ကြားလား"

စဝ်ရန်နိုင် ...

"စိတ်ချ ...အားလုံး အဆင်ပြေစေရမယ်"

"ပထမဦးဆုံး လမ်းရှင်းပေးရမယ်။ ကျုပ်တို့နဲ့အတူ ဓားစာခံ အမျိုးသမီးနှစ်ယောက် ခေါ်သွားရလိမ့်မယ်။ ကျုပ်တို့ကို နောင့်ယှက်မယ်။ နောက်ယောင်ခံပြီး လိုက်လာမယ်ဆိုရင်တော့ ဓားစာခံနှစ်ယောက်ရဲ့ ခေါင်းထဲ ကျည်ဆန်တွေ ထည့်ပေးလိုက်မယ်။ ငါပြောတာ နားလည်လား"

စဝ်ရန်နိုင်က ခေါင်းညိတ်၍ -

"နားလည်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

လူဆိုးခေါင်းဆောင်ကုလားဒိန်က သဘောကျစွာရယ်မောလိုက်ပြီး -

"ခင်ဗျား . . . အခုဆိုင်ထဲကနေ ပြန်ထွက်ပေတော့။ ပြောထားတဲ့အတိုင်း လုပ်ပေး၊ ခင်ဗျားကို ခုနစ်မိနစ်တိတိ အချိန်ပေးမယ်။ ခုနစ်မိနစ် စေ့သွားလို့ ဘာမှ ထူးခြားမလာရင်တော့၊ ဟောဒီစတိုးဆိုင်ထဲကနေ ဓားစာခံတွေရဲ့အလောင်းကို တစ်ခုပြီး၊ တစ်ခု ပစ်ထုတ်ပေးလိုက်မယ်။ ဟော့လူ...မမေ့နဲ့ကြားလား။ ခင်ဗျားတို့ ညာဏ်နီ၊ ညာဏ်နက်များဖို့လည်း မကြံနဲ့။ ဓားစာခံတွေ အားလုံး တစ်ယောက်မကျန် သေကုန်ပြီသာမှတ်..."

စဝ်ရန်နိုင်ကြမ်းပြင်ပေါ်မှ လေးတွဲစွာပြန်၍ထရပ်သည်။

သူ၏ဦးခေါင်းကို လူဆိုးခေါင်းဆောင်ကုလားဒိန်က သေနတ်ဖြင့် ချိန်ထားသည်။

လူဆိုးတစ်ဦးက စတိုးဆိုင်တံခါး ဖွင့်ပေးလိုက်သည်။

"ဟော့ကောင်၊ မြန်မြန်ပြေးစမ်း..."

ကုလားဒိန်က နောက်မှနေ၍ စဝ်ရန်နိုင်၏ တင်ပါးကို ဆောင့်ကန်ထည့်လိုက်သည်။ စဝ်ရန်နိုင် အပြင်ဘက် ပလက်ဖောင်းပေါ်သို့ မှောက်လျက်သား လဲကျသွားသည်။

စဝ်ရန်နိုင် ပလက်ဖောင်းပေါ်မှ အသာကုန်း၍ ထ.ရပ်လိုက်သည်။

"ဟော့ကောင် . . . . ပြေးလေကွာ။ မြန်မြန်ပြေးစမ်း"

စတိုးဆိုင်တံခါးဝ၌ ရပ်နေသော လူဆိုးခေါင်းဆောင်ကုလားဒိန်က သရော်လှောင်ပြောင်သံဖြင့် အော်၍ပြောလိုက်





သည်။

စဝ်ရန်နိုင်သည် အကြမ်းဖက်သမားခေါင်းဆောင်ကုလားဒိန်ကို တစ်ချက်လှမ်းကြည့်လိုက်၏။ ထို့နောက် ရပ်ထားသော ရဲကားများဆီသို့ လျင်မြန်စွာ ပြေးထွက်သွားသည်။

× × × × ×



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

ရဲကြပ်ကြီးက အမောတကော လှမ်းမေးသည်။

"ဟိုကောင်တွေက ဘာတွေ တောင်းလိုက်သလဲ"

စဝ်ရန်နိုင်က လက်ကို ဝှေ့ယမ်းပြလိုက်သည်။

"သူတို့တောင်းတဲ့အတိုင်း ကျွန်တော်တို့ လုပ်ပေးရမယ့် အခြေအနေ ရောက်နေပြီ။ ဒီနေရာမှာရှိတဲ့ ရဲကားတွေအားလုံး အခုချက်ခြင်း ဖယ်ပေးလိုက်ပါ။ အမြန်ဆုံးလုပ်ပါ အချိန် လုံးဝ မရဘူး"

ရဲကြပ်ကြီးက ထစ်ထစ်ငေါ့ငေါ့ဖြင့် -

"ဟို..ဟို...ဒုတိယလုံခြုံရေးမှူး ကျော်ဇေယျပြောထား တာက...."

"ကျော်ဇေယျ ဘာပဲပြောပြော ဒီအချိန်မှာ ဂရုမစိုက်နိုင်





ဘူး။ ဒီအကြမ်းဖက်သမား လူရမ်းကားတွေကို အချိန်ဆွဲနေလို့ မဖြစ်ဘူး။ သူတို့ စိတ်မထင်တာ လုပ်လိုက်တာနဲ့ လမ်းပေါ်မှာ လူတွေအများကြီး သေကုန်လိမ့်မယ်။ ဒီကောင်တွေကို ယုံစားလို့ မရဘူး။ သူတို့လွတ်ဖို့အတွက် သူတို့မရ.ရတဲ့နည်းကိုရှာကြမှာပဲ။ သူတို့ ကလေးကစားသလို ကစားနေကြတာ မဟုတ်ဘူး။ သူတို့ တကယ်လုပ်ကြလိမ့်မယ်။ ဖမ်းထားတဲ့ ဓားစာခံတွေကို တစ် ယောက်ပြီးတစ်ယောက် သတ်ပစ်လိမ့်မယ်။ သူတို့သတ်မှတ်ပေး တဲ့အချိန်က ခုနစ်မိနစ်ပဲရှိတယ်။ ကဲ . . ခင်ဗျားအနေနဲ့ကော ဓား စာခံတွေ အသတ်ခံရတဲ့ အဖြစ်မျိုးကို ကြည့်နေမလား"

ရဲကြပ်ကြီး ခေါင်းခါလိုက်၏။

"ကြည့်မနေနိုင်ဘူး"

"ကောင်းပြီ။ ကျွန်တော်ပြောတဲ့အတိုင်း ရဲကားတွေ ဖယ်ပေးခိုင်းလိုက်ပါ"

ရဲကြပ်ကြီးက အခြားရဲသားများဘက်သို့ လှည့်လိုက်ပြီး

"ကဲဟေ့...ငါတို့ရဲ့အထူးရဲအရာရှိကြီး ပြောတာ ကြားကြ တယ် မဟုတ်လား။ ကဲ...မင်းတို့ ရဲကားတွေအားလုံး ဒီနေရာက နေ အမြန်ဆုတ်ပြီး လမ်းရှင်းပေးလိုက်ကြ"

ရဲကြပ်ကြီး တစ်ဘက်သို့ လှည့်ထွက်သွားသည်။

လူဝကြီး ဗသန်းထိုက်က စဝ်ရန်နိုင်အား သူ၏ မဂ္ဂနမ် သေနတ်ကို လှမ်း၍ပေးလိုက်သည်။

"ရဲကြပ်ကြီးက မင်းအမိန့်ကို သိပ်သဘောမကျဘူးနဲ့ တူတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မတတ်နိုင်ဘူး. . .။ ဒီလိုမှ မလုပ်ရင် အားလုံး သေကုန်လိမ့်မယ်"

ထိုစဉ်မှာပင် -

ရဲသားလူရွယ်တစ်ဦး ရဲကားတစ်စီးဆီသို့ ဖြတ်၍ လျှောက်သွားသည်။

စစ်ရန်နိုင်က ရဲသား၏ ခါးပတ်အိတ်ထဲမှ ဆလင်ဒါကျည်ဆန်သုံးသေနတ်ကို ဆွဲယူလိုက်၏။ ထို့နောက် လူဝကြီး ဗသန်းထိုက် လက်ထဲထည့်လိုက်သည်။

"ဟောဒီသေနတ်က ခင်ဗျားအတွက် သေနတ်။ ဟိုညာဘက်ထောင့်နေရာကနေ ကျွန်တော့်ကို ကာဘာလုပ်ပေးထားပါ။ စတိုးဆိုင်ထဲမှာ တစ်ခုခုဖြစ်သံကြားရင်တော့ ဆလင်ဒါကျည်ဖူးကိုသာ ပစ်သွင်းလိုက်ပေတော့။"

လူဝကြီး ဗသန်းထိုက်က မျက်မှောင်တစ်ချက် ကြုတ်လိုက်ပြီး -

"နေပါဦး. . .မင်းကကော ဘာလုပ်မှာလဲ"

"ကျွန်တော် ဘာလုပ်ရမယ်ဆိုတာ ဆုံးဖြတ်ပြီးပြီ"

စစ်ရန်နိုင်က သူ၏ ပွိုင့်သုံးငါးခုနစ် ကွန်ဘက် မဂ္ဂနမ်သေနတ်မှ ကျည်အိမ်ကို ဖွင့်၍ စစ်ဆေးလိုက်၏။ ကျည်ဆန်အားလုံးအပြည့်၊ အသင့်ရှိနေသည်။

လူဝကြီး ဗသန်းထိုက်က စိုးရိမ်သံဖြင့် သတိပေးသည်။

"စစ်. . .သတိထားပြီး၊ အလုပ်.လုပ်ပော့"

"စိတ်ချပါ. . .လူဝကြီးရယ်"





ရဲကားများ တစ်စီးပြီး တစ်စီး မောင်းနှင်ထွက်သွားကြသည်။

စစ်ရန်နိုင်နှင့် ရဲကားတစ်စီးသာ ကျန်ရစ်သည်။

လူဝကြီး အကာအကွယ်ယူပြီးသည်အထိ စစ်ရန်နိုင်စောင့်ကြည့်နေသည်။ ထိုနောက် ကားပေါ်သို့ တက်လိုက်သည်။

ကားကို စတိုးဆိုင်အဝင်ဝသို့ ဦးတည်၍ မောင်းလာသည်။

လူဆိုးခေါင်းဆောင် ကုလားဒိန်သည် သေနတ်ကိုင်လျက် တံခါးဝ၌ ရပ်နေ၏။

ကားကိုရပ်ရန် လက်ကာပြသည်။

စစ်ရန်နိုင်က လီဗာကို တစ်ဆုံး ဖိနင်းချလိုက်၏။

လက်ကိုင်ဘီးကို အရှိန်ပြင်းပြင်း ဆွဲလှည့်လိုက်၏။

ကားသည် ဝေါခနဲ ရှေ့သို့ ခုန်တိုးထွက်သွားသည်။ စတိုးဆိုင်တည့်တည့်သို့ ဦးတည်၍မောင်းဝင်လာသည်။

လူဆိုးခေါင်းဆောင် ကုလားဒိန် မျက်လုံးပြူးကျယ်၍ သွားသည်။

ကုလားဒိန်လက်ထဲမှ သေနတ်နှင့် လှမ်း၍ပစ်သည်။

ကားရှေ့မှန်ချပ်တစ်ခုလုံး အစိတ်စိတ်အမြွှာမြွှာ ကွဲကြေလွင့်စဉ်ထွက်သွားသည်။

စစ်ရန်နိုင် ခေါင်းငုံ့၍ ထားလိုက်သည်။

စတိုးဆိုင်၏ ပြတင်းပေါက်ရှိရာ အုတ်နံရံကို ကားဆောင့်တိုက်ချလိုက်၏။ စစ်ရန်နိုင်က လီဗာကို ဆက်၍ဖိနင်း



www.burmeseclassic.com

www.burmeseclassic.com

ထားသည်။

ကားသည် ပစ္စည်းများတင်ထားသည့် ကောင်တာကြီး တစ်ခုကို ဝင်ဆောင့်တိုက် ချလိုက်၏။ ကောင်တာပေါ်မှ ဝီစကီ ပုလင်းများ ကြမ်းပေါ်သို့ ကျ၍ တစ်လုံးမကျန် ကွဲကုန်ကြသည်။

ကားသည် တစ်ပတ်လည်၍ စတိုးဆိုင်၏ အလယ်၌ ရပ်တန့်သွားသည်။

မော်တော်ကား မရပ်တန့်မီမှာပင် -

စဝ်ရန်နိုင်သည် ကွန်ဘက်မဂ္ဂနမ်သေနတ်ကို ဆွဲထုတ်၍ ကားပေါ်မှ ခုန်ထွက်လိုက်သည်။

စတိုးဆိုင်ထဲ၌ အော်ဟစ်သံများ ဆူညံပွက်လောရိုက် သွားသည်။

နံရံ၌ကပ်နေသော ဓားစာခံများ အော်ဟစ်ပြေးလွှား ကုန်ကြသည်။

စဝ်ရန်နိုင် ကားပေါ်မှ ခုန်ထွက်လိုက်စဉ်မှာပင် -

အုတ်ခဲအကျိုးအပဲ့ အပုံကြီးအောက်မှ လူဆိုးခေါင်း ဆောင် ကုလားဒိန် အတင်းတိုး၍ ထွက်လာသည်။ သူ၏သေနတ် ကို အုတ်ခဲပုံကြားမှ ဆွဲထုတ်ယူနေသည်။

စဝ်ရန်နိုင်နှင့် လူဆိုးဂိုဏ်းခေါင်းဆောင် ကုလားဒိန်တို့ တစ်ဦးကိုတစ်ဦး မျက်နှာချင်းဆိုင်လိုက်မိကြသည်။

လူဆိုးခေါင်းဆောင် ကုလားဒိန် သေနတ်မောင်းခလုတ် ဆွဲရန် ဟန်ပြင်လိုက်သည်။

စဝ်ရန်နိုင်၏ လက်တစ်ဘက်က ကွန်ဘက်မဂ္ဂနမ်





သေနတ်၏ ခလုတ်ကို ဆွဲညှစ်ချလိုက်သည်။

ကွန်ဘက်မဂ္ဂနမ်သေနတ်သံက ကျယ်လောင်စွာ ပေါက်ကွဲမြည်ဟီး၍သွားသည်။

သေနတ်ကျည်ဆန်က လူဆိုးခေါင်းဆောင် ကုလားဒိန် ၏ ရင်ဝကို ပွင့်ထွက်သွားစေသည်။ လူဆိုးခေါင်းဆောင် ကုလား ဒိန်သည် နောက်ဘက်သို့ အရှိန်ဖြင့် လွင့်ထွက်ကျသွားသည်။

လူဆိုးခေါင်းဆောင် ကုလားဒိန်၏ လက်ထဲမှ သေနတ် ကျည်ဆန်များ မျက်နှာကြက်ကို ထိမှန်သွားသည်။

လူဆိုးခေါင်းဆောင် ကုလားဒိန်သည် သူ၏ ခန္ဓာကိုယ်ကို ကြိုးစား၍ တစ်ပတ်လိမ့်ထွက်လိုက်၏။

သွေးများ ရွှဲနေသော သူ၏ ရင်ဝကို လက်တစ်ဘက်ဖြင့် ဖိကိုင်၍ မတ်တတ်ရပ်ရန် ကြိုးစားသည်။

သူ၏ ကြိုးစားချက် မအောင်မြင်ပေ။

အုတ်ကျိုး၊ အုတ်ပဲ့ပုံပေါ်၌ ပက်လက်လန်၍ ပြန်လဲကျ သွားသည်။ လူဆိုးခေါင်းဆောင် ကုလားဒိန်၏ဇက် ကျိုးကျသွား ပြီး ငြိမ်သက်သွားသည်။

× × ×

ဓားစာခံများသည် အန္တရာယ်လွတ်ကင်းရာသို့ ပြေး၍ ပုန်းခိုနေကြသည်။

အဘိုးကြီးတစ်ဦးသာ ကြောင်ငေးငေး အမူအရာဖြင့် ရပ်၍ကျန်ရစ်သည်။

အဘိုးကြီးက လှမ်း၍ သတိပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ . . . မင်းရဲ့နောက်ဘက်မှာ"

စဝ်ရန်နိုင် နောက်သို့ လှည့်ကြည့်သည်။

ကား၏နောက်ဘက်မှ ပတ်၍ထွက်လာသော မျက်လုံး မှေးမှေးနှင့် လူဆိုးတစ်ဦးကို တွေ့လိုက်ရသည်။

မျက်လုံးမှေးမှေးနှင့်လူက လှမ်း၍ပစ်သည်။

ကျည်ဆန်က စဝ်ရန်နိုင်၏ ခြေထောက်ဘေးမှ ရှပ်၍ ထွက်သွားသည်။

စဝ်ရန်နိုင်က ကွန်ဘက်မဂ္ဂနမ်ကို ချိန်ရွယ်နေခြင်းမရှိပဲ ရှေ့သို့ ဆွဲယူပစ်ခတ်လိုက်သည်။

မျက်လုံးမှေးမှေးနှင့် လူဆိုး၏ပေါင်ကို ကျည်ဆန်ထိမှန် သွားသည်။

မျက်လုံးမှေးမှေးနှင့် လူဆိုးသည် စည်သွပ်ပုံးများထား သည့် စင်ပေါ်သို့ နောက်ပြန်လန်၍ လဲကျသွားသည်။

အဘိုးကြီးက ဆိုင်နောက်ဘက်သို့ လက်ညှိုးလှမ်းထိုးပြ ၍ အော်ဟစ် သတိပေးလိုက်ပြန်သည်။

"ဟေး . . . ဟိုဘက် ဆိုင်နောက်မှာ တစ်ကောင်"

စဝ်ရန်နိုင်က ပြန်၍ အော်ဟစ် သတိပေးလိုက်သည်။

"အန်ကယ်(လ်) . . . မြန်မြန်ဝပ်နေ . . ."

အဘိုးကြီး ယခုမှ သတိဝင်လာသည်။

ကမန်းကတန်းဖြင့် စင်တစ်ခုဘေး၌ ဝပ်ချလိုက်သည်။

ထိုအချိန်မှာပင် -

လူဝကြီး ဗသန်းထိုက်ထံမှ ဆလင်ဒါကျည်ဖူး ကျ၍လာ





သည်။ ဆလင်ဒါကျည်ဖူးက ကားဘောနက်ပေါ် ကျ၍ကွဲသွားပြီး ကြမ်းပြင်ပေါ်သို့ လိမ့်ဆင်းသွားသည်။

စတိုးတိုင်တွင်း၌ အဖြူရောင် အခိုးအငွေ့များ ပြည့်နှက် ၍လာသည်။

မျက်နှာခွက်ခွက်၊ မျက်နှာရှုံ့ရှုံ့နှင့် လူဆိုးတစ်ဦး ချောင်း ဘဟွတ်ဟွတ်ဆိုး၍ နောက်ဘက်သို့ ပြေးထွက်သွားသည်။

နောက်ဖေးတံခါးပေါက်ကို ခြေဖြင့် ကန်၍ဖွင့်သည်။

တံခါးပွင့်သွားပြီး နောက်ဖေးသို့ဝင်သွားသည်။

စဝ်ရန်နိုင်က ကွန်ဘက်မဂ္ဂနမ်သေနတ်၏ ခလုတ်ကို ဆွဲညှစ်ချလိုက်သည်။

မျက်နှာခွက်ခွက်နှင့် လူဆိုး၏ပေါင်ကို ကျည်ဆန် စိုက် ဝင်သွားသည်။ မျက်နှာခွက်ခွက်နှင့် လူဆိုး တစ်ချက်အော်ဟစ် လိုက်ပြီး စက္ကူသေတ္တာများကြားထဲသို့ လွင့်ကျသွားသည်။

× × ×

အဖြူရောင်အခိုးအငွေ့များက မျက်လုံးများကို ကျိန်းစပ် ၍နေစေသည်။

စဝ်ရန်နိုင် အခိုးအငွေ့များကြားမှ စတိုးဆိုင်အတွင်းသို့ လှည့်ပတ်၍ကြည့်သည်။

လူဆိုးတစ်ဦး ကျန်သေးသည်။

ဆံပင်ရှည်ရှည်၊ အရပ်ပုပုနှင့် လူဆိုးဖြစ်သည်။ လူဆိုး၊ လူမိုက်၏ ရုပ်သွင်အပြည့်ရှိသူဖြစ်သည်။

ရှေ့ဘက်ကောင်တာ၌ ရိပ်ခနဲ မြင်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com

ဆံပင်ရှည်ရှည်လူဆိုးသည် တံခါးပေါက်အဝင်ဝသို့ ငုံ့၍ တိုးသွားနေသည်ကို တွေ့လိုက်ရသည်။

စဝ်ရန်နိုင်က ကားနောက်မှ ဝပ်ပြီး ကွေ့၍ပတ်သွားသည်။

စဝ်ရန်နိုင် ကားနောက်ဘက်မှ အထွက် -

ကျည်ဆန်က စဝ်ရန်နိုင်၏ဦးခေါင်းပေါ်မှ ကျယ်လောင်စွာမြည်၍ ဖြတ်သွားသည်။

စဝ်ရန်နိုင်က လှမ်း၍ အော်ဟစ်လိုက်၏။

"ဟေ့ကောင်...ရပ်လိုက်စမ်း...မလှုပ်လိုက်နဲ့"

ဆံပင်ရှည်ရှည်နှင့် လူဆိုးသည် စဝ်ရန်နိုင်ကို မဝေခွဲနိုင်စွာ စိုက်၍ကြည့်နေသည်။ လက်မြှောက် အညံ့ခံရမည်လား၊ ထပ်မံ၍ ပစ်ရမည်လား...။ ဆုံးဖြတ်၍ မရနိုင်အောင် ဖြစ်နေသည်။

ရုတ်တရက် -

ဆံပင်ရှည်ရှည်နှင့် လူဆိုး၏မျက်နှာတစ်ချက် တင်း၍သွားသည်။

ခလုတ်ကို ဆွဲညှစ်၍ ဟန်ပြင်လိုက်သည်။

ဆံပင်ရှည်လူဆိုး ထပ်မံပစ်ခတ်တော့မည်ကို စဝ်ရန်နိုင် ချက်ခြင်း ရိပ်စားလိုက်မိသည်။

ရှောင်လွှဲ၍ မရနိုင်တော့။

စဝ်ရန်နိုင်က ဦးစွာပစ်ချလိုက်သည်။

ဆံပင်ရှည်လူဆိုး၏ ဝမ်းဗိုက်ကို ကျည်ဆန်ထိမှန်သွားသည်။ ဆံပင်ရှည်လူဆိုးမှာ ကျည်ဆန်တွန်းကန်အားကြောင့် ဆိုင်အပြင်ဘက်သို့ နောက်ပြန်လန်၍ လွင့်ထွက်သွားသည်။





အဖြူရောင် အငွေ့များက လွင့်ပျံ၍နေဆဲပင်။

လမ်းအပေါ်အထိ လွင့်ထွက်ကျလာသည်။

စဝ်ရန်နိုင်က စတိုးဆိုင်အပြင်ဘက်သို့ ထွက်လာသည်။ လက်ထဲ၌ ကွန်ဘက်မဂ္ဂနမ်သေနတ်ကို အသင့်အနေအထားဖြင့် ကိုင်ထားသည်။

ပလက်ဖောင်းပေါ်၌ လဲကျငြိမ်သက်နေသော ဆံပင်ရှည်လူဆိုးကို ပက်လက်လှန်လိုက်၏။

ဆံပင်ရှည်လူဆိုး၏ မျက်လုံးများ ပွင့်ဟ၍နေသည်။

အနီးကပ်ထပ်၍ ကြည့်နေစရာ မလိုတော့။

"သေသူတစ်ဦး၏ ရုပ်လက္ခဏာ" ကို စဝ်ရန်နိုင် ကောင်းစွာသိထားသည်။

ဆံပင်ရှည်လူဆိုး အသက်မရှိတော့ပေ။

စဝ်ရန်နိုင်၏ နောက်ဘက်မှ ဆိုင်ရှင်လူကြီးက ဒယီးဒယိုင်နှင့် ထွက်လာသည်။ ထိုလူသည် အရပ်ပုပု၊ ဗိုက်ရွဲရွဲ၊ နဖူးပြောင်ပြောင်နှင့်ဖြစ်သည်။

သူသည် သူ၏စတိုးဆိုင်သို့ နောက်ပြန်လှည့်၍ ကြည့်လိုက်သည်။

ထို့နောက် -

လက်နှစ်ဘက်ကိုမြှောက်လျက် ငိုသံပါကြီးဖြင့် အော်၍ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"လုပ်…လုပ်ကြပါဦး…။ ကျုပ်…ဆိုင်တစ်ဆိုင်လုံး ပျက်စီးသွားပြီး။ ဒါတွေကို ဘယ်သူက လာလျော်ပေးမှာလဲ"

စဝ်ရန်နိုင်က မျက်မှောင်ကြုတ်၍ ကြည့်လိုက်သည်။

ပလက်ဖောင်းပေါ်မှ အလောင်းကို ခြေတစ်ဘက်ဖြင့် ကန်၍ပြလိုက်ပြီး အေးတိအေးစက်လေသံဖြင့် ပြောလိုက်သည်။

"ဒီကောင့်ဆီမှာ…အလျော်တောင်းပေါ့ဗျာ…"

စဝ်ရန်နိုင် သူ၏ ကွန်ဘက်မဂ္ဂနမ်သေနတ်ကို အိတ်ထဲသို့ ပြန်ထည့်လိုက်သည်။ သူ၏ ဝတ်စုံကို စစ်ဆေးကြည့်လိုက်သည်။ ပေကျံညစ်ပတ် စွန်းထင်းစုတ်ပြဲ၍နေသည်ကို တွေ့လိုက်ရသည်။ တန်ဖိုးကြီးကြီးပေးထားရသော သူ၏ဝတ်စုံ တစ်စုံ ပျက်စီးသွားရပေပြီ။

လူဝကြီး ဝသန်းထိုက်က လက်ပြ၍ ပြေးလာသည်။

မောဟိုက်သံဖြင့် လှမ်းမေးသည်။

"ဟေ့…စဝ်။ မင်း…ဘာမှ မဖြစ်ပါဘူးနော်"

စဝ်ရန်နိုင် ပြုံးလိုက်ပြီး -

"ကျွန်တော် အခြေအနေ ကောင်းပါတယ်…"

လူဝကြီးက စတိုးဆိုင်၏ အခြေအနေကို အကဲခတ်လိုက်သည်။ ပျက်စီးသွားပြီဖြစ်သည့်ကားနှင့် လဲကျနေသော အကြမ်းဖက်သမားများကိုကြည့်၍ မျက်လုံးပြူးသွားသည်။

"မင်းနဲ့ ထိပ်တိုက်တွေ့မိတာ ဒီကောင်တွေ ကံဆိုးတာပဲ"

× × × × ×





## အခန်း (၃)

မွန်းတည့်ချိန်….။

လမ်းမကြီးပေါ်၌ တံလျှပ်များ တရိပ်ရိပ် ပြေးနေကြသည်။

အလွန်ပူပြင်းသော အချိန်ဖြစ်သည်။

အပူရှိန်မှာ တရိပ်ရိပ်ဖြင့် တိုး၍နေသည်။

အေးမြသောလေက တိုက်ခတ်ခြင်း အလျဉ်းမရှိပေ။

ပို၍ဆိုးရွားစွာ ခံစားရမည့် လေပူလှိုင်းကြီးကသာ တိုက်ခတ်လာသည်နှင့် ကြုံရသည်။

နောက်ထပ် သုံး၊ လေးရက်ခန့်အထိ အပူလှိုင်းဒဏ်ကို ခံစားရဦးမည်ဟု မိုးလေဝသဌာနမှ ကြေငြာထားသည်။



www.burmeseclassic.com

www.burmeseclassic.com



မည်းနက်ပြောင်လက်နေသော ကတ္တရာလမ်းမကြီးဘေး၌ "ဒေလီယာ" ရပ်၍နေသည်။

ကတ္တရာလမ်းမကြီးမှ အပူငွေ့များက သူမကို ဟပ်၍ ချွေးပြန်လျက် ရှိနေပေသည်။

ပြင်းပြသော အပူရှိန်က သူမအား မူးဝေနောက်ကျိနေစေသည်။

သူမသည် ဂျင်းဘောင်းဘီအတို၊ ခါးပြတ်၊ လက်ပြတ်အင်္ကျီကိုဝတ်ဆင်ထားသည်။

သူမ၏ အချိုးအဆစ်မှာ ပြေပြစ်လှသည်ဟု ဆိုရပေမည်။

ချွေးများက သူမ၏ တစ်ကိုယ်လုံးပေါ်၌ စီးကျနေသည်။

ဒေလီယာ နဖူးမှ ချွေးစက်များကို လက်ကိုင်ပုဝါဖြင့် သုတ်လိုက်သည်။

ကောင်းကင်ကို တစ်ချက်မော့ကြည့်လိုက်မိသည်။

"ဒီနေ့ . . . အပူချိန် မနည်းဘူးနဲ့တူတယ်။ တစ်ရာ့လေးဒီဂရီဖာရင်ဟိုက်လောက်များ ရှိမလား မသိဘူး။ ဘုရား . . ဘုရား ငရဲအိုးအနား ရောက်နေသလိုပါပဲလား"

ဖြတ်သွားသူများက သူမကို လှပချောမော၍ ချစ်စရာကောင်းသော မိန်းမပျိုတစ်ဦးဟု မှတ်ထင်မိပေမည်။ သူမ၏ ရုပ်သွင်နှင့် ခန္ဓာကိုယ်အချိုးအဆစ်မှာ ဆန့်ကျင်ဘက် ပုရိသတို့ နှစ်သက်မက်မောလောက်ပေသည်။

အမှန်စင်စစ် -





သူမသည် လေလွင့်နေသော ဉာဉ့်ပျော်ငှက်ကလေးသာဖြစ်သည်။

သူမသည် သုံးလေးနှစ်ခန့် ကျင်လည်ကျက်စားခဲ့ပြီးပြီဖြစ်သည်။ သူမ၏လုပ်ငန်းအကြောင်း သူမ ကောင်းစွာနားလည်ထားသည်။

ဒေလီယာ၏ လုပ်ငန်းနှင့်ပတ်သက်၍ တစ်ခါတစ်ရံ၌ အခက်အခဲများ ပြဿနာများ ကြုံတွေ့ရတတ်သည်။

သို့သော် "အထွဲ" က သူနှင့်ပတ်သက်၍ အမြဲကူညီဖြေရှင်းပေးလေ့ရှိသည်။ အထွဲသည် သူနှင့်ပတ်သက်သော ကောင်မလေးများကို အမြဲတာဝန်ယူ၍ စောင့်ရှောက်ပေးသူ တစ်ဦးဖြစ်သည်။

အထွဲသည် အံ့ဩစရာ ကောင်းသူတစ်ဦးဖြစ်သည်။

နှစ်သက်ဖွယ်ရာကောင်းသော လေးစားစရာကောင်းသော ယောကျာ်းတစ်ဦးဖြစ်သည်။ "အထွဲ" ရှိနေသမျှကာလပတ်လုံး သူမ၏ဘဝမှာ အေးချမ်းသာယာမှုရှိနေမည်ဟု ဒေလီယာ မှတ်ထင်ယုံကြည်ထားသည်။

လမ်းကွေ့တစ်နေရာမှ -

အနီရောင် ဆိုက်ဂနက်(စ်) ကားတစ်စီး ထွက်ပေါ်လာသည်။

ဒေလီယာ ခြေနှစ်ဘက်ကို တောင့်တောင့်လေးပြု၍ ရပ်လိုက်ပြီး လက်ထောင်ပြလိုက်သည်။

ဆိုက်ဂနက်(စ်)ကားကြီး ဒေလီယာ၏အနီး၌ အရှိန်



www.burmeseclassic.com

www.burmeseclassic.com



လျှော့၍ရပ်လိုက်သည်။

နဖူးပြောင်ပြောင်၊ ဆံပင်ကျဲကျဲ၊ နှုတ်ခမ်းမွှေးခပ်ပါးပါးနှင့် လူကြီးတစ်ဦး ပြတင်းပေါက်မှ ခေါင်းပြူ၍ကြည့်သည်။

"ဒေလီယာ" ထိုလူကြီးကိုအကဲခတ်ကြည့်လိုက်သည်။

လက်တို စေးကပ်မည့် အဘိုးကြီးပင် ဖြစ်ရမည်ဟု သူမ တွေးမိသည်။

ကားပေါ်မှ လူကြီးက -

"ဟေး ... ကောင်မလေး။ မင်း ဘယ်ကို သွားမလို့လဲ .. ငါနဲ့ ကားကြုံလိုက်မလို့မဟုတ်လား"

ဒေလီယာ နှုတ်ခမ်းတွန့်လိုက်သည်။

အေးတိအေးစက် လေသံဖြင့် ပြန်ပြောလိုက်သည်၊

အဘိုးကြီး စိတ်ညစ်သွားအောင် လုပ်လိုက်မည်ဟု ဒေလီယာ ဆုံးဖြတ်လိုက်သည်။

"အို ... ရှင့်လို ပုံမလာတဲ့ အဘိုးကြီးမျိုးနဲ့တော့ ကျွန်မ မလိုက်ချင်ဘူး။ ဒီနေရာကနေ မြန်မြန်သွားပါတော့"

ဆိုက်ဂနက်(စ်)ကားပေါ်မှ လူကြီး၏အပြုံး ချက်ခြင်း ပျောက်ကွယ်သွားသည်။

မျက်နှာတစ်ခုလုံး နီရဲ၍သွားပြီး ပါးစပ်မှ တစ်စုံတစ်ရာ ရေရွတ်သည်။

ကားစတီယာရင်ဘက်သို့ ရွှေ့၍ထိုင်သည်။ ထို့နောက် ဆိုက်ဂနက်(စ်)ကားကို အရှိန်ပြင်းပြင်းဖြင့် ဆောင့်ထွက်သွားသည်။





ခဏတွင်မျှအကြာ၌ ဆိုက်ဂနက်(စ်)ကား ပျောက်ကွယ်၍ သွားသည်။

ဒေလီယာ မျက်နှာကို ရှုံ့မဲ့လျက် လမ်းဆက်လျှောက် သွားသည်။

အသုံးမကျသည့်အဘိုးကြီးပင်ဖြစ်မည်ဟု သူမ ရေရွတ် လိုက်သည်။

ဒေလီယာ ရှေ့ဘက်သို့ ကိုက်တစ်ရာကျော်ကျော်ခန့် ဆက်လျှောက်သွားသည်။

ရှေ့၌ စားသောက်ဆိုင်တစ်ဆိုင် ....။

"ဂျူပီတာ စားသောက်ဆိုင်" ဟူသော ဆိုင်းဘုတ်တစ်ခု ကို ချိတ်ဆွဲထားသည်။ အဝေးပြေး ကုန်တင်ကားကြီးများ ရပ်နား၍ စားသောက်သည့် ဆိုင်တစ်ဆိုင်ပင်ဖြစ်သည်။

စားသောက်ဆိုင်မှာ အတန်မျှ ဟောင်းနွမ်းနေပြီဖြစ်၏။

အစိမ်းရောင် ဆေးများမှာ ကွာကျ၍နေ၏။

ပြတင်းပေါက်မှန်အချို့မှာ အက်ကွဲ၍နေပြီး မှန်ချပ် အများစုမှာ ညစ်ထေးပေကျံနေပေသည်။

စားသောက်ဆိုင်အတွင်းမြူးကြွသော Rock သီချင်းသံ များ၊ အပြင်ဘက်သို့ လျှံထွက်၍လာနေ၏။

ကောင်တာအနီး၌ ဂျင်းစကတ်ဝတ်ထားသော မိန်း ကလေးတစ်ဦး ရပ်နေ၏။

အမျိုးသားနှစ်ဦးနှင့် စကားလက်ဆုံ ကျနေသည်။ ပြတင်းပေါက်မှ "ဒေလီယာ" လှမ်း၍မြင်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဒေဃီယာ" မသိမသာပြုံးလိုက်သည်။

စားသောက်ဆိုင်ရှေ့၌ ကုန်တင်ထရပ်ကားကြီး တစ်စီး ရပ်၍ထားသည်။ "ဒေလီယာ" သတိထား၍ ကြည့်လိုက်သည်။ ကားကြီး၏ ဘေးတစ်ဘက်တစ်ချက်၌ -

"ကွမ်တမ် ခတ်ငွေနှင့် အီလက်ထရွန်းနစ်ကုမ္ပဏီ" ဟူသော စာတန်းပါရှိသည်။ ကုန်တင်ထရပ်ကားကြီးမှာ ငွေရောင်ဖြစ်ပြီး အမိုးမှာ ခပ်မြင့်မြင့်ဖြစ်သည်။

"ဒေလီယာ" သည် ကုန်တင်ထရပ်ကားကြီးကို သေချာစွာ အကဲခတ်ကြည့်ရှု၍နေသည်။ လမ်းဘေးတစ်နေရာ၌ပင် ကျောက်တုံးကြီးတစ်တုံးပေါ်၌ သူမထိုင်လိုက်သည်။ ပူပြင်းသည့်နေရှိန်ကြောင့် သူမ ငြိမ်ငြိမ်နေ၍ မရနိုင်အောင် ဖြစ်နေသည်။

ပြင်းပြလွန်းသော နေပူရှိန်ကို သည်းခံ၍ သူမ ဆက်လက် စောင့်ဆိုင်းနေသည်။

မိနစ်အနည်းငယ်မျှအကြာ၌ -

စားသောက်ဆိုင်၏ ရှေ့တံခါးပွင့်လာသည်။

ဆိုင်တွင်း၌ သူမတွေ့ထားသော အမျိုးသားနှစ်ဦး ထရပ်ကားကြီးရပ်ထားသော နေရာသို့ထွက်လာသည်ကို "ဒေလီယာ" မြင်လိုက်ရသည်။ ထိုလူနှစ်ဦးသည် ကုမ္ပဏီဝန်ထမ်းဝတ်စုံများ ဝတ်ထားကြသည်။

ထိုလူနှစ်ဦးအနက် တစ်ဦးမှာ အသက်ခပ်ကြီးကြီးဖြစ်ပြီးတစ်ဦးမှာအသက်ငယ်ငယ် လူရွယ်တစ်ဦးဖြစ်သည်။ အသက်ငယ်သောလူရွယ်က ပြုံးရွှင်ရယ်မောလျက် စားသောက်ဆိုင်





အတွင်းသို့ပြန်လှည့်ကြည့်လိုက်သည်။

"နောက်တစ်ပတ်ကျမှပဲ ကျွန်တော်တို့ ပြန်တွေ့ကြရအောင်။ အဲဒီရက်ပိုင်းအထိ အတော်သည်းခံပြီး စောင့်နေရဦးမယ်...အတော် စိတ်ပင်ပန်းရဦးမှာပဲ"

လူရွယ်က တံခါးကိုအသာပြန်ပိတ်လိုက်သည်။

ဂူင်းစကာတ်နှင့် အမျိုးသမီးငယ်၏ ရယ်သံလွင်လွင်နှင့် သီချင်းသံတို့ ရောထွေး၍သွားသည်။

လူရွယ်သည် သူ့ရှေ့မှ လူကြီး၏ နောက်သို့ ခပ်သွက်သွက် ပြေးလိုက်လာသည်။

လူကြီးက မျက်မှောင်ကြုတ်လျက် -

"မင်း ဘာတွေ လျှောက်လုပ်နေတာလဲ..ဟာန်မြင့်"

ဟာန်မြင့်က ဝင့်ကြွားစွာ ပြုံးသည်။

"ကောင်မလေးတွေက ကျွန်တော်နဲ့ တွေ့လိုက်ရင် တစ်ခါတည်းနဲ့ စွဲစွဲလမ်းလမ်း ဖြစ်ကုန်ကြတယ်"

လူကြီးက နှုတ်ခမ်းတစ်ချက် မဲ့လိုက်သည်။

လူရွယ်ဖြစ်သူ "ဟာန်မြင့်" က -

"ခင်ဗျားနဲ့ ကျွန်တော်ကတော့ စိတ်တူ ကိုယ်တူတွေပါ"

"မင်းစကား ကြားရတာ ငါ ဝမ်းသာပါတယ်"

ရပ်ထားသော သူတို့၏ထရပ်ကားအနီး၌ ကျောပေး၍ ရပ်နေသောဒေလီယာကိုဟာန်မြင့် သတိပြုလိုက်မိသည်။ ပြေပြစ်လှပသော ခန္ဓာကိုယ် အချိုးအဆစ်ကို ကြည့်၍ ဟာန်မြင့် သဘောကျသွားသည်။



www.burmeseclassic.com

www.burmeseclassic.com

ဟန်မြင့်က လေတစ်ချက်ချွန်လိုက်ပြီး -

"ဟား…တကယ့် အပျံစားပါပဲလား"

ဒေလီယာ တစ်ဘက်သို့ လှည့်နေရာမှ ဟန်မြင့်ဘက်သို့ လှည့်လိုက်သည်။

ဟန်မြင့်က သူမကို ပြုံးပြလိုက်ပြီး -

"ဟေး…ဒီနေ့ နေအတော်ပူတယ်။ မင်းက ကားကြုံလိုက်ဖို့ လိုက်ကြည့်နေတာများလား"

ဒေလီယာက လှပစွာ ပြန်၍ပြုံးပြသည်။

"နေပူလွန်းလို့ ကျွန်မလည်း တော်တော် စိတ်ညစ်နေပြီ။ ဒီနေ့အပူချိန် တစ်ရာကျော်မယ်ထင်တယ်"

ဟန်မြင့်က -

"ဟုတ်တယ်။ ဒီနေ့ တစ်ရာ့သုံး ဒီဂရီ ဖာရင်ဟိုက်တဲ့။ စောစောကပဲ မိုးလေဝသသတင်းမှာ ကြေငြာသွားတာ ကြားလိုက်မိတယ်"

အမှန်စင်စစ် ဟန်မြင့် ဘာမှုမသိ။

စကားရော၍ လိမ်လိုက်ခြင်းသာ ဖြစ်သည်။ ဒေလီယာနှင့် စကားဆက်ပြောနိုင်ရန် အခွင့်အလမ်း ရှာလိုက်ခြင်းသာဖြစ်သည်။

ဟန်မြင့်သည် လှပချောမောသော၊ တောင့်တင်းပြေပြစ်သော မိန်းကလေးများနှင့် စကားပြောဆိုရာ၌ ညက်ညောပြေပြစ်သူတစ်ဦးအဖြစ် သူ့ကိုယ်သူ သတ်မှတ်ထားသူ တစ်ဦးဖြစ်သည်။ သူ့ကိုယ်သူ အထင်ကြီးနေသူတစ်ဦးလည်းဖြစ်သည်။





ဒေလီယာသည် သူမ၏မျက်နှာပေါ်၌ ဝဲကျနေသည့် ဆံပင်များကို လက်တစ်ဘက်ဖြင့် ဆတ်ခနဲ ပင့်တင်လိုက်သည်။

ဒေလီယာ သက်ပြင်းတစ်ချက် ချလိုက်ပြီး -

"ကျွန်မ ဒီနေ့ကံမကောင်းတာပါ။ ကျွန်မရဲ့ ဆီဒင်ကား လမ်းမှာ ပျက်သွားလို့ ထားခဲ့ရတယ်။ စောစောတင်ပဲ ဝပ်ရှော့ကို ဘရိန်းနဲ့ ဆွဲသွားခိုင်းလိုက်ရတယ်။ ကျွန်မလည်း နေပူတဲ့ဒဏ်ကို မခံနိုင်တော့ဘူး။ ဒီနေရာကနေ ကားကြုံတားစီးပြီး အိမ်ပြန်မယ်လို့ စိတ်ကူးထားတာ"

ဟန်မြင့်က သူ၏လုပ်ငန်းတူ လူကြီးဖြစ်သော ဦးငွေဆန်းဘက်သို့ တစ်ချက်လှမ်းကြည့်သည်။

ဦးငွေဆန်းကို အားကိုး၍မရ။

အဘိုးကြီးက နားလည်မှုနည်းပါးသည်။ သူ၏အလုပ်အကိုင်ကိုပင် အမိကထားသူ၊ အလေးထားသူဖြစ်သည်။ ဟန်မြင့်တွင် အပိုကိစ္စများ ရှိနေသေးသည်။

ဟန်မြင့်က -

"ဒါဖြင့် အခု မင်း ဘယ်ကိုသွားမှာလဲ"

"မုန်ရဝေတောင်ကြားလမ်းကို သွားမယ်။ အဲဒီမှာ ကျွန်မရဲ့ကိုယ်ပိုင်သီးသန့် အိမ်ကလေးတစ်လုံးရှိတယ်။ ရှင်တို့က အဲဒီဘက်ကို သွားမယ့်လူတွေ ဟုတ်မယ်မထင်ဘူး။ ကျွန်မတော့ ကံမကောင်းသေးဘူး။ ဒီနေ့ ကားကြုံစီးဖို့အဆင်ပြေဦးမယ်မထင်ဘူး။ ရှင်တို့ကသာ လိုက်ပို့ပေးနိုင်ရင်တော့ အဆင်ပြေသွားမယ်"

ဟန်မြင့်က ဦးငွေဆန်းဘက်သို့ လှည့်၍ -


www.burmeseclassic.com

www.burmeseclassic.com

"ဆရာဆန်း...။ ကျွန်တော်တို့အခု မန်ရဝေတောင်ကြား လမ်းကနေ ဖြတ်မောင်းသွားကြမှာ မဟုတ်လား..."

ဦးငွေဆန်း မျက်မှောင်ကြုတ်သွားသည်။

"မင်း ဘာတွေ လာပြောနေတာလဲ။ ငါတို့သွားမယ့် လမ်းနဲ့ မန်ရဝေတောင်ကြားလမ်းက တစ်ခြားစီပဲ။ ပြီးတော့ ကားပေါ်မှာ ခရီးသည်တင်ခွင့် မရှိဘူးဆိုတာကိုပါ မင်းမေ့နေပြီထင်တယ်"

ဟန်မြင့်က ပြုံးစ.စ အမူအရာဖြင့် -

"လုပ်ပါ ဆရာဆန်းရယ်။ အဲဒီနေရာက ဘာမှမဝေးလှပါဘူးဗျာ"

"မဖြစ်ဘူး ထင်တယ် ဟန်မြင့်။ ကားပေါ်မှာပါတဲ့ ပစ္စည်းတွေ သုန္တိမြို့ကို အချိန်မီရောက်အောင် သွားပို့ပေးရဦးမယ်၊ အချိန်မီမရောက်ရင် ငါတို့သူဌေးက ဒေါသအကြီးအကျယ် ထွက်နေမှာ သေချာတယ်"

"ကျွန်တော်တို့သွားမယ့်လမ်းနဲ့ မန်ရဝေတောင်ကြား လမ်းက မိုင် နည်းနည်းလောက်ပဲကွာတာပါ။ ဘာမှ ကြာစရာမရှိပါဘူး။ ကျွန်တော်တို့သွားတာကို ဘယ်သူမှ သိကြမှာမဟုတ်ပါဘူး။ "ကျောက်လှော" ကကိစ္စ အချိန်နည်းနည်း ပိုကြာသွားတယ်လို့ လိမ့်လိုက်တာပေါ့။ ဒါ ဘာမှ မခက်ပါဘူး။ သူတို့ကလည်း ကျွန်တော်တို့ နည်းနည်းပါးပါး နောက်ကျလို့ စစ်ဆေးကြမှာလည်း မဟုတ်ဘူး"

ဒေလီယာက ဝင်၍ပြောသည်။

"ကျွန်မအိမ်က ရေခဲသေတ္တာထဲမှာ ဘီယာပုလင်းတွေ





ထည့်ထားခဲ့တယ်။ အခုလို ပူလောင်အိုက်စပ်နေတဲ့အချိန် ရေခဲစိမ့် ဘီယာလေး သောက်လိုက်ရရင် အရသာအတော်ရှိမှာပဲ"

သူမ၏စကားက ဟန်မြင့်အား သိမ်းသွင်းဆွဲဆောင်လိုက်ခြင်းဖြစ်သည်။

ဦးငွေဆန်းကိုပါ တွေဝေသွားစေပေသည်။

ဟန်မြင့်က -

"လာစမ်းပါ... ဆရာဆန်းရယ်။ ဘာမှ စဉ်းစားမနေခမ်းပါနဲ့။ ဒီနေရာမှာ ဒါလောက်ပူလောင်နေရတာ။ ဟိုရောက်ရင် ဘီယာအေးအေးလေးနဲ့ ခဏလောက်တော့ အနားယူကြရတာပေါ့"

ဦးငွေဆန်း ဇဝေဇဝါဖြင့် စဉ်းစားနေသည်။

ခေတ္တမျှကြာမှ ခေါင်းတစ်ချက်ညိတ်သည်။

"ကောင်းပြီလေ။ ငါတို့ သွားကြတာပေါ့.. ဒါပေမယ့် ကြာကြာနေလို့တော့ လုံးဝမဖြစ်ဘူး"

ဦးငွေဆန်းက ဒေလီယာဘက်သို့ လှည့်၍ -

"ကဲ...ကဲ...ဟို ကောင်မလေး။ ကားပေါ်တက်တော့ ငါတို့မှာ အချိန်ပို များများစားစား မရှိဘူး"

ကုန်တင်ထရပ်ကားကြီး၏ ရှေ့ခန်းသို့ သုံးဦးသား တက်လိုက်ကြသည်။

ဒေလီယာက သူတို့နှစ်ဦး၏ကြား၌ထိုင်သည်။

ဦးငွေဆန်းက ကားအင်ဂျင်စက်ကို နှိုးလိုက်ပြီး အဝေးပြေးလမ်းမကြီးပေါ်သို့ မောင်း၍တက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဟန်မြင့်က စီးကရက်တစ်လိပ် မီးညှိလိုက်ပြီး -

"ငါ့နာမည်က ဟန်မြင့်။ သူ့နာမည်က ဦးငွေဆန်းလို့ ခေါ်တယ်။ မင်းရဲ့နာမည်ကကော..."

ဒေလီယာ ချက်ခြင်း မဖြေပဲ စဉ်းစားနေသေးသည်။

အခြား နာမည်တစ်ခုခု လွှဲပြောင်းပြောလိုက်လျှင် ကောင်းမည်လော။ သူမ အမှန်အတိုင်းပင် ပြောလိုက်ရန် ဆုံး ဖြတ်သည်။ သူတို့နှစ်ဦးလုံး မိမိနာမည်ကို မည်သူ့ကိုမျှ ပြန်၍ ပြောနိုင်ကြမည့်လူများ မဟုတ်ကြပေ။

သူမက မသိမသာပြုံး၍ -

"ကျွန်မနာမည်က ဒေလီယာပါ"

ဟန်မြင့်က ရယ်မောလိုက်ပြီး -

"အိုး...ဒေလီယာဆိုတာ ပန်းကလေး တစ်ပွင့်ပေါ့။ နနယ်လှပတဲ့ ပန်းပွင့်ကလေး တစ်ပွင့်ပေါ့..."

ဟန်မြင့်၏ ပြောစကားများကို ဒေလီယာက အလိုက် သင့်တုန့်ပြန် ပြောဆိုသည်။

သို့သော် သူမပြောနေသည့် စကားများအပေါ်၌ သူမ အနည်းငယ်မျှ စိတ်ဝင်စားခြင်း မရှိပေ။ ယောကျာ်းတစ်ဦးက သူမ အား ပြောနေကျ စကားများသာ ဖြစ်သည်။

ဟန်မြင့်သည် ဒေလီယာ လှည့်ဖျားပြောဆိုသမျှ စကား များကို ကောင်းစွာ လက်ခံယုံကြည်နေသည်။

ယောကျာ်းသားများကို ယခုကဲ့သို့ လှည့်စားပြောဆိုရ ခြင်းမှာ သူမအတွက် အခက်အခဲမရှိ။ လွယ်ကူလွန်းလှသော





အလုပ်တစ်ခုသာဖြစ်ပေသည်။

ဟန်မြင့်နှင့် ပတ်သက်ပြီး လွန်စွာမှပင် လွယ်ကူ အဆင် ပြေနေသည်။

"အထွဲ" စီစဉ်ထားသည့်အတိုင်း အဆင်ပြေချောမော စွာ ဖြစ်လာမည်မှာ သေချာနေပေသည်။

"ဒေလီယာ" ကျေနပ်စွာ တစ်ချက်ပြုံးလိုက်သည်။

× × × × ×



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"အထွဲ...."

"အထွဲ"ဟူသော နာမည်မှာ ရှားရှားပါးပါး နာမည်ပင်။

"အထွဲ"၏ရှည်လျားသော ဆံပင်များမှာ သူ၏ပခုံးအထိ ဖြန့်၍ကျနေ၏။ အမျိုးတစ်ဦး၏ ဆံပင်များနှင့် တူသည်။

"အထွဲ"သည် အရပ်အမောင်းမြင့်မားပြီး၊ ခန္ဓာကိုယ် တောင့်တင်းကြံ့ခိုင်သန်မာသူဖြစ်သည်။ မိန်းကလေးအများစုက သူ့ကို လူချော လူခန့်တစ်ဦးအဖြစ် သတ်မှတ်ထားကြသည်။

"အထွဲ"သည် "ကြောင်"တစ်ကောင်ကဲ့သို့ ညင်သာ ပေ့ါပါးစွာ ဖျတ်လတ်စွာ လှုပ်ရှားနိုင်သူဖြစ်သည်။

"အထွဲ"၏ မျက်လုံးများမှာ ထူးခြားလှသည်။

စူးရှတောက်ပ၍နေပြီး ကြမ်းကြုတ်ရက်စက် ရိုင်းစိုင်း





ကောက်ကျစ်ခြင်း စသည့် အရိပ်အငွေ့များ အမြဲဖုံးလွှမ်းနေလေ့ ရှိသည်။ သူ၏ ကြောက်မက်ဖွယ်ရာကောင်းသော စရိုက်လက္ခဏာကို သူ၏မျက်လုံးအစုံက ဖုံးကွယ်ထားနိုင်စွမ်း မရှိပေ။

ရုတ်တရက် ကြည့်လိုက်လျှင် -

"အထွဲ"သည် တည်ငြိမ် အေးဆေးသူတစ်ဦးဖြစ်သည် ဟု မှတ်ထင်စရာရှိသည်။ ထိုပြင်ပသဏ္ဌာန်က သူ၏ရက်စက်ကြမ်းကြုတ်သော လုပ်ကိုင်ဆောင်ရွက်မှုများကို လွယ်ကူစွာ ဖုံးကွယ်ထားပေးထားပေသည်။

အမှန်စင်စစ် -

"အထွဲ"သည် လွန်စွာကြမ်းကြုတ်သည့် လူသတ်သမား တစ်ဦးသာလျှင် ဖြစ်သည်။ အမြဲထာဝရ သွေးဆာနေသော ရူး သွပ်ဖောက်ပြန်နေသော လူသတ်သမားတစ်ဦးဟုဆိုလျှင်လည်း မမှားပေ။

ယခု....

သူနေထိုင်သော အိမ်၏ရှေ့ဘက်ရှိ သစ်ပင်ကြီးတစ်ပင် ၏ပင်စည်ကို မှီ၍ထိုင်ပြီး စိတ်ကူးယဉ်နေသည်။ အမြန်ဆုံး သူဌေး ဖြစ်နည်းကို သူ စိတ်ကူးနေခြင်းဖြစ်သည်။

သူသည် ချမ်းသာကြွယ်ဝသူတစ်ဦး အမြန်ဖြစ်ချင်နေ သည်။

တစ်ချိန်ချိန်၌ ဖြစ်လာရမည်ဟုလည်း တွက်ဆ,ထား သည်။

အခြေအနေနှင့်အခွင့်အရေးကောင်းတစ်ခုသာ လိုအပ်


www.burmeseclassic.com

www.burmeseclassic.com



ပေသည်။

ထိုအခြေအနေ ရောက်လာခဲ့လျှင် အမိအရ ဆွဲကိုင်ဖမ်းဆုပ်နိုင်ဖို့သာ အရေးကြီးသည်။ ရက်စက်ကြမ်းကြုတ်ရန် အတွက် သူသည် ဝန်လေးသူ မဟုတ်ပေ။

အရာအားလုံးထဲ၌ သူ့အတွက်သာ အဓိက အရေးအကြီးဆုံးဟု တွက်ဆ သတ်မှတ်ထားသူလည်းဖြစ်သည်။

သူလိုချင်ရာ ဖြစ်နိုင်ဖို့အတွက် အခြားသူများထက် ပို၍ ကြမ်းကြုတ် ရက်စက်ရမည်ဟု "အထွဲ" ခံယူထားသည်။

ဤအချက်ကို "အထွဲ" လွန်စွာ သဘောကျသည်။ သူ့အတွက် အောင်မြင်ခြင်း၏ အဓိက လျှို့ဝှက်ချက်ပင်တည်း...။

သူ၏ ရှေ့လမ်းခရီး၌ ပိတ်ပင်တားဆီး နှောင့်ယှက်ထားသူ၊ မည်သူတစ်ဦး တစ်ယောက်မျှ ရှိမနေစေရ။ သူလိုချင်သော အရာကို မရ,ရအောင် ကြိုးစား၍ ရယူမည်။ ထိုသို့ ယူဆောင်ရာ၌ တစ်စုံတစ်ဦးက အနှောင့်အယှက် ပေးလာမည်ဆိုပါက ထိုလူကို ချက်ခြင်း ရှင်းပစ်လိုက်မည်သာဖြစ်သည်။

ဤကမ္ဘာလောကကြီး၌ သူ့အတွက် ကောင်းစားရေးသည် အဓိက အချက်ပင်ဖြစ်သည်။ သို့မှသာ သူ့အနေဖြင့် ဆက်လက်ရှင်သန် လှုပ်ရှားနိုင်နေပေလိမ့်မည်။ "အထွဲ" သည် သူ ဆက်လက် ရှင်သန်နေနိုင်ရေးအတွက် ကြိုးစားနေထိုင် နိုင်စွမ်းရှိသူဖြစ်သည်။

အဝေးဆီမှ မောင်းနှင်လာသော ကားအင်ဂျင်စက်သံကို "အထွဲ" ကြားလိုက်သည်။





သားကောင်နံ့ရသော တိရစ္ဆာန်ရိုင်းတစ်ကောင်ပမာ သူ၏ဦးခေါင်း ဆတ်ခနဲ ထောင်လာသည်။ မြေပြင်တွင်ကပ်၍ နားထောင်လိုက်ပြန်သည်။ ကုန်တင်ထရပ်ကားကြီး တစ်စီး မောင်းနှင်လာသံကို ကြားနေရသည်။ ဒေလီယာသည် သူမ၏တာဝန်ကို အောင်မြင်စွာ ဆောင်ရွက်လာနိုင်ခဲ့ပြီ ဖြစ်ကြောင်း သိလိုက်သည်။

"အထွဲ" တိတ်ဆိတ်စွာ ထ,ရပ်သည်။

အိမ်၏ တစ်ဘက်ခြမ်းရှိ သစ်ပင်ရိပ်များအောက်သို့ နေရာပြောင်းရွှေ့လိုက်သည်။ သူသည် လုံခြုံသော နေရာတစ်ခုကို ရွေးချယ်၍ ပုန်းကွယ်နေလိုက်သည်။

"အထွဲ" လှမ်းကြည့်သည်။

သူ၏ အိမ်လေးရှိရာဘက်သို့ ကုန်တင်ထရပ်ကားကြီး တစ်စီး ချိုးကွေ့၍ ဝင်လာသည်ကို ကောင်းစွာမြင်လိုက်ရသည်။

ခေတ္တမျှအကြာ၌ လမ်းကျဉ်းကလေး၏ကြား၌ ကုန်တင်ထရပ်ကားကြီး ထိုး၍ရပ်လိုက်သည်။

ဟန်မြင့် ဦးစွာဆင်းသည်။ ဒေလီယာကို လက်ကမ်း၍ အောက်သို့ ဆင်းစေသည်။ ဟန်မြင့်သည် တောင်ကမ်းပါးအစွန်း၌ တည်ရှိသော သစ်သားအိမ်နှင့် ဘေးဘက်မှ ကားဂိုဒေါင်တို့ကို လှမ်းကြည့်သည်။

လွန်စွာချောင်ကျ၍ လူသူမသိနိုင်သော နေရာတစ်ခုပင်တည်း။

ဤနေရာကို သူကောင်းစွာ မှတ်ထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဟန်မြင့်က သဘောကျနှစ်မြို့ကိစွာဖြင့် -

"ဟား . . . မင်းရဲ့နေရာက တယ်ကောင်းပါလား . . . ဒေလီယာ။ အိမ်ပေါ်ကနေဆိုရင် အောက်ဘက်က ရှခင်းတွေကို ကောင်းကောင်းမြင်ရမှာပဲ။ ညဘက်ဆိုရင်လည်း နေလို့ သိပ်ကောင်းမှာပဲ"

ဒေလီယာက -

"ကျွန်မအဘိုးဆီကနေ အမွေရထားခဲ့တာ။ အိမ်ကပြန်ပြင်ရဦးမယ် . . . လိုအပ်တာလေး နည်းနည်းပါးပါးက အစ ကိုယ်တိုင်ပဲပြင်ရတာပေ့ါ။ ကျွန်မအားတဲ့ အချိန်မှာပဲ လုပ်နိုင်တယ်.."

"မင်းရဲ့အိမ်ကိုပြင်ဖို့ ဆေးသုတ်ဖို့အတွက် ငါလည်းကူညီနိုင်ပါတယ်။ ပြီးတော့ လိုတဲ့ပစ္စည်းသယ်ဖို့ ငါ့မှာ ကုန်တင်ထရပ်ကားကြီးလည်း ရှိနေတာပဲ။ မင်းလိုတဲ့အချိန် ငါ့ကိုခေါ်လိုက်ပါ"

"အို...တကယ်လား။ ကျွန်မ ရှင့်ကိုခေါ်လိုက်မယ်"

"မင်းအတွက် ငါ အလုပ်လုပ်ပေးနိုင်ပါတယ်"

ဒေလီယာသည် အိမ်လေးရှိရာသို့ ရှေ့မှဦးဆောင်၍ သွားသည်။

ဦးငွေဆန်းသည် ယာဉ်မောင်းသူနေရာမှ ဆင်းလာသည်။ မျက်နှာသုတ် ပုဝါကြီးတစ်ထည်ဖြင့် ချွေးများကိုသုတ်သည်။

"ကဲ...ငါအခုပဲလိုက်လာခဲ့မယ်။ အင်ဂျင်အတော်လေးပူနေလို့ ရေဒီရေတာအဖုံးဖွင့်ပြီး ရေတိုက်ရဦးမယ်"





ဒေလီယာက အိမ်ရှေ့၌ ရပ်လိုက်ပြီး ကားဂိုဒေါင်ဘေးရှိ အဝါရောင် ရေပိုက်လုံးခွေတစ်ခုကို လက်ညှိုးထိုးပြသည်။

"ဒီမှာ ရေပိုက်ရှိတယ်။ ဘုံပိုင်ခေါင်းကနေသာ ဖွင့်ပြီး လိုသလောက်သာ ယူပေတော့"

"အေး...အေး..ကျေးဇူးပါပဲကွာ.."

ဒေလီယာနှင့် ဟန်မြင့်တို့ အိမ်လေးထဲသို့ ဝင်သွားသည်။

ဦးငွေဆန်းသည် ထရပ်ကားကြီး၏ရှေ့သို့လျှောက်သွားသည်။

ကားစက်ခေါင်းအဖုံးကို ဖွင့်၍ ထောက်တံဖြင့် ထောက်သည်။

ရေဒီရေတာမှာ အငွေ့တထောင်းထောင်း ထွက်၍နေ၏။ ဦးငွေဆန်း မျက်နှာသုတ်ပုဝါဖြင့် အဖုံးကို သတိထားပြီးဖွင့်သည်။ ပူလောင်သော ရေနွေးငွေ့များ ပန်း၍ထွက်လာသည်။

ဦးငွေဆန်း လက်ချောင်းများကို လျင်မြန်စွာ ပြန်ရုပ်လိုက်သည်။

အိမ်၏ အမှောင်ရိပ်၌ ခို၍ "အထွဲ"က ဦးငွေဆန်းကို ချောင်း၍ကြည့်နေ၏။

ဦးငွေဆန်းက ကျောပေးထားသဖြင့် "အထွဲ"ကို မမြင်ရပေ။

"အထွဲ"သည် ဦးငွေဆန်းကို စူးစိုက်၍ကြည့်နေပေသည်။ ရုတ်တရက် "အထွဲ" စိတ်ထဲ၌တက်ကြွသလို ခံစားလာရ



www.burmeseclassic.com

www.burmeseclassic.com



သည်။

သူ့ရှေ့၌ ရှိနေသူကို ရှင်းပစ်ရမည်။

"အထွဲ" ၏ဦးခေါင်းထဲ၌ထူးဆန်းသောအသံကြီးတစ်သံ မြည်လာသည်။ လျှပ်စစ်ဓာတ်အားများ ဖြည့်တင်းပေးလိုက်သည့်နှယ် ခံစားနေရသည်။ သူသည် သူ၏ရန်သူများကို သတ်ခဲ့သူဖြစ်သည်။ ထိုသို့သတ်ပြီးတိုင်း ကျေနပ်သော ခံစားချက်တစ်မျိုးကို ခံစားရလေ့ရှိသည်။

"အထွဲ" ၏မျက်လုံးများ သားရဲတိရစ္ဆာန်ရိုင်း တစ်ကောင်၏မျက်လုံးများကဲ့သို့ တောက်ပ၍ လာသည်။

"အထွဲ" ရှေ့သို့တစ်လှမ်းချင်း တိုးသွားသည်။

ခြေသံလုံးဝ မထွက်ပေ။

ဦးငွေဆန်း၏ နောက်ကျောဘက်သို့ ချဉ်းကပ်သွားသည်။ ဓားအိမ်ထဲမှာ နစ်ဘက်သွားဓားမြှောင်ကို အသာအယာဆွဲထုတ်လိုက်သည်။

အထွဲကဦးငွေဆန်းအား ဓားမြှောင်ဖြင့် ထိုးစိုက်ချလိုက်သည်။

ဦးငွေဆန်းငြိမ်ကျသွားသည်အထိ သူ၏ခန္ဓာကိုယ်ကြီးကို သိုင်းဖက်၍ထားသည်။ စက္ကန့်ပိုင်းအတွင်းမှာပင် ဦးငွေဆန်းငြိမ်သက်၍သွားသည်။

"အထွဲ" မှာစိတ်တက်ကြွနေ၏။

သွေးတိုးနှုန်းများ ပို၍မြန်လာသည်။

သူ၏စိတ်အစဉ်သည် ပေါ့ပါးလွင့်မြောက်၍ နေ၏။





အလောင်းကို မြေပြင်သို့ အသာချလိုက်သည်။ ဦးငွေဆန်းမှာ သွေးအိုင်ထဲ၌ ပါးစပ်ဟ၍ ပက်လက်လန်လဲကျနေသည်။

"အထွဲ" အိမ်ဘက်သို့ပြန်သွားသည်။

သူ၏လက်ထဲ၌ နှစ်လုံးပြူး သေနတ်ကို အသင့်ကိုင်ထားသည်။

အိမ်အတွင်းဘက်မှ ဟန်မြင့်နှင့် ဒေလီယာ၏ရယ်သံကို ကြားနေရသည်။ ဒေလီယာ၏အသံမှာ စွဲမက်ဖွယ်ရာကောင်းလှသည်။ အထွဲ ပြတင်းပေါက်အနီးသို့ ကပ်သွားသည်။

မီးဖိုဆောင်ထဲ၌ ဟန်မြင့်နှင့် ဒေလီယာ . . .။

ဟန်မြင့်က မျက်နှာချင်းနီးကပ်ရန် ကြိုးစားသည်။ ဒေလီယာက တစ်စုံတစ်ခု ပြော၍ အသာတွန်းဖယ်သည်။

အထွဲ ပြတင်းပေါက်မှ ခွာလိုက်သည်။

"အထွဲ" ကုန်တင်ထရပ်ကားကြီးဆီသို့ လျှောက်သွားသည်။

ယာဉ်မောင်းသူထိုင်ရာ ပြတင်းပေါက်မှ လက်သွင်း၍ ကားဟွန်းကို သုံးကြိမ် ဖိနှိပ်လိုက်သည်။ ကားဟွန်းသံမှာ တောင်ကြားလမ်းဒေသတစ်ခုလုံး ပဲ့တင်ထပ်၍ ဆူညံသွားပေသည်။

အထွဲသည် နှစ်လုံးပြူးသေနတ်ကို မြှောက်၍ကိုင်လိုက်ပြီး သေနတ်မောင်းကို တင်လိုက်သည်။ "အထွဲ" ကုန်တင်ကားကြီးဘေး၌ မှီ၍ရပ်နေလိုက်သည်။

သူ၏နောက်ထပ် သားကောင်တစ်ဦးကို စောင့်နေခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

နာရီဝက်ခန့်ကြာလျှင် -

အိမ်ရှေ့တံခါးမှ ဟန်မြင့် ထွက်လာသည်။

ဟန်မြင့်မှာ ကျေနပ်အားရစွာဖြင့် ရယ်မော၍နေသည်။

ဟန်မြင့် အပြင်သို့ရောက်လျှင် -

"ဗျို့...ဆရာဆန်း...ဟာ...ခင်ဗျား ဘယ်သွားနေပြန်ပြီလဲ မသိဘူး။ ကြာလိုက်တာဗျာ...။ ခင်ဗျား...ဘာ..အင်း..အင်း"

ကုန်တင်ထရပ်ကားကြီး၏ဘေး မြေပြင်ပေါ်၌ ပက်လက်လန် လဲကျသေဆုံးနေသော ဦးငွေဆန်း၏ အလောင်းကို ဟန်မြင့် မထင်မှတ်ပဲ တွေ့လိုက်ရသည်။

ဟန်မြင့် ခေါင်းကိုယမ်းခါလျက် ချောက်ချားစွာ ရေရွတ်လိုက်၏။

"ဘုရား...ဘုရား...ဘာတွေ ဖြစ်ကုန်ပြီလဲ မသိဘူး"

သူ မြင်တွေ့လိုက်ရသော မြင်ကွင်းကို သူကြည့်၍ လုံးဝ နားမလည်နိုင်အောင် ဖြစ်နေမိသည်။ သူ၏ရင်ထဲမှ ပျို့တက်လာပြီး အော့အံချင်စိတ်များပေါ်လာသည်။ ဦးငွေဆန်း၏ အလောင်းကြီးကို မျက်နှာလွှဲပစ်လိုက်သည်။

ကုန်တင်ထရပ်ကားကြီးကို မှီ၍ နစ်လုံးပြူးသေနတ်ဖြင့် ချိန်ရွယ်ထားသော "အထွဲ" ကို သူ တွေ့လိုက်ရသည်။

နှစ်လုံးပြူး သေနတ်ပြောင်းဝနှစ်ခုမှာ နက်ရှိုင်းလှသော ဥမင်လိုဏ်ခေါင်းနှစ်ခုနှင့် တူလှပေသည်။





ဟန်မြင့် မျက်စိမျက်နှာ အကြီးအကျယ် ပျက်သွားသည်။

သူ၏အန္တရာယ်ကို ချက်ခြင်း နားလည် သဘောပေါက်လိုက်သည်။

ဟန်မြင့် တုန်လှုပ်ချောက်ချားစွာဖြင့် လက်နှစ်ဘက်ကို မြှောက်လိုက်သည်။

"ခင်ဗျားကို ကျွန်တော် မသိဘူး။ ကျွန်တော့်ကိုတော့ မသတ်ပါနဲ့ တောင်းပန်ပါတယ်။ ကျွန်တော့်ဆီက လိုချင်တာ အကုန်ယူသွားပါဗျာ။ ကျွန်တော့်ကိုတော့ အသက်ချမ်းသာခွင့် ပေးပါဗျာ..."

အထွဲက ဘာမျှမပြော။

အေးစိမ့်စွာပြုံး၍ စိုက်ကြည့်နေသည်။

"ခင်ဗျား...ခင်ဗျား...ကျွန်တော့်ဆီက ငွေလိုချင်လို့လား။ ကျွန်တော့်ဆီမှာ ရှိသလောက် အကုန်ယူသွားပါ..."

ဟန်မြင့်က သူ၏ ပိုက်ဆံအိတ်ကိုထုတ်၍ ငွေစက္ကူများကို မြေပြင်ပေါ်သို့ ပစ်ချလိုက်၏။

"ဒါ...ဒါ...ကျွန်တော့်မှာပါတဲ့ ပိုက်ဆံ အကုန်ပါပဲ။ ခင်ဗျား အားလုံး ယူသွားပါ..."

ဟန်မြင့်က ပြောရင်း ရှေ့သို့တိုးသွားသည်။

"ရော့ပါ...ဒီငွေတွေ ခင်ဗျား အကုန်ယူပါ။ ရော့..."

ဟန်မြင့် ထပ်မံ စကားပြောဆိုနိုင်ခြင်း မရှိတော့။

နှစ်လုံးပြူးကျည်ဆန်များက သူ၏ခန္ဓာကိုယ်တွင်းသို့ ထွင်းဖောက်၍ဝင်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟန်မြင့်၏ ခန္ဓာကိုယ်တစ်ခုလုံး မြေပြင်ပေါ်သို့ လဲကျသွားသည်။

မြေပြင်ပေါ်သို့ ရောက်သည်နှင့် ဟန်မြင့် အသက်မရှိတော့ပေ။

အိမ်ရှေ့တံခါးပေါက်မှ ဒေလီယာ ထွက်၍လာသည်။

သူမ၏မျက်နှာပေါ်၌ ထူးခြားသော အပြုံးတစ်ခုတွဲခို၍နေ၏။

မြေကြီးပေါ်၌ လဲကျငြိမ်သက်နေသည့် အလောင်းနှစ်ခုကိုစိတ်ပါဝင်စားမှု မရှိသော အမူအရာဖြင့် တစ်ချက်ကြည့်သည်။

လေထဲ၌ သွေးညှီနံ့များ ပျံ့၍နေ၏။

ယင်ကောင်စိမ်းကြီးများ တဝီဝီအော်မြည် ရောက်ရှိလာကြသည်။

"အထွဲ" သည် သူမထံသို့ တစ်လှမ်းချင်း လျှောက်လာသည်။

ဒေလီယာက -

"ကျွန်မဘက်က တာဝန်ကျေရဲ့လား...ဟင်"

အထွဲက နှစ်ခြိုက်စွာပြုံး၍ -

"မင်း တာဝန်ကျေပါတယ်။ မင်း သိပ်တော်တာပဲ ဒေလီယာ။ ကဲ...ဒီအလောင်းနှစ်လောင်းကို တောင်ကြားအောက်က လျှိုထဲမှာ သွားမြှုပ်ထားလိုက်ကြရအောင်။ အားလုံးပြီးရင် ကျန်တဲ့ အဖွဲ့သားတွေဆီကို လုပ်ငန်းအစီအစဉ် အပြည့်အဝ အောင်မြင်မှုရှိတယ်ဆိုတဲ့အကြောင်း လှမ်းပြီး သတင်းပို့ရမယ်"





ဒေလီယာ ကျေနပ်စွာ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့...အထွဲ..."

အထွဲက သူမကို တစ်ချက်ငုံ့ကြည့်လိုက်သည်။

ဒေလီယာ၏ ပါးပြင်ကို အထွဲက လက်တစ်ဘက်ဖြင့် အသာအယာ တို့ထိလိုက်သည်။

ဒေလီယာ ကြည်နူး နှစ်သိမ့်စွာ ပြုံးလိုက်သည်။

"အထွဲ" ၏ ချီးကျူးမှုကို သူမ ခံယူချင်သည်။

"အထွဲ" က ကောက်ကျစ်ရက်စက်သော အပြုံးတစ်ရပ်ကို ပြုံးလိုက်သည်။

"ငါတော့ ဒီနေ့အဖို့ သိပ်ပျော်တာပဲ...ဒေလီယာ"

"ကျွန်မလည်း ဒီလိုပါ...အထွဲ"

× × × × ×



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

လူသတ်မှု စုံစမ်း စစ်ဆေးရေး ဌာနရုံးခန်း . . . .။

စဝ်ရန်နိုင်နှင့် လူဝကြီးဗသန်းထိုက်တို့ ရုံးခန်းထဲရောက် လာကြသည်။ စားပွဲ ဆယ်လုံးအနက်နှစ်လုံး၌သာ လူရှိသည်။

စုံစမ်းရေးဌာနမှ အေးဂျင့်တစ်ဦးဖြစ်သူ ဝင်းမော်နှင့် သူ၏တွဲဘက် ဖြစ်သူ ချစ်ခိုင်တို့သာရှိနေကြသည်။

ချစ်ခိုင်၏ရှေ့၌ ပါးဖောင်းဖောင်းနှင့် မိန်းမဝဝကြီးတစ်ဦး ထိုင်၍နေ၏။ ထိုမိန်းမဝဝကြီးက အကြောင်းအရာတစ်ခုကို အော်ကြီးဟစ်ကျယ် ပြောနေပေသည်။

ချစ်ခိုင် ခေါင်းတစ်ချက် ကုတ်လိုက်သည်။

ဝင်းမော် မော့ကြည့်လိုက်၏။ စဝ်ရန်နိုင်နှင့် လူဝကြီး



ဗသန်းထိုက်ကိုတွေ့လျှင် ပခုံးတစ်ချက် တွန့်ပြန်လိုက်သည်။

စဝ်ရန်နိုင် ရေခဲသေတ္တာကြီးကိုဖွင့်လိုက်သည်။ အတွင်းမှ သစ်သီးဖျော်ရည်တစ်ချိုင့်ကို ထုတ်သည်။ ပန်းသီးကိတ်မုန့်နှင့် အသားညှပ်ပေါင်မုန့်အချို့ကို ထုတ်ယူလိုက်သည်။

စဝ်ရန်နိုင် သစ်သီးဖျော်ရည်တစ်ခွက် ငုံ၍သောက်ရင်း အသားညှပ်ပေါင်မုန့်ကို စားနေသည်။

ဝင်းမော်က စားပွဲမှ ထ.၍ရပ်လိုက်သည်။

စဝ်ရန်နိုင်ကို တစ်ချက်ပြုံးပြလိုက်ပြီး -

"ခင်ဗျားကို ဒု.စခန်းမှူးကျော်ဇေယျက လိုက်ရှာနေတယ်။ သူ့ကိုကြည့်ရတာ ခင်ဗျားနဲ့ပတ်သက်ပြီး ဒေါသထွက်နေပုံပဲ"

စဝ်ရန်နိုင်က အပြုံးမပျက် အစားအပျက် . . . .။

"ဒီလူက အမြဲဒေါသထွက်နေတတ်တဲ့ လူစားမျိုးပဲ"

"ခင်ဗျား . . . သူ့ကို စခန်းမှူး ဦးထွန်းပိုင်ရဲ့ရုံးခန်းမှာ သွားတွေ့လို့ရတယ် . . ."

"အင်း . . . စခန်းမှူးကြီး ဘာလိုချင်နေပြီလည်းမသိဘူး"

စဝ်ရန်နိုင်သည် သစ်သီးဖျော်ရည်ချိုင့်ကို သူ၏စားပွဲသို့ ယူသွားသည်။ သူ၏စားပွဲပေါ်၌ မှတ်တမ်းများ၊ အစီရင်ခံစာများ၊ စာရွက်စာတမ်းများက အစုလိုက်၊ အပုံလိုက်။

သူသည် လွန်ခဲ့သော သုံးရက်ခန့်က အမှုတွဲတစ်ခုကို ပြန်၍ကြည့်သည်။ တရားခံကို ဖမ်းဆီးမိပြီးဖြစ်သည်။ သို့သော် အစီရင်ခံစာပြီးစီးအောင် မရေးရသေး။



www.burmeseclassic.com

www.burmeseclassic.com



စဝ်ရန်နိုင်သည် စာရွက်ဖြူတစ်ရွက်ကို ဆွဲယူလိုက်သည်။

ရုတ်တရက် -

ရုံးခန်းတံခါး ပွင့်လာသည်။

ဒု - စခန်းမှူး ကျော်ဇေယျကို တံခါးဝ၌ တွေ့လိုက်ရသည်။

သူသည် ကိုယ်လုံးကိုယ်ထည် ကြီးမားသူဖြစ်သည်။ မျက်နှာပြင်ပေါ်၌ အဖုအထစ်များ ပြည့်၍နေပြီး မျက်နှာကြီးမှာ နီမြန်း၍နေ၏။

သူသည်အကောင်းဆုံးဝတ်စုံများကိုဝတ်ဆင်လေ့ရှိသူဖြစ်သည်။

ဒု - စခန်းမှူးကျော်ဇေယျသည်အသက်ကြီးပြီဖြစ်သော်လည်း၊ အလုပ်အလွန်များသော ရဲဝန်ထမ်းတစ်ဦးဖြစ်သည်။

ကျော်ဇေယျသည် မကျေမနပ် အမူအရာဖြင့် ရုံးခန်းအတွင်း လှည့်ပတ်ကြည့်လိုက်သည်။

စဝ်ရန်နိုင်ကို တွေ့လိုက်လျှင် လှမ်း၍မေးသည်။

"စဝ်ရန်နိုင် . . . မင်း ဘယ်ကိုသွားနေတာလဲ"

"ကျွန်တော်တို့ စတိုးဆိုင်အကြမ်းဖက်မှုက ဖမ်းမိထားတဲ့ လူသုံးယောက်ဆီမှာ စစ်ချက်သွားယူနေတာပါ"

ကျော်ဇေယျ ခေါင်းတစ်ချက် ညိတ်လိုက်ပြီး -

"စခန်းမှူး ဦးထွန်းပိုင်က မင်းနဲ့ နှစ်ယောက်တည်း စကားနည်းနည်း ပြောချင်လို့တဲ့"





စဝ်ရန်နိုင် မျက်မှောင်ကြုတ်လိုက်မိသည်။

ဦးထွန်းပိုင်က အမိန့်ပေးစရာရှိလျှင် ကျော်ဇေယျမှတစ်ဆင့်ပေးလေ့ရှိသည်။ ယခု ဦးထွန်းပိုင်က တွေ့လိုသည်ဟုဆိုသဖြင့် စဝ်ရန်နိုင် အံ့အားသင့်သွားသည်။

ဦးထွန်းပိုင်သည် လမ်းလျှောက် သွားလာရသောအလုပ်များကိုနေ့စဉ်လုပ်ကိုင်နေရသူဖြစ်သည်။ သူသည်ညနေပိုင်း၌ မြို့တော်စည်းကမ်းထိန်းသိမ်းရေးမှူးနှင့်အတူ ဂေါက်သီးရိုက်လေ့ရှိသည်။

စဝ်ရန်နိုင်သည် သစ်သီးဖျော်ရည် တစ်ခွက်မော့၍သောက်သည်။

သစ်သီးဖျော်ရည်မှာ ခါးသက်ပူလောင်နေသည်ဟု ထင်မိသည်။

ကျော်ဇေယျနှင့်အတူ ဦးထွန်းပိုင်၏ ရုံးခန်းသို့လိုက်ပါသွားသည်။

ရုံးခန်းရှေ့သို့ရောက်လျှင် ကျော်ဇေယျက စဝ်ရန်နိုင်ဘက်သို့ လှည့်လိုက်ပြီး -

"ဒီမှာ . . . စဝ်ရန်နိုင်။ မင်း . . . သူနဲ့တွေ့ရင် ထိန်းပြီးပြောပါ။ မင်းက စိတ်မရှည်ရင် သူက ပိုပြီး ဒေါသထွက်လာလိမ့်မယ်"

"အင်း . . . ကျွန်တော်လည်း စိတ်မရှည်တတ်ဘူး"

ကျော်ဇေယျက လေသံခပ်တိုးတိုးဖြင့် -

"မင်းကို အေးအေးဆေးဆေးပြောဖို့ ငါက တောင်းပန်နေတာကွ။ မင်းနဲ့ငါနှစ်ယောက်စလုံးအတွက် အဆင်ပြေအောင်



www.burmeseclassic.com

www.burmeseclassic.com



ငါက ပြောနေတာ"

ကျော်ဇေယျက တံခါးဖွင့်၍ ရုံးခန်းအတွင်းသို့ဝင်သွားသည်။

ဦးထွန်းပိုင်၏ရုံးခန်းသည် ကျယ်ဝန်းပြီး ခမ်းနားသပ်ရပ်လှပသည်။ နေထိုင်ရသည်မှာ အဆင်ပြေလှသည်။

နံရံများ၌ ဆုတံဆိပ်များ၊ ဆုဖလားများ၊ ဂုဏ်ပြုလက်မှတ်များ၊ ဓာတ်ပုံများကို အစီအရီ ချိတ်ဆွဲထားသည်။ မြို့တော်စည်းကမ်းထိန်းသိမ်းရေးမှူးနှင့်အတူ တွဲ၍ ရိုက်ကူးထားသောဓာတ်ပုံကြီး တစ်ပုံကိုပါ တွေ့လိုက်ရသည်။

စားပွဲနောက်၌ ဦးထွန်းပိုင် ထိုင်နေ၏။

ဦးထွန်းပိုင်သည် အသက်ငါးဆယ်အရွယ်ရှိသူဖြစ်သည်။ အေးစက် ကြမ်းတမ်းသော ရုပ်သွင်ရှိသူဖြစ်သည်။ ဝတ်စားဆင်ယင်မှုက ခေတ်မီ သပ်ရပ်သည်။

စစ်ရန်နိုင်နှင့် ဦးထွန်းပိုင်တို့မှာ ပုဂ္ဂိုလ်ရေးအရပြဿနာမရှိ။ သို့သော် ဦးထွန်းပိုင်၏ အကျင့်စရိုက်အချို့ကိုမူ စစ်ရန်နိုင်မနှစ်သက်ပေ။ ဦးထွန်းပိုင်သည် သူ့အတွက် တက်လမ်းကိုဦးစားပေး ရှာဖွေတတ်သူဖြစ်သည်။

ဦးထွန်းပိုင်က -

"ထိုင်ပေါ့ . . . စစ်ရန်နိုင်"

ကျော်ဇေယျက တံခါးဝအနီး၌ မတ်တတ်ရပ်၍နေ၏။

"ငါ စောစောကပဲ ရဲမှူးကြီးရဲ့ရုံးခန်းမှာ စကားပြောခဲ့ပြီးပြီ။ အဲဒါ ဘာကိစ္စလို့ မင်းထင်သလဲ"





စစ်ရန်နိုင်က ဦးထွန်းပိုင်အား ကြည့်လိုက်သည်။

သူ့အနေဖြင့် လိုရင်းကို တိကျစွာ ပြောစေချင်သည်။ ပဟေဠိဝှက်သည်မျိုးကို လုံးဝ မနှစ်သက်ပေ။

"ဪ . . . ဆရာ့ကို ညစာစားပွဲ ဖိတ်တာဖြစ်မယ်ထင်ပါတယ်"

"ဒီမှာ . . . စစ်ရန်နိုင်။ မင်း ဒီနေ့နေလည်မှာ စတိုးဆိုင်ပြဿနာက ဘယ်လောက်အထိ ကုန်းသွားသလဲဆိုတာ သိရဲ့လား"

"မသိဘူး . . . ဆရာ"

ဦးထွန်းပိုင် ဒေါသသံဖြင့် . . . .

"စတိုးဆိုင်ထဲမှာ ပစ္စည်းတွေ ပျက်စီးသွားတယ်။ ဆိုင်လည်း ပျက်စီးသွားတယ်။ ရဲကားတစ်စီးလည်း ပျက်စီးသွားတယ်။ တရားခံသုံးကောင်ကတော့ ဆေးရုံမှာပေါ့။ မင်းအနေနဲ့ ဒီလိုမျိုး မဆောင်ရွက်သင့်ဘူး"

ဤကဲ့သို့သော အချိန်မျိုး၌ အခြားရွေးချယ်စရာ နည်းလမ်းမရှိကြောင်း စစ်ရန်နိုင် ကောင်းစွာသိထားသည်။

"အဲဒီအချိန်မှာ ကျွန်တော့်အနေနဲ့ ဖြေရှင်းစရာ ဒီနည်းလမ်းပဲရှိပါတယ်"

"မင်းအနေနဲ့ တိုက်ခိုက်ရေးဗျူဟာနဲ့ ဒု - စခန်းမှူးကျော်ဇေယျတို့ လာတဲ့အချိန်အထိ စောင့်နေသင့်တယ်။ တိုက်ခိုက်ရေးဗျူဟာအဖွဲ့ဟာ ဒီလိုကိစ္စမျိုးတွေကို ဖြေရှင်းဖို့ အထူးလေ့ကျင့်ထားကြတဲ့လူတွေ။ အခုတော့မင်းက မင်းကိုယ်ပိုင်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်ချက်နဲ့ လုပ်လိုက်တယ်..."

စစ်ရန်နိုင်က -

"ဒီကိစ္စနဲ့ပတ်သက်ပြီး ဆရာ မသိသေးတာတွေ ရှိပါတယ်။ အကြမ်းဖက်သမားလေးယောက်က သူတို့လက်ထဲမှာ ဖမ်းထားတဲ့ ဓားစာခံတွေကို သတ်လုဆဲဆဲ အခြေအနေကို ရောက်နေပါတယ်။ ကျွန်တော်တို့ဘက်က ရဲသားတစ်ဦးတောင် ဒီကောင်တွေပစ်လိုက်လို့ ဆေးရုံရောက်သွားတယ်။ ကျွန်တော့်အနေနဲ့ ဆုံးဖြတ်နိုင်ဖို့ အချိန် လုံးဝမရှိသလောက်ပဲ။ အများဆုံး ငါးမိနစ်ထက် မပိုဘူး၊ ဆရာတို့ရဲ့ တိုက်ခိုက်ရေးဗျူဟာအဖွဲ့ ရောက်လာချိန်မှာ ဓားစာခံတွေရဲ့ အလောင်းတွေ လမ်းပေါ်မှာ ရောက်နေပါလိမ့်မယ်"

ဦးထွန်းပိုင်က နှုတ်ခမ်းကို လျှာဖြင့် သပ်လိုက်ပြီး -

"မင်းအနေနဲ့ အကြမ်းဖက်သမားတွေကို အချိန်ဆွဲထားသင့်တယ်"

စစ်ရန်နိုင်က ဦးထွန်းပိုင်ကို စူးစိုက်စွာကြည့်လိုက်သည်။

ထိုအကြည့်၌ အဓိပ္ပာယ်မျိုးစုံ ပါဝင်နေသည်။

"နလုံးပြူး၊ ပုစွတို၊ ခြောက်လုံးပြူးနဲ့ လက်နက်မျိုးစုံကိုင်ထားတဲ့ အကြမ်းဖက်သမားလေးယောက်ကို ကျွန်တော်တစ်ယောက်တည်းနဲ့ ဘယ်လိုပုံစံမျိုးသုံးပြီး အချိန်ဆွဲထားရမလဲ။ သူတို့ကို ကျွန်တော်က ဘယ်လိုနည်းနဲ့ အချိန်ဆွဲထားရမလဲ။ ဒီကောင်တွေကို ရယ်စရာ ပြောပြီး ချော့ထားရမှာလား"





ဦးထွန်းပိုင် ဒေါသထွက်သွားသည်။

ဦးထွန်းပိုင်သည် ကျော်ဇေယျဘက်သို့ လှမ်းကြည့်လိုက်ပြီး -

"ခင်ဗျားတို့ ဆေးရုံမှတ်တမ်းရပြီးပြီလား"

စစ်ရန်နိုင်က ဝင်၍ပြောသည်။

"ကျွန်တော်နဲ့ ဗသန်းထိုက် ဆေးရုံကို သွားပြီးပါပြီ။ အကြမ်းဖက်သမား တစ်ယောက်က အသေ။ ကျန်တဲ့သုံးယောက်က ဒဏ်ရာပဲ ရထားတယ်"

ဦးထွန်းပိုင် မတ်တတ်ရပ်လိုက်သည်။

"မင်းဟာ တာဝန်ရှိတဲ့ ရဲအရာရှိတစ်ဦး။ မင်းဟာ ဒီမြို့မှာ တာဝန်ရှိတဲ့လူတစ်ဦး...တာဝန်အတိုင်း ထမ်းဆောင်ပေးရမယ်။ မင်းလုပ်တာတွေက ကြမ်းတမ်းလွန်းတယ်..."

စစ်ရန်နိုင်က ခေါင်းခါရမ်းလိုက်သည်။

"ဆရာ့အနေနဲ့ ဆူပူကြိမ်းမောင်းနေလို့၊ ဒီမြို့ပေါ်က ရာဇဝတ်မှုတွေ ကျဆင်းသွားရင် သိပ်ကောင်းမှာပဲ"

"မင်းနဲ့ပတ်သက်ရင် ပြဿနာတွေချည်းပဲ...။ လွန်ခဲ့တဲ့ ရှစ်လကျော်ကျော်က လူရွယ်တစ်ယောက်ကို မင်းဆုံးမလိုက်တာ ဆေးရုံရောက်သွားရတယ် မဟုတ်လား"

စစ်ရန်နိုင်က ပခုံးတစ်ချက်တွန့်လိုက်သည်။

"ဪ...ကျွန်တော် မှတ်မိပါတယ်၊ အောင်ကျော်မိုးဆိုတဲ့ အကောင်မဟုတ်လား။ လေ့ကျင့်ရေးရုံထဲမှာ မရှင်းပစ္စတိုနှစ်လက်ကိုင်ပြီး သောင်းကျန်းခဲ့တဲ့အကောင်ပဲ။ သူက အားကစား



www.burmeseclassic.com

www.burmeseclassic.com

သမားတစ်ယောက် ဟန်ဆောင်ပြီး ဝင်လာခဲ့တာ။ ဒီကောင်က စိတ်ရှုးထ.ပြီး လျှောက်သတ်ပစ်ဖို့ ကြံစည်ထားတဲ့ အကောင်။ ဒါပေမယ့် သူတော်တော်လေး ကံကောင်းသွားခဲ့ပါတယ်"

ဦးထွန်းပိုင် နှာခေါင်းနှစ်ချက် ရှုံ့လိုက်ပြီး -

"အင်း . . တော်တော် ကံကောင်းပါတယ် . .။ သူ့ရဲ့ခေါင်း ကွဲသွားတယ်။ နှာခေါင်းရိုးကျိုးသွားတယ်၊ နံရိုးတွေ ကျိုးတယ်။ လက်နှစ်ဘက်စလုံးလည်း ကျိုးသွားတယ်။ ကဲ . . . မင်း ဘာပြော ချင်သေးလဲ"

"ကျွန်တော် အသေမသတ်ချင်လို့ ဒီကောင်သက်သာ သွားခဲ့တာ"

ဦးထွန်းပိုင်မှ ပို၍ မကျေမနပ် ဖြစ်လာသည်။

စဝ်ရန်နိုင်ကို ဒေါသတကြီး ကြည့်သည်။

"မင်းက မင်းကိုယ်မင်း ရုပ်ရှင်ထဲက ဇာတ်လိုက်မင်း သားလို့များ ထင်နေသလား။ မင်းလုပ်ချင်သလို လုပ်လို့မရဘူး"

"ဒါကတော့ ကျွန်တော့်ရဲ့တာဝန်နဲ့ အလုပ်အတိုင်း လုပ် ရတာပါ"

ဦးထွန်းပိုင်က -

"မင်း လုပ်တာတွေ ကလေးသိပ်ဆန်းလွန်းတယ်။ ငါတို့ ကို ရက်စက်ကြမ်းကြုတ်တဲ့ လူတွေလို့ ပြောလာလိမ့်မယ် . . ."

"ဒီကိစ္စက ဘာမှ မပတ်သက်တဲ့ ကိစ္စပါ . . ."

"မင်းနဲ့ ငါထပ်ပြီး အငြင်းမပွားချင်ဘူး။ ဒီနေ့မနက် မြို့ တော်စည်းကမ်းထိန်းသိမ်းရေးမှူးနဲ့ ဖုန်းနှစ်ကြိမ်ပြောတယ်။





သူက ဒီအမှုနဲ့ပတ်သက်ပြီးစိတ်ဆိုး၊ ဒေါသထွက်နေတယ်။ တော် တော်လည်း မကျေမနပ်ဖြစ်နေတယ်။ ငါတို့ရဲ့အဖွဲ့က ဒီလိုမျိုး မလုပ်သင့်ဘူးလို့ ပြောတယ် . . ."

"ကျွန်တော်တို့က ဘယ်လိုပုံစံ လုပ်ပေးရမလဲ။ လူဆိုး၊ လူရမ်းကားတွေကို ဘယ်လိုပုံစံမျိုးနဲ့ ဆုံးမပေးရမလဲ . . ."

"ဒီမှာ စဝ်။ မင်းရော ကျန်တဲ့လူတွေကို တာဝန်ကို စိတ် ထိန်းချုပ်ပြီး ဆောင်ရွက်ကြစေချင်တယ်။ မင်းကိုငါ သတိပေး လိုက်မယ်။ မင်းအနေနဲ့ ရုပ်ရှင်မင်းသားတစ်ယောက်လို တိုက် ခိုက်တာမျိုး ဆက်ပြီး ခွင့်မပြုနိုင်ဘူး။ ငါပြောတာ မင်း နားလည် လား"

"ဟုတ်ကဲ့ ဆရာ . . . နားလည်ပါတယ်"

စဝ်ရန်နိုင်က သိမ်မွေ့စွာပြုံးသည်။

"ဆရာ . . . ကျွန်တော် အလုပ်ကိစ္စတွေ ကျန်သေးလို့ သွားလိုက်ပါဦးမယ်"

ဦးထွန်းပိုင်က မသိမသာ ပြုံးသည်။

"မင်းအနေနဲ့ လူသတ်မှု စုံစမ်း စစ်ဆေးရေးဌာနမှ ဆက် လုပ်စရာအကြောင်း မရှိတော့ဘူး"

စဝ်ရန်နိုင် မျက်မှောင်တွန့်လိုက်ပြီး -

"ဘာဖြစ်လို့လဲ ဆရာ"

"ငါမနက်ကပဲ ရဲမှူးနဲ့ ဆွေးနွေးခဲ့ပြီးပြီ။ မင်းကို လူသတ် မှု စုံစမ်း စစ်ဆေးရေးဌာနကနေ ဖယ်လိုက်ပြီ။ မင်းကို ဝန်ထမ်း ရေးရာဌာနဘက်ကို ရွှေ့ပစ်လိုက်ပြီ"


www.burmeseclassic.com

www.burmeseclassic.com



"ဝန်ထမ်းရေးရာဌာန..ဟုတ်လား..ဆရာ"

"အေး...ဟုတ်တယ်"

ဦးထွန်းပိုင်က ကျေနပ်အားရစွာ ပြောလိုက်ခြင်းဖြစ်ကြောင်း စဝ်ရန်နိုင် သိသည်။ ဤအခြေအနေမျိုးကို ဦးထွန်းပိုင်စောင့်နေသည်မှာ ကြာမြင့်လှပြီဖြစ်သည်။ ကျန်သောစကားများက အပိုစကားများသာဖြစ်သည်။

ဦးထွန်းပိုင်က -

"မနက်ဖြန် မနက်ကိုးနာရီမှာ ရဲစုံစမ်းစစ်ဆေးရေးမှူးရာထူးအတွက် လျှောက်ထားတဲ့လူတွေကို ခေါ်ပြီး စစ်မယ်။ မင်းက နှုတ်ဖြေစာမေးပွဲမှာဝင်ပြီး စစ်ဆေးပေးရလိမ့်မယ်။ မင်းလိုထက်မြက်ပြီး အရည်အချင်းရှိတဲ့ လူတစ်ယောက်အနေနဲ့ ဒီလိုတာဝန်နဲ့ ပိုပြီး အဆင်ပြေမယ်လို့ ငါတို့ဆုံးဖြတ်ထားတယ်"

စဝ်ရန်နိုင် အမူအရာမပျက် မတ်တတ်ရပ်လိုက်သည်။

"ဟုတ်ကဲ့၊ ဆရာ့စကား ကြားရတာ ဝမ်းသာပါတယ်။ ဆရာ့အနေနဲ့ ကျေနပ်သွားမယ်လို့လည်း ထင်ပါတယ်"

"ဘာဖြစ်လို့လဲ"

"ဆရာ့အနေနဲ့ ကျွန်တော့်ကို လူသတ်မှု စုံစမ်းစစ်ဆေးရေးဌာနကနေ ဖယ်ထုတ်ပစ်ချင်နေတာ ကြာခဲ့ပြီမဟုတ်လား။ ကျွန်တော်က ဇိမ်ကျကျနဲ့ နေတတ်တဲ့ လူစားမျိုးမဟုတ်ဘူး။ တစ်နေ့နေ့မှာတော့ ကျွန်တော် ဒီဌာနကို ပြန်ရောက်လာမှာပါ"

ဦးထွန်းပိုင်က ခနဲ့ပြုံး. ပြုံးလိုက်သည်။

"မင်း...ဒီဌာနကို ပြန်မရောက်အောင် ငါကလည်း လုပ်





သွားမှာပါ"

စဝ်ရန်နိုင်က ဦးထွန်းပိုင်အား အေးစက်စွာ တစ်ချက်စိုက်ကြည့်လိုက်သည်။

ထို့နောက် -

ရုံးခန်းထဲမှ ချာခနဲလှည့်၍ ထွက်လာခဲ့သည်။

× × × × ×



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

နောက်တစ်နေ့ နံနက်ပိုင်း....။

စစ်ရန်နိုင်သည် သူ၏အနီရောင် ဗောလ်ဗိုကားကို ကား ရပ်ရန်နေရာ၌ ထိုး၍ရပ်လိုက်သည်။

လက်မှနာရီကို တစ်ချက်ငုံ့ကြည့်သည်။

နာရီဝက်ကျော်ကျော် နောက်ကျနေပေပြီ။

ဝန်ထမ်းရေးရာဌာန၌ သူ ဒီနေ့အလုပ်စ၍ ဝင်ရမည် ယနေ့ပင် နောက်ကျနေသည်။

စစ်ရန်နိုင်သည် ကားထဲမှထွက်၍ သော့ပိတ်လိုက်ပြီး ခြေလှမ်းမှန်မှန်ဖြင့် ရုံးဌာန၏ ဝင်ပေါက်တံခါးမကြီးဆီသို့ လျှောက်သွားသည်။





ယခုအလုပ်ကို သူ လိုလားခြင်းမရှိပေ။ ဦးထွန်းပိုင်က သူ့ကို နေရာပြောင်းပေးလိုက်၍ ဝန်ထမ်းရေးရာဌာနသို့ ရောက်လာရခြင်းဖြစ်သည်။ ထိုအကြောင်းကိုစဉ်းစားမိလျှင် ဦးထွန်းပိုင် အပေါ်၌ပို၍ပင် ဒေါသဖြစ်လာမိရသည်။

ရဲဝန်ထမ်းတစ်ဦး၏ဘဝကို နားလည်ရန် လွယ်ကူကြမည် မဟုတ်ပေ။

ဦးထွန်းပိုင်သည် လမ်းပေါ်၌တာဝန်ထမ်းဆောင်ဖူးသူ မဟုတ်ပေ။ ဦးထွန်းပိုင်သည် ရုံး၌သာ စားပွဲတစ်လုံး၌ ထိုင်နေသူ တစ်ဦးသာဖြစ်သည်။

သူသည် လမ်းမပေါ်ရှိ အရေးအရာပါသော အဓိကကျသော နေရာတစ်နေရာ၌ ရောက်နေသည်ဆိုပါက ပြဿနာများ ပေါ်လာနိုင်လေသည်။

ပစ်မှတ်များကိုလည်း ထိမှန်အောင် ပစ်နိုင်စွမ်းရှိတော့ မဟုတ်ဟု စစ်ရန်နိုင် တွေးမိသည်။

မြေညီထပ်ရှိ ဓာတ်လှေကားထဲသို့ စစ်ရန်နိုင် ဝင်သွားသည်။

ဒုတိယထပ်သို့ရောက်လျှင် ဓာတ်လှေကားထဲမှထွက်သည်။

အသိမိတ်ဆွေ အမျိုးသမီးတစ်ဦးက လှမ်း၍နှုတ်ဆက်သည်။ စစ်ရန်နိုင် အလိုက်သင့်ပြုံး၍ပြန်နှုတ်ဆက်လိုက်ရသည်။

နှုတ်ဖြေ စစ်ဆေးရေးအဖွဲ့၏ရုံးခန်းသည် အစွန်ဘက်ဆုံး အခန်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုင်ခုံများတွင် ထိုင်နေကြသူများအနက် ငါးဦးမှာ အမျိုးသမီးများ ဖြစ်နေကြသည်ကို သတိပြုမိသည်။ အမျိုးသမီးရဲဝန်ထမ်းများနှင့်ပတ်သက်၍ သူ အလေ့အနက်ထားပြီး စဉ်းစားလေ့ရှိသည်။ သူသည် အမျိုးသားအမျိုးသမီး ခွဲခြားသူမဟုတ်ပေ

သို့ရာတွင် -

စဝ်ရန်နိုင်သည် သူ၏လုပ်ငန်းသက်တမ်း၌ အတွေ့အကြုံရင့်ကျက်သူဖြစ်သည့်အားလျော်စွာ ရဲဝန်ထမ်းများ၏ လုပ်ငန်းနှင့်ပတ်သက်၍ ကောင်းစွာနားလည်ထားသူ တစ်ဦးဖြစ်သည်။

ရဲဝန်ထမ်းများ၏ လုပ်ငန်းတာဝန်မှာ လွန်စွာခက်ခဲပင်ပန်းမှုရှိသည်။ ထို့ပြင် အန္တရာယ်လည်း အလွန်များသည်။ ဤကဲ့သို့သော လုပ်ငန်းမျိုးကိုပင် ယောကျ်ားသားများပင် လုပ်နိုင်ကြမည်မဟုတ်။ ဤလုပ်ငန်းမျိုးသည် အမျိုးသမီးများ လုပ်ကိုင်ရန် မလွယ်ကူသော လုပ်ငန်းမျိုးဖြစ်သည်။

အမျိုးသမီးများအတွက် သင့်တော်သော လုပ်ငန်းမျိုးမဟုတ်ပေ။

ရုံးခန်းအဝသို့ရောက်လျှင် အတွင်းသို့ ကြည့်လိုက်သည်။

ရုံးခန်းစားပွဲကြီး၏ နောက်၌ လူလေးဦးထိုင်နေကြသည်။

စဝ်ရန်နိုင်နှင့် သဘောထားခြင်း မကိုက်ညီသည့် ဒု-စခန်းမှူး ဆန်းထူးနှင့် ရဲစုံစမ်းစစ်ဆေးရေးမှူး ဝေစိုးတို့နှစ်ဦးကို





ဦးစွာ သတိပြုလိုက်မိသည်။

ဒု-စခန်းမှူးဆန်းထူးနှင့် မျက်နှာချင်းဆိုင်နေရာ၌ အမျိုးသားတစ်ဦး ထိုင်နေ၏။ ဆန်းထူးက လက်ဟန်ခြေဟန်ဖြင့် အဟန်ပါပါပြောနေသည်။

စတုတ္ထမြောက် စစ်ဆေးသူမှာ အမျိုးသမီးတစ်ဦးဖြစ်၏။ ထိုအမျိုးသမီးမှာ အသက်လေးဆယ်နီးပါးအရွယ်ရှိသူဖြစ်ပြီး သူမကို စဝ်ရန်နိုင် လုံးဝမသိပေ။ ထိုအမျိုးသမီး၏ မျက်နှာမှာ တင်းမာ၍နေသည်။

ဆန်းထူးက စိတ်ပါလက်ပါဖြင့် ပြောသည်။

"ကဲ... အမှုတစ်ခုဖြစ်တာကို ငါပြောမယ်။ ကုန်ပဒေသာဆိုင်ကြီးတစ်ဆိုင်ထဲမှာ ဆိုပါတော့။ မင်းက ရဲ...။ ငါက ဓားပြတစ်ယောက်။ မင်းက ငါ့ကို ဖမ်းဖို့ကြိုးစားမယ်။ ငါ့ကိုလက်နက်ချပြီး လက်မြှောက်ထားဖို့ လှမ်းပြီး အမိန့်ပေးမယ်။ ငါက အလစ်မှာ ဘေးနားမှာရှိနေတဲ့ ကောင်မလေးတစ်ယောက်ကို ဖမ်းပြီး ဓားစာခံလုပ်ထားလိုက်မယ်..."

ဆန်းထူးသည် စဝ်ရန်နိုင်ကို သတိမပြုမိပါ။

စဝ်ရန်နိုင်က တံခါးဝ၌ရပ်၍ ဆန်းထူးကို မသိမသာပြုံး၍ ကြည့်နေသည်။

ဆန်းထူးက သူ၏စိတ်ကူးကို အာရုံစိုက်ပြီး ဆက်ပြောသည်။

"ငါက ကောင်မလေးကို ဓားစာခံလုပ်ပြီး ဖမ်းထားမယ်။ မင်းက တစ်ခြား ရဲတစ်ယောက်ကို အော်ခေါ်ပြီး အကူ



www.burmeseclassic.com

www.burmeseclassic.com

အညီတောင်းဖို့ အချိန်လုံးဝမရဘူး။ ငါ့လက်ထဲမှာ ပြောင်းဝ
သေနတ်တစ်လက် ကိုင်ထားတယ်။ ကောင်မလေးရဲ့နားထင်ကို
သေနတ်နဲ့တေ့ပြီး ချိန်ထားတယ်။ မင်း ငါ့ကို လွယ်လွယ်နဲ့ဖမ်းလို့
မရနိုင်တော့ဘူး။ ကောင်းပြီ . . . မင်းကို မေးမယ်။ မင်းအနေနဲ့
ဆုံးဖြတ်ချက်ချဖို့ စက္ကန့်သုံးဆယ်ပဲ အချိန်ရမယ်။ ကဲ . . . မင်း ဘာ
ဆက်လုပ်မလဲ . . . ဖြေပေတော့"

ဆန်းထူးသည် ထိုင်ရာမှ ထ၍ ရှေ့သို့ထွက်လာသည်။

လက်တစ်ဘက်က ခါးစာခံကောင်မလေးကို ဖမ်းချုပ်
ထားဟန် ပြထားသည်။ ကျန်လက်တစ်ဘက်က သေနတ်ဖြင့်
ချိန်ရွယ်ထား ဟန် လုပ်ပြထားသည်။

"ကဲ . . . စက္ကန့်သုံးဆယ်ပဲ အချိန်ရမယ်။ မင်း . . . ဘာ
ဆက်လုပ်မလဲ"

အမေးခံထားရသော ရဲသားမှာ ရုတ်တရက် ကြုံတွေ့ရ
ရသော အခြေအနေကြောင့် မလှုပ်မယှက်ဖြစ်၍နေသည်။ ဘာ
လုပ်ရမှန်းမသိပဲ ဆန်းထူးကိုသာ ပြူးကြောင်သော မျက်လုံးများ
ဖြင့် ပြန်၍ကြည့်နေသည်။

သူ့အနေဖြင့် ဤကဲ့သို့ မေးခွန်းမျိုးအတွက် ပြဆင်ထား
ခြင်း ရှိခဲ့ပုံမရပေ။

ဆန်းထူးက ရှေ့သို့ တဖြည်းဖြည်းချဉ်းကပ်လာသည်။

ရဲသားဖြစ်သူမှာ ထိုင်နေရာမှ နောက်သို့ ဆုတ်၍
သွားလေသည်။

"ဟေး . . . ရဲဘော် ဆုံးဖြတ်လေ . . . ငြိမ်နေလို့ မဖြစ်ဘူး။





ငါက အခုပဲ ကောင်မလေးကို ပစ်သတ်လိုက်တော့မှာ . . ."

ရဲသားမှာ ငြိမ်၍ထိုင်နေသည်။

ပါးစပ် ဟ၍သားပြီး စကားတစ်ခွန်းမှ မပြောနိုင်ပေ။
ရဲသားမှာ ထိတ်လန့်တုန်လှုပ်၍နေ၏။ သူ၏လက်ချောင်းများမှာ
တဆတ်ဆတ် တုန်ခါနေ၏။

ထိုစဉ်မှာပင် -

စဝ်ရန်နိုင် အခန်းထဲသို့ဝင်လာသည်။

ဆန်းထူး၏ နားထင်ကို လက်ချောင်းများဖြင့် သေနတ်
ပုံသဏ္ဍာန်ပြုလုပ်၍ ချိန်လိုက်၏။

စဝ်ရန်နိုင်က ကျယ်လောင်စွာဖြင့် ပြောလိုက်သည်။

"ဒိန်း . . ."

"ခင်ဗျား အရင်သေသွားပြီ . . ."

ဆန်းထူး နောက်ဘက်သို့ ချာခနဲ ပြန်လှည့်ကြည့်သည်။

ရုတ်တရက် သူ ထိတ်လန့်၍သွား၏။ ဆန်းထူးက မကျေ
မနပ် အမူအရာဖြင့် ကြည့်လိုက်သည်။

"မင်း . . . အခု နာရီဝက်ကျော် နောက်ကျတယ်။ ငါတို့က
ဒီမှာ ကိုးနာရီကတည်းက စောင့်နေတာ . ."

"လမ်းမှာ ကားလမ်းပိတ်နေလို့ပါ။ ဒီကြားထဲ ရွှေသရဖီ
လမ်းမှာ ကားတိုက်မှုဖြစ်သေးတယ်။ ကျွန်တော် ကံကောင်းလို့
ဒီကိုရောက်လာတာ"

စဝ်ရန်နိုင်က ဝေစိုးဘက်သို့လှည့်လိုက်ပြီး -

"ဟေး . . . ဝေစိုး။ နေလို့ကောင်းရဲ့လား . . . အဆင်ပြေရဲ့



www.burmeseclassic.com

www.burmeseclassic.com

လား"

ဝေစိုး ထိုင်နေရင်းမှ တုန်ခါသွားသည်။

သူ့ကိုယ်သူပြန်၍သတိထားလိုက်ပြီး -

"ဒီဌာနမှာ မင်းကို တွေ့လိုက်ရတာ ငါ အတော် အံ့ဩမိတယ် စစ်ရန်နိုင်။ မင်းက လူသတ်မှု စုံစမ်းရေးဌာနမှာ အလုပ်လုပ်ရတာ ပင်ပန်းလို့လား"

"မဟုတ်ပါဘူး။ သူတို့က ငါ့ကို ဒီနေရာ ရွှေ့ပေးလိုက်တာ"

ဝေစိုးက သဘောကျစွာ ရယ်မောလိုက်ပြီး -

"ငါသိပြီ။ မင်းကို ဦးထွန်းပိုင်က နေရာ ရွှေ့လိုက်တာပေါ့"

"အေး...ဟုတ်တယ်။ ငါ့ကို ချစ်ကြ..ခင်ကြတာကိုးကွ"

"မင်းပြောသလိုပဲ ဖြစ်မှာပါ...စစ်"

ဆန်းထူးက ရဲသားဖြစ်သူကိုကြည့်၍ -

"နှုတ်ဖြေမှာ မင်းရတဲ့ အမှတ် ငါတို့အကြောင်းကြားမယ်။ ကဲ...မင်းသွားလို့ရပြီ"

ရဲသားက...

"ရတ်တရက်ဆိုတော့ ကျွန်တော် ဘာလုပ်ရမှန်း မသိအောင် ကြောင်သွားမိတယ် ဆရာ။ ကျွန်တော့်ကို ခွင့်လွှတ်ပါ"

စစ်ရန်နိုင်က လေသံခပ်ပြတ်ပြတ်ဖြင့် ပြောလိုက်သည်။

"အေး...အခုကိစ္စဟာ တကယ်ဖြစ်နေတဲ့ ကိစ္စဆိုရင်တော့ မင်းကြောင်နေတာနဲ့ မင်းရောဘေးကလူတွေပါသေကုန်





သိမ့်မယ်"

ရဲသား ရုံးခန်းထဲမှ ထွက်သွားသည်။

× × ×

ဆန်းထူး ထိုင်ခုံ၌ပြန်ထိုင်သည်။

စစ်ရန်နိုင်က -

"လစ်လပ်တဲ့ ရာထူးနေရာ ဘယ်နှစ်နေရာရှိသလဲ"

"စုစုပေါင်း ကိုးနေရာ။ အမျိုးသားခြောက်ယောက်၊ အမျိုးသမီး သုံးယောက် ခန့်မယ်"

စစ်ရန်နိုင်က အံ့ဩသံဖြင့် -

"အမျိုးသမီး စစ်ဆေးရေးမှူးက သုံးနေရာတောင် ခန့်မှာလား ဖြစ်ပါ့မလားဗျာ"

အသက်လေးဆယ် ပတ်ဝန်းကျင်အရွယ် စစ်ဆေးရေးအဖွဲ့ဝင် အမျိုးသမီးက ဝင်၍ ပြောလိုက်သည်။

"ဒီအတိုင်းပဲ သတ်မှတ်ထားတယ်။ ဘာဖြစ်လို့လဲ... အမျိုးသမီးတွေကို စုံစမ်းစစ်ဆေးရေးမှူး ခန့်မယ့်ကိစ္စကို ရှင်က ကန့်ကွက်ချင်လို့လား"

ဆန်းထူးက ခေါင်းညိတ်လိုက်ပြီး -

"စစ်...ဒါက မြို့တော်စည်းကမ်း ထိန်းသိမ်းရေးရုံးက ဒေါ်ခင်မာညိုပဲ။ သူက အခုလုပ်နေတဲ့ စာမေးပွဲတွေမှာ ကြီးကြပ်ဆောင်ရွက်ပေးဖို့ တာဝန်နဲ့ ဒီကိုရောက်လာတာ"

ဒေါ်ခင်မာညိုက ဂုဏ်ယူဝင့်ကြွားစွာဖြင့် -

"ဟုတ်တယ်။ ကျွန်မက ကြီးကြပ်ရေးတာဝန်နဲ့လာတာ"



www.burmeseclassic.com

www.burmeseclassic.com

ဆန်းထူးက စင်ရန်နိုင်ကို တစ်ချက်လှမ်းကြည့်ပြီး -

"ဒေါ်ခင်မာညို။ သူက လူသတ်မှုစုံစမ်းစစ်ဆေးရေးဌာနက အထူးရဲအရာရှိ စင်ရန်နိုင်ပါ။ သူက ကျွန်တော်တို့ ဝန်ထမ်းရေး ဌာနသို့ အခုမှ ပြောင်းလာတာပါ"

သူမက ခေါင်းညိတ်သည်။

မထိတထိလေသံဖြင့် ပြန်ပြောသည်။

"ဟုတ်ကဲ့ . . . အထူးရဲအရာရှိ စင်ရန်နိုင်အကြောင်း ကျွန်မ ကြားဖူးထားပါတယ်"

သူမ၏ လေသံကို စင်ရန်နိုင် ရိပ်စားမိသည်။

"ခင်ဗျား . . . သိထားရင် ပိုကောင်းပါတယ်"

"ဒီမှာ...စင်ရန်နိုင်။ ဒီဌာနမှာ အတွေးအခေါ်သစ်၊ အမြင် သစ်တွေနဲ့ ဖွဲ့စည်းဆောင်ရွက်ဖို့အတွက် စည်းကမ်းထိန်းသိမ်း ရေးမှူးက ရည်ရွယ်ထားပါတယ်..."

စင်ရန်နိုင်က ပခုံးတစ်ချက်တွန့်၍

"ဪ...သူက ဘာတွေ လုပ်ချင်လို့တဲ့လဲ"

"အခု ခေတ်အခြေအနေဟာ ပြောင်းလဲသွားပါပြီ။ ဒဲ အဖွဲ့ကြီးထဲမှာ အမျိုးသမီးတွေကိုပါ တိုးပြီး ထားပေးဖို့ ရည်ရွယ် ထားပါတယ်။ အမျိုးသမီးတွေဟာ အမျိုးသားတွေနဲ့အတူ တန်း တူ၊ ရည်တူ လုပ်ကိုင်ပိုင်ခွင့်ရှိတယ်။ အာသာဝတီမြို့တော်မှာ အကောင်းဆုံးစံချိန် သတ်မှတ်ချက်တွေ လုပ်ပေးနိုင်ပါလိမ့်မယ် ကျန်ဒေသတွေကပါ ဒီလုပ်ဆောင်ချက်ကို စံနမူနာ ယူလာကြ ပါလိမ့်မယ်"





စင်ရန်နိုင်က ခနဲ့သံဖြင့် -

"သိပ်ကောင်းတဲ့ အစီအစဉ်ပါပဲ"

ဒေါ်ခင်မာညိုက စင်ရန်နိုင်ကို မကျေမနပ် အမူအရာဖြင့် မျက်စောင်းထိုး၍ကြည့်လိုက်သည်။

ထို့နောက် ဆက်၍ပြောသည်။

"နောက်ပြီးတော့ စည်းကမ်းထိန်းသိမ်းရေးမှူးက ဒီဌာန မှာ ရှိနေတဲ့ ရှေးဟောင်းလူသားတွေကိုပါ ဖယ်ရှားပစ်ဖို့ပါ ဆန္ဒရှိ နေတယ်"

စင်ရန်နိုင်က အေးစက် ခါးသည်းစွာဖြင့် ပြောသည်။

"ပိုပြီး သင့်မြတ်တဲ့ စိတ်ကူးပါပဲ"

ဆန်းထူးက ချောင်းတစ်ချက် ဟန့်လိုက်ပြီး -

"ကဲ...အလုပ် ဆက်ကြရအောင်။ နောက်တစ်ယောက်"

ဆန်းထူးက တံခါးဖွင့်၍ အပြင်ဘက်သို့ လှမ်းအော်ခေါ် သည်။

ယူနီဖောင်းဝတ်စုံ သေသပ်စွာ ဝတ်ဆင်ထားသည့် အမျိုးသမီးတစ်ဦး ဝင်လာသည်။

သူမ၏မျက်နှာမှာ မာမာကျောကျောဟန် ရှိသည်။

သို့သော် ဆွဲဆောင်မှုရှိသော ရုပ်ရည်မျိုး ပိုင်ဆိုင်ထား သည်။

စင်ရန်နိုင်က သူမကို တစ်ချက်မျှ ကြည့်လိုက်ရုံနှင့် ပြည့်စုံစွာ အကဲခတ်ပြီးသားဖြစ်သည်။

ဆန်းထူးက စာရွက်တစ်ရွက်ကို စားပွဲပေါ်မှ ကောက်ယူ


www.burmeseclassic.com

www.burmeseclassic.com



ရှုကြည့်လိုက်ပြီး -

"အင်း...မင်းက ရဲအဖွဲ့ဝင် မောဘုန်းရှိန်လား"

"ဟုတ်ပါတယ်...ဆရာ"

"ကောင်းပြီ။ ခဏလောက်...ထိုင်ပါဦး"

စစ်ရန်နိုင် စားပွဲကြီး၏နောက်ဘက် ထိုင်ခုံ၌ ဝင်ထိုင်သည်။

"ဒါ...မင်းကိုစစ်ဆေးတဲ့ စာမေးပွဲရဲ့နောက်ဆုံးအဆင့်ပဲ။ မင်းအနေနဲ့ တာဝန်ဆောင်ရွက်နေချိန်မှာ ရုတ်တရက် ဆုံးဖြတ်နိုင်စွမ်း၊ ဥပဒေပုဒ်မတွေကို မှန်မှန်ကန်ကန် အသုံးပြုနိုင်စွမ်း ဘယ်လောက်ရှိသလဲဆိုတာ စစ်ဆေးဖို့ပါပဲ။ မင်းအနေနဲ့ ဘာမှကြောက်စရာမလိုပါဘူး။ ငါတို့ကို မိတ်ဆွေ သူငယ်ချင်းတွေလို့ပဲ သဘောထားနိုင်ပါတယ်"

"ဟုတ်ကဲ့ပါ...ဆရာ"

"အခု...မင်း...ဘယ်ဌာနမှာ တာဝန်ကျသလဲ"

"ဝန်ထမ်းရေးရာ ဌာနနဲ့ မှတ်တမ်းတင်ဌာနမှာပါ"

သူမ၏အဖြေကြောင့် စစ်ရန်နိုင်က အဆက်မပြတ် ချောင်းဆိုးလိုက်သည်။

ဆန်းထူးက သူ့ဘက်သို့လှည့်၍ -

"ဘာဖြစ်ရတာလဲ...စစ်"

"ဒီ . . အမျိုးသမီးမှာ လက်တွေ့ကွင်းဆင်းပြီး ဆောင်ရွက်တဲ့ အတွေ့အကြုံရှိရင် ပိုပြီးကောင်းပါလိမ့်မယ်"

ဒေါ်ခင်မာညိုက လေသံခပ်ဆတ်ဆတ်ဖြင့် ဝင်ပြော





သည်။

"အို...ဒါကတော့ သူ့အနေနဲ့ ကျရာနေရာတစ်ခုမှာဝင်ပြီး ခ.လုပ်ရမှာပဲလေ"

စစ်ရန်နိုင်က ဒေါ်ခင်မာညိုကို တစ်ချက်လှမ်းကြည့်သည်။

"ဒါ . . . ရဲတပ်ဖွဲ့ပါ ဒေါ်ခင်မာညို။ အပ်ချုပ်သင်တန်းကျောင်း မဟုတ်ပါဘူး။ ဒီဌာနမှာ ကျွမ်းကျင်အတွေ့အကြုံရှိတဲ့ လူစားမျိုးတွေသာ အဓိက လိုအပ်နေတာ..."

ဆန်းထူးက ဝင်၍ပြောသည်။

"စစ်ရန်နိုင်၊ မင်း...ရဲသား မောဘုန်းရှိန်ကို မေးမြန်းစရာ ရှိသလား"

"ဩော်...ဟုတ်ကဲ့...ရှိပါတယ်"

စစ်ရန်နိုင်က မောဘုန်းရှိန်ဘက်သို့လှည့်၍ -

"ကဲ...မင်းကို ငါမေးမယ်။ မင်းတို့ရဲ့မြို့တော် စည်းကမ်းထိန်းသိမ်းမှုကြီးရဲ့ဆန္ဒသဘောထားအသစ်နဲ့ညီညွတ်တဲ့ ရဲစစ်ဆေးရေးမှူးတစ်ယောက် ဖြစ်လာတယ် ဆိုပါတော့။ အဲဒီအချိန်မှာ မင်းဟာ ရဲကားပေါ်မှာလိုက်ပြီး တာဝန်ထမ်းဆောင်သွားလာနေရမယ်ဆိုတာကို သိထားပြီးပြီ မဟုတ်လား"

မောဘုန်းရှိန်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့...ကျွန်မ အဲဒီလိုအခြေအနေမျိုးကို မျှော်လင့်ထားပါတယ်"

"မင်းအနေနဲ့ ရာဇဝတ်မှုကြီးတစ်ခုခုကို ဖမ်းဆီး အရေး



www.burmeseclassic.com

www.burmeseclassic.com

ယူခဲ့တာမျိုး ရှိသလား"

သူမ ခေါင်းခါသည်။

"ဟင့်အင်း...ကျွန်မ အဲဒီလို အမှုမျိုး မဖမ်းဘူးခဲ့သေးပါဘူး"

"အနိုင်အထက်ပြုကျင့်တဲ့ အမှုမျိုးကော ဖမ်းဘူးလား"

သူမ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"ကျွန်မ အဲဒီလို ပြစ်မှုမျိုးလည်း မဖမ်းဘူးသေးပါဘူး.."

စစ်ရန်နိုင်က -

"မင်းအနေနဲ့ ဘယ်လိုအမှုမျိုးကိုမှ မဖမ်းဆီးဘူးသေးဘဲနဲ့ ရဲကားပေါ်လိုက်ပြီး...တာဝန်ထမ်းဆောင်နိုင်တဲ့ အရည်အချင်းမျိုး ရှိတယ်လို့ ထင်ထားရတာလဲ။ လမ်းပေါ်မှာ တာဝန်ကျနေတဲ့ ရဲအမှုထမ်းတွေဟာ လုပ်သက်ရှိတဲ့ အတွေ့အကြုံရှိတဲ့ လူတွေချည်းပဲ"

ဒေါ်ခင်မာညို ဒေါသ ထွက်လာသည်။

"ဒီမှာ...စစ်ရန်နိုင်။ မိန်းမသားတွေဟာ မီးဖိုချောင်းထဲမှာ နေရမယ်လို့ ရှင်က သတ်မှတ်ချင်တာလား။ မိန်းမသားတွေကော ဒီကမ္ဘာကြီးမှာ ပါဝင်ပတ်သက် လုပ်ကိုင်ပိုင်ခွင့် မရှိတော့ဘူးလား"

စစ်ရန်နိုင်က အေးတိအေးစက်လေသံဖြင့် -

"ခင်ဗျားအနေနဲ့ လမ်းပေါ်မှာ တာဝန်ထမ်းဆောင်ရတာ၊ သိပ်လွယ်တယ်လို့ပဲ ထင်နေသလား။ အပျော်ခရီးထွက်နေတယ်လို့များ မှတ်နေသလား။ ခင်ဗျား အဲဒီလို သတ်မှတ်ထားရင်





တော့၊ အမှားကြီး မှားသွားပါလိမ့်မယ်..."

ဒေါ်ခင်မာညိုက မကျေမနပ်လေသံဖြင့် -

"ရှင်...စကားပြောတာ ဆင်ခြင်ပြီး ပြောပါ"

စစ်ရန်နိုင်က ဆတ်ခနဲ ခေါင်းမော့လိုက်ပြီး -

"ကောင်းပြီ...ကျွန်တော် မေးမယ်။ ဟောဒီက ရဲသား မေဘုန်းရှိန်ရဲ့ မျက်နှာကို လူရမ်းကားတစ်ယောက်၊ လူဆိုးတစ်ယောက်က သေနတ်နဲ့ ချိန်ပြီး နင့်ကိုသေနတ်နဲ့ ပစ်မသတ်စေချင်ရင် ကြမ်းပြင်ပေါ် မှောက်ချလိုက်စမ်း...မြန်မြန်လုပ်စမ်းလို့ ဆိုလာရင် ဘာတွေဆက်ဖြစ်ကုန်မလဲ။ ပြောစမ်းပါဦး"

ဒေါ်ခင်မာညို၏ မျက်နှာတစ်ခုလုံး ဒေါသကြောင့် နီရဲ၍ မျက်လုံးအစုံ ပြူးကျယ်၍လာသည်။

"ဒါ...ရှင်...ဒီရဲသား စာမေးပွဲကျအောင် တမင်သက်သက် လုပ်တာ မဟုတ်လား"

စစ်ရန်နိုင်က ခနဲ့သံဖြင့် -

"ဟုတ်တယ်...သူ စာမေးပွဲကျသွားရင် သူ့ရဲ့ဝန်ထမ်းရေးရာဌာနကို ပြန်ရောက်သွားမယ်။ တကယ်လို့ သူသာလမ်းမပေါ်မှာ တာဝန်ထမ်းဆောင်ရင်းနဲ့ ညံ့ဖျင်းခဲ့ရင်တော့ သူ ချက်ခြင်းသေသွားလိမ့်မယ်"

ရဲသား မေဘုန်းရှိန်က အမူအရာ လုံးဝမပျက်။

"ဒါ...ကျွန်မရဲ့ကသိုလ်ကံလို့ပဲ သတ်မှတ်ပါတယ်"

"ဒီလိုပြောလို့ ဘယ်ရမလဲ။ ဒါနဲ့တင် မပြီးသေးဘူး။ မင်းနဲ့ အတူ တွဲဘက် တစ်ဦးပါလာဦးမယ်။ မင်းရဲ့တွဲဖက်နဲ့ မင်းကအစ်



www.burmeseclassic.com

www.burmeseclassic.com

ဦးအပေါ်တစ်ဦး အမှီသဟဲ ပြုနေကြတယ်။ မင်းဘက်က ချို့ယွင်း
ချက်တစ်ခုခုကြောင့် မှားယွင်းခဲ့လို့ မင်းသေသွားခဲ့ရင် မင်းနဲ့
အတူ တွဲဖက်လည်း သေရဖို့ သေချာသလောက်ပဲ။ ဒီတော့ မင်း
တို့ရဲသားနှစ်ယောက်နဲ့ အပြစ်မဲ့ပြည်သူတွေကို လူဆိုးတွေလက်
ချက်နဲ့ သေကုန်ကြရလိမ့်မယ်။ ဒါ...ငါတို့ရဲ့စည်းကမ်းထိန်းသိမ်း
ရေးမှူးကြီးရဲ့ဆောင်ရွက်မှုအသစ်ရဲ့ရလဒ်အသစ်ပဲ"

စစ်ရန်နိုင်နှင့် ရဲသား မေဘုန်းရှိန်တို့ တစ်ဦးကိုတစ်ဦး
စူးစိုက်၍ကြည့်လိုက်သည်။

သူမ၏ မှန်းတီးမှုကို စစ်ရန်နိုင် လုံး၀ ဂရုမစိုက်ပါချေ။

ထို့နောက် စစ်ရန်နိုင်က သူမကို မှခင်းမေးခွန်းတစ်ခု
ထပ်မံမေးသည်။ ထိုမေးခွန်းသည် ပြဿနာမေးခွန်းတစ်ခုဖြစ်
သည်။ ဒေါ်ခင်မာညိုက ဒေါသတကြီး ကန့်ကွက်သည်။ သို့သော်
မေဘုန်းရှိန်က ပြည့်စုံတိကျစွာ ပြန်ဖြေနိုင်ခဲ့သည်။

ရဲသား မေဘုန်းရှိန်က ဂုဏ်ယူဝင့်ကြွားသော အပြုံး
တစ်ရပ်ပြုံး၍ စစ်ရန်နိုင်ကိုကြည့်ပြီး ရုံးခန်းထဲမှ ထွက်သွားသည်။

ဆန်းထူးက သဘောကျသော အမူအရာဖြင့် တစ်ချက်
ပြုံးလိုက်သည်။

"ကဲ..ဟေ့..နောက်ထပ်တစ်ယောက်..."

× × × × ×





## အခန်း (၇)

နေ့လည်စာစားချိန်မှာ တစ်နာရီ ထိုးတော့မည်။

စစ်ရန်နိုင် ရဲစခန်းစားသောက်ဆိုင်အတွင်းသို့ ဝင်လာ
သည်။

တစ်ဦးတည်း စားပွဲ၌ထိုင်၍ အားရပါးရ စားသောက်နေ
သော လူဝကြီး ဗသန်းထိုက်ကို တွေ့လိုက်ရသည်။

ဗသန်းထိုက်က မော့ကြည့်လိုက်ပြီး -

"အခြေအနေ ဘယ်လိုလဲ...စစ်"

စစ်ရန်နိုင်က ထိုင်ခုံတစ်လုံး၌ ဝင်ထိုင်သည်။

သူ့အတွက် စားသောက်စရာအချို့ လှမ်းမှာလိုက်သည်။

မကြာခင်မှာပင် -



www.burmeseclassic.com

www.burmeseclassic.com



စားသောက်စရာများ ရောက်လာသည်။ ခပ်သွက်သွက် စားသောက်နေရင်းမှ -

"ဒီတစ်မနက်လုံး ရဲစစ်ဆေးရေးမှူး ရာထူးအတွက် နှုတ်ဖြေစာမေးပွဲ လုပ်တယ်လေ။ အဲဒီလူတွေအားလုံးကတော့ သူတို့ကိုယ် သူတို့ ဟုတ်လှပြီလို့ ထင်နေတဲ့ လူတွေချည်းပဲ။ လိုအပ်တာတွေ အများကြီးပါပဲဗျာ။ ဒီတစ်ကြိမ် မြို့တော်စည်းကမ်းထိန်းသိမ်းရေးမှူးကြီးက ပုံစံသစ်တစ်ခု ထုတ်လိုက်တယ်။ အမျိုးသမီးသုံးဦးကိုပါ ရဲစစ်ဆေးရေးမှူးအဖြစ် ခန့်မယ်လို့ စီစဉ်ထားတယ်"

"ဟုတ်ရဲ့လား။ နေပါဦး ... အဲဒီကောင်မလေးတွေက*ကော တော်တော်လှရဲ့လား*"

"အမျိုးသမီးရဲစစ်ဆေးရေးမှူးတဲ့။ တော်တော် ... စိတ်ကူးယဉ်ပြီး စိတ်ပျက်စရာကောင်းတဲ့ အလုပ်ပဲ"

ဗသန်းထိုက်က ရယ်မောလိုက်သည်။

"ဒါ ... စည်းကမ်းထိန်းသိမ်းရေးမှူးကြီးရဲ့ ခေတ်မီဆန်းသစ်တဲ့ လုပ်ဆောင်ချက် အသစ်ပေါ့ကွာ"

စဝ်ရန်နိုင်က စားစရာများကို စိတ်ပျက်လက်ပျက် အမှုအရာဖြင့် စားသောက်လိုက်သည်။

"ခင်ဗျားရဲ့ တွဲဖက်အသစ်ကကော ... ဘယ်သူလဲ"

"နေဇော် ..."

"နေဇော်က လူတော်တစ်ယောက်ပါ။ ခင်ဗျားတို့ အခု ဘာအမှု ကိုင်နေရလဲ"

"မနေ့က ပွဲစားတစ်ယောက် သေနတ်နဲ့ အပစ်ခံရတယ်။





ဒီလူက မိန်းမ တော်တော်ရှုပ်တယ်လို့ သိရတယ်။ သူ့ရဲ့ ကောင်မလေးက ခံပြင်းနာကျည်းပြီး လိုက်သတ်တာပဲဖြစ်မယ်။ ဒီအမှုမျိုးကတော့ ရိုးနေပါပြီ"

စဝ်ရန်နိုင်က အေးမြသော သစ်သီးဖျော်ရည်တစ်ခွက်ကို ငုံ၍ မော့သောက်လိုက်သည်။

"ခင်ဗျား ... ဘာမှ ပူမနေနဲ့။ ခင်ဗျားတို့ရဲ့ လူသတ်မှုခင်းစစ်ဆေးရေးဌာနကို ကျွန်တော် မကြာခင်မှာ ပြန်ရောက်လာမယ်"

လူဝကြီး ဗသန်းထိုက်က မျက်လုံးပြူး၍ကြည့်လိုက်ပြီး -

"မပူပါဘူးဗျာ။ မင်းကို ဦးထွန်းပိုင်က သူ့ဌာနမှာ ပြန်ပြီးနေရာပေးမယ်လို့ ထင်နေသလား"

စဝ်ရန်နိုင်က ပခုံးတစ်ချက် တွန့်လိုက်သည်။

"ခင်ဗျား အသာစောင့်ကြည့်နေပါ။ ကျွန်တော်ကလွဲပြီး ဘယ်သူမှ ကိုင်လို့ မရနိုင်တဲ့ အမှုကြီးမျိုး တစ်ခုခုပေါ်လာလိမ့်ဦးမယ်။ အဲဒီအခါကျရင် ကျွန်တော့်ကို ပြန်ခေါ်မှာပဲ"

"မင်းထင်သလို ဖြစ်လာနိုင်ပါ့မလား"

စဝ်ရန်နိုင်က လေးနက်သောလေသံဖြင့် ပြောသည်။

"ကျွန်တော် ဘယ်လောက်အထိ တော်တယ်ဆိုတာ အားလုံးက သိထားကြပါတယ် ... လူဝကြီးရယ်"

အာသာဝတီမြို့ ....။

ည ၉ (၁၂)နာရီ ....

ဆိပ်ကမ်း ကုန်ဂိုဒေါင်ကြီးနှစ်ခုအကြားရှိ လမ်းကြား



www.burmeseclassic.com

www.burmeseclassic.com

ကလေးမှာ မှောင်မည်းတိတ်ဆိတ် ငြိမ်သက်၍နေ၏။

ကွမ်တမ်ဓာတ်ငွေ့နှင့် အီလက်ထရွန်နစ် ကုမ္ပဏီ၏ကုန်တင်ထရပ်ကားကြီးတစ်စီး ရပ်ထားသည်။ ကားမောင်းသူမှာ "အထွဲ" ဖြစ်သည်။ သူသည် ကားရှေ့ခန်း၌ ငြိမ်သက်စွာ ထိုင်၍ စောင့်ဆိုင်းနေသည်။

"အထွဲ" သည် သူ၏နာရီကို ကြည့်သည်။

"အင်း…အချိန်ကြပြီ…"

"အထွဲ" သည် ကားနောက်ခန်းရှိ လူခြောက်ဦးကို လှည့်ကြည့်သည်။

ထိုလူများသည် သူ၏ "လက်မရှိ" များပင် ဖြစ်ကြသည်။

သူ၏ လက်မရှိများမှာ -

ကုန်တင်ထရပ်ကားကြီးကို ခိုးယူပေးသည့် "ဒေလီယာ"

အတွေ့အကြုံရှိသည့် လူကြမ်းတစ်ဦးဖြစ်သော စံနက်ကျော် -

ထောင်မှ လွတ်လာသည်မှာ မကြာလှသေးသည့် ခန္ဓာကိုယ် ခပ်သေးသေးနှင့် "ဂျပ်" -

"ဒေလီယာ" ကဲ့သို့ပင် ညဥ့်နက်မလေးတစ်ဦးဖြစ်သည့် အရပ်မြင့်မြင့် ခန္ဓာကိုယ် တောင့်တင်းပြေပြစ်သည့် "နီရင်း" -

အထွဲ၏ငယ်သူငယ်ချင်းဖြစ်သော လူဆိုးလူမိုက်တစ်ဦးဖြစ်သည့် "ဇာတို" -

နောက်ဆုံး ကျန်လူမှာ

လူ့ဘီလူးကြီးတစ်ကောင်ကဲ့သို့ ထွားကျိုင်း သန်မာ





တုတ်ခိုင်လှသည့် "အာနီ" ဖြစ်သည်။

"အာနီ" သည် စကားအလွန်နည်းသူဖြစ်သည်။

သူ၏လက်နှစ်ဘက်ဖြင့် လူတစ်ဦး၏ခါးရိုးကို သစ်ကိုင်းခြောက်တစ်ခုပမာ အလွယ်တကူ ချိုးပစ်နိုင်စွမ်းရှိသူဖြစ်သည်။

ထိုလူအားလုံးသည် လူဆိုးလူမိုက်များ၊ ကြမ်းကြုတ်ရက်စက်သော အကြမ်းဖက်သမားများသာ ဖြစ်ကြသည်။ "အထွဲ" ခိုင်းသည့်အတိုင်း လုပ်ကိုင်ကြမည့်လူများ ဖြစ်ကြသည်။

"အထွဲ" က ခေါင်းလျှော်အစီစီအထိ မငြင်းမဆန်လိုက်မည့် လူများဖြစ်ကြသည်။

"အထွဲ" က လေသံခပ်အုပ်အုပ်ဖြင့် ပြောလိုက်သည်။

"ငါတို့ ပြန်ပြီး ချိန်ကိုက်ကြည့်ကြရအောင်…ပထမဆုံး ငါက အစောင့်ကို ရှင်းမယ်။ သူ့ဆီက သော့တွဲယူလာခဲ့မယ်။ ဂိုဒေါင် အမှတ် (၁၇) ရဲ့အဆုံးအထိ ကားကိုမောင်းယူသွားမယ်။ ကဲ စံနက်ကျော်…မင်းက ဘာဆက်လုပ်မလဲ ပြောစမ်း"

စံနက်ကျော်က တဖိတ်ဖိတ်လက်နေသော မျက်လုံးအစုံဖြင့် အမှောင်ထဲမှ မော့ကြည့်လိုက်ပြီး…

"အဲဒီနေရာမှာ…ဆရာ ထွဲကို ထားခဲ့မယ်။ ကုန်တင်ထရပ်ကားကြီးကို ကျွန်တော်က ဆိမ်ကမ်းရှေ့ဘက်ခြမ်း တံခါးပေါက်ကြီးဆီ မောင်းယူသွားမယ်။ ဆရာထွဲက ဂိုဒေါင်တံခါး ဖွင့်ပေးတဲ့အခါမှာ ကျွန်တော်က ထရပ်ကားကြီးကို ကုန်တင်ကုန်းဘောင်နားရောက်တဲ့အထိ နောက်ပြန်ဆုတ်ပြီး ရပ်ပေးမယ်"

အထွဲ ခေါင်းတစ်ချက်ညိတ်လိုက်ပြီး -


www.burmeseclassic.com

www.burmeseclassic.com


"ဟုတ်တယ် . . မှန်တယ်။ အာနီနဲ့ ဂျပ်က ဘာတာဝန်ကျသလဲ"

အာနီက သွက်သွက်စွာဖြင့် -

"ကျွန်တော်က အော်တိုမက်တစ်ရိုင်ဖယ်တွေနဲ့ လက်နက်ကြီးတွေ ဝင်ယူမယ်"

အထွဲက အမျိုးသမီး နှစ်ဦးဘက်သို့ လှည့်၍ -

"နီရင်းက ဘာဆက်လုပ်မလဲ"

"ဖောက်ခွဲရေးကိရိယာ၊ ယမ်းတွေ၊ ဒိုင်းနမိုက်တွေ ဖောက်ခွဲရေးပစ္စည်းမှန်သမျှ သယ်ယူလာမယ်"

"ကောင်းတယ်။ ဒေလီယာကကော"

"ဒေလီယာ"က တက်ကြွသောလေသံဖြင့် -

"အို . . . ရှင်နဲ့ ကျွန်မက ဗိုင်အိုလက် ဒုံးကျည်တွေရှာယူမယ်။ ဂိုဒေါင်ကြီးရဲ့ နောက်ဖက်အခြမ်းမှာ ရှိတယ်"

"ကောင်းပြီ . . ."

အထွဲက "ဇာလို"ဘက်သို့လှည့်၍ -

"ဇာထို . . ."

"ကျွန်တော် ကျည်ဆန် သယ်ယူလာခဲ့မယ် . . ဆရာထွဲ"

"အထွဲ" ကျေနပ်အားရစွာပြုံးသည်။

"အိုကေ . . . အားလုံး သိပ်ကောင်းတယ်။ အဖွဲ့သားအားလုံးအတိအကျအချိန်ကိုက် လှုပ်ရှားကြဖို့ပဲ လိုတယ်"

"အထွဲ" နာရီကိုကြည့်သည်။





"ကဲ . . . ငါတို့ သွားကြရအောင်"

"အထွဲ" ကားအင်ဂျင်စက်ကို နှိုးလိုက်သည်။

ကျယ်လောင်သော အင်ဂျင်စက်သံကြီး တုန်ခါ၍ ထွက်ပေါ်လာသည်။

စံနက်ကျော် ရေနံခန်းသို့ ပြောင်း၍ ထိုင်သည်။

အထွဲက သတိပေးသည်။

"ငါတို့ဘက်က တတ်နိုင်သမျှ သတိထားဖို့လိုတယ်။ ဘစ်ခုခု တိမ်းစောင်းမှားယွင်းသွားတာတောင်မှ သေနတ်ကို မသုံးပဲ နေရလိမ့်မယ်။ သေနတ်သံကြားရင် ရဲတွေချက်ခြင်းရောက်လာမှာ သေချာတယ် . . ."

"ဟုတ်ကဲ့ . . ဆရာ။ ကျွန်တော် သတိထားမှာပါ။ ဒါပေမယ့် အမှားအယွင်းတစ်ခုခု ဖြစ်ခဲ့ရင်ကော ဆရာ "ထွဲ""

"အထွဲ" အေးစက်စွာပြုံးသည်။ သူ၏ခြေထောက်၌ ပတ်၍ထားသော နှစ်ဘက်သွား ဓားမြှောင်ကို ထုတ်ပြလိုက်သည်။

"ဒီပစ္စည်းနဲ့ ငါ ရှင်းပစ်မယ်လေ . . ."

× × × × ×



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

ဆိပ်ခံတံတားအမှတ် (၁၇)...။

အစောင့်တဲငယ်တစ်လုံး ရှိသည်။

ထိုတဲငယ်၌ အစောင့်တာဝန်ကျသူ ဦးညိုမှိုင်းရှိနေသည်။

ဦးညိုမှိုင်းသည် အသားညိုညို၊ ဆံပင်ကျဲကျဲပါးပါးနှင့် ဝဝတုတ်တုတ် လူကြီးတစ်ဦးဖြစ်သည်။

အစောင့်ဖြစ်သူ ဦးညိုမှိုင်းသည် ကုလားထိုင်တစ်လုံး၌ ဇိမ်ကျစွာ စိမ်အေးချမ်းသာစွာထိုင်နေသည်။ သူ၏ဘေး၌ ဓာတ်ခဲ ရေဒီယိုတစ်လုံးကို ဖွင့်ထားသည်။

ဦးညိုမှိုင်းသည် ရောင်စုံ မိန်းမပျိုများ၏ ဓာတ်ပုံများသာ လျှင် ပါဝင်သော မဂ္ဂဇင်းတစ်အုပ်ကို စိတ်ဝင်စားစွာကြည့်ရှုနေသည်။





ဤအလုပ်သည် သူ့အတွက် ပင်ပန်းသော အလုပ် မဟုတ်ပေ။

ထို့ကြောင့် ဦးညိုမှိုင်း သူ၏အလုပ်ကို သဘောကျသည်။

အစောင့်တဲအတွင်း၌ နွေးထွေးစွာ နေနိုင်သည်။

လက်ဖက်ရည်ကြမ်းပူပူကို ဓာတ်ဘူးထဲ၌ အသင့်ထည့်ထားသည်။

သူ၏အစောင့်တာဝန်မှာ ည ကိုးနာရီမှ နံနက် ခြောက်နာရီအထိဖြစ်သည်။ နံနက်ပိုင်းအစောင့်ရောက်လာလျှင် လူချင်းတွေ့ရုံသာဖြစ်သည်။

ဦးညိုမှိုင်းသည် ဓာတ်ပုံများကိုကြည့်လိုက်သည်။

"တောက်...လှလိုက်တဲ့ကောင်မလေး...။

အချိုး၊ အဆစ်၊ ကောက်ကြောင်းများက စွဲမက် ရင်ဖိုမိုက်မောဖွယ် ကောင်းလှသည်။

ဦးညိုမှိုင်း လက်ထဲမှ စာအုပ်ကို ချလိုက်သည်။

"မယ်ဇလီ" လမ်းဘက်သို့ လှမ်းကြည့်လိုက်သည်။

အမှောင်ထုထဲမှာ ကားမီးရောင်တဝင်းဝင်းကို မြင်လိုက်ရသည်။ မိမိ၏ အစောင့်တဲရှိရာသို့ ဦးတည်၍ လာနေခြင်းဖြစ်သည်။

ဦးညိုမှိုင်း မျက်မှောင်ကြုတ်လိုက်မိသည်။

ဤအချိန်မျိုး၌ ကားအသွားအလာ လွန်စွာနည်းလှသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံမှသာ ကင်းလှည့် ရဲကားတစ်စီးတစ်လေ ရောက်လာတတ်သည်။

ဂိတ်ပေါက်ဝ၌ ကားစက်ရှိန် လျှော့သွားသည်။

"ဘယ်သူပါလိမ့်..."

ဟုတွေး၍အစောင့်တဲအတွင်းမှ ထွက်လာသည်။

အေးမြသော ညဉ့်လေက သူ၏မျက်နှာပေါ်သို့ တိုးဝင်၍ လာသည်။

ဂိတ်ဝမှ အော်သံဟစ်သံ ကျယ်လောင်စွာပေါ်လာ သည်။

"ဗျို့...အစောင့်ဆရာကြီး။ တံခါးဖွင့်ပေးစမ်းပါဦး"

ဦးညိုမှိုင်းသည် ထူထဲသော အစောင့်ယူနီဖောင်း ဂျာကင်ကို ခပ်တင်းတင်း ဆွဲစေ့လိုက်၏။

ခါး၌ ချိတ်ထားသော လက်နှိပ်ဓာတ်မီးကို ဖြုတ်လိုက် သည်။

ဂိတ်ဝ၏အပြင်ဘက်၌ရပ်ထားသည့် ထရပ်ကားကြီးဆီ သို့ ထိုး၍ကြည့်လိုက်သည်။

ကုမ္ပဏီတစ်ခုမှ ထရပ်ကားကြီးတစ်စီး ဖြစ်ကြောင်း တွေ့လိုက်ရသည်။

ကားဘေး၌ -

"ကွမ်တမ်ဓာတ်ငွေ့နှင့် အီလက်ထရွန်းနစ်ကုမ္ပဏီ" ဟု သော စာတန်းရေးထားသည်ကို တွေ့လိုက်ရသည်။

ဦးညိုမှိုင်းသည် ဂိတ်ပေါက်ဝတံခါးကို ဖွင့်သည်။





အပြင်ဘက်သို့ ထွက်လိုက်သည်။

ဦးညိုမှိုင်း၏စိတ်ထဲ၌ -

"ဓာတ်ငွေ့နဲ့ အီလက်ထရွန်းနစ် ကုမ္ပဏီကဆိုတော့ ဒီ အချိန်မျိုးမှာ သူတို့ဘာလာလုပ်ကြတာလဲမသိဘူး။ သူတို့အလုပ် သူတို့ မြန်မြန်လုပ်၊ ပြီးရင် မြန်မြန်ပြန်ကြတာ အကောင်းဆုံးပဲ"

ဦးညိုမှိုင်းသည် သူ၏ဂိတ်တဲကလေးအတွင်းသို့ ပြန်၍ ဝင်ချင်နေပေပြီ။

ထရပ်ကားမောင်းသူက လှမ်း၍ ခေါ်လိုက်သည်။

"ဗျို့....ဂိတ်စောင့် ဆရာကြီး..."

ဦးညိုမှိုင်းက ကားမောင်းသူ၏ မျက်နှာကို လက်နှိပ် ဓာတ်မီးဖြင့် ထိုးကြည့်လိုက်သည်။ ဓာတ်ငွေ့နှင့် အီလက်ထရွန်း နစ်ကုမ္ပဏီမှ အလုပ်သမားဝတ်စုံကိုဝတ်ဆင်ထားသည့် လူရွယ် တစ်ဦးကို တွေ့လိုက်ရသည်။

ကားမောင်းသူလူရွယ်မှာ ရုပ်ခပ်ဖြောင့်ဖြောင့်၊ ဆံပင် ညိုရှည်နှင့် စူးရှသော မျက်လုံးများရှိသူဖြစ်သည်။

ကားသမားဘေးမှ လူ၏ မျက်နှာကိုပါ လက်နှိပ်ဓာတ်မီး ဖြင့် ထပ်မံထိုးကြည့်သည်။ နှုတ်ခမ်းမွေးသဲ့သဲ့၊ ဆံပင်ရှည်ရှည်နှင့် လူတစ်ဦး ဖြစ်နေသည်ကို တွေ့ရသည်။

ဦးညိုမှိုင်း နာခေါင်းတစ်ချက်ရှုံ့သည်။

ဤပုံစံနှင့် ဤကဲ့သို့သော ကုမ္ပဏီမှ အလုပ်ကို မည်သို့ ရကြသနည်းဟု တွေးလိုက်မိသည်။

အရည်အသွေးရှိသော ယဉ်ကျေးသိမ်မွေ့သော အဆင့်



www.burmeseclassic.com

www.burmeseclassic.com


အတန်းရှိသော ပုံစံမျိုး လုံးဝမရှိကြ။

ဦးညိုမှိုင်းက စိတ်တိုသော လေသံဖြင့် မေးသည်။

"ဘာကိစ္စလဲ..."

ကားမောင်းသူက သူ၏အပေါ်အင်္ကျီထဲမှ မှတ်ပုံတင်ကဒ်ပြားတစ်ခုကို ထုတ်ယူ၍ပြသည်။

"ကွမ်တမ်ဓာတ်ငွေ့နဲ့ အီလက်ထရွန်းနစ်ကုမ္ပဏီက..."

ဦးညိုမှိုင်းက ထိုမှတ်ပုံတင်ကဒ်ပြားကို ဂရုစိုက်၍ကြည့်... ရှုခြင်း မရှိပေ။

ဦးညိုမှိုင်းက -

"ဘာကိစ္စရှိလို့ ဒီလိုလာရတာလဲ"

"ခင်ဗျားတို့ဆီက မြေအောက်ပိုက်လိုင်းကို လာပြီး ... တာပါ။ ဒီနေရာမှာ ဓာတ်ငွေ့ပိုက်လိုင်းတစ်ခု ပေါက်နေတယ်... သိရပါတယ်၊ မြေအောက်လိုဏ်ခေါင်းခန်းကို ဆင်းဖို့ အပေါ်... တစ်ခုရှိတယ် မဟုတ်လား"

"ရှိတယ်...ဟို...အရှေ့ဘက်နားမှာ"

ဦးညိုမှိုင်းက ဂိုဒေါင်ကြီးတစ်လုံးဘက်သို့ မေးဆတ်... ပြလိုက်သည်။

ကားမောင်းသူက -

"ကျွန်တော်တို့ အောက်ကိုဆင်းပြီး ကြည့်မှ ဖြစ်... မယ်"

ဦးညိုမှိုင်း စိတ်ပျက်စွာ သက်ပြင်းချလိုက်သည်။

ဒီလူတွေကို သတိထား၍ကြည့်ဖို့လိုသည်။ ထို့အတွက်...





...ကြောင့် သူကိုယ်တိုင်က အအေးခံပြီး ရပ်စောင့်ကြည့်နေရပေဦး... သည်။

ဦးညိုမှိုင်းက -

"မင်းတို့အလုပ်က ဘယ်လောက်အထိကြာမှာလဲ"

"ဒါတော့ မပြောနိုင်ဘူး။ ကျွန်တော်တို့ အမြန်ဆုံးပြီး... အောင် လုပ်မှာပါ"

ဦးညိုမှိုင်းက သော့တွဲကို ထုတ်ယူ၍ ဂိတ်တံခါးကို ဖွင့်... ပေးလိုက်သည်။

ကားမောင်းသူက ထပ်၍ပြောသည်။

"ဒီမှာရှိနေတဲ့ မိလ္လာလိုင်းတွေထဲ ဓာတ်ငွေ့တွေသာ စိမ့်... ...သွားရင်တော့၊ ဒီနေရာတစ်ခုလုံး ပေါက်ကွဲပြီး ဒုက္ခရောက်... ...နိုင်မယ်"

ဂိတ်ဝတံခါးဖွင့်လိုက်ပြီးပြီ ဖြစ်၍ ကုမ္ပဏီ၏ထရပ်ကား... ...ကြီး စက်နှိုးပြီး အတွင်းဘက်သို့ ဝင်လာသည်။

ကားမောင်းသူ ရှေ့ခန်းတံခါး ဖွင့်၍ဆင်းသည်။

"ကျွန်တော့်ကို ဖုန်းဆက်ခွင့်ပြုပါလား"

"ဆက်ပါ...ရပါတယ်..."

ဦးညိုမှိုင်းက ကင်းတဲရှိရာသို့ ကားသမားကိုခေါ်သွား... သည်။

ရုတ်တရက် -

နောက်ဘက်မှနေ၍ သူ၏ပါးစပ်ကို သန်မာလွန်းလှ... သော လက်တစ်ဘက်က တင်းကျပ်စွာ ဖိအုပ်လိုက်၏။


www.burmeseclassic.com

www.burmeseclassic.com

ဦးညိုမှိုင်း ရှန်းထွက်သည်။

တောက်ပသော သံမဏိရောင် လက်ခနဲဖြစ်သွားသည်။

နှစ်ဘက်သွား ဓားမြှောင်၏ ချွန်မြသော ဦးချွန်က ဦးညိုမှိုင်း၏ အပေါ်အင်္ကျီ ထူထူကြီးအတွင်းသို့ အရှိန်ပြင်းစွာ ထိုး စိုက်ဝင်သွားသည်။

ဦးညိုမှိုင်း နာကျင်သော ဝေဒနာကို ပြင်းပြစွာ ခံစား လိုက်ရသည်။

"ဘုရား...ဘုရား...ငါ...ငါသေရတော့မယ်"

ဦးညိုမှိုင်း ချက်ခြင်းပင် ငြိမ်သက်သွားသည်။

"အထွဲ" သည် ဦးညိုမှိုင်း၏ အလောင်းကို မြေပြင်ပေါ်သို့ အသာချလိုက်သည်။ ဦးညိုမှိုင်း၏ ခန္ဓာကိုယ်ပေါ်၌ စမ်းသပ်ရှာ ဖွေကြည့်သည်။ သူလိုချင်သော သော့တွဲတစ်တွဲကို တွေ့လိုက်ရ သည်။

"အထွဲ" သည် ထရပ်ကားဆီသို့ ခပ်သွက်သွက်ပြေးသွား သည်။

ယာဉ်မောင်းသူနေရာ၌ စံနက်ကျော်က ပြောင်း၍နေ ရာယူသည်။

စံနက်ကျော်က စတီယာရင်ကို ထိန်းကိုင်၍ ဂီယာ ပြောင်းလိုက်သည်။ "အထွဲ" က စံနက်ကျော်၏ ဘေးထိုင်ခုံ၌ ထိုင်ချလိုက်သည်။

"သွားကြမယ်"

စံနက်ကျော်က ထရပ်ကားကြီးကို အရှိန်ပြင်းစွာ မောင်း





...က်လိုက်သည်။

စံနက်ကျော်သည် ကုန်ဂိုဒေါင် အမှတ် (၁၇)ရှိရာသို့ ...သည်၍ မောင်းနှင်သွားသည်။ ဂိုဒေါင်၏ ရုံးခန်းရှေ့၌ကားစက် ...လျော့သည်။

"အထွဲ" က ထရပ်ကားကြီးပေါ်မှ ခုန်ဆင်းသည်။ ရုံးခန်း သော့ကိုဖွင့်၍ အတွင်းသို့ဝင်သွားသည်။

စံနက်ကျော်သည် ထရပ်ကားကို ကွေ့ဝိုက်၍ ဂိုဒေါင်၏ ...န်းဘောင်နေရာ၌ ထိုး၍ရပ်လိုက်သည်။

စံနက်ကျော်က နောက်ဘက်သို့လှည့်၍ ပြောသည်။

"အိုကေ...အလုပ်စလို့ရပြီ"

ကုန်တင်ထရပ်ကားကြီး၏ နောက်ဘက်တံခါး ပွင့်လာ သည်။

အနက်ရောင် ဝတ်စုံဝတ်ဆင်ထားသော အုပ်စုတစ်စု ...ဆင်းလာကြသည်။ "အထွဲ" ၏ လူများပင်ဖြစ်သည်။

နောက်ထပ် (၁၅)မိနစ်ခန့်မျှအကြာ၌ -

မျက်နှာကြက် မီးလုံးတန်းများ လင်း၍လာသည်။

မီးဖွင့်လိုက်သူမှာ ဂိုဒေါင်အတွင်းသို့ဝင်သွားသည့် "အထွဲ" ဖြစ်သည်။

ဂိုဒေါင်အတွင်း နံရံတစ်ခုလုံးအပြည့် သေတ္တာကြီးများ ...ဆင့်၍တန်းစီထားသည်ကို တွေ့လိုက်ရသည်။

"အထွဲ" သည် သူ၏လူများဘက်သို့ လက်ပြ၍လှမ်းပြော သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဒီဘက်ကို အမြန်လာကြ။ ငါတို့မှာ အချိန်မရှိဘူး...
အစီအစဉ်အတိုင်း အမြန်လုပ်ကြစမ်း"

အထွဲနှင့် သူ၏လူများ ဂိုဒေါင်အတွင်းသို့ ပြေးလွှားဝ
ရောက်သွားကြသည်။

× × × × ×





## အခန်း (၉)

လူဝကြီး "ဗသန်းထိုက်" လေချဉ်တစ်ချက်တက်သည်။

သူ၏ဝမ်းဗိုက်ထဲ၌မအီမသာဖြစ်နေသည်။ ဤသည်မှာ
...သည်း သူ အစားအစာများ အစားလွန်၍ဖြစ်ခြင်းပင်။

လူဝကြီး "ဗသန်းထိုက်" ၏ တွဲဘက်အသစ်ဖြစ်သူ
နေဖော်သည် ရဲကားကို "စတုဂံ" လမ်းထဲသို့ ချိုးကွေ့ဝင်လိုက်၏။
...ဂိုဒေါင်များ ထားရှိသည့် ဆိပ်ကမ်းဒေသသို့ ကားကို ဦးတည်၍
...မောင်းနှင်လိုက်သည်။

ဗသန်းထိုက်သည် သူ၏သူငယ်ချင်းဖြစ်သူ စစ်ရန်နိုင်ကို
...အောက်မေ့ သတိရနေမိသည်။ စစ်ရန်နိုင်သည် လူဝကြီး
...ဗသန်းထိုက်၏အသက်ကိုအကြိမ်ပေါင်းများစွာ ကယ်တင်ပေးခဲ့
...ဖူးသည်။



www.burmeseclassic.com

www.burmeseclassic.com

စစ်ရန်နိုင်သည် သူ၏ လုပ်ဖော်ကိုင်ဘက် သူငယ်ချင်းကောင်းတစ်ဦးပင်ဖြစ်သည်။

ကားမောင်းနေသူ "နေဇော်" ကိုလှမ်းကြည့်လိုက်သည်။

"နေဇော်" သည် အတွေ့အကြုံရင့်ကျက်သော ရဲထမ်းကောင်းတစ်ဦးဖြစ်သည်။ လူသတ်မှုစုံစမ်းစစ်ဆေးရေးဌာန၌ သုံးနှစ်ကျော် တာဝန်ယူနေသူဖြစ်သည်။ အားကိုးရသောတွဲဘက်တစ်ဦး ဖြစ်မည်မှာ သေချာသည်။

လမ်းဆုံတစ်ခုသို့ ရောက်လာသည်။

ကားမောင်းသူ နေဇော်သည် "စိန်ပန်းမြိုင်" လမ်းထဲသို့ကားကို ချိုးကွေ့လိုက်၏။

လမ်းဘေးရှိ မှောင်မည်းနေသော ဂိုဒေါင်ကြီးများရှေ့ရဲကားကို ဖြတ်ကျော်မောင်းနှင်နေသည်။

ဆိပ်ခံတံတား အမှတ် (၁၇) အနီးသို့ ရောက်လာသည်။

နေဇော်က အံ့သြသံဖြင့် -

"ဟင်... ဒါက ဘယ်လိုဖြစ်ရတာလဲ"

လူဝကြီး ဇသန်းထိုက်က -

"ဘာဖြစ်လို့လဲ"

အမှောင်ထုထဲသို့ နေဇော် စူးစိုက်၍လှမ်းကြည့်သည်။

"ဆိပ်ခံတံတား အမှတ် (၁၇) ကိုဝင်တဲ့ တံခါးတွေအားလုံး ပွင့်နေတယ်"

ဇသန်းထိုက် ဂိုဒေါင်ဘက်သို့ လှမ်းကြည့်သည်။

နေဇော်ပြောသည်မှာ အမှန်ပင်ဖြစ်၏။ ဂိုဒေါင်ဝင်





ပေါက် တံခါးချပ်များမှာ ဟောင်းလောင်းပွင့်၍ နေသည်ကို တွေ့လိုက်ရသည်။

ဇသန်းထိုက်က -

"ဟုတ်တယ်... နေဇော်။ အဝင်ဝ ကင်းတဲဂိတ်ထဲမှာလည်း တစ်ယောက်မှ ရှိမနေဘူး။ ငါတို့အထဲဝင်ပြီး စစ်ဆေးကြည့်ရင် ကောင်းမယ်ထင်တယ်..."

နေဇော်သည် ဂိတ်ဝတံခါးမှ အတွင်းသို့မောင်းဝင်သွားပြီး အစောင့်ဂိတ်တဲရှေ့၌ ကားကိုရပ်တန့်လိုက်သည်။

ဇသန်းထိုက် ကားပေါ်မှ ဦးစွာဆင်းသည်။

ပက်လက်လန်လဲကျ ငြိမ်သက်နေသော ဦးညိုမှိုင်း၏ အလောင်းကို တွေ့ရသည်။ ဦးညိုမှိုင်း၏ရင်ဘတ်၌ နီစွေးသော သွေးကွက်ကြီး စွန်းထင်း၍ နေ၏။

ဇသန်းထိုက် သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်သည်။ ရဲကားဘက်သို့ လှမ်းကြည့်၍ အော်ခေါ်လိုက်သည်။

"ဟေး... နေဇော်"

နေဇော် ရောက်လာပြီး ဦးညိုမှိုင်း၏ အလောင်းကို တစ်ချက်ကြည့်လိုက်သည်။

နေဇော်က ယူကျုံးမရသောလေသံဖြင့် ရေရွတ်သည်။

"အိုး... ဖြစ်မှ ဖြစ်ရလေ... ဦးညိုမှိုင်းရယ်.."

ဇသန်းထိုက်က -

"သူ့ကို ဓားနဲ့ ထိုးသတ်သွားတာ..."

"တော်တော် ရက်စက်ယုတ်မာတဲ့ လူသတ်သမားပဲ"



www.burmeseclassic.com

www.burmeseclassic.com

လူဝကြီး ဗသန်းထိုက်သည် ဂိုဒေါင်ကြီးများရှိရာဘက်သို့ လှမ်း၍ကြည့်သည်။

လှုပ်လှုပ်ရှားရှား အရိပ်အယောင် တစ်ခုမျှပင် မတွေ့ရပေ။

ဗသန်းထိုက်က "နေဇော်"အား ပြောလိုက်သည်။

"နေဇော် . . . မင်းက အဖွဲ့ခွဲတွေဆီ လှမ်းပြီး သတင်းပို့ အကူအညီ အမြန်တောင်း။ သူနာပြုကားတစ်စီးပါ ခေါ်လိုက်"

"စိတ်ချ . . . ငါလုပ်လိုက်မယ်"

နေဇော် ဂိတ်ပေါက်တံခါးဝသို့ လျှောက်၍သွားသည်။

ဗသန်းထိုက်သည် နေဇော်၏ နောက်မှ လျှောက်လာရင်း သူ၏ အပေါ်ဂျာကင်အင်္ကျီအောက်မှ ပွိုင့် (သုံးငါးခုနစ်) ကွန်ဘက်မဂ္ဂနမ်ခြောက်လုံးပြူးကို အသင့်ဆွဲထုတ်လိုက်သည်။

"ကဲ . . . ငါ နည်းနည်းပါးပါးလောက် လိုက်ပြီး စစ်ဆေးကြည့်လိုက်မယ်"

"သတိတော့ထားနော်။ ဒီလူဆိုးတွေက အစောင့် ဦးညိုမှိုင်းကိုတောင် သွေးအေးအေးနဲ့ သတ်သွားကြပြီ။ ရဲတစ်ယောက်ကို သတ်ဖို့အတွက်လည်း ဝန်လေးမှာ မဟုတ်ဘူး"

"အေးပါကွာ။ ငါ နားလည်ပါတယ် . . ."

လူဝကြီးဗသန်းထိုက်တစ်ယောက် ကုန်ဂိုဒေါင်ကြီးများရှိရာသို့ ခြေလှမ်းမှန်မှန်ဖြင့် လျှောက်၍သွားသည်။

× × ×

ကုန်တင်ထရပ်ကားကြီးအတွင်း၌ ကျန်နေရစ်သူမှာ





စံနက်ကျော် ဖြစ်သည်။

စံနက်ကျော်မှာ စိတ်လှုပ်ရှား၍နေသည်။

မမြင်ရသော အန္တရာယ်အတွက် စိုးရိမ်နေမိသည်။

"ဟား . . . မြန်မြန် လာကြပါတော့။ လုပ်စရာရှိတာတွေ မြန်မြန်လုပ်ကြ။ ဒီနေရာကနေ မြန်မြန်ထွက်ချင်ပြီ . . ."

စံနက်ကျော် တီးတိုးရေရွတ်လိုက်သည်။

ဘာလုပ်၍ ဘာကိုင်ရမှန်းမသိပဲ ဖြစ်နေမိသည်။

ဂိုဒေါင်အတွင်း ရောက်နေသူများမှာ သတ်မှတ်ထားသည့်အတိုင်း အကွက်စေ့စေ့ လှုပ်ရှား လုပ်ကိုင်နေကြသည်။

"အထွဲ"နှင့် ဒေလီယာတို့နှစ်ဦးသည် နောက်ဘက်နံရံသို့ ရောက်နေကြသည်။

သစ်သားသေတ္တာကြီး တစ်လုံး၏အဖုံးကို "အထွဲ"က သံနှုတ်ဖြင့် ကလော်၍ဖွင့်လိုက်သည်။

သစ်သားသေတ္တာအတွင်း၌ ခရမ်းပြာရောင် တောက်ပနေသည့် ဖန်ပြွန်ချောင်းရှည်များ ရှိ၍နေ၏။ ထိုဖန်ပြွန်ချောင်း၏ အချင်းမှာ သုံးလက်မခွဲ၊ အလျားမှာ လေးပေရှိသည်။

ထိုပစ္စည်းမှာ Violet Rocket ဖြစ်သည်။

ယင်းအုံးကျည်သည် (¾) inch အထူရှိသော သံမဏိကိုယ်ထည်ကိုဖောက်ထွင်း ဖျက်ဆီးပစ်နိုင်စွမ်းရှိသည်။ Violet Rocket သည် တစ်ခါသုံးပြီး လွှင့်ပစ်လိုက်ရသည့် လက်နက်အမျိုးအစားဖြစ်သည်။

"အထွဲ"သည် Violet Rocket ကိုတွေ့လိုက်ရလျှင်အသွား



www.burmeseclassic.com

www.burmeseclassic.com



ဆာနေသော သားရဲတိစ္ဆာန်တစ်ကောင်နှယ် ကြမ်းကြုတ်စွာ သွားများကို ဖြဲဟ.လိုက်သည်။ သူသည် ဤဒုံးပျံလက်နက် အကြောင်းကို ကောင်းစွာသိထားသည်။

"အထွဲ" ဝမ်းသာအားရ ဖြစ်၍သွားသည်။

အော်တိုမက်တစ် ရိုင်ဖယ်များ၊ ဖောက်ခွဲရေးပစ္စည်း များ၊ Violet Rocketများရရှိလိုက်သည့်အတွက် သူ့အနေနှင့် ပို၍ အားတက်ဝမ်းသာ၍နေသည်။ သူထင်ထားသည်ထက်ပင် ပို၍ ပို၍ ကျေနပ်စရာ ကောင်း၍နေ၏။ ဤလက်နက်များပိုင်ဆိုင် ထားလျှင် သူတို့နှင့်ထိပ်တိုက် ရင်ဆိုင်ရမည့် ရဲများထက် ပို၍ သာလွန်သွားပေလိမ့်မည်။

သူတို့လိုချင်သော အခြေအနေတစ်ခု မပြီးဆုံးသေးခင် မှာပင် ရဲများ တုန်လှုပ်ခြောက်ခြားသွားရစေမည်။

သူကိုယ်တိုင်လည်း ချက်ခြင်းပင် မီလျံနာ သူဌေးကြီး တစ်ဦး ဖြစ်လာပေမည်။

အလွန်ကောင်းသည့်အကြံအစည်ပင်တည်း...ဟုအထွဲ တွေးလိုက်သည်။

"အထွဲ"က "ဒေလီယာ"ကိုပြောသည်။

"ကဲ . . . ဒီ သစ်သားသေတ္တာတွေ သယ်ထုတ်ကြ ဖအောင်"

အထွဲက ဖွင့်ထားသော သေတ္တာကို ပြန်၍ရိုက်ပြီး ပိတ် သည်။

ထို့နောက် သူတို့နှစ်ဦး သစ်သားသေတ္တာတစ်လုံးစီကို ...ဒေါင်ထဲမှ သယ်ထုတ်သွားကြသည်၊

ထိုအချိန်မှာပင် -

စံနက်ကျော် ထရပ်ကားပေါ်မှ ဆင်း၍ ဂိုဒေါင်ထဲအထိ ...င်လာသည်။

"ဟေး...အထွဲ"

အထွဲက မျက်မှောင်ကြုတ်၍ -

"ဘာကိစ္စလဲ"

"ငါတို့ ဂိတ်ဝအနားမှာ မော်တော်ကားတစ်စီးရဲ့ စက်သံ ...ကြားလိုက်ရတယ်"

အထွဲသည် သူ၏လူများဘက်သို့ လှည့်ကြည့်သည်။

လုပ်ငန်းအားလုံး ပြီးစီးပေတော့မည်။

"မင်းနဲ့ဒေလီယာက ကျန်တဲ့ Violet Rocketကိုအတူတူ ...င်းသယ်ကြ။ မြန်မြန်လုပ်။ ငါ အခြေအနေ သွားကြည့်လိုက်ဦး ...ယ်"

"ကောင်းပြီ...အထွဲ"

ဂိုဒေါင်တံခါးဝမှ အထွဲ အပြင်သို့ ထွက်လိုက်သည်။

သူ၏လက်တစ်ဘက်သည် နှစ်ဘက်သွား ဓားမြှောင်ရိုး ...ပေါ်သို့ ချက်ခြင်းရောက်သွားသည်။

အထွဲသည် စီတန်း၍ တည်ရှိနေသော ဂိုဒေါင်ကြီးများ ...ကြားမှ ကျော်ဖြတ်၍ ဂိတ်ဝင်ပေါက်သို့ လျှောက်၍သွားသည်။

ဂိတ်ဝင်ပေါက်ရှိ ကုန်ဂိုဒေါင်ကြီးက ဂိတ်ဝင်ပေါက်မှ ...င်းတဲကို ကွယ်၍နေသည်။ အထွဲ လှမ်း၍ကြည့်သော်လည်း




www.burmeseclassic.com

www.burmeseclassic.com

မမြင်ရ။

ရုတ်တရက် -

သူ၏ ခြေလှမ်းများ ရပ်တန့်လိုက်သည်။

တစ်စုံတစ်ဦး၏ ခြေသံကို ကြားလိုက်ရသည်။

အထွဲသည် ကြောင်တစ်ကောင်ကဲ့သို့ လျင်မြန်စွာဖြ
မှောင်မည်း၍နေသည့် လမ်းကြားကျဉ်းကျဉ်းအထဲသို့ ဝင်၍ ပု
ကွယ်နေလိုက်၏။

ခေတ္တမျှအကြာ၌ -

သူ၏ရှေ့မှ လူဝကြီး "ဗသန်းထိုက်" သည် သေနတ်တ
လက် ဆုပ်ကိုင်လျက် ဖြတ်ကျော်သွားသည်။

အထွဲသည် ဂျာကင်ပွပွကြီး ဝတ်ဆင်ထားသော လူဝ
ကို အကဲခတ်၍ကြည့်လိုက်၏။ ရဲတစ်ယောက်ပင် ဖြစ်ရပေမည

အထွဲသည် သူ၏ဓားမြှောင်ကို ဓားအိမ်ထဲမှ အသံ လုံ
မမြည်စေပဲ ညင်သာစွာ ဆွဲထုတ်လိုက်၏။

လမ်းကြားကျဉ်းကျဉ်းကလေးမှ လွန်သွားလျှင် -

လူဝကြီး ဗသန်းထိုက်သည် ဂိုဒေါင်တံခါးအနားကပ်
ကုန်ပစ္စည်းများတင်နေသည့် ထရပ်ကားကြီးဆီသို့ လှမ်း၍ကြ
နေပေသည်။

စုစုပေါင်း လူ ခြောက်ဦးတိတိ . . .။

အမျိုးသား လေးဦး၊ အမျိုးသမီး နှစ်ဦး . . .။

ဂိုဒေါင်ထဲမှ သစ်သားသေတ္တာများကို ထုတ်ယူ
ကုန်တင်ထရပ်ကားကြီးပေါ်သို့ တစ်ခေါက်ပြီး တစ်ခေါက် သ





ဘင်နေကြသည်။

ထိုလူခြောက်ဦးစလုံးကို ဗသန်းထိုက် ကောင်းစွာမြင်
တွေ့လိုက်ရချိန်၌ -

တံခါးရွက်နောက်မှ ခုန်ထွက်လိုက်သည်။

မဂ္ဂနမ်ခြောက်လုံးပြူးဖြင့် သေချာစွာ ချိန်ရွယ်လိုက်ပြီး

"ဟေ့ . . . တစ်ယောက်မှ မလှုပ်လိုက်နဲ့ . . . ရပ်လိုက်စမ်း"

သစ်သားသေတ္တာများ သယ်မ.ယူလာကြသူအားလုံး၊
ရပ်တန့်သွားကြသည်။ ဗသန်းထိုက် ရှေ့သို့ အနည်းငယ်တိုး၍
သွားသည်။

ဗသန်းထိုက်က မဂ္ဂနမ်ခြောက်လုံးပြူးကို ဝှေ့ယမ်း၍

"ကဲ့ဟေ့ . . . မင်းတို့လက်ထဲက သေတ္တာတွေကို ခပ်ဖြည်း
ဖြည်းချင်း ပြန်ချ.လိုက်ကြ"

ဗသန်းထိုက် အမိန့်ပေးသည့်အတိုင်း ထိုလူခြောက်ဦး
စလုံး လိုက်နာကြသည်။

ဗသန်းထိုက်က -

"ကဲ . . . မင်းတို့အားလုံး လက်မြှောက်ထားလိုက်ကြစမ်း၊
နည်းနည်းလေးမှ လှုပ်ဖို့ မကြိုးစားနဲ့နော်။ ငါ မျက်စိနောက်လာ
ရင် အားလုံးကို ပစ်ထည့်လိုက်မိလိမ့်မယ်"

စံနက်ကျော်က ထူးခြားမှုမရှိသော အမူအရာဖြင့် ပြော
သည်။

"ဒီမှာ . . . ဆရာကြီး။ ခင်ဗျားလုပ်တာတွေ မှားနေပြီ၊
ခင်ဗျားက ဘယ်သူလဲ။ ဒီနေရာကို ဘာကိစ္စနဲ့ ရောက်လာတာလဲ။


www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့က အထက်အမိန့်အရ ဒီပစ္စည်းတွေ လာတင်တာဗျ နားလည်လား"

ဗသန်းထိုက်က နှာခေါင်းရှုံ့လိုက်၏။

"ဪ … ကင်းတဲထဲက ညစောင့်ပြီး ရင်ဘတ်မှာ ဓား ဒဏ်ရာနဲ့ သေနေတာ၊ မင်းတို့ရဲ့ အထက်အမိန့်အရ လုပ်ခဲ့တာလား"

နှစ်ဘက်သွားဓားမြှောင်ကိုလက်ထဲ၌ ကိုင်မြှောက်ထားသည့် "အထွဲ" က အမှောင်ထဲ၌ ရပ်နေ၏။ မှောင်ရိပ်ထဲမှ တစ်ဆင့် ခြေသံလုံအောင်နင်းလျက် ရှေ့သို့ တဖြည်းဖြည်း တိုးလာနေသည်။ ဤသည်ကို စံနက်ကျော် ကောင်းစွာလှမ်းမြင်နေရသည်။

စံနက်ကျော်က သူ၏မြှောက်ထားသော လက်နှစ်ဘက်ကို အသာအယာပြန်ချသည်။

"ညစောင့် … ဟုတ်လား။ ဘယ်က ညစောင့်လဲ။ ကျွန်တော် လုံးဝမသိဘူး"

လူကြီး ဗသန်းထိုက်က သေနတ်ပြောင်းဝဖြင့် ညွှန်ပြ၍ အော်ဟစ်အမိန့်ပေးလိုက်သည်။

"မင်းတို့အားလုံး ငြိမ်ငြိမ်လေး ရပ်နေကြစမ်း။ နည်းနည်းလှုပ်လိုက်တာနဲ့ အသေပစ်လိုက်မယ်။ မင်းတို့အားလုံး နံရံဘက်ကို လှည့်ပြီး ရပ်ကြစမ်း။ မြန်မြန်လုပ်စမ်း"

ရုတ်တရက် -

သူ၏နောက်မှ အသံတစ်သံကို ဗသန်းထိုက် ကြားလိုက်မိသည်။





နောက်ဘက်သို့ ချာခနဲလှည့်ကြည့်လိုက်၏။

"အထွဲ" က နှစ်ဘက်သွားဓားမြှောင်ဖြင့် ဗသန်းထိုက်ကို ထိုးစိုက်ချလိုက်သည်။ ဗသန်းထိုက်က လက်မောင်းဖြင့်ပင့်၍ ကာလိုက်သည်။ သို့သော် သူ၏ လှုပ်ရှားမှုက အနည်းငယ်မျှ နှေးသွားသည်။

ဗသန်းထိုက်၏ ပခုံးထဲသို့ ဓားမြှောင်သွား စိုက်ဝင်သွားသည်။

ဗသန်းထိုက် နာကျင်စွာ အော်ဟစ်လိုက်သည်။

တစ်ဆက်တည်းမှာပင် -

သူ၏လက်ထဲရှိ မဂ္ဂနမ်ခြောက်လုံးပြူးမှ ပေါက်ကွဲသံ တစ်ခု ထွက်ပေါ်လာသည်။ ကျည်ဆန်က "အထွဲ" ကိုမထိ။ နောက်ဘက်ရှိ အမျိုးသမီးတစ်ဦးကို ထိမှန်သည်။ ထိုအမျိုးသမီး ပုံလျက်သား ခွေ၍လဲကျသွားသည်။

အထွဲက နောက်ထပ်တစ်ကြိမ်၊ ဓားမြှောင်ဖြင့် ထိုးစိုက်ချလိုက်သည်။

ဗသန်းထိုက် ရင်ဘတ်ထဲသို့ စိုက်၍ဝင်သွားသည်။

နောက်ထပ်တစ်ကြိမ် ဓားမြှောင် မြှောက်တက်သွား၏။

ဗသန်းထိုက်၏ တစ်ကိုယ်လုံး သွေးများဖြင့် ရွှဲနစ်၍နေသည်။ ပြင်းထန်သော ဒဏ်ရာများကြောင့် ဗသန်းထိုက် ကြမ်းပြင်ပေါ်သို့ လဲကျ၍ သတိမေ့သွားသည်။

ဗသန်းထိုက်၏ ခန္ဓာကိုယ်ကို "အထွဲ" ငုံ့၍ကြည့်သည်။

ဗသန်းထိုက်၏ ရင်အုပ်ကျယ်ကြီးမှာ နိမ့်ချည် မြင့်ချည်



www.burmeseclassic.com

www.burmeseclassic.com

ဖြင့် အသက်ပြင်းစွာ ရှူနေသည်။

"တောက်...ဒီကောင် ခုထိ မသေသေးပါလား"

"အထွဲ" က နောက်တစ်ကြိမ်ထိုးချရန် ဓားမြှောင်ကို မြှောက်၍ရွယ်လိုက်သည်။

စံနက်ကျော်က အရေးတကြီး လေသံဖြင့် လှမ်းပြော သည်။

"အထွဲ...ဒေလီယာကို သေနတ်မှန်ထားတယ်"

"အထွဲ" နောက်သို့ လှည့်ကြည့်သည်။

ကုန်တင်ထရပ်ကားကြီး၏အနီး၌ ဒေလီယာလဲကျနေ ၏။ စံနက်ကျော်က သူမကို ငုံ့၍ကြည့်နေသည်။

အထွဲနောက်လှည့်၍ ဒေလီယာထံသို့ ပြေးသွားသည်။

စံနက်ကျော်က လေသံခပ်တိုးတိုးဖြင့် -

"သူ့ရင်ဝကို ကျည်ဆန် ထိထားတယ်။ အခြေအနေလုံး မကောင်းဘူး..အထွဲ"

"အထွဲ" က ဒေလီယာကို စိုက်၍ကြည့်လိုက်သည်။

စံနက်ကျော်က ဒေလီယာ၏ လက်မောင်းတစ်ဘက်ကို အသာအယာ ဆုပ်ကိုင်လိုက်ပြီး -

"ဒေလီယာကို ထရပ်ကားပေါ် အမြန် တင်ကြရအောင်"

အထွဲက ခေါင်းခါလိုက်ပြီး -

"မထူးတော့ဘူး...စံနက်ကျော်။ ဒီအတိုင်းပဲ ထားလိုက် ပေတော့။ ငါ့လက်ချက်နဲ့ လဲကျနေတဲ့အကောင်က ရဲကွ။ ဒီနေရာ တစ်ပိုက်မှာ တစ်ခြားရဲတွေပါ ရောက်နေကြမှာသေချာတယ်





...တို့ ဒီနေရာကနေ အမြန်ဆုံး ထွက်မှဖြစ်မယ်..."

စံနက်ကျော်က ခေါင်းခါ၍ -

"ဟာ...သူ့ကို ဒီအတိုင်း ထားရစ်ခဲ့လို့ မဖြစ်ဘူးထင် ...တယ်"

အထွဲက မာကျောခက်ထန်သော လေသံဖြင့် -

"မင်းက ငါတို့အားလုံး ဒုက္ခရောက်အောင် လုပ်နေတာ ...။ သူက သေနေပြီကွ...နားလည်လား"

"သူ...သူ..မသေ၊ သေးပါဘူး...ဒီလောက်အထိ..."

စံနက်ကျော်၏ စကားမဆုံးလိုက်။

အထွဲက သူ၏ခါးကြားမှ သေနတ်ကို ထုတ်လိုက်ပြီး ...ဒေလီယာ၏ ခန္ဓာကိုယ်ထဲသို့ နှစ်ချက်ဆင့်၍ ပစ်ထည့်လိုက်၏။ ...ဒေလီယာ၏ ခန္ဓာကိုယ် တစ်ချက်တုန်ခါသွားပြီး ငြိမ်သက်သွား ...သည်။

"ကဲ...မင်း မြင်ပြီမဟုတ်လား၊ သူသေနေပြီ မဟုတ် ...လား"

အထွဲ၏ မျက်လုံးများမှာ နီရဲ၍နေပြီး ရူးသွပ်နေသည့် ...သွင်ပေါက်၍နေသည်။ ဤအခြေအနေမျိုး၌ အထွဲသည် သူတို့ ...စုအားလုံးကို သတ်ပစ်ရန် ဝန်လေးမည့်သူ မဟုတ်ကြောင်းကို ...စံနက်ကျော် နားလည်လိုက်သည်။

"အထွဲ" က လေသံခပ်တိုးတိုးဖြင့် -

"ကျုန်တဲ့ပစ္စည်းတွေ ကားပေါ်ကို အကုန်တင်ပြီးတာနဲ့ ...တို့ ဒီကနေ ထွက်ကြမယ်"



www.burmeseclassic.com

www.burmeseclassic.com



စံနက်ကျော် လေးလံစွာ ပင့်သက်ချလိုက်သည်။

အထွဲ၏ အမိန့်ကို မငြင်းဆန်ဝံ့တော့ပေ။ သူသည် ချ[illegible] ခြင်းပင် "ဒေလီယာ" သယ်လာသော သစ်သားသေတ္တာ[illegible] ကောက်၍မ.ယူလိုက်၏။ ကျန်လူများလည်းပစ္စည်းသေတ္တာမျာ[illegible] ကိုသယ်မ.၍ယူသွားကြသည်။

နှစ်မိနစ်ခန့်အကြာ၌ -

ပစ္စည်းအားလုံး ကုန်တင် ထရပ်ကားကြီးပေါ်သို့ တင်[illegible] သွားပေပြီ။

"အထွဲ" က လက်မြှောက်၍အချက်ပြသည်။

"ငါတို့...သွားလို့ရပြီ"

ဂျပ်က ဒေလီယာ၏အလောင်းကိုငုံ့ကြည့်၍ -

"ဒေလီယာ့အလောင်းကို ကျွန်တော်တို့ ပြန်သယ်သွ[illegible] ရင် ကောင်းမယ်ထင်တယ်...ဆရာထွဲ"

အထွဲ၏ မျက်နှာ တင်းမာသွားသည်။

"အချိန်မရှိဘူး။ ထားခဲ့တော့...ဒီအလောင်းကနေတ[illegible] ဆင့် ခြေရာခံပြီး သူတို့လိုက်ရှာလို့ မရနိုင်ပါဘူး။ ကဲ...လာ[illegible] ဟေ့၊ သွားကြရအောင်"

အထွဲနှင့် စံနက်ကျော်တို့ ထရပ်ကားကြီး၏ရှေ့ခန်း[illegible] တက်သည်။ အထွဲက ယာဉ်မောင်းသူနေရာ၌ ဝင်ထိုင်သည်။

ကျန်လူများ နောက်ဘက်ပေါက်မှ ကားပေါ်သို့ အ[illegible] တက်ကြသည်။

ကုန်တင်ထရပ်ကားကြီးသည် ဂိုဒေါင်ရှေ့မှ အရှိန်[illegible]





[illegible]စွာဖြင့် မောင်းထွက်လာသည်။

"အထွဲ" သည် ထရပ်ကားကြီးကို ခပ်ကြမ်းကြမ်း ကွေ့ချ[illegible] လိုက်၏။ ဂိတ်ပေါက်ဝရှိရာသို့ ဦးတည်၍ တစ်ရှိန်ထိုး မောင်းနှင် လိုက်သည်။

ဂိတ်ဝကင်းတဲအတွင်း၌ "နေဇော်" ရှိနေသည်။

နေဇော် တယ်လီဖုန်းပြန်ချလိုက်စဉ်မှာပင် သေနတ်သံ များကိုကြားလိုက်ရသည်။

ဂိတ်ဝတံခါးဆီသို့ အရှိန်ပြင်းစွာ မောင်းနှင်လာသော ကုန်တင်ထရပ်ကားကြီး၏ ဆူညံကျယ်လောင်သော စက်သံကို ကြားလိုက်ရသည်။

ကုန်တင်ထရပ်ကားကြီး၏ ရှေ့မီးလုံးများကို ဖွင့်၍ထား သည်။

ကွမ်တမ်ကုမ္ပဏီ၏ ထရပ်ကားကြီးဖြစ်ကြောင်း နေဇော် တွေ့ရသည်။

နေဇော်သည် သူ၏ ခြောက်လုံးပြူးကို ပြန်ဆွဲထုတ်၍ [illegible]ချိန်လိုက်သည်။

ထရပ်ကားကြီးက ဂိတ်ဝတံခါးဆီသို့ အရှိန်ဖြင့် မောင်း [illegible]ငံ ဝင်ရောက်လာနေပေပြီ။

× × × × ×



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

ကားမောင်းလာသည့် "အထွဲ"သည် သူ၏ရှေ့ဘက် သေနတ်ဖြင့် ချိန်ထားသည့်လူတစ်ယောက်ကို ဂိတ်စောင့်ကင် တဲအတွင်း၌တွေ့လိုက်ရသည်။

"အထွဲ" စဉ်းစား၍ မနေတော့။

ကားလီဗာကို ဖိနင်းချလိုက်၏။

နေဇော်က သေနတ်ဖြင့် ချိန်၍ အသံကုန်အော်ဟ လိုက်၏။

"ရပ်လိုက်...ရပ်လိုက်စမ်း"

ကုန်တင်ထရပ်ကားကြီးက မရပ်ပဲ ရှေ့သို့သာ ဆက် တိုးဝင်လာနေပေသည်။

နေဇော်က ခြောက်လုံးပြူးဖြင့် နစ်ချက်ဆင့်၍ပစ်လို



သည်။

ကျည်ဆန်နှစ်တောင့်က ကားရှေ့လေကာမှန်ချပ်ကြီး အတွင်းသို့ ထွင်းဖောက် ဝင်ရောက်သွားကြသည်။ မှန်ချပ်ကြီး တစ်ခုလုံးပင့်ကူအိမ်အမျှင်များသဖွယ် တွန့်ကြေ၍အက်ကြောင်း များ ပေါ်လာသည်။

ကျည်ဆန်များက သတ္တုန်ရံထဲသို့ စိုက်၍ဝင်သွားကြ သည်။

နေဇော်က နောက်တစ်ချက်ထပ်၍ ပစ်သည်။

"အထွဲ"က စတီယာရင်ဘီးကို ဆွဲလှည့်ပစ်လိုက်၏။

ကုန်တင်ထရပ်ကားကြီး ဘေးဘက်သို့ ချော်ထွက်သွား သည်။

ထရပ်ကားကြီးကို ထိန်း၍မရနိုင်အောင် ဖြစ်သွားသည်။ ကား၏နောက်ပိုင်း တစ်ခုလုံး ယမ်းခါ၍သွားသည်။

ကုန်တင်ထရပ်ကားကြီးက ဂိတ်စောင့်ကင်းတဲကို အရှိန် ဖြင့် ဝင်တိုက်ချလိုက်သည်။ ကားခေါင်းက အတွင်းဘက်သို့ တိုး ဝင်သွားသည်။

ဂိတ်စောင့်ကင်းတဲကို ထရပ်ကားကြီး ဝင်၍ဆောင့် တိုက်လိုက်စဉ်မှာပင် -

နေဇော် ဂိတ်စောင့်ကင်းတဲအတွင်းမှ ခုန်၍ထွက်သည်။

သို့ရာတွင် -

ကုန်တင်ထရပ်ကားကြီး၏နောက်ပိုင်းက "နေဇော်"ကို အရှိန်ပြင်းစွာ ရိုက်ချလိုက်မိပြီးသားဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"နေဇော်" သည် လေထဲသို့ မြောက်တက်လွင့်စင်သွ
သည်။

အစောင့်ကင်းတဲနှင့် ပေနှစ်ဆယ်ခန့်အကွာ မြေပြင်
သို့ အရှိန်ပြင်းစွာ ပြုတ်၍ကျလာသည်။

ကုန်တင်ထရပ်ကားကြီးသည် ဂိတ်ပေါက်တံခါးမ
ကိုဖြတ်ကျော်၍ မောင်းထွက်သွားသည်။

လမ်းထောင့်ချိုးကွေးနေရာ၌ လီဗာကို နင်း၍ ဘ
ဘက်သို့ ချိုးကွေ့ချလိုက်၏။

"သောရီ" လမ်းဘက်မှ အဖြူ အနက်နှစ်ရောင်
ကင်းလှည့် ရဲကားတစ်စီး အရှိန်ပြင်းပြင်း မောင်းနှင်လာနေ
ဆိပ်ကမ်းနယ်မြေ၊ ဆိပ်ခံတံတားအမှတ် (၁၇)သို့
တည်၍ မောင်းလာနေခြင်းဖြစ်သည်။ နေဇော်၏ စကား
အဆင့် (နှစ်) သတ်မှတ်ချက် သတင်းပေးပို့မှုကိုရထားသည
နေဇော်ထံသို့ အကူအညီပေးရန် အရှိန်ပြင်းစွာမောင်းနှင်
နေ၏။

တစ်မိနစ်မျှအကြာ၌ -

ကွမ်တမ်ကုမ္ပဏီ၏ ကုန်တင်ထရပ်ကားကြီးတစ်စီး
ဘက် လမ်းဆုံနေရာမှ အရှိန်ပြင်းစွာ မောင်းထွက်သွားသည်
တွေ့လိုက်ရသည်၊ ရဲကားပေါ်၌ ရဲအရာရှိနှစ်ဦး ပါလာကြသည

ရဲအရာရှိတစ်ဦးက -

"ဒီကောင် ထရပ်ကားကြီးကို တစ်နာရီ မိုင်ခြော
ဆယ်ကျော်နှုန်းနဲ့ မောင်းထွက်သွားတာ"





သူ၏တွဲဘက်ရဲအရာရှိက -

"မသက်ာစရာပဲ။ နောက်က လိုက်ဖမ်းကြရအောင်"

ဘုရင်မလမ်းပေါ်၌ အထွဲ မောင်းနှင်နေစဉ် ရဲကား ဥသြ
သံကို ဆူညံကျယ်လောင်စွာ ကြားလိုက်ရသည်။ နောက်ကြည့်
မှန်ထဲ၌ လှမ်းကြည့်လျှင် ရဲကားတစ်စီး လိုက်ပါလာသည်ကို
တွေ့လိုက်ရသည်။

အထွဲ အရှိန်ထပ်တင်၍ မောင်းသည်။

သို့ရာတွင် -

ကုန်တင်ထရပ်ကားကြီးမှာ အရှိန်ပြင်းစွာ မောင်းနှင်
ရနိုင်အောင် တည်ဆောက်ထားခြင်းဖြစ်၍ ရဲကား...
ကားကြီးကိုမီ၍လာသည်။

ရဲကားက ကုန်တင်ထရပ်ကားကြီးဘေးမှ ကျော်၍
တက်နိုင်ရန် ကြိုးစားသည်။ "အထွဲ" က ထရပ်ကားဘေး...
၍ရဲကားကို ဆောင့်တိုက်ပစ်ရန် ကြံစည်သည်။

ရဲကား နောက်ဘက်၌ ကျန်ရစ်သည်။

သို့သော် ချက်ချင်းဆိုသလိုပင် ရဲကားက ကုန်တင်ထရပ်
ကားကြီး၏ နောက်မှ ကပ်လျက်လိုက်ပါလာသည်။

လမ်းချိုးကွေ့တစ်နေရာ၌ အထွဲက ထရပ်ကားကြီးကို
ဘယ်ဘက်သို့ ချိုးကွေ့ဝင်သည်။ ရဲကား မျက်ခြည်ပြတ်သွားစေ
ရန် ကြိုးစားကြည့်သည်။

ရဲကားက နောက်မှကပ်လျက် လိုက်ပါလာနေဆဲပင်
ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com


လမ်းများပေါ်၌ ရဲကားနှင့် ကုန်တင်ထရပ်ကားတို့ ထ
လမ်းဝင် တစ်လမ်းထွက် ပြေးလွှားမောင်းနှင်နေကြသည်။

မည်သို့ပင်ဖြစ်စေ -

ရဲကားက ကုန်တင်ထရပ်ကားကြီး၏နောက်မှ က
လျက် လိုက်ပါနေဆဲပင်ဖြစ်သည်။

ထိုစဉ်မှာပင် -

ကုန်တင်ထရပ်ကားကြီး၏ နောက်ဘက်တံခါးပွင့်လ
သည်။

လူ့ဘီလူးကြီး "အာနီ" နောက်ဘက်တံခါးဝ၌ ပေါ်၍လ
သည်။ သူ၏လက်ထဲ၌ A.R အမျိုးအစားစက်သေနတ်ကြီး အသ
တစ်လက်ကို ကိုင်ထားသည်။

နောက်ဘက်မှ လိုက်ပါနေသော ရဲကားကို လက်ထဲ
သေနတ်နှင့် ချိန်ရွယ်၍ ပစ်ခတ်လိုက်သည်။

A.R အော်တိုမက်တစ် စက်သေနတ်ကြီးမှ ကျည်ဆ
များက နောက်မှလိုက်ပါသော ရဲကား ရှေ့မီးလုံးများကို ကြေ
ကွဲထွက်စေကုန်သည်။ ရှေ့ဘက် ကားခေါင်းကို အပေါက်
ဖောက်ပစ်လိုက်သည်။

ရဲကားသည် အခြေအနေကို ချက်ခြင်းရိပ်စားလိုက်မိ
ကားအရှိန်ကို လျှော့၍ နောက်ချန်နေလိုက်ကြသည်။

လူ့ဘီလူးကြီး "အာနီ" က အဆက်မပြတ် ရယ်မောလ
သည်။

လက်ထဲမှ A.R စက်သေနတ်ကြီးဖြင့် ထပ်မံပစ်ခ



လိုက်၏။

ကျည်ဆန်များက ရဲကား၏ အင်ဂျင်စက်ကို ချေမွ
ဖျက်ဆီးပစ်လိုက်၏။ ရှေ့လေကာမှန်ချပ်ကြီး တစ်ခုလုံးပါ ကွဲကြေ
ထွက်သွားသည်။

ယာဉ်မောင်းနေသော ရဲအရာရှိသည် ကားအရှိန်ကို
ထိန်း၍ မရနိုင်တော့ပဲ ဖြစ်သွားသည်။ ရဲကားမှာ ဘေးဘက်သို့
သိမ်း၍လည်ထွက်သွားသည်။ လမ်းဘေး၌ ရပ်ထားသည့် ကား
တစ်စီးကို ဝင်၍ ဆောင့်တိုက်လိုက်မိသည်။

ပြင်းထန်လှသော အရှိန်ကြောင့် ကားမှ တစ်ပတ်လည်
၍ လျှောထွက်သွားသည်။ ပက်လက်လန်နေသော ကားမှ
ဘီးများအရှိန်ရပ်တန့် သွားလျှင် -

ရဲအရာရှိ နှစ်ဦးကားထဲမှ အလျင်အမြန် ကုန်း၍ တိုး
ထွက်လာကြသည်။

ကားအနီးမှ အမြန်ဆုံး ထွက်ပြေးကြသည်။

ဓာတ်ဆီနံ့များ လေထဲ၌ ပျံ့လွင့်၍လာသည်။

ဓာတ်ဆီတိုင်ကီထဲမှ ဓာတ်ဆီများ ပေါက်၍ပန်းထွက်
ကျလာသည်။

ကျယ်လောင်သော အသံနှင့်အတူ ရဲကားတစ်စီးလုံး
ပေါက်ကွဲ၍သွားသည်။ ရဲကားတစ်စီးလုံးကို လိမ္မော်နီရောင်မီး
တောက်များက ဖုံးလွှမ်း၍သွားသည်။ လမ်းတစ်လျှောက်လုံး
တောက်ပစွာ လင်းထိန်၍သွားသည်။

ရဲအရာရှိနှစ်ဦး ပြေး၍လိုက်ကြပြီး ခြောက်လုံးပြူးကိုယ်


www.burmeseclassic.com

www.burmeseclassic.com

စီနှင့် လှမ်း၍ ပစ်ကြသေးသည်။

ကုန်တင်ထရပ်ကားကြီးမှာ သူတို့နှင့် အလွန် ဝေးကွာ၍ သွားပေပြီ။

ကျည်ဆန်များ အလဟဿ ဖြုန်းတီးသလိုသာရှိ သည်။

ဘက္ကန့်ပိုင်းအတွင်းမှာပင် ကုန်တင်ထရပ်ကားကြီး၏ နောက်မီးလုံးများမှ မီးရောင်နီနီကို လုံးဝမမြင်တွေ့ရတော့ပေ။

ယာဉ်မောင်းသော ရဲအရာရှိက မချင့်မရဲ လေသံဖြင့် -

"တောက်..."

မီးတောက် မီးလျှံများစွဲလောင်နေသော ကားကို လှမ်း ကြည့်လိုက်သည်။

ရဲအရာရှိနှစ်ဦး ထိုနေရာ၌ပင် ဆက်၍ရပ်နေကြသည်။

နောက်ထပ် ရဲကားနှစ်စီး ဥဩသံပေး၍ ထပ်မံရောက်ရှိ လာကြသည်။

× × × × ×





## အခန်း (၁၁)

နံနက်ပိုင်း ... သုံးနာရီ ...။

စစ်ရန်နိုင်၏ ခုတင်ဘေးရှိစားပွဲပေါ်မှ တယ်လီဖုန်းသံ အဆက်မပြတ်မြည်လာသည်။

စစ်ရန်နိုင် အိပ်ပျော်နေရာမှ နိုးလာသည်။

အိပ်ရာပေါ်မှ လိမ့်၍ထွက်ပြီး တယ်လီဖုန်းကို ကောက် ကိုင်လိုက်သည်။

"ဟယ်လို...ဘယ်သူလဲ"

"စစ်ရန်နိုင် ..."

"ဟုတ်တယ်...ကျွန်တော် စစ်ရန်နိုင်ပါ"

"အခုပြောနေတာ ကျော်ဇေယျပါ"

စစ်ရန်နိုင်၏ မျက်လုံးများ ပြူး၍သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com

နံနက် သုံးနာရီ၌ ဖုန်းဆက်၍ အိပ်ရေးပျက်အောင် ကျော်ဇေယျ လုပ်တတ်သည့် လူစားမျိုးမဟုတ်ကြောင်း စဝ်ရန်နိုင် သိထားသည်။

ကျော်ဇေယျက -

"စဝ်...အရေးကြီးတယ်။ ဗသန်းထိုက် ဓားထိုးခံလိုက်ရ တယ်။ အခု ငါတို့ ဆေးရုံမှာ ရောက်နေတယ်။ မင်း အခုပဲ လိုက်လာခဲ့"

ဗသန်းထိုက် ဓားထိုးခံလိုက်ရသည့် သတင်းကြားလိုက်ရ၍ စဝ်ရန်နိုင် တုန်လှုပ်သွားသည်။

စဝ်ရန်နိုင် စိတ်ကိုထိန်းလျက် -

"ဒဏ်ရာများသလား၊ ကိုကျော်ဇေယျ"

"အင်း . . . ဒဏ်ရာက အတော်ပြင်းတယ်။ နေဖော်ပါ အသတ်ခံလိုက်ရတယ်..."

"ဟင်...ဘယ်လိုဖြစ်ကုန်ကြရတာလဲ"

"မင်းသာ အမြန်လာခဲ့...စဝ်။ မင်းလာမှပဲ ငါ အကြောင်းစုံ ပြောပြမယ်.."

"ကောင်းပြီ၊ ကျွန်တော် အခုလာခဲ့မယ်"

စဝ်ရန်နိုင် အဝတ်အစားအမြန်လဲလှယ်ဝတ်ဆင်သည်၊ အောက်ထပ်သို့ အမြန်ပြေးဆင်းလာခဲ့သည်။

× × ×

နောက်ထပ် (၁၀)မိနစ်ကျော်ကျော်အကြာ၌ -

အာသာဝတီမြို့၏ ဆေးရုံသို့ စဝ်ရန်နိုင်၏ ဖော်လ်ဗိုကား





မောင်း၍ဝင်လာသည်။

စုံစမ်းရေးဌာန၌ ဝင်၍စုံစမ်းသည်။

သူနာပြုဆရာမတစ်ဦးက ဗသန်းထိုက်အား ခွဲစိတ်ခန်းထဲ၌ ထုတ်၍ အရေးပေါ် ကုသဆောင်ဖြစ်သည့် စတုတ္ထထပ်ရှိ အထူးကုသရေးဌာနသို့ ခေါ်ဆောင်သွားပြီး ဖြစ်ကြောင်းပြောသည်။

ဓာတ်လှေကားဖြင့် တက်သွားပြီး ရှုပ်ထွေးသော စင်္ကြံလမ်းများအတိုင်း ဆက်၍လျှောက်သွားသည်။

အတွင်းဘက် ကောင်တာတစ်ခုအနီး၌ မျက်လုံးကို လက်တစ်ဘက်ဖြင့် ပွတ်သပ်နေသော ကျော်ဇေယျကို တွေ့လိုက်ရသည်။

စဝ်ရန်နိုင်က ကျော်ဇေယျထံသို့ အမြန်လျှောက်သွားသည်။

ကျော်ဇေယျ၏ မျက်လုံးအစုံမှာ နီရဲ၍နေ၏။

"စဝ်..."

"အခြေအနေ..."

ကျော်ဇေယျက လေးပင်သောလေသံဖြင့် -

"သူ့အခန်းထဲမှာ သူ့မိန်းမ ဇာခြည်ရောက်နေပြီ..."

စဝ်ရန်နိုင်က စိတ်မရှည်သံဖြင့် ခပ်ဆတ်ဆတ်ပြောသည်။

"ကျွန်တော်မေးတာ တစ်ခြား၊ ခင်ဗျား ဖြေတာတစ်ခြား ဖြစ်နေပြီ"


www.burmeseclassic.com

www.burmeseclassic.com



ကျော်ဇေယျ သက်ပြင်းတစ်ချက်ချသည်။

"အေး...ဟုတ်တယ်။ ငါဘယ်လိုပြောပြရမလဲမသိဘူး။ ငါ့အတော့်ကို စိတ်မကောင်းဖြစ်နေမိတယ်...စဝ်ရန်နိုင်"

"ဘယ်လိုဖြစ်ခဲ့တယ်ဆိုတာကိုသာ ကျွန်တော့်ကို ပြော ပါ...ကိုကျော်ဇေယျ"

"ခုချိန်ထိ အသေးစိတ်တော့ မသိရသေးဘူး။ ဆိပ်ခံ တံတား အမှတ် (၁၇)က ကုန်ဂိုဒေါင်ထဲမှာ ဖောက်ထွင်းခိုးယူမှု တစ်ခုဖြစ်တယ်။ ကင်းတဲကညစောင့်အဘိုးကြီးပါ သတ်သွားကြ တယ်။ လူဆိုးတွေက ဗသန်းထိုက်ကို ဓားနဲ့ထိုးပြီး နေဖော်ကို ကုန်တင်ထရပ်ကားနဲ့ ဝင်တိုက်ပြီး ထွက်ပြေးသွားကြတယ်။ နေဖော်ကတော့ ဆေးရုံကို အသေပဲရောက်လာတယ်"

"ဗသန်းထိုက် ပြောတာကတော့ ဓာတ်ငွေ့ကုမ္ပဏီတံ ခုက ပိုင်တဲ့ သာမန် ကုန်တင်ထရပ်ကားကြီး တစ်စီးလို့ပြော တယ်။ အနီးအနားက ရဲစခန်းတွေကို လှမ်းပြီး မေးကြည့်တော့ လွန်ခဲ့တဲ့ တစ်ပတ်လောက်တုန်းက ဓာတ်ငွေ့ကုမ္ပဏီတစ်ခုက ကုန်တင်ထရပ်ကားကြီးတစ်စီး အခိုးခံရလို့ တိုင်ထားတယ်ဆို တာကို သိရတယ်။ အဲဒီထရပ်ကားကို မောင်းတဲ့ကုမ္ပဏီဝန်ထမ် နှစ်ယောက်ရဲ့အလောင်းကို ချောက်ကမ်းပါးအောက်က လျှိုကြ တစ်ခုထဲ ပစ်ချထားတာကို တွေ့ကြရတယ်...။

ကုမ္ပဏီဝန်ထမ်းတစ်ယောက်က ဓားနဲ့ထိုးပြီး အသတ် ထားရတယ်။ မှန်ရဝေတောင်ကြားက စားသောက်ဆိုင်တစ်ဆိုင် မှာ စုံစမ်းတော့ စားပွဲထိုးက သေသွားတဲ့ လူနှစ်ယောက်ဟာ





ကား...တဲ့ ကောင်မလေးတစ်ယောက်ကို တင်ပြီး ခေါ်သွား ...တာတွေ...ကဲမိတယ်လို့ပြောတယ်။ ကျန်တာကတော့ ဆက်ပြီး စုံစမ်းနေကြဟုန်းပဲ.."

စဝ်ရန်နိုင် မျက်မှောင်တွန့်၍သွားသည်။

အမှုနှင့်ပတ်သက်သည့် ဆက်စပ်မှုများကို စဉ်းစားနေ သည်။

"ကုန်ဂိုဒေါင်ကိစ္စ ပြောပါဦး။ လူဆိုးတွေက ဘာပစ္စည်း တွေ လ...နိုးကြတာလဲ"

ကျော်ဇေယျ သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်သည်။

"အဲဒီကိစ္စလည်း စစ်ဆေးနေတယ်။ ခေတ်မီလက်နက် တွေ၊ ဖောက်ခွဲရေးပစ္စည်းတွေ ပါလိမ့်မယ်"

"ဒီကောင်တွေက အကြမ်းဖက်သမားတွေလား"

"အမည်တပ်ထားတဲ့ အကြမ်းဖက်သမားတွေပဲ ဖြစ် ...မယ်"

ကျော်ဇေယျက အထူးအရေးပေါ် ကုသရေးဌာနဘက် သို့ မေးဆတ်၍ပြလိုက်သည်။

"မင်းကို ဗသန်းထိုက်က တွေ့ချင်နေတယ်"

အရေးပေါ်အခန်းထဲသို့ နှစ်ဦးသားဝင်သွားကြသည်။

ခုတင်ပေါ်၌ ဗသန်းထိုက်...

နှာခေါင်းပေါက်မှ အောက်ဆီဂျင်ပိုက်တပ်ထားသည့် ...က်မောင်း...ဘက်၌ သွေးသွင်းထားသည်။

ဗသန်းထိုက်၏ဖနီး ဇာခြည်က ခုတင်ဘေး၌ရပ်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

သူမ၏မျက်နှာပြင်ပေါ်၌ ဖြူဖတ်ဖြူလျော်ဖြစ်၍နေပြီး မျက်ရည်ကြည်များ ရစ်ဝဲ၍နေသည်။

"စဝ်..."

ဇာခြည်က လေသံခပ်တိုးတိုးဖြင့် နှုတ်ဆက်သည်။

စဝ်ရန်နိုင်က ခြောက်သွေ့သောလေသံဖြင့် -

"ဇာခြည်..."

ဇာခြည် အံကို ခပ်တင်းတင်းကြိတ်ထားသည်။

သူမ၏အခြေအနေမှာ ပေါက်ကွဲထွက်တော့မည် အခြေ အနေမျိုးဖြစ်နေကြောင်း စဝ်ရန်နိုင် ရိပ်စားမိသည်။

စဝ်ရန်နိုင်က -

"လှဝကြီးအခြေအနေ ဘယ်လိုရှိသလဲ"

သူမက တုန်ခါသော လေသံဖြင့် -

"သူ သတိပြန်ရလာပြီးမှ ပြန်မေ့သွားတယ်"

စဝ်ရန်နိုင်၏ လက်မောင်းတစ်ဘက်ကို သူမက ခပ် တင်းတင်း ဆုပ်ကိုင်ထားသည်။ သူမအနေဖြင့် ဗေဒင်ကန် သတ်သက်ပြီး တစ်ချိန်ချိန်၌ တစ်ခုခုဖြစ်မည်ကို အမြဲစိုးရိမ်နေလေ ရှိသူဖြစ်သည်။

ထိုသို့ဖြစ်လာသောအခါ၌ သူမအနေဖြင့် မခံစားနိုင် အောင် ဖြစ်နေမိသည်။

ဇာခြည်၏ပါးပြင်ပေါ်သို့ မျက်ရည်များ တလိမ့်လိမ့် ဆင်းကျလာသည်။





"ဒီလိုမျိုး...သူ...သူ ဘာဖြစ်လို့ဖြစ်ခဲ့ရတာလဲ..ဟင်။ စဝ်...ဘာဖြစ်လို့လဲ"

စဝ်ရန်နိုင်၌ အဖြေမရှိပါချေ။

သူကိုယ်တိုင်လည်း နားမလည်နိုင်ပေ။

"သူပြောဖူးတာ တစ်ခုရှိတယ်...စဝ်။ ဇာခြည် လောက ကြီးထဲမှာ ဖြစ်စရာရှိတာတွေဖြစ်လာပြီး ပျက်စရာရှိတာတွေ ပျက်လာမှာပဲတဲ့။ ဒါကို ဘယ်သူမှ တားဆီးလို့မရဘူး...တဲ့။ သူက အပြင်မှာ ထွက်ပြီး အလုပ်လုပ်နေတဲ့လူ၊ နိုင်ငံ့တာဝန်ထမ်း ဆောင်နေတဲ့ ရဲတစ်ဦး။ ကျွန်မက အိမ်မှာနေပြီး သူပြန်အလာကို စောင့်မျှော်နေရတဲ့လူ။ သူ့ကို ရုံးထိုင်တဲ့နေရာမှာ နေပါလားလို့ ပြောတော့၊ သူက စိတ်မဝင်စားဘူးတဲ့...လှုပ်လှုပ်ရှားရှားနေရတဲ့ အလုပ်မျိုးကိုပဲ သူက ကျေနပ်တယ်။ ခဏလေး...စဝ်...ကျွန်မ အပြင်ကို ထွက်လိုက်ဦးမယ်"

ဇာခြည် အခန်းထဲမှ ထွက်သွားသည်။

စဝ်ရန်နိုင်သည် ခုတင်အနီးသို့ တိုးကပ်သွားသည်။

လှဝကြီး ဗေဒင်ထိုက် မျက်လုံးများ လှုပ်ရှား၍လာပြီး တဖြည်းဖြည်း ပွင့်လာသည်။ စဝ်ရန်နိုင်ကို စိုက်၍ကြည့်သည်။

လေသံခပ်သဲ့သဲ့မျှဖြင့် လှမ်းပြောသည်။

"စဝ်...ဇာခြည်ပြောတာတွေ ကြားလိုက်ရလို့ မင်းကိုယ် တိုင် စိတ်ညစ်သွားပြီလား"

စဝ်ရန်နိုင် ကြိုးစားအားတင်း၍ ပြုံးပြလိုက်သည်။

"ကျွန်တော် နားလည်ပါတယ်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ဗသန်းထိုက်သည် ခံစားနေရသော ဝေဒနာကြောင့် မျက်နှာတစ်ခုလုံး ရှုံ့မဲ့၍သွားသည်။

"စစ် ... မင်း ... ဇာခြည်ကို တတ်နိုင်သမျှ စောင့်ရှောက်ပေးလိုက်ပါ"

"စိတ်ချပါ ... လူဝကြီးရယ်"

"ဒီမှာ စစ် ... မနေ့ညက ညစာစားပွဲ လုပ်တာ မင်းမလာခဲ့ဘူးနော်။ မင်းလာရင် သိပ်ကောင်းမှာပဲ ... ဇာခြည်ရဲ့သူငယ်ချင်းက အတော့်ကိုလှတဲ့ အမျိုးသမီးပဲ။ မင်းမြင်လိုက်ရရင် သိပ်သဘောကျသွားလိမ့်မယ်"

"စိတ်ချပါ ... ကိုဗသန်းထိုက်။ နောက်တစ်ခါ ညစာစားပွဲကို ကျုပ်တော် လာစားပါ့မယ်။ အခု ... ဘယ်လိုဖြစ်ရတာလဲ ... ကျွန်တော့်ကို ပြောပါဦး"

စစ်ရန်နိုင်က ဗသန်းထိုက်၏အနီးသို့ တိုးကပ်၍ မေးလိုက်သည်။

အတန်ကြာမှ -

ဗသန်းထိုက်က လေးပင်သောလေသံဖြင့် ပြောသည်။

"အား ... ငါ သတိလက်လွတ် ဖြစ်သွားခဲ့မိတယ် ... စစ် လူဆိုးတွေနဲ့ ငါကိုယ်တိုင် ပက်ပင်းတိုးတယ်။ ငါ တော်တော် ညံ့ဖျင်းသွားတယ်"

"ဖြည်းဖြည်းသာပြောပါ ... ကိုဗသန်းထိုက်"

ကျော်ဇေယျက ရှေ့သို့တိုး၍ ဖြည်းညင်းစွာ ပြောသည်။

"ဗသန်းထိုက် ... မင်း စစ်ရန်နိုင်ကို ပြောစရာတစ်ခု





တယ်ဆို။ အဲဒါကို မှတ်မိရဲ့လား"

ဗသန်းထိုက်၏ မျက်လုံးများ မသိမသာ တောက်ပြောင်၍သွားသည်။

"စစ် ... ငါပြောတာကို မင်း သေသေချာချာ နားထောင်။ ငါ့ကို ဓားနဲ့ ထိုးလိုက်တဲ့ အကောင်ကို ငါ မြင်ဖူးတယ်။ ဒီကောင့် မျက်နှာကို ငါ ဖျတ်ခနဲပဲ မြင်လိုက်ရတယ်။ ငါ့ကို ဓားနဲ့ ထိုးလိုက်တဲ့ အချိန်မှာ သူ့ကို ငါ ကောင်းကောင်းမှတ်မိတယ်"

"ဘယ်နေရာမှာ ... ခင်ဗျား တွေ့ဖူးခဲ့တာလဲ"

"ဒီကောင့်မျက်နှာကိုသာ မှတ်မိတာ။ ဘာတုန်းကလဲ၊ ဘယ်နေရာမှာလဲ ဆိုတာကိုတော့ ငါ မမှတ်မိဘူး ဖြစ်နေတယ်"

စစ်ရန်နိုင်နှင့် ကျော်ဇေယျတို့ တစ်ဦး...တစ်ဦး လှမ်းကြည့်လိုက်မိကြသည်။

စစ်ရန်နိုင်က -

"ခင်ဗျား သေသေချာချာ စဉ်းစားကြည့်ပါ။ အဲဒီကောင်ဟာ ဘယ်သူလဲ"

ဗသန်းထိုက် မျက်လုံးမှိတ်၍ ကြိုးစားပြီး စဉ်းစားကြည့်နေသည်။

"အင်း ... နေဦးကွ။ ဟိုးတစ်ခါက လူသတ်မှုတစ်ခု ဖြစ်ခဲ့ဖူးတယ်။ နေရာ... ကောင်းဆိုင်ဒေသစိတ်တစ်ခုမှာ။ အသက် ခပ်ငယ်ငယ် ညဥ့်ငှက်မလေးတစ်ယောက် အသတ်ခံခဲ့ရတဲ့ အမှု။ မိုးဦးကျခါစ ရာသီမှာ ..."

"အဲဒီ အမှုနဲ့ ဘယ်လိုပတ်သက်လဲ"



www.burmeseclassic.com

www.burmeseclassic.com

"အဲဒီအမှုမှာ ကောင်မလေးတွေကို ထိန်းချုပ်တဲ့ အကောင်တစ်ကောင်ကို မသင်္ကာလို့ ခေါ်ပြီး စစ်တယ်။ ငါတို့ အဲ့နေနဲ့ အဲဒီအကောင်ကို လုံးဝ မသင်္ကာခဲ့ဘူး။ ဒါပေမယ့် လ လောက်တဲ့ သက်သေ အထောက်အထားမရှိလို့ သူ့ကိုအရေး မယူနိုင်ခဲ့ဘူး"

"ဟုတ်ပြီ . . . အဲဒီနေရာက တန်းလျားအနောက်ဘက် တန်းမှာနေတဲ့ အကောင်တွေကို ကျွန်တော်တို့ မသင်္ကာခဲ့ဘူး အဲဒါကြောင့် ကျွန်တော်တို့ သေသေချာချာ လိုက်စစ်ခဲ့ကြသေး တယ် မဟုတ်လား . . ."

ဗသန်းထိုက်က -

"ဟုတ်တယ် . . . စဝ်။ အဲဒီကောင်ရဲ့နာမည်က ခပ်ဆန်း ဆန်းပဲ။ ငါလည်းသေသေချာချာမမှတ်မိဘူး။ နေပါဦး . . . အစ္စ ဆိုလား . . . အတွဲ ဆိုလား။ ဟာကွာ . . . ငါ မမှတ်မိနိုင်တော့ဘူး အချိန်ကလည်း တော်တော်ကြာသွားခဲ့ပြီကိုးကွ။ အေး . . . ငါပြော တဲ့အကောင်ဆိုတာ သေချာတယ်။ ငါ့ကို ဓားနဲ့ထိုးသွားတာ အဲ ကောင်မှ အဲဒီကောင်ပဲ"

ဗသန်းထိုက်၏အသံကို စဝ်ရန်နိုင်က ပါးစပ်နားသို့ က ၍ နားထောင်နေရသည်။

ကျော်ဇေယျက -

"မှတ်တမ်းရေးရာဌာနမှာ အချက်အလက်တွေ ရှာလို့ တယ်။ ရဲအမှုတွဲ၊ ဖိုင်တွဲတွေထဲမှာပဲ ရှိလိမ့်မယ်။ ဒီကောင့်နာမည် ကို ရှာလို့ရမှာပဲ"





ဗသန်းထိုက်က မျက်နှာရှုံ့မဲ့လိုက်ပြီး -

"ဌာနကလူတွေ ရှာနိုင်မှာ မဟုတ်ပါဘူး။ လူပျင်းလူညံ့ တွေပါ"

စဝ်ရန်နိုင်က -

"ကျွန်တော် မရ.ရအောင် ရှာမယ်။ ကျွန်တော်ကိုယ်တိုင် လိုက်ရှာပြီး ဖမ်းမယ်။ ဒီကောင် ဥပဒေလက်တံကနေ ကြာကြာ ရှောင်ပြေးလို့ မရနိုင်ပါဘူး"

ဗသန်းထိုက် ခပ်ပြင်းပြင်း ချောင်းဆိုးသည်။

ပြင်းထန်စွာ အကြောဆွဲသည်။

စဝ်ရန်နိုင်က -

"ဗသန်းထိုက်၊ ခင်ဗျား အေးအေးဆေးဆေး အနားယူ လိုက်ပါဦး . . ."

"မင်းက ပြန်တော့မလား . . . စဝ်"

"ကျွန်တော် မပြန်ပါဘူး။ ရှိနေပါမှာ . . . လူဝကြီးရယ်"

"ငါ ခုတင်ပေါ်မှာလှဲပြီး စဉ်းစားနေမိတယ်။ ငါ သေခါနီး နေပြီဆိုတာကိုတော့ သေသေချာချာသိနေတယ်"

"ခင်ဗျား . . . မသေနိုင်ပါဘူး"

ဗသန်းထိုက် ခပ်တိုးတိုး ရယ်သည်။

"စဝ် . . . မင်း . . . ငါ့ကို ညာဖို့မကြိုးစားနဲ့။ ဒီတစ်ကြိမ်မှာ တော့ ငါမနေရတော့ဘူး။ ငါသိပါတယ် . . . စဝ်ရယ်။ ဘာမှ ငါမဖြစ် ပါဘူး။ ခံနိုင်ရည်ရှိပြီးသားပါ။ ဟောဒီ လောကကြီးထဲမှာ လူသား တွေဟာ သေမျိုးတွေချည်းပဲ . . .။ ဘယ်သူမှ မလွန်ဆန်နိုင်ကြပါ



www.burmeseclassic.com

www.burmeseclassic.com



ဘူး…ငါအခုချိန်ထိအသက်ရှင်နေတာပဲတော်တော်ကံကောင်
နေပြီ။ ငါ…ငါ..ဇာခြည်အတွက်ပဲ စိုးရိမ်မိတယ်။ ငါမရှိတော့တဲ့
နောက်ပိုင်းသူ့ဆီကိုမင်းမကြာခဏသွားပြီးအားပေးပါ…ဟုတ်
လား…သူငယ်ချင်း"

"ခင်ဗျား…ဘာတွေပြောနေတာလဲ…လူဝကြီး။ ခင်ဗျာ
နောက်တစ်ပတ်ဆို ဆေးရုံက ပြန်ဆင်းနိုင်လာလိမ့်မယ်။ ဒီတ
ခါတော့ ခင်ဗျား ရုံးမှာပဲ ထိုင်ရလိမ့်မယ်"

လူဝကြီးဗသန်းထိုက်…

"ဒီမှာ စဝ် … မင်းဟာ သေနတ်ပစ်တဲ့ နေရာမှာ အင်
တန် တော်ပါတယ်။ မင်းကို ဘယ်သူမှ လိုက်မမီနိုင်ဘူး။ ဒါပေမယ်
ညာတဲ့နေရာမှာတော့ အတော်ညံ့သေးတယ်"

ဗသန်းထိုက်၏အကြောများပြင်းထန်စွာ ဆွဲလာသည်
အချိန်ပို၍ကြာသည်။ မျက်လုံးများ မှိတ်နေရာမှ ပြန်ဖွ
လိုက်သောအခါ၌ စိုးရိမ်ရသော လက္ခဏာကို ထင်ရှားစွာမြင်နေ
ရသည်။

"စဝ်…ဇာခြည်ကို သွားခေါ်ပေးပါ…"

စဝ်ရန်နိုင် အခန်းအပြင်သို့ ခပ်မြန်မြန်ထွက်သည်။

ဇာခြည် စီးကရက်တစ်လိပ်သောက်ရင်း မျက်ရည်မျာ
ကျနေသည်။

စဝ်ရန်နိုင်က –

"ဇာခြည်..ကိုဗသန်းထိုက် ခေါ်နေတယ်"

သူမ စီးကရက်ကို အမှိုက်ပုံးထဲသို့ ဖိချေ၍ထည့်လိုက်





သည်။

မျက်ရည်ကို လက်ဖမိုးဖြင့် သုတ်၍အခန်းထဲသို့ ပြေးဝင်
သွားသည်။

စဝ်ရန်နိုင်က အပြင်ကောင်တာ၌ ဖုန်းဆက်နေသော
ကျော်ဇေယျထံသို့ လျှောက်သွားသည်။

"မှတ်တမ်းဌာနကို ခင်ဗျား ဆက်နေတာလား"

"အခု … ဦးထွန်းပိုင်နဲ့ ပြောနေတာ။ ဟို … လူဆိုး
ကြမ်းဖက်သမားအဖွဲ့ဆီက တိပ်ခွေတစ်ခွေ ရောက်လာတယ်
တဲ့။ သူတို့ထားရစ်ခဲ့တဲ့နေရာတစ်ခုမှာ သွားယူခဲ့ရတယ်လို့ပြော
တယ်.."

"အဲဒီ တိပ်ခွေထဲမှာ ဘာတွေပါသလဲ"

"မသိရသေးဘူး။ မှုခင်းနဲ့ပတ်သက်တဲ့ ဗဟိုသိပ္ပံ သုတေ
သနဌာနက စစ်ဆေးနေတုန်းပဲ ရှိသေးတယ်။ အခုချိန်လောက်
ဆို ပြီးလောက်ပြီလို့ ထင်တယ်။ ငါ ဦးထွန်းပိုင် ရုံးခန်းမှာသွားပြီး
နားထောင်ကြည့်လိုက်ဦးမယ်။ မင်းက နောက်မှပဲ ငါ့ကို အဲဒီရုံး
ခန်းမှာ လာတွေ့"

"ကောင်းပြီ…ကျွန်တော် လာခဲ့မယ်"

ဗသန်းထိုက်၏အရေးပေါ်အခန်းတံခါး ကျယ်လောင်စွာ
မြည်၍ပွင့်လာသည်။

ဇာခြည်၏ မျက်နှာတစ်ခုလုံး ဖြူဖွေး၍နေ၏။

မျက်ရည်များ အဆက်မပြတ် စီးဆင်းကျနေပြီး၊ သူမ
ပြေးထွက်လာခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဆရာမ...ဆရာမ..လာကြည့်ပါဦး ရှင်"

သူနာပြုဆရာမတစ်ဦး လူနာခန်းထဲသို့ ပြေးဝင်သွားသည်။

အခြားသူနာပြုဆရာမတစ်ဦးက တယ်လီဖုန်းကို ကိုင်လျက် ဂဏန်းကွက်နှစ်ကွက်ကို နှိပ်သည်။

"အထူးအရေးပေါ် ကုသရေးဌာနကပါ။ အရေးပေါ်ဖြစ်နေလို့ပါ...အမြန်...။ Code : No. Red! Code No . Red ..."

သူနာပြုဆရာမ ဖုန်းကိုချသည်။

ထို့နောက် လူနာအခန်းထဲသို့ ဝင်သွားသည်။

ကျော်ဇေယျ မျက်နှာမကောင်း...။

"ဘုရား...ဘုရား...။ ငါတို့ လူဝကြီး ဘာမှ မဖြစ်ပါစေနဲ့"

× × × × ×





## အခန်း (၁၂)

နောက်ထပ် နှစ်နာရီခွဲ တိတိအကြာ၌ဖြစ်သည်။

စဝ်ရန်နိုင်သည် ကျော်ဇေယျ၏ ရုံးခန်းအတွင်းသို့ ရောက်နေသည်။

တိပ်ခွေမှ ထွက်ပေါ်လာသံကို နားထောင်နေသည်။

နံနက်ပိုင်း (၅း၂၅)နာရီပင် ရှိနေပေပြီ။

တိပ်ခွေထဲမှ ထွက်ပေါ်လာသော အသံမှာ အမျိုးသားတစ်ဦး၏အသံဖြစ်သည်။ သက်လတ်ပိုင်းအရွယ်ရှိ လူတစ်ဦး၏ အသံဖြစ်သည်။ အစွန်းတစ်ဘက်ရောက်နေသည့် အေးစက်ခက်ထန်သော အသံမျိုးဖြစ်သည်။

"အာသာဝတီမြို့က ရဲအမှုထမ်းတွေအတွက် အထူး


www.burmeseclassic.com

www.burmeseclassic.com

ညွှန်ကြားချက် ပေးလိုက်တယ်။ ကျုပ်တို့ဟာ ထူးခြားတဲ့အဖွဲ့တစ်ခုပါ။ ကျုပ်တို့အဖွဲ့ကို သန့်စင်မွန်မြတ်တဲ့ "ကိတ်"အဖွဲ့လို့ အမည်ပေးထားတယ်...။

ကျုပ်တို့ရဲ့လှုပ်ရှားမှုအတွက် လိုအပ်တာက ငွေပဲ။ ကျုပ်တို့အတွက် ဒေါ်လာငွေ ငါးသန်းလိုချင်တယ်။ အဲဒီငွေကို မပေးရင်တော့ ကျုပ်တို့က ဖောက်ခွဲ ဖျက်ဆီးရေး လုပ်ငန်းတွေ လုပ်ပါလိမ့်မယ်။ ကျုပ်တို့က လွယ်လွယ်ခြိမ်းခြောက်နေတာ မဟုတ်ဘူး။ ကျုပ်တို့မှာ လိုအပ်တဲ့ လက်နက်အင်အား အပြည့်အစုံရှိပြီးသားပါ။

ဆိပ်ခံတံတား အမှတ် (၁၇) ဂိုဒေါင် ဖောက်ထွင်းခိုးယူတာ ကျုပ်တို့လုပ်တာဘဲ။ ကျုပ်တို့တောင်းတဲ့ ငွေမပေးရင်တော့ နောက်ထပ် လူတွေအများကြီး သေကုန်ကြရလိမ့်မယ်။ ဒီလောက်ဆို ခင်ဗျားတို့နားလည်လောက်ပါပြီ။ ကျုပ်တို့ရဲ့သန့်စင်မွန်မြတ်သော "ကိတ်"အဖွဲ့ကြီးက ခင်ဗျားတို့ကို နှုတ်ဆက်လိုက်ပါတယ်..."

× × ×

တပ်ခွေကို ကျော်ဇေယျ ရပ်လိုက်သည်။

ကော်ဖီအိုးထဲမှ ကော်ဖီနှစ်ခွက် ငှဲ့ထည့်သည်။ တစ်ခွက်ကို စဝ်ရန်နိုင်ထံသို့ လှမ်းပေးသည်။

စဝ်ရန်နိုင်သည် ထိုင်ခုံကို ကျောမှီ၍ ငြိမ်သက်စွာဖြင့် ထိုင်နေသည်။





စဝ်ရန်နိုင် မျက်မှောင်တစ်ချက်ကြုတ်၍ -

"သန့်စင်မွန်မြတ်သော "ကိတ်"အဖွဲ့ကြီးတဲ့ ... ဟုတ်လား။ လူယုတ်မာ၊ လူညစ်ပတ်၊ မကောင်းဆိုးရွား၊ အကြမ်းဖက်သမားတွေ စုစည်းထားတဲ့ အဖွဲ့တစ်ဖွဲ့ပေါ့..။ စာရင်းဇယားတွေထဲမှာ ခင်ဗျား ရှာကြည့်ပြီးပြီလား"

ကျော်ဇေယျက -

"စာရင်းတွေထဲမှာတော့ "ကိတ်" ဆိုတဲ့ နာမည် လုံးဝမရှိဘူး"

"ဒီအဖွဲ့ဟာ အကြမ်းဖက်အဖွဲ့အစည်းတစ်ခုပဲ။ ခင်ဗျားအနေနဲ့ ဘယ်လိုယူဆထားသလဲ"

ကျော်ဇေယျ သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ပြီး -

"ရှုးသွပ်နေတဲ့ အကြမ်းဖက်သမား လူဆိုးလူမိုက်တွေ ပေါင်းပြီး နာမည်ပေးထားတာပဲ ဖြစ်မယ်.."

"ကုန်ဂိုဒေါင် ဖောက်ထွင်းခံရမှုမှာ ဘာပစ္စည်းတွေ ပါသွားတယ်ဆိုတာ သိရပြီလား"

"အင်း ... သိရပါပြီ။ မင်း သိလိုက်ရရင် တုန်လှုပ်သွားနိုင်တယ်။ ဒီကောင်တွေ ခိုးထုတ်သွားတဲ့ပစ္စည်းကို သိလိုက်ရတဲ့အချိန်မှာ ငါတောင် လန့်သွားမိတယ်"

ကျော်ဇေယျသည် စားပွဲပေါ်မှ စာရွက်တစ်ရွက်ကိုယူ၍ လျက် ဖတ်ပြသည်။

"အော်တိုမက်တစ် ရိုင်ဖယ် (၁၀)လက်။ ကျည်ဆန် (...) ဖောက်ခွဲဖျက်ဆီးရေးဒိုင်းနမိုက် သေတ္တာတွေနဲ့ Violet Rocket


www.burmeseclassic.com

www.burmeseclassic.com

လက်နက်တွေပါသွားတယ်။ Violet Rocket အကြောင်းမင်းသိတယ်မဟုတ်လား"

"စမ်းသပ်ပြတာ တွေ့ဖူးတယ်။ ကြောက်စရာ ကောင်းလောက်အောင် ထိရောက်တဲ့ လက်နက်ပဲ"

"ဟုတ်တယ်...ငါလည်းအဲဒီလို သိထားတယ်"

ကျော်ဇေယျက စာရွက်ကို စားပွဲပေါ်သို့ ပစ်တင်လိုက်သည်။

"ဒီပစ္စည်းတွေက ဒေသတစ်ခုကို ပို့ပေးဖို့အတွက် ခဏသိမ်းထားတာ။ ဒီမကောင်းဆိုးရွားကောင်တွေ ဘယ်လိုလုပ်ပြီးသိသွားသလဲ မသိဘူး။ သူတို့ အုပ်စုဝင်ထဲက တစ်ယောက်ယောက်ဟာ ဒီဆိပ်ခံဗောတ်တားက အလုပ်သမား ဖြစ်ချင် ဖြစ်လိမ့်မယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဆက်သွယ်ချက်တစ်ခုခုတော့ ကျိန်းသေရှိရလိမ့်မယ်။ အတွင်းလူတစ်ယောက်ပါမှာ သေချာတယ်။ အဲဒီအချက်ကို သိရရင် ငါတို့အတွက် အကောင်းဆုံး သဲလွန်စတစ်ခုရလိမ့်မယ်"

စဝ်ရန်နိုင်က အခိုးခံရသော ပစ္စည်းစာရင်းကို တစ်ချက်ကြည့်သည်။

"အမျိုးသမီး အလောင်းဟာ ဘယ်သူ ဘယ်ဝါဆိုတာကော သိပြီးပြီလား"

"လက်ဗွေရာတွေ စစ်ဆေးနေတုန်းပဲ။ အဲဒါကို ဓာတ်ခွဲခန်းမှူး "ဝင်းမော်" က ဦးဆောင်ပြီး လုပ်နေတယ်။ ဒီကောင်မလေးမှာ စိတ်နယ်လွန် ပစ္စည်းသုံးစွဲတဲ့ အထောက်အထားတွေ





တယ်လို့ပြောတယ်။ တစ်နေရာရာကနေ သဲလွန်စတော့ ရနိုင်လိမ့်မယ်။ ငါတို့မှာ အချိန်ရဖို့ပဲ လိုမယ်"

စဝ်ရန်နိုင်က -

"ကျွန်တော်တို့မှာ အချိန်များများစားစား မရှိနိုင်ဘူး"

အတန်ကြာမျှ နှစ်ဦးသား တိတ်ဆိတ်သွားကြသည်။

နှစ်ဦးစလုံး ပင်ပန်းနွမ်းနယ်နေကြသည်။ မည်သူမျှ အိပ်ကြရသေးပေ။

စဝ်ရန်နိုင် တစ်စုံတစ်ခုကို တွေးလိုက်မိသည်။

"လူဝကြီး ဗသန်းထိုက်ရဲ့မှတ်ချက် မှတ်တမ်းတွေကိုစစ်ကြည့်ပြီးပြီလား။ ထူးခြားချက် ဘာတွေ့သလဲ"

ကျော်ဇေယျ ဆတ်ခနဲဖြစ်သွားသည်။

"ဟာ...မင်းပြောမှပဲ ငါသတိရတော့တယ်။ အဲဒီကိစ္စကိုချန်ခဲ့တဲ့ နှစ်နာရီကျော်ကျော်ကတည်းက ဖုန်းဆက်အကြောင်းကြားထားပြီးသွားပြီ။ ဟာ ... ဒီကောင်တွေ ဘာလုပ်နေကြလဲ မသိဘူး"

ပြောပြောဆိုဆိုနှင့် ကျော်ဇေယျဖုန်းကိုကိုင်၍ နံပါတ်များကို နှိပ်လိုက်သည်။

"ဟယ်လို...အခုပြောနေတာခု - စခန်းမှူးကျော်ဇေယျ။ လူသတ်မှုစုံစမ်း စစ်ဆေးရေးဌာနကပါ။ မှတ်တမ်းဖိုင်တွေထဲက ဘာတွေ့ထားရသလဲ"

ကျော်ဇေယျက ဆက်၍ပြောသည်။

"ကျောက်လှာမြို့နယ်က လူသတ်မှုတစ်ခု။ စဝ်ရန်နိုင်နဲ့


www.burmeseclassic.com

www.burmeseclassic.com



ဗသန်းထိုက်တို့တာဝန်ကျတယ်။ (....)ခုနစ်၊ ငါလွန်ခဲ့တဲ့ နှစ်နာ
ကျော်ကျော်ကပဲ မင်းတို့ဆီကို ဖုန်းဆက်ပေးတယ်။ ဘာဖြစ်လို့
ဒီအချိန်ထိ ကြာနေကြရတာလဲ"

ကျော်ဇေယျ ဒေါသထွက်၍လာသည်။

စဝ်ရန်နိုင်ဘက်သို့ လှည့်ကြည့်လိုက်ပြီး -

"သူတို့ ခုချိန်ထိ ဖိုင်တွဲတွေကို မရှာရသေးဘူးတဲ့။ ဘယ်
လောက်အထိ အားကိုးရတဲ့ အကောင်တွေလဲ...။ အဲဒါဘာကြည့်
ပေတော့"

ကျော်ဇေယျက ဆက်ပြောသည်။

"ဘာဖြစ်တယ်။ တောင်းခံစာလိုတယ် . . . ဟုတ်လား
သော့တွဲတွေက ဘယ်သူ့ဆီမှာ ရှိနေလို့လဲ"

စဝ်ရန်နိုင် ထိုင်ခုံမှ ထ၍လာသည်။

ကျော်ဇေယျ၏ လက်ထဲမှ ဖုန်းကို လှမ်းဆွဲယူလိုက်
သည်။

"အခု ပြောနေတာ အထူးရဲအရာရှိ စဝ်ရန်နိုင်ပါ။ ငါ ...
မင်းတို့ရုံးကို (၁၅)မိနစ်အတွင်း ရောက်အောင်လာခဲ့မယ်။ ဖိုင်
တွေကို အသင့် ရှာထားပါ။ ငါရောက်လာတဲ့ အချိန်အထိ ဖိုင်
တွေကို မရှာရသေးရင်တော့ မင်းတို့ကို ပင်လယ်အော်ထဲအ
ရောက်အောင်လွှင့်ပစ်ရလိမ့်မယ်။ ငါပြောတာ ရှင်းတယ်နော်

စဝ်ရန်နိုင်သည် တစ်ဘက်မှ ပြောသည့်အသံကို ...
မျှသာ နားထောင်ပြီး တယ်လီဖုန်းကို ဆောင့်၍ချလိုက်သည်။

ကျော်ဇေယျက မျက်လုံးများ မှေးစင်းလျက် -





"သူတို့က ဘာပြောလဲ"

စဝ်ရန်နိုင်က ပခုံးတစ်ချက် တွန့်လိုက်ပြီး -

"ဖိုင်တွဲတွေကို အဆင်သင့် ရှာထားပေးပါ့မယ်...တဲ့"

× × × × ×



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

နောက်တစ်နေ့ နံနက်ခင်း . . .။

စဝ်ရန်နိုင်သည် ဦးထွန်းပိုင်၏ ရုံးခန်းထဲ၌ ကြို၍စော

နေသည်။

စဝ်ရန်နိုင်၏လက်ထဲ၌ စာရွက်တစ်ရွက်ကို ကိုင်ထာ

သည်။ မျက်နှာထားမှာ တင်းမာ၍နေ၏။

ရုံးခန်းထဲသို့ ဦးထွန်းပိုင် ဝင်လာသည်။

လွန်ခဲ့သော သုံးနှစ်ကျော်ကျော်ခန့်က စဝ်ရန်နိုင်န

လူဝကြီး ဗသန်းထိုက်တို့အတူတွဲ၍ လုပ်ကိုင်ခဲ့သော အမှုတွဲမ

နှင့်ပတ်သက်၍ မှတ်တမ်းများ၊ ဖိုင်တွဲများ၊ အစီရင်ခံစာမျာ

မှတ်တမ်းဌာနချုပ်၌ လေးနာရီကျော်ကြာကြာ ပြန်လည်ရှာဖွေ

စစ်ဆေးပြီးသွားပေပြီ။





ဖိုင်တွဲအထုကြီးများ၊ စားပွဲပေါ်၌ အထပ်လိုက်စုပုံလျက်

ရှိနေပေသည်။

သူသည် ဖိုင်တွဲများကို စစ်ဆေးရင်း ပင်ပန်းနွမ်းနယ်မှု

ကြောင့် အိပ်ငိုက်သလို ဖြစ်သွားခဲ့ရသည့် အကြိမ်ပေါင်း ငါးကြိမ်

ကော ရှိသွားပေပြီ။

သို့သော် သူသည်ကြိုးစား၍အလုပ်ကို ဆက်လုပ်သည်။

လွန်ခဲ့သော (၄၅)မိနစ်ခန့်ကမှ သူလိုချင်သော အချက်

အလက်မှတ်တမ်းများကို တွေ့ရလေတော့သည်။

ဦးထွန်းပိုင်သည် အဖိုးတန်ဝတ်စုံတစ်စုံကို သပ်ရပ်စွာ

ဝတ်ဆင်ထားပြီး စဝ်ရန်နိုင်ကို ရွှင်လန်းစွာနှုတ်ဆက်သည်။

"မင်္ဂလာ မနက်ခင်းပါ...စဝ်။ မင်းကိုကြည့်ရတာ တစ်ည

လုံး မအိပ်ရသေးဘူးနဲ့တူတယ်"

"ဟုတ်ပါတယ်။ ကျွန်တော့်မှာ အရေးကြီးတဲ့ အလုပ်

တွေများနေလို့ပါ"

ဦးထွန်းပိုင်က တည်ငြိမ် အေးဆေးစွာပြောသည်။

"လူဝကြီး ဗသန်းထိုက်နဲ့ သူ့ရဲ့တွဲဘက် နေဇော်တို့နှစ်

ယောက်အတွက် စိတ်မကောင်းတဲ့အကြောင်း၊ ငါ ပထမဆုံး

ပြောချင်တယ်။ ဗသန်းထိုက်ဟာ မင်းနဲ့ အင်မတန်ရင်းနှီးခင်မင်

တဲ့ သူငယ်ချင်းတစ်ယောက်ဆိုတာ ငါ သိထားပါတယ်။ သူတို့နှစ်

ယောက်စလုံး လူတော် လူကောင်းတွေချည်းပဲ။ မနေ့ညက ဖြစ်ခဲ့

တာကတော့ အတော့်ကို ကြောက်စရာကောင်းတဲ့ အဖြစ်အပျက်

တစ်ခုပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ...သူ့မိန်းမ ဇာခြည်ဆီ ဖုန်းဆက်ပြီး ပြောလိုက်သေး တယ်။ တော်တော်သတ္တိရှိတဲ့ အမျိုးသမီးတစ်ယောက်ပဲ။ ဒီ လောက်အထိ ဆိုးရွားတဲ့ အခြေအနေနဲ့ ကြုံရတာတောင် သူ့စိတ် ကို သူ ထိန်းထားနိုင်တယ်"

စစ်ရန်နိုင်၏ ရင်ထဲ၌မူ ဦးထွန်းပိုင်၏ စကားများကို မယ ကြည်နိုင်ပေ။ ဟန်ဆောင်ပြီး ပြောသော စကားများဟုသာ သတ် မှတ်ထားသည်။ ဗသန်းထိုက်သေမည့်အစား ဦးထွန်းပို သေသွားသည်က ပိုကောင်းမည်ဟု စိတ်ထဲမှ တွေးနေမိသည်။ ဦးထွန်းပိုင်ကို ပြောချင်သော စကားများစွာရှိသည်။

သို့သော် -

ယခုအချိန်၌ မပြောသေး။ စစ်ရန်နိုင်တွင် အလုပ်များစွာ ရှိပေသေးသည်။

တစ်နေ့နေ့၌ ပြောဖြစ်မည်ဟုသာ တေးမှတ်ထားလိုက် သည်။

စစ်ရန်နိုင်က တည်ငြိမ်စွာဖြင့် ပြောလိုက်သည်။

"ဆရာ . . . ဒီအမှုကို ကျွန်တော်ပဲ လိုက်ပါရ ကျွန်တော်ကတော့ ဗသန်းထိုက်ကို သတ်သွားတဲ့ လူသ ကောင်နဲ့ သူ့ရဲ့လူတွေကိုပါ လိုက်ရှာပြီး ဖမ်းတော့မယ်။ ဆ အနေနဲ့ ကျွန်တော့်ကို တားဆီးမယ်လို့ မကြံစည်ပါနဲ့"

ဦးထွန်းပိုင်က -

"ဒီအချက်တွေ ပြောစရာ မလိုတော့ပါဘူး။ မင်းအနေ ဒီမနက် ခြောက်နာရီက.စပြီး လူသတ်မှု စုံစမ်းစစ်ဆေးရေး





ကိုပြန်ရောက်သွားပြီ။ မင်းကို ကျော်ဇေယျက ပြောမပြဘူးလား"

စစ်ရန်နိုင် ခေါင်းခါပြလိုက်သည်။

"သူနဲ့ ကျွန်တော် မတွေ့ရသေးဘူး။ ဆရာ့အနေနဲ့ ဘာဖြစ်လို့ လွယ်လွယ်နဲ့ စိတ်ပြောင်းသွားရတာလဲ"

ဦးထွန်းပိုင် ထိုင်ခုံ၌ ထိုင်လိုက်သည်။

"ငါလည်း ခံစားချက်ရှိတဲ့ လူတစ်ယောက်ပါ။ မင်းနဲ့ ဗသန်းထိုက်ဟာ အင်မတန် ခင်မင်ရင်းနှီးတဲ့ သူငယ်ချင်းတွေဆို တာ ငါသိထားတယ်။ ဒီအမှုနဲ့ပတ်သက်ပြီး မင်းအနေနဲ့ စိတ်ထိန်း ပြီး လိုက်ကြည့်ပါ။ မင်းအနေနဲ့ ငါ့ရဲ့အမိန့်တွေကို နာခံရမယ်။ မင်း လုပ်ချင်သလို လုပ်ခွင့်မပေးနိုင်ဘူး။ ဒါဟာ ငါတို့ ရဲတပ်ဖွဲ့နဲ့ သက် ဆိုင်တဲ့ အပိုင်းပဲ။ မင်းရဲ့ ခံစားချက်နဲ့လည်း မပတ်သက်ဘူး။ ငါ ပြောတာ နားလည်လား"

"ဟုတ်ကဲ့...နားလည်ပါတယ် ဆရာ"

ဦးထွန်းပိုင်က ခါးကို မတ်လိုက်ပြီး -

"မင်းအနေနဲ့ အခု ဘာတွေ စုံစမ်းလို့ ရထားသလဲ"

"ဒီနေ့မနက်ပိုင်း ဗသန်းထိုက်မဆုံးခင်မှာ သူ့ကို ဓားနဲ့ ထိုးသတ်တဲ့ အကောင် ဘယ်သူဆိုတာ ပြောသွားတယ်။ အဲဒီ ကောင်ရဲ့နာမည်ကို သူ မမှတ်မိပေမယ့် အဲဒီကောင်နဲ့ ပတ်သက် တဲ့ အမှုကို သူက မှတ်မိထားတယ်။ လွန်ခဲ့တဲ့ သုံးနှစ်က ကျောက် လှာမြို့နယ်မှာ ညဥ့်နက်မလေးတစ်ယောက် အသတ်ခံခဲ့ရတယ်။ ဒီကောင်က အသတ်ခံရတဲ့ ညဥ့်ငှက်မလေးကို ထိန်းချုပ်ထားတဲ့ အကောင်ပဲ။ ဒါနဲ့ ကျွန်တော် မှတ်တမ်းဌာနကို သွားပြီး ဗသန်း



www.burmeseclassic.com

www.burmeseclassic.com

ထိုက်ရဲ့မှတ်ချက်အပောင်းတွေကို သွားပြီး စစ်ဆေးကြည့်ခဲ့ပါ
တယ်"

"အဲဒီတော့ အမိကအချက်ကို တွေ့ခဲ့ရဲ့လား"

"တွေ့ခဲ့တယ် .. ဟောဒီ စာရင်း"

စဝ်ရန်နိုင်က စာရွက်တစ်ရွက်ကို လှမ်းပေးလိုက်သည်။

ဦးထွန်းပိုင်က စာရင်းများကို စိတ်ဝင်စားဟန်မပြဘဲ ဖတ်ရှုကြည့်သည်။

"ဝေလီ၊ ပိုင်ဖေ၊ လွန်မောင်၊ အတွဲ ..."

ဦးထွန်းပိုင်က ခေါင်းမော့လိုက်ပြီး -

"အခုကိစ္စထဲမှာ ဘယ်သူတွေ ရောပြီးပါနေမယ်လို့ ထင်သလဲ"

"လူစုံဘဲလို့ ပြောရလိမ့်မယ်။ ညဉ့်ငှက်မလေးတစ်ယောက်ပါတယ်။ ကုန်ဂိုဒေါင်ထဲမှာ သေနတ်နဲ့ အပစ်ခံရလို့ သေသွားတဲ့ ကောင်မလေးဟာ ဒေလီယာဆိုတဲ့ နာမည်နဲ့ နာမည်ကြီး ညဉ့်ငှက်တစ်ယောက်ပဲ။ မနှစ်က အဖမ်းခံခဲ့ရဖူးတယ်"

ဦးထွန်းပိုင် မျက်မှောင်ကြုတ်လိုက်ပြီး -

"ဒီလိုအမှုမျိုးမှာ ညဉ့်ငှက်တွေကို ထိန်းချုပ်ထားတဲ့ အကောင်က ဘယ်လိုလုပ်ပြီး ပါလာရတာလဲ။ ဒီကောင်က သေနတ်တွေ၊ ဖောက်ခွဲရေးပစ္စည်းတွေနဲ့ ဘာလုပ်မှာလဲ"

"ဒါပေမယ့် ... သူ့ကို ဗသန်းထိုက်က မှတ်မိနေတယ်"

"ဗသန်းထိုက် သေအံ့မူးမူးဖြစ်နေချိန်မှာ ထင်ရာမြင်ရာ ပြောတာမျိုးလည်း ဖြစ်နိုင်တယ်။ အဲဒီကောင်ကို သူ သေသေချာ





မြင်လိုက်ရပုံ မရှိဘူး။ ဒီလို အခြေအနေမျိုးမှာ စိတ်မာကျနဲ့ နောက်က သိပ်မမှန်ချင်တော့ဘူး"

စဝ်ရန်နိုင် ခေါင်းခါလိုက်သည်။

"လူဝကြီးဟာ လူတော်တစ်ယောက်ပါ။ အတွေ့အကြုံ ကျက်တဲ့ ရဲဝန်ထမ်းကောင်းတစ်ယောက်ပါ .. ဆရာ။ သူ့ရဲ့ သိညာဏ်က နိမ့်ကျမသွားသေးပါဘူး။ သူနဲ့ ကျွန်တော် ဆေးရုံ စကားပြောခဲ့ကြသေးတယ်။ သူ့အခြေအနေကို ကျွန်တော် ကောင်းကောင်းသိတယ်။ သူ့ကို ဘယ်သူသတ်တယ်ဆိုတဲ့ ကောင်ကို သူ မှတ်မိနေတယ်ဆိုတဲ့ စကားကိုတော့ သွားပြီး ငြင်း အခုန်လုပ်လိုက်ရင် လုပ်တဲ့သူ ရှုံးမှာ သေချာတယ်"

"အင်း ... အခု ငါတို့ ရင်ဆိုင်နေရတဲ့ အကောင်တွေဟာ စနစ်တကျ စုစည်းထားတဲ့ ကြေးစားအကြမ်းဖက်သမားတွေပဲ။ သူတို့ဟာ ငါတို့ရဲ့ အာသာဝတီမြို့တော်ကို ဖျက်ဆီးပစ်နိုင်တဲ့ လက်နက်တွေ့ ရှိထားကြတယ် ..."

"သူတို့ဆီပါသွားတဲ့ လက်နက်စာရင်း ကျွန်တော်တွေ့ ပြီးပါပြီ"

"ရှုံးကြောင်ကြောင် အကြမ်းဖက်သမားတွေအတွက် တော့ ငါတို့ရဲတွေဟာ လှုပ်ရှားနေတဲ့ အကောင်းဆုံးပစ်မှတ် တွေ ဖြစ်နေတယ်။ အခု "ကိတ်" ဆိုတဲ့ အကြမ်းဖက်ဂိုဏ်းတစ်ခု ပေါ်လာပြန်ပြီ။ ငါတို့ဌာနက ရဲတပ်ဖွဲ့ဝင်အားလုံးကို အခု အမှုနဲ့ ပတ်သက်ပြီး တာဝန်ချထားပေးလိုက်ပြီ။ ဒီအမှုကိစ္စနဲ့ ပတ်သက် ပြီး မင်းက ခေါင်းဆောင်ပဲ။ ဒီအမှုနဲ့ ပတ်သက်လို့ လိုတာအားလုံး



www.burmeseclassic.com

www.burmeseclassic.com



ကိုပြော။ အားလုံး ရစေရမယ်။ ရဲမှူးကြီးကလည်း ဒီအမှုနဲ့ ပတ်သက်တဲ့ တရားခံတွေကို အမြန်ဆုံး ဖမ်းဆီးနိုင်းနေပြီ...”

“နောက် တစ်နာရီအကြာမှာ သံလွင်ညှိုသေနတ်ပစ်ကွင်းမှာ Violet Rocket လက်နက် အသုံးပြုပုံကို သက်ဆိုင်ရာ အဖွဲ့ကလာပြီး ပြသလိမ့်မယ်။ ဒီအမှုမှာပါဝင်တဲ့ အထူးအေးဂျင့်တွေ၊ ရဲအရာရှိတွေအားလုံး သံလွင်ညှိုသေနတ်ပစ်ကွင်းကို အရောက်လာခဲ့စေချင်တယ်။ မင်းတို့အနေနဲ့ ဘယ်လိုလက်နက်မျိုးနဲ့ ရင်ဆိုင်ရမယ်ဆိုတာ ကြိုပြီးသိထား ပြင်ထားစေချင်လို့ပဲ”

စဝ်ရန်နိုင် ထိုင်ရာမှ ထ.ရပ်လိုက်သည်။

“ကျွန်တော် Violet Rocket ပစ်ပုံကိုမြင်ဖူးထားပါတယ်။ ကျွန်တော့်မှာ အရေးကြီးတဲ့ အလုပ်တွေရှိသေးတယ်။ သေနတ်ပစ်ကွင်းကို သွားကြည့်ဖို့ အချိန်ရှိမှာ မဟုတ်တော့ဘူး”

ဦးထွန်းပိုင်က -

“ခဏနေဦး...စဝ်”

စဝ်ရန်နိုင်က နောက်ပြန်လှည့်လိုက်ပြီး -

“ဘာဖြစ်လို့လဲ...ဆရာ”

“မင်းကသာ Violet Rocket ပစ်ပုံမြင်ဖူးထားတာ။ မင်းရဲ့တွဲဘက်က မြင်ဖူးသေးတာ မဟုတ်ဘူး...”

“ကျွန်တော့်ရဲ့တွဲဘက်ဟုတ်လား...ဘယ်သူလဲ”

“မင်းရဲ့တွဲဘက်အသစ်ကို ငါကိုယ်တိုင် တာဝန်ချထားပေးပြီးပြီ”

ဦးထွန်းပိုင်က အင်တာကွန်းခလုတ်ကို နှိပ်လိုက်သည်။

“ဪ...ဦးမြင့်လှိုင်လား။ ရဲစုံထောက်စုံစမ်းရေးမှူး မေဘုန်းရှိန်ကို ရုံးခန်းထဲ လွှတ်ပေးလိုက်ပါ”

စဝ်ရန်နိုင် ရင်ထဲ၌ မအီမလည် ခံစားလိုက်မိသည်။

ဤအမည်သည် သူ့အတွက် စိတ်ဝင်စားစရာ မရှိပေ။

ရုံးခန်းတံခါးပွင့်၍သွားသည်။

တံခါးဝ၌ ရပ်နေသူမှာ အမျိုးသမီးတစ်ဦး။ ယမန်နေ့က ...ဘ်ဖြေစာမေးပွဲ၌ တွေ့ခဲ့ရသည့် အမျိုးသမီးရဲ့အဖွဲ့ဝင် မေဘုန်း...န်းပင်ဖြစ်သည်။

သူမသည် မေးခွန်းများကို မှန်ကန်တိကျစွာ ဖြေဆိုနိုင်...ဖြစ်သည်။

ဉာဏ်ကောင်းသော အမျိုးသမီးတစ်ဦးဖြစ်သည်ဟု ဆို...ပေမည်။

ယခုအချိန်၌ -

သူမသည် လူသတ်မှု စုံစမ်းစစ်ဆေးရေးဌာန၌ စုံစမ်းရေးမှူး ရဲစုံထောက်တစ်ဦး ဖြစ်နေပေပြီ။ ထို့ပြင် စဝ်ရန်နိုင်နှင့် ...တွဲဘက်လည်း ဖြစ်နေပြန်သည်။

စဝ်ရန်နိုင် စိတ်ရှုပ်ထွေးသွားရသည်။

ဦးထွန်းပိုင်က သူတို့နှစ်ဦးအား ပြုံးရွှင်သော အမူအရာ...ဖြင့် မိတ်ဆက်ပေးလိုက်သည်။

“ဒါက အထူးရဲအရာရှိ စဝ်ရန်နိုင်။ သူက ရဲစုံထောက်...စုံစမ်းရေးမှူး မေဘုန်းရှိန်...”

မေဘုန်းရှိန်က ချစ်စဖွယ်ပြုံးသည်။





www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့၊ အထူးရဲအရာရှိ စဝ်ရန်နိုင်နဲ့ ကျွန်မ သိထားကြပြီးပါပြီ"

"ဟုတ်လား…ဒါဆို ပိုအဆင်ပြေသွားတာပေါ့"

ဦးထွန်းပိုင်က စဝ်ရန်နိုင်၏ မျက်နှာကို မသိမသာ အကဲခတ်လိုက်သည်။

စဝ်ရန်နိုင်က လက်ကာ၍ -

"ခဏ နေပါဦး ဆရာ။ ဒီအမှုကို ကျွန်တော်တစ်ယောက်တည်းပဲ လိုက်ပါရစေ။ ဒီအမှုမှာ အဖော်တစ်ယောက်မှ မလိုချင်ဘူး။ အဖော်ပါနေရင် ကျွန်တော့်အနေနဲ့ လုပ်ရကိုင်ရတာ ခက်ခဲကြန့်ကြာနေဦးမယ်…"

ဦးထွန်းပိုင် ခပ်ထေ့ထေ့လေသံဖြင့် -

"ဒီမှာ…စဝ်ရန်နိုင်။ မင်းအနေနဲ့ ဘာရွေးချယ်ပိုင်ခွင့်မှ မရှိဘူး။ မင်း…မေဘုန်းရှိန်နဲ့အတူတွဲပြီး အလုပ်လုပ်ချင်ရင်လုပ်၊ မလုပ်ချင်ရင် မင်း ဝန်ထမ်းရေးရာဌာနကို ပြန်ပေတော့။ ကဲ…မင်းကြိုက်တဲ့ လမ်းကို ရွေးနိုင်တယ်"

ဤကိစ္စနှင့်ပတ်သက်ပြီး စဝ်ရန်နိုင် နားလည်လိုက်သည်။

ဦးထွန်းပိုင်သည် မိမိကို အပိုင်ချည်နှောင်လိုက်ခြင်းပင်ဖြစ်ရပေမည်။ "ပြစ်ဒဏ်" တစ်ခု ချလိုက်သည်ကဲ့သို့ စဝ်ရန်နိုင်အား မေဘုန်းရှိန်နှင့်အတူ လက်တွဲ၍ တမင် အမှုလိုက်စေခြင်းပင်ဖြစ်မည်။

စဝ်ရန်နိုင် စကားတစ်ခွန်းမျှ မပြောပဲ၊ ရုံးခန်းထဲမှ ချာခနဲ





လှည့်ထွက်လာခဲ့သည်။

ဦးထွန်းပိုင်ကမူ အောင်နိုင်သူအပြုံးဖြင့် ကျန်ရစ်ခဲ့မည်မှာ သေချာပေသည်။

× × ×

စဝ်ရန်နိုင် စင်္ကြံလမ်းရှည်ကြီးအတိုင်း ခြေလှမ်းကျဲကျဲဖြင့် မြန်မြန်လျှောက်သွားသည်။

သူ၏နောက်မှ မေဘုန်းရှိန် မနည်းကြိုးစား၍ အမီလိုက်၍လာသည်။

"စဝ်ရန်နိုင်…စဝ်ရန်နိုင်"

မေဘုန်းရှိန် သူ၏ဘေးမှ ကပ်၍လိုက်လာရင်း ပြောသည်။

"ရှင်နဲ့ကျွန်မ အခုလိုလက်တွဲပြီးအတူတူ အလုပ်လုပ်ဖို့ကျွန်မက လူကြီးတွေဆီမှာ မတောင်းခဲ့ပါဘူး။ ဒီကိစ္စဟာ ကျွန်မရဲ့စိတ်ကူးလည်း မဟုတ်ပါဘူးရှင်"

စဝ်ရန်နိုင်က လေသံခပ်တင်းတင်းဖြင့် -

"ငါ့အလုပ်ထဲမှာ မင်းပါလာတာ၊ ငါ့အတွက်ကတော့ ပြဿနာပဲ"

စင်္ကြံလမ်းအဆုံး၌ စဝ်ရန်နိုင်က ဓာတ်လှေကားခေါ်သည့်ခလုတ်ကို နှိပ်၍စောင့်သည်။ မေဘုန်းရှိန်က မောပန်းစွာဖြင့် သူ၏ဘေး၌ ရပ်လျက်ရှိနေသည်။

"ကျွန်မကို မိန်းမတစ်ယောက်ဆိုပြီး ဂရုစိုက်စရာ၊ အခွင့်အရေး ပေးစရာ မလိုပါဘူး၊ ရှင့်အနေနဲ့ ကျွန်မကို လုပ်ဖော်ကိုင်


www.burmeseclassic.com

www.burmeseclassic.com



ဘက်ရဲအရာရှိတစ်ဦးအဖြစ် သတ်မှတ်ရင် ပြီးတာပါပဲ"

စဝ်ရန်နိုင်က မဲ့ပြုံးတစ်ချက် ပြုံးလိုက်ပြီး -

"မင်း စကားပြောတာ နားထောင်လို့ အတော်ကောင်းသားပဲ"

မေဘုန်းရှိန် ပင့်သက်တစ်ချက် ချလိုက်သည်။

ဓာတ်လှေကား တံခါးပွင့်သွားသည်။

မေဘုန်းရှိန်က အပြင်ဘက်မှ လှမ်း၍ကြည့်နေသည်။

စဝ်ရန်နိုင်က သူမဘက်သို့ လှည့်ကြည့်၍ -

"မင်း ဘာလုပ်နေတာလဲ။ ဓာတ်လှေကားထဲဝင်လေ"

သူမက မသိမသာပြုံး၍ ပြောသည်။

"ရှင်နဲ့အတူ ကျွန်မကို မလိုက်စေချင်ဘူးလို့ ကျွန်မ ထင်နေတာ..."

မေဘုန်းရှိန်ဓာတ်လှေကားထဲသို့ ဝင်လာသည်။

ဓာတ်လှေကားက အောက်ထပ်သို့ တရိပ်ရိပ် ဆင်း၍သွားသည်။

× × × × ×





## အခန်း (၁၄)

သံလွင်ညို့ သေနတ်ပစ်ကွင်း...။

သီးသန့် သေနတ်ပစ်ကွင်းတစ်ခုဖြစ်သည်။

အညိုရောင် မြက်ခြောက်ပင်များက ဖုံးလွှမ်း၍နေ၏။ ကျယ်ပြန့်သော ကွင်းပြင်ကျယ်ကြီးတစ်ခု ဖြစ်သည်။

ကွင်းပြင်၏တစ်ဘက် အစွန်း၌ ပစ်မှတ်အဖြစ် အသုံးပြုရန် ဒွေါဂျစ်ကား အဟောင်းကြီးတစ်စီး ရပ်ထားသည်။

ဦးထွန်းပိုင်နှင့် ကျော်ဇေယျတို့က ရဲစုံစမ်းရေးမှူး ရဲစုံထောက်များကို အသင့်ခေါ်ဆောင်ထားကြပြီး ဖြစ်နေသည်။

စဝ်ရန်နိုင်နှင့် မေဘုန်းရှိန်တို့က နောက်ဆုံးမှ ရောက်လာကြခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မြို့တော်စည်ကမ်းထိန်းသိမ်းရေးမှူး၏ လက်ထော
ဖြစ်သူ ကျော်မိုးအောင်သည် အရပ်မြင့်မြင့် ရဲကြပ်ကြီးတစ်ဦး
တီးတိုးစကားပြောနေကြသည်။

ဦးထွန်းပိုင်က လှမ်း၍ပြောသည်။

"မင်းတို့နှစ်ယောက် သိပ်နောက်ကျတယ်"

ကျော်ဇေယျက -

"ဒါက... သူ့ရဲ့ပုံမှန်ထုံးစံ..."

စဝ်ရန်နိုင်က ခပ်ပြုံးပြုံး အမူအရာဖြင့် -

"ရဲစုံစမ်းရေးမှူး မေဘုန်းရှိန် မိတ်ကပ်ဝင်လိမ်းနေတာ
နဲ့ နည်းနည်းကြာသွားတာ ခွင့်လွှတ်ပါ ဆရာ..."

မေဘုန်းရှိန် ဘာမျှမပြောပဲ ခေါင်းငုံ့၍နေသည်။

ဦးထွန်းပိုင်က အရပ်မြင့်မြင့် တပ်ကြပ်ကြီးကို ခေါ
တစ်ချက်ညိတ်ပြသည်။

"တပ်ကြပ်ကြီး... ခင်ဗျားဘက်က အသင့်ဖြစ်ရင် စ.
ရပါပြီ"

"ဟုတ်ကဲ့... ဆရာ"

ရဲတပ်ကြပ်ကြီးက သူ၏ ခြေထောက်အနီးရှိ သေတ္တ
တစ်လုံးကိုဖွင့်သည်။ အတွင်းမှ Violet Rocket သေနတ်ကိုထုတ်
ယူလိုက်သည်။

ရဲတပ်ကြပ်ကြီးက အားလုံးဘက်သို့ မျက်နှာမူလိုက်
သည်။

"ဒီလက်နက်ကို အမ် - ၄၅။ Violet Rocket လို့ခေါ်





တယ်။ အပေါ်စား သံချပ်ကာကားပစ် ဒုံးကျည်လက်နက်လို့ခေါ်
ပါတယ်။ Violet Rocket ဒုံးကျည်ဟာ တစ်ခါသုံး တစ်ချက်ပစ်
ဒုံးကျည်အမျိုးအစား ဖြစ်ပါတယ်။

ရဲတပ်ကြပ်ကြီးက Violet Rocket ကို အားလုံးမြင်သာ
အောင် မြှောက်၍ပြပြီး ရှင်းပြနေသည်။

"ဒီလက်နက်ဟာ အရွယ်အစား သေးငယ်အောင် တီ
ထွင်တာဖြစ်လို့ သယ်ဆောင်တဲ့နေရာမှာ ပေါ့ပါးလွယ်ကူမှုရှိပါ
တယ်။ တစ်ခြားဘာဇူကာလောင်ချာ၊ ဒုံးကျည်တွေမှာ ဒီလက်နက်
မျိုးသုံးရင် လူနှစ်ယောက် လိုအပ်ပါတယ်။ တစ်ယောက်က ကျည်
ထည့်ပေးပြီး ကျန်တစ်ယောက်က ခလုတ်ဆွဲပြီး ပစ်မှတ်ကို ပစ်
ခတ်ရပါတယ်..."

"Violet Rocket ကတော့ တစ်ဦးတည်းပစ်ခတ်လို့ရပါ
တယ်။ ဒီလက်နက်ဟာ ဆီလီကွန်ဖိုက်ဘာဖန်သားနဲ့ ပြုလုပ်ထား
ပြီး အရှည် (၄၅) လက်မရှိပါတယ်။ သေနတ်ပြောင်းရဲ့အချင်း
သုံးလက်မခွဲရှိပြီး တစ်လက်မအထူရှိတဲ့ သံချပ်ကာကားကိုယ်
ထည်ကို ကျည်တစ်တောင့်တည်းနဲ့ ဖောက်ထွင်းပစ်ခွင်းနိုင်စွမ်း
ရှိပါတယ်"

Violet Rocket ကို ကျန်လူများက တစ်ဦးစီ ကိုင်တွယ်
လှေ့လာကြည့်ရှုကြသည်။ ရဲတပ်ကြပ်ကြီးက ခေတ္တရပ်၍ စောင့်
နေသည်။ သူ၏လက်ထဲသို့ Violet Rocket ပြန်ရောက်သော
အခါ၌...

"ကဲ... ဒီလက်နက်ရဲ့ အလုပ်လုပ်ပုံနဲ့ စွမ်းရည်ကို



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ပြပါ့မယ်။ Violet Rocket ကိုပစ်ခတ်တော့မယ်ဆိုရင် ဟောဒီ အလယ်နေရာက "ပင်" ကို အနောက်ဆွဲထုတ်လိုက်ပါ။ ပြီးတော့ ရှေ့ဘက်နဲ့ နောက်ဘက်မှာ တပ်ထားတဲ့ အဖုံးနှစ်ခုကို ဖြုတ်ပစ်လိုက်ပါ..."

ရဲတပ်ကြပ်ကြီးက အလယ်နေရာမှ "ပင်" ကို အနောက်သို့ဆွဲသည်။ ရှေ့ နောက် အဖုံးများကို ဖွင့်လိုက်သည်။

"ပြီးတာနဲ့ ဟောဒီလို ဆွဲဆန့်ထုတ်ရပါတယ်"

ရဲတပ်ကြပ်ကြီးက ဖန်သားပြွန်ချောင်း၏ နောက်ပိုင်းကို လက်တစ်ဘက်ဖြင့် ဆွဲဆန့်ထုတ်လိုက်၏။ ဖန်ပြွန်ချောင်းသည် နောက်ထပ် အရှည်လက်မ (၂၀) ခန့် ထပ်မံ ထွက်၍လာသည်။

တပြိုင်တည်းမှာပင် ရှေ့နောက် ချိန်မှတ်ပွိုင့်များထောင်၍တက်လာသည်။

Violet Rocket ပြောင်းကို အပြည့်ဆန့်ထုတ်လိုက်တာနဲ့၊ ရှေ့နောက် ချိန်မှတ် ပွိုင့်တွေ အလိုအလျောက်ထောင်ပြီး တက်လာကြတယ်။ အဲဒီအချိန်မှာ မောင်းထိန်းခလုတ်ကို ဖြုတ်ပါပဲ"

ရဲတပ်ကြပ်ကြီးက မောင်းတံတစ်ခုကို ဖြုတ်လိုက်၏။

"Violet Rocket ဟာ ကျည်ဆန်တပ်ပြီး ပစ်ခတ်ရုံ ရှိပါတော့တယ်။ ပစ်ဖို့ ခလုတ်က ဟောဒီ နေရာမှာပါ"

တပ်ကြပ်ကြီးက ဖန်ပြွန်ချောင်းရှည်၏ အပေါ်ဘက်ရှိ အနီရောင်သတ္တုခလုတ်တစ်ခုကို လက်ညှိုးနှင့် အသာအယာ ထောက်၍ပြလိုက်သည်။





"ကဲ...ဘာများ မေးစရာရှိပါသေးသလဲ"

မေးမည့်သူတစ်ဦးမျှ မရှိပေ။

"ကောင်းပြီ...ဒါဆို ပစ်မှတ်ကို ပစ်ခွင်ပြပါ့မယ်"

ရဲတပ်ကြပ်ကြီးသည် ရဲစုံစမ်းရေးမှူးများ၏ဘေးမှ ထွက်ခွာသွားပြီး Violet Rocket ကို သူ၏ ပခုံးပေါ်သို့ ထမ်းတင်လိုက်သည်။ ရှေ့ဘက်ကိုက် တစ်ရာအကွာရှိ "ပစ်မှတ်ဒေါ့ဂျစ်ကား ဟောင်း"ကြီးဆီသို့ လှမ်း၍ ချိန်ရွယ်လိုက်သည်။

ကျော်ဇေယျက စဝ်ရန်နိုင်ဘက်သို့လှည့်၍ -

"ဆိပ်ခံတံတား အမှတ် (၁၇)မှာ အသတ်ခံရတဲ့ ညစောင့်အဘိုးကြီးရဲ့ အလောင်းကို ဒီနေ့(၁)နာရီမှာ ရင်ခွဲစစ်ဆေးကြလိမ့်မယ်လို့ ရောဂါဗေဒဌာနက ပြောတယ်။ လိုအပ်ရင်တော့ မင်းအနေနဲ့ သွားပြီး စုံစမ်းကြည့်ရင် ပိုကောင်းမယ်လို့ ထင်တယ်"

စဝ်ရန်နိုင်သည် ပတ်ဝန်းကျင်ကို မသိမသာ လှည့်ပတ်ကြည့်ရှုလိုက်သည်။

Violet Rocket ပစ်ခတ်ပြခြင်းကိုပြည့်စုံစွာမြင်လိုသည့် မေဘုန်းရှိန်သည် ရဲတပ်ကြပ်ကြီး၏နောက်ဘက်သို့ ချဉ်းကပ်သွားသည်ကို သတိထားလိုက်မိသည်။

မေဘုန်းရှိန်သည် Violet Rocket ၏နောက်မြီးဘက်နှင့် တစ်တန်းတည်း တည့်မတ်စွာ ရပ်နေခြင်းဖြစ်သည်။

"ဘုရား...ဘုရား...ဒုက္ခပါပဲ"

စဝ်ရန်နိုင် ရှေ့ဘက်သို့ တစ်ရှိန်ထိုး ပြေးတက်သွား



www.burmeseclassic.com

www.burmeseclassic.com



သည်။

မေဘုန်းရှိန်၏အကျီကော်လာစကို သူ၏ဘက်သို့ အရှိန်ပြင်းစွာဆောင့်ဆွဲလိုက်သည်။

သူမက နားမလည်သည့် အမူအရာဖြင့် -

"ဒါ...ရှင်...ရှင်....ဘာလုပ်.."

သူမ၏စကားမဆုံးမီ...

စက္ကန့်ပိုင်းမျှသော အချိန်အတွင်း၌ -

ရဲတပ်ကြပ်ကြီးသည် Violet Rocket ၏ခလုတ်ကိုဆွဲ၍ ပစ်မှတ်သို့ ပစ်ခတ်လိုက်၏။

ရော့ကတ်လက်နက်၏ နောက်မြီးပိုင်းမှ တောက် သော အနီရောင် မီးလျှံတန်းကြီးသည် မေဘုန်းရှိန် ရပ်နေခဲ့သော နေရာကို ဖြတ်ကျော်၍ အရှိန်ပြင်းစွာ ပန်းထွက်သွားသည်။

မီးကျည်မီးခဲ သဖွယ် နီရဲစွာတောက်လောင်နေသော ဒုံးကျည်သည် ဖန်ပြွန်ချောင်း၏ရှေ့မှ အရှိန်ပြင်းထန်စွာ ပြေ ထွက်သွားသည်။

ဒုံးကျည်သည် ပစ်မှတ်ဖြစ်သော ဒေါ့ဂျစ်ကားကို တည် မတ်စွာ ထိမှန်သွားသည်။

စက္ကန့်ပိုင်းအတွင်း၌ မည်သို့မျှ ထူးခြားချက်ဖြစ်မလာ သေးပေ။

ခေတ္တမျှအကြာ၌ -

ဒေါ့ဂျစ်ကားသည် မီးတောက်မီးလျှံ မီးစွယ်များအဖြ သို့ ပြောင်းသွားသည်။ ကျယ်လောင်သော ပေါက်ကွဲသံနှင့်အတူ





ဒေါ့ဂျစ်ကားမှာ တစ်စစီဖြစ်သွားသည်။

ပေါက်ကွဲသံမှာ ပြင်းထန်ကျယ်လောင်လွန်းလှသည်။

ပတ်ဝန်းကျင်တစ်ခုလုံး ပွဲတင်ရိုက်ခတ်၍ တုန်ဟီးသွား ပေသည်။

မီးတောက် မီးလျှံများ စွဲလောင်နေသော ဒေါ့ဂျစ်ကား၏ အထက်ဘက်သို့ အနမြူမှိုပွင့်သဏ္ဍာန် မီးခိုးလုံးအသေးစားလေး တစ်ခု တက်၍လာသည်ကို တွေ့လိုက်ရသည်။

မေဘုန်းရှိန်သည် ပစ်မှတ်ဒေါ့ဂျစ်ကား၏ ကြွင်းကျန်ရစ် သော အပိုင်းအစများကိုကြည့်သည်။

စောစောပိုင်းက သူမရပ်နေခဲ့သောနေရာကို ပြန်၍ ကြည့်သည်။

ဒုံးကျည်နောက်မြီးပိုင်းမှ ထွက်သော မီးတောက်မီးစွယ် းသည် ဆယ်ပေပတ်လည်ခန့် အကျယ်ရှိသော မြေပြင်ကို ည်းနက်သွားသည့်အထိ လောင်ကျွမ်းသွားသည်ကို မေဘုန်း တွေ့လိုက်ရသည်။

စစ်ရန်နိုင်ကသာ သူမကို Violet Rocket ၏နောက်မှနေ ဆွဲဖယ်ထုတ်ခြင်း မပြုလုပ်ခဲ့မိလျှင် -

သူမ၏အခြေအနေ မည်သို့ဖြစ်ပျက် ပြောင်းလဲသွား ည်ကို သူမ ဆက်၍မတွေးရဲတော့ပေ။ သူမ၏တစ်ကိုယ်လုံး အေး က်တောင့်တင်းသွားသည်။

ဦးထွန်းပိုင်က ထိုအဖြစ်အပျက်ကို လုံးဝ သတိမထားမိ က်ပေ။



www.burmeseclassic.com

ဦးထွန်းပိုင်က သူ၏လူများဘက်သို့ လှည့်၍ပြောသည်။

"ကဲ... Violet Rocket နဲ့ပတ်သက်တဲ့စမ်းသပ် ပစ်ခတ်မှုသရုပ်ပြပွဲကတော့ပြီးသွားပါပြီ။ ဒီလက်နက်မျိုးဟာ ထိရောက်ပြင်းထန်ပြီး ဘယ်လောက်အထိ ကြောက်စရာ ကောင်းတယ်ဆိုတာ မင်းတို့ကိုယ်တွေ့မျက်မြင်ပဲ။ ဒီလိုလက်နက်မျိုး ရူးသွပ်နေတဲ့ အကြမ်းဖက်သမားတွေရဲ့လက်ထဲရောက်သွားရင် ဘယ်လိုဖြစ်ကုန်နိုင်မလဲဆိုတာ စဉ်းစားကြည့်ကြ။ Violet Rocket နဲ့အကြမ်းဖက်သမားတွေကို အမြန်ဆုံးတွေ့အောင်ရှာဖွေပြီး ဖမ်းဆီးကြမယ်။ ဒီကောင်တွေလက်နက်ကို အသုံးမပြုနိုင်ခင်မှာ ဖမ်းမိနိုင်ဖို့လိုတယ်။

ငါတို့မှာ အချိန်မရှိဘူး။ အမြန်ဆုံး အလုပ်.လုပ်ကြရလိမ့်မယ်။ အကြမ်းဖက်သမားတွေကို ငါတို့က အချိန်မီ ဖမ်းဆီးချုပ်ကိုင်နိုင်ဖို့အရေးကြီးတယ်။ ကောင်းပြီ...ငါတို့ဟာ ပြည်သူတွေကို ကာကွယ်စောင့်ရှောက်ဖို့အတွက် အလုပ်.စလုပ်ကြရအောင်"

စဝ်ရန်နိုင်က မေဘုန်းရှိန်ကို လှမ်းကြည့်သည်။

မေဘုန်းရှိန်သည် ဒုံးကျည်နောက်မြီးမှ ပန်းထွက်လာသော မီးလောင်ကွက်မြေပြင်ကို ကြောင်အမ်းအမ်းဖြင့် စိုက်ကြည့်နေဆဲပင်ရှိသေးသည်။

သူမ တုန်လှုပ်ချောက်ချားမှု မပြေချင်သေးပေ။

စဝ်ရန်နိုင်က လှမ်း၍ အော်ခေါ်လိုက်သည်။

"ဟေး...မေဘုန်းရှိန်။ ငါတို့ သွားကြရအောင်"

ထိုအခါမှပင် -





မေဘုန်းရှိန် သတိပြန်ဝင်လာသည်။

စဝ်ရန်နိုင်၏ နောက်သို့ ပြေး၍လိုက်သွားသည်။

စဝ်ရန်နိုင်က ကားတံခါးကို ဖွင့်လိုက်သည်။

မေဘုန်းရှိန် မျက်တောင် တဖျတ်ဖျတ်ခတ်သည်။ တံတွေးတစ်ချက်မျိုချသည်။ ပကတိ ရိုးသားသန့်စင်သော အပြုံးတစ်ရပ်ပြုံးလိုက်သည်။

"စဝ် . . . စောစောက ကျွန်မကို ကယ်လိုက်တဲ့အတွက် ပြောမပြတတ်အောင် ကျေးဇူးတင်ပါတယ်ရှင်"

စဝ်ရန်နိုင်က မျက်ခုံးတစ်ချက် ပင့်လိုက်ပြီး -

"ကိစ္စမရှိပါဘူးကွာ။ ငါနဲ့တွဲဘက်လုပ်တဲ့ လူတစ်ယောက် အလုပ်စ.တင်ဝင်တဲ့နေ့မှာပဲ ပြာမှုန့်ကလေးတွေအဖြစ် ရောက်သွားတာမျိုးတော့ ငါ မလိုလားပါဘူး။ မင်း ဘာမှမဖြစ်အောင် ငါ့အနေနဲ့ ဒါလောက်တော့ ကူညီသင့်ပါတယ်..."

မေဘုန်းရှိန် မသိမသာ မျက်စောင်းထိုးလိုက်မိသည်။

ဒီလူကြီးနဲ့ စကားပြောရတာ သိပ်အဆင်မပြေဟု သူမ တွေးလိုက်မိသည်။

× × × × ×



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

ရုံးချုပ်သို့ ကားနှင့်ပြန်လာကြသည်။

ပယင်းဝါ ပန်းခြံတံတား၏ မြောက်ဘက်မှ ကားကိုပတ်၍ထွက်လာသည်။

ခရေမြိုင်ရိပ်သာလမ်းအရောက်၌ -

ရေဒီယို ဆက်သွယ်ရေးစက်မှ ခေါ်သံကြားရသည်။

စဝ်ရန်နိုင် ရေဒီယို ဆက်သွယ်ရေးစက်၏ ခလုတ်ကို လှည့်လိုက်သည်။

"အထူးရဲအရာရှိအမှတ် (၀၀၄)။ အထူးရဲအရာရှိအမှတ် (၀၀၄)..."

စဝ်ရန်နိုင်က မိုက္ကရိုဖုန်းကို ဖြုတ်ယူလိုက်ပြီး -

"အထူးရဲအရာရှိ (၀၀၄) ပြောနေတယ်..."

"ကွမ်တမ်ဓာတ်ငွေ့နဲ့ အီလက်ထရွန်းနစ်ကုမ္ပဏီက





ထရပ်ကားကြီးကို လိပ်ပြာအင်္ဂူက ဂိုဒေါင်ဟောင်းကြီးထဲမှာ တွေ့ရတယ်။ သရပါလမ်းထောင့်က ဂိုဒေါင်းဟောင်းထဲမှာရှိတယ် .. ဒါပဲ"

စဝ်ရန်နိုင်က -

"အထူးရဲအရာရှိ (၀၀၄) . .။ ကွမ်တမ်ကုမ္ပဏီ ထရပ်ကားဆီကို အခုသွားတော့မယ်။ ဒါပဲ..."

စဝ်ရန်နိုင်သည် ကားကို လိပ်ပြာအင်္ဂူ၊ သရပါလမ်းထောင့်သို့ ဦးတည်၍ မောင်းနှင်လိုက်သည်။

မေဘုန်းရှိန်၏ မျက်လုံးအစုံ စိတ်ဝင်စားမှုဖြင့် တောက်ပ၍လာသည်။

နာရီဝက်ခန့်အကြာ၌ -

သရပါလမ်းထောင့်မှ ဂိုဒေါင်ဟောင်းကြီး ရှေ့သို့ရောက်လာကြသည်။

× × ×

ကုန်ဂိုဒေါင်မှာ ဟောင်းနွမ်း၍ ညစ်ပတ်နေပြီဖြစ်သည်။

နီညိုရောင် ဆေးသုတ်ထားသည်။ သို့သော် ဆေးများမှာ ကွာကျ၍နေပြီဖြစ်သည်။

တံခါးများမှာ သော့ခတ်၍ထားသည်။

တံခါးသော့တစ်ခုကို ရိုက်၍ ဖျက်ဆီးထားသည်။

ဂိုဒေါင်အတွင်းဘက်၌ ဟောင်းလောင်း...။

ကြမ်းပြင်တွင် ဖုန်များ၊ ပင့်ကူအိမ်များဖြင့် ညစ်ပတ်ပေကျံ၍နေ၏။

ဂိုဒေါင်၏အတွင်းနောက်ဘက်၌ ကွမ်တမ်ကုမ္ပဏီ၏



www.burmeseclassic.com

www.burmeseclassic.com

ထရပ်ကားကြီး ရပ်ထားသည်ကို တွေ့ရသည်။

ထရပ်ကားကြီး၏ တံခါးနှစ်ဘက်စလုံး တန်းလန်းဖွင့်ထားခဲ့ပုံရသည်။ တံခါးများ ပြန်ပိတ်မသွားကြပေ။ ကားမောင်းသူများ ကတိုက်ကရိုက် ထွက်ပြေးသွားကြခြင်းပင်ဖြစ်သည်။

မှုခင်းဆိုင်ရာ ပညာရှင် ဒေါက်တာ မိုးကျော်က စစ်ရန်နိုင်ကို ပြောသည်။

"စစ် . . . ထရပ်ကားကြီးရဲ့ ရှေ့မှန်ချပ်ပေါ်မှာ ကျည်ဆံရာ နှစ်ချက်တွေ့ရတယ်"

ဒေါက်တာမိုးကျော်သည် အသားဖြူဖြူ၊ ရွှေကိုင်းမျက်မှန်နှင့် နှုတ်ခမ်းမွှေး ရှည်ရှည်ရှိသူဖြစ်သည်။ ဥပမိရုပ်ကောင်းသူဖြစ်ပြီး မှုခင်းဆိုင်ရာဓာတ်ခွဲခန်းဌာနခွဲ နာမည်ထင်ရှားသူတစ်ဦးဖြစ်သည်။

ဒေါက်တာမိုးကျော်က ပလပ်စတစ်အိတ် တစ်လုံးကို ထောင်၍ပြသည်။

"ယာဉ်မောင်းခန်းရဲ့ နောက်က သတ္တုနံရံထဲက တွေ့တာ။ ပွိုင့် ၃၅၇ ကျည်ဆန်ပဲဖြစ်လိမ့်မယ်"

ကျည်ဆန်နှစ်တောင့်မှာ ရွဲ့စောင်း၍ ပုံပျက်ပန်းပျက်ဖြစ်နေပေသည်။ ထိုကျည်တောင့်ကို ပလပ်စတစ်အိတ်ထဲ ထည့်ထားသည်။

စစ်ရန်နိုင်က ပလပ်စတစ်အိတ်ကို ယူ၍ ကျည်ဆန်ကို စစ်ဆေးကြည့်သည်။

စစ်ရန်နိုင်က ခေါင်းတစ်ချက် ညိတ်လိုက်ပြီး -





"ဒါ . . . နေဇော်ရဲ့ သေနတ်က ကျည်ဆန်ဖြစ်ဖို့ သေချာတယ်။ သူ့ရဲ့ သေနတ်ထဲမှာ ကျည်နှစ်တောင့် ပစ်ထားတာတွေ့ရတယ်။ သူ့ကို ထရပ်ကားက ဝင်မတိုက်ခင်မှာ ကျည်နှစ်ချက် ပစ်ခဲ့ပုံရတယ်"

စစ်ရန်နိုင်က ကျည်ဆန်ထည့်ထားသော ပလပ်စတစ်အိတ်ကို ဒေါက်တာမိုးကျော်အား ပြန်၍ ပေးလိုက်သည်။

ဒေါက်တာမိုးကျော်က -

"အေးဗျာ။ လူဝကြီး ဗသန်းထိုက်ရဲ့ သတင်းကြားရတာ ကျွန်တော်လည်း စိတ်မကောင်းပါဘူး။ တော်တော်ကံဆိုးတဲ့ အဖြစ်အပျက်ပါပဲ"

စစ်ရန်နိုင်က ထိုအကြောင်းနှင့်ပတ်သက်၍ ပြောလိုစိတ်မရှိတော့ပေ။

သူ့အနေနှင့် ဒေါသပို၍ ထွက်လာရပြီး၊ အချိန်ကုန်ခြင်းသာ ရှိပေလိမ့်မည်။

ဗသန်းထိုက်အတွက် အကောင်းဆုံး လက်စားချေပေးရန်မှာ လူသတ်သမားများကို ရှာဖွေဖမ်းဆီးပေးရန် သာဖြစ်သည်။

စစ်ရန်နိုင်က ကုန်တင်ထရပ်ကားအနီးသို့ သွားပြီး မေးလိုက်သည်။

"ထူးခြားတာ ဘာတွေ့ရသေးသလဲ ဒေါက်တာ။ လက်ဗွေပုံစံတွေပါ ရထားသေးလား"

ဒေါက်တာမိုးကျော် ခေါင်းခါလိုက်၏။

"ဒီကောင်တွေက အတွေ့အကြုံရှိတဲ့ ကြေးစားတွေ။



www.burmeseclassic.com

www.burmeseclassic.com

ကားပေါ်နေရာအနှံ့မှာ လက်ဗွေရာမကျန်အောင် အဝတ်စ
သေသေချာချာသုတ်သွားကြတယ်။ ခါတ်ခွဲခန်းရောက်မှပဲ ပြ
ပြီး စစ်ဆေးကြည့်ရဦးမယ်။ ထူးခြားတဲ့ သဲလွန်စ တစ်ခုခုတွေ့
ခင်ဗျားဆီ အကြောင်းကြားပါ့မယ်။ ကျွန်တော်တို့ဘက်က ဒီကျ
တင်ထရပ်ကားကို ပြန်ရှာတွေ့မယ်ဆိုတာ သူတို့ သိထားပုံ
တယ်။ ဒါကြောင့် ဘာသဲလွန်စမှ မကျန်ရစ်အောင် ဂရုစိုက်
လုပ်သွားကြတာဖြစ်မယ်"

"ဒီ ထရပ်ကားကိုကော ဘာလိုလုပ်ပြီး ရှာတွေ့ကြ
လဲ"

"ဆိပ်ကမ်းအစောင့်တစ်ယောက်က ဒီကုန်ကိုဒေါင်
တံခါးသော့ကို ရိုက်ချိုးထားတာ တွေ့လိုက်မိလို့ ကျွန်တော်
သိကြရတာ"

ဒေါက်တာမိုးကျော်က ကားဘီးရာများကို ညွှန်ပြ၍ -

"အကြမ်းဖက်သမားတွေဟာ သူတို့ခိုးယူလာတဲ့ ပစ္စည်း
တွေကို ပြောင်းသယ်ဖို့ နောက်ထပ်ကားတစ်စီး အသင့် စီ
ထားပုံရတယ်။ ကားဘီးရာတွေကပုံပျက်နေတယ်။ မထင်ရှား
ဖြစ်နေတယ်။ ထရပ်ကားတစ်စီးပဲ ဖြစ်မယ်လို့ ယူဆရတယ်"

"အင်း...ဒါလောက်သိရရင် မဆိုးလှပါဘူး"

စစ်ရန်နိုင် ဂိုဒေါင်အတွင်း လိုက်လံ ကြည့်ရှုရှာဖွေရင်

"ဟင်...ဘယ်ရောက်သွားပြန်လဲ မသိဘူး"

ဒေါက်တာမိုးကျော်က -

"ဘာလဲ...ခင်ဗျားရဲ့တွဲဘက်ကို လိုက်ရှာနေတာလား"

"ဟုတ်တယ်...ဒေါက်တာ သူက ဝန်ထမ်းရေးရာဌာန





အလုပ်လုပ်လာခဲ့တဲ့လူဆိုတော့ ကျွန်တော့်ကို ကူညီနိုင်မယ်လို့
သိပ်မထင်ဘူး"

× × ×

ကားထဲ၌စောင့်နေသည့် မေဘုန်းရှိန်ကို စစ်ရန်နိုင် တွေ့
လိုက်ရသည်။

စစ်ရန်နိုင်က ကားထဲဝင်ထိုင်လိုက်ပြီး -

"မင်းကို ငါက လိုက်ရှာနေတာ မေဘုန်းရှိန်။ နှုတ်ခမ်းနီ
ပြားဆိုးနေတာလား"

သူမက နှုတ်ခမ်းလေး တွန့်လိုက်သည်။

"ရှင်က ကျွန်မအပေါ်မှာ မမြင်မကြည်မလင် ဖြစ်နေ
တယ်မဟုတ်လား။ ဒါကြောင့် ရှင်နဲ့ မဆုံမိအောင် ရှောင်ပြီးနေ
တာ"

စစ်ရန်နိုင် ကားစက်နှိုးသည်။

"လူသတ်မှု စုံစမ်းစစ်ရေးဌာနမှာ ငါတို့အနေနဲ့ ဘယ်လို
တာဝန်ယူ လုပ်ကိုင်နေကြရတယ်ဆိုတာ မင်း သေသေချာချာ
သိသေးဘူးလို့ ငါထင်တယ်"

"နောက်ပိုင်းမှာတော့ ကျွန်မ သိလာမှာပါ"

စစ်ရန်နိုင်က သူမကို တစ်ချက်ကြည့်လိုက်ပြီး -

"မင်းအနေနဲ့ လွယ်လွယ်ကူကူ သိလာပါစေလို့ပဲ ငါ ဆု
တောင်းပါတယ်။ တစ်ခါတစ်လေမှာ ငါတို့အလုပ်ဟာ အန္တရာယ်
များတယ်၊ ခက်ခဲတယ်။ သေနတ်ဒဏ်ရာနဲ့ ပုံပျက်ပန်းပျက်
သေနေတဲ့ အလောင်းမျိုးတွေရှိရင် အတော် စိတ်ပျက်စရာ
ကောင်းတယ်။ ဒီ့ထက် ဆိုးရွားတာတွေလည်း ရှိသေးတယ်။ အမှု


www.burmeseclassic.com

www.burmeseclassic.com



အခင်းနဲ့ပတ်သက်တဲ့ အလောင်းတွေဆိုရင် အားလုံး အကုန်လုံး ကြည့်လို့ရှုလို့မကောင်းတော့ဘူး။ မင်းအနေနဲ့ မမြင်ချင်တာတွေ ပါ ထပ်တွေ့လာရဦးမယ်"

"ကျွန်မကို လျှော့မတွက်ပါနဲ့။ ရှင် အံ့သြသွားလိမ့်မယ်။ ကျွန်မ ခံနိုင်ရည်ရှိပါတယ်။ ဒါနဲ့ ... ရှင့်ရဲ့တွဲဘက်ဟောင်းနဲ့ ပတ်သက်တဲ့ကိစ္စကတော့ ..."

စဝ်ရန်နိုင်၏အသံ အေးစက်မာကျောသွားသည်။

"သူ့အတွက် ငါ အတော်စိတ်မကောင်း ဖြစ်နေမိတယ်။ သူနဲ့ပတ်သက်တဲ့ လူတိုင်း စိတ်မကောင်းဖြစ်မိကြတာချည်းပါပဲ"

မေဘုန်းရှိန် အားတုန့်အားနာ ဖြစ်သွားသည်။

"ဆောရီးပဲ ... စဝ်"

စဝ်ရန်နိုင် သူ၏အသံကို ပြန်၍ သတိပြုမိလိုက်သည်။

"ဗသန်းထိုက်ဟာ ငါ့ရဲ့ပထမဆုံး တွဲဘက်တော့ မဟုတ်ပါဘူး"

မေဘုန်းရှိန် ခေါင်းတစ်ချက် ညိတ်လိုက်သည်။

"ရှင့်ရဲ့မှတ်တမ်းကို ကျွန်မ ဖတ်ကြည့်ပြီးပါပြီ။ နာမည်ကြီး ဒုစရိုက်သမားတစ်ယောက်ကို ရှင်တို့နှစ်ယောက် သွားပြီးဖမ်းကြတယ်။ အဲဒီမှာ ရှင့်ရဲ့တွဲဘက် "သက်ထွန်းလှ" သေနတ်ဒဏ်ရာနဲ့ သေဆုံးသွားခဲ့ရတယ်။ နောက်ပြီး ရှင့်ရဲ့ဒုတိယမြောက်တွဲဘက် "အောင်မြင့်သူ" ရန်သူ့ ထောင်ချောက်မိပြီး သေသွားခဲ့ရတယ်။ ဒီကိစ္စတွေအားလုံး ရှင့်ရဲ့အပြစ်ကြောင့် ဖြစ်ခဲ့ရတာ မဟုတ်ပါဘူး ရှင်"

"အင်း ... သူတို့ ကံဆိုးခဲ့ကြတယ်"





"ကျွန်မလည်း အဲဒီလိုမျိုး မသေချင်သေးပါဘူး။ ကျွန်မ မှာ လေ့လာစရာ၊ သင်ယူစရာတွေ အများကြီးကျန်ပါသေးတယ်။ ဒါကြောင့် ရှင့်ဘေးမှာ ကျွန်မ ရှိနေတာပါ။ ကျွန်မကိုတော့ အခွင့်အရေးပေးသင့်ပါတယ်။ ကျွန်မ တစ်ခုခု မှားယွင်းခဲ့ရင် ပြောပါ။ ကျွန်မ အမှန်ဖြစ်အောင် ပြုပြင်မှာပါ"

"လေ့လာဖို့ အချိန်မရှိနိုင်တဲ့ အမှားမျိုးဖြစ်ခဲ့ရင်တော့ မင်း သေသွားလိမ့်မယ် ..."

မေဘုန်းရှိန် ငြိမ်၍သွားသည်။

စဝ်ရန်နိုင်ကို သူမ မသိမသာ အကဲခတ်ကြည့်နေမိသည်။ စဝ်ရန်နိုင်သည် မည်ကဲ့သို့သော လူစားမျိုးဖြစ်သနည်း။

သူမအနေနှင့် မည်သို့မျှအကဲခတ် ဝေခွဲမရ၍မရနိုင်သော လူစားမျိုးဖြစ်ကြောင်းကိုမူ သူမ နားလည်ထားသည်။

သူသည် အတော်ဆုံးနှင့် အကောင်းဆုံး ရဲဝန်ထမ်းတစ်ဦးဖြစ်သည်။

သူ၏သတ္တိနှင့် စွမ်းရည်အတွက် ဂုဏ်ပြုလက်မှတ် ခြောက်ကြိမ်ရထားခဲ့သည်။ သို့သော် တစ်ခါတစ်ရံ၌ သူသည် သူ့ နည်းသူ့ဟန်နှင့် လုပ်ကိုင်ဆောင်ရွက်တတ်သူဖြစ်သည်။

သူသည် သူ၏ရှေ့လမ်းမှ အတားအဆီးများကို ဂရုစိုက်သူလည်း မဟုတ်ပေ။

သူ့လုပ်ဆောင်ရမည့် အလုပ်ကို အောင်မြင်စွာလုပ်ဆောင်နိုင်ရန်အတွက်သာ အဓိက အာရုံစိုက်သူတစ်ဦး ဖြစ်ပေသည်။

× × × × ×



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

အဖြူရောင် ကျောက်ပြားချပ်များ၊ သံမဏိချပ်များနှင့် တည်ဆောက်ထားသော အလောင်းခွဲစိတ်ခန်းအတွင်းသို့ ဝင်လာကြသည်။

ခွဲစိတ်ဆရာဝန်ဖြစ်သူသည် တည်ငြိမ်အေးဆေးသော အမူအရာရှိသူတစ်ဦးဖြစ်သည်။

ခွဲစိတ်ဆရာဝန်က ခွဲစိတ်နေရာမှ ခန္ဓာကိုယ်အတွင်းပိုင်းပစ္စည်းတစ်ခုကို သူ၏လက်ထောက်ဖြစ်သူအား လှမ်း၍ပေးသည်။

ခွဲစိတ်ဆရာဝန်သည် ခွဲစိတ်ခုံတစ်ခုပေါ်၌ တင်ထားသည့် ညစောင့်ကြီး ဦးညိုမှိုင်း၏အလောင်းကို ခွဲစိတ်စစ်ဆေးနေခြင်းဖြစ်သည်။ လက်ထောက် ဆရာဝန်သည် ဆေးရည်ပုလင်းကြီးတစ်လုံးထဲသို့ အပိုင်းအစတစ်ခုကို ထည့်သည်။ စာရွက်ငယ်တစ်ခုပေါ်၌ ဘောပင်ဖြင့်ရေးမှတ်၍ ပုလင်းပေါ်၌





...သင့်ပါလာသော ကော်ဖြင့်ကပ်လိုက်သည်။

စဝ်ရန်နိုင်ကိုမြင်လျှင် ခွဲစိတ်ဆရာဝန်က ပြုံးရွှင်စွာဖြင့် ...ဆက်သည်။

"ဟေး...စဝ်...ခင်ဗျားပါလာတာကိုသူက ဘယ်သူလဲ"

မေဘုန်းရှိန်သည် ခွဲစိတ်ဆရာဝန်၏လက်အိတ်စွပ်ထားသော လက်တွင်းမှ အရာကိုကြည့်လိုက်မိသည်။ စဝ်ရန်နိုင်၏ ...က်မောင်းတစ်ဘက်ကို သူမ ခပ်တင်းတင်း ဆုပ်ကိုင်ထား...ိုက်သည်။

စဝ်ရန်နိုင်က ပြုံး၍ -

"သူက ကျွန်တော်ရဲ့လုပ်ငန်း တွဲဘက်အသစ်လေ။ သူ့...မည်က မေဘုန်းရှိန်လို့ခေါ်တယ်"

"ဟုတ်ကဲ့...တွေ့ရတာ ဝမ်းသာပါတယ်..မေဘုန်းရှိန်"

ခွဲစိတ်ဆရာဝန်က -

"ခင်ဗျားတို့ လာတာ နောက်ကျတယ်။ ကျွန်တော်တို့ ...စောစော ပြန်ရောက်တာနဲ့ အလုပ်စ.လုပ်ကြတယ်။ ဝမ်းဗိုက်...း ခွဲစိတ်မှုကတော့ ပြီးသွားပါပြီ"

"သူ့ရဲ့ဒဏ်ရာနဲ့ပတ်သက်ပြီး ထူးခြားတာ ဘာတွေ့သ..."

"ဒဏ်ရာက ရင်ညွန့်ရိုးအောက်ကနေ ရင်အုပ်အတွင်း...ိုင်းကို ခြောက်လက်မကျော်အထိ ဖောက်ဝင်သွားတယ်။ ဓား...က်က သွေးကြောတွေကိုဖြတ်တောက်လိုက်ပြီးသားဖြစ်သွား...ယ်။ ဒီလိုဒဏ်ရာမျိုးရခဲ့ရင် စက္ကန့်ပိုင်းအတွင်းမှာပဲ သေတယ်"

မေဘုန်းရှိန်ကိုစဝ်ရန်နိုင် မသိမသာကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

သူမ၏မျက်နှာပြင်တစ်ခုလုံး တဖြည်းဖြည်းနှင့် ဖြူဖွေး၍ လာသည်ကို တွေ့လိုက်ရသည်။

စဝ်ရန်နိုင်က မေးသည်။

"လူသတ်သမားက ဘယ်လိုဓားမျိုးသုံးတာလဲ"

"အလေးချိန်စီးတဲ့ အမဲလိုက်ဓားမြှောင် အမျိုးအစားထဲကပါ..."

"သူ့မျက်နှာမှာ ဒဏ်ရာ ရထားတာရှိသလား"

"အစောင့်ကြီးရဲ့ နောက်ကနေ လူသတ်သမားက ဝင်ကပ်ပြီး အစောင့်ကြီးရဲ့ပါးစပ်ကို ဘယ်လက်နဲ့ အုပ်လိုက်တဲ့ အထောက်အထားမျိုးကိုလည်း တွေ့ရမယ်"

"ကြေးစားလူသတ်ကောင်တစ်ယောက်ရဲ့ လုပ်နည်းလုပ်ဟန်ပဲ။ စနစ်တကျ လူသတ်တတ်တဲ့ လက်ရာမျိုးပဲ"

ခွဲစိတ်ဆရာဝန်က -

"ကဲ . . . စဝ်။ ကျွန်တော်တို့ ဦးခေါင်းခွံကို ခွဲစိတ်ကြည့်မယ်"

မေဘုန်းရှိန်က စဝ်ရန်နိုင်ကို မော့်ကြည့်ပြီး -

"ကျွန်မတို့ ဆက်ကြည့်စရာ လိုသေးသလား"

"ဟုတ်တယ် . . . မင်းက ဒီနေရာကိုလာပြီး ပညာယူချင်တယ်လို့ ပြောထားတယ် မဟုတ်လား"

လက်ထောက်ဆရာဝန်က လွှသွားပါသည့် လျှပ်စစ်လွှငယ်တစ်လက်ကို လှမ်းပေးသည်။

ခွဲစိတ်ဆရာဝန်က လျှပ်စစ်လွှငယ်၏ ခလုတ်ကို ဖွင့်လိုက်သည်။





ဦးခေါင်းခွံကို စ.တင် ဖြတ်တောက်ခွဲစိတ်သည်။

ဦးခေါင်းခွံမှ အရိုးအပိုင်းအစများ လွင့်စင်ထွက်လာကြသည်။

မေဘုန်းရှိန် ပါးစပ်ကို လက်ဝါးဖြင့် အုပ်ထားသည်။ စဝ်ရန်နိုင် လက်မောင်းကို သူမ ခပ်တင်းတင်းဆုပ်ကိုင်ထားသည်။

မကြာခင်မှာပင် -

ငယ်ထိပ်ကို အပေါက်ဝိုင်းတစ်ခုဖြစ်လာအောင် ဖြတ်ထုတ်ပြီးသားဖြစ်သွားသည်။

ခွဲစိတ်ဆရာဝန်က သူ၏ ခွဲစိတ်တွေ့ရှိချက်များကို ရီကော်ဒါမိုက်ခွက်ထဲသို့ အသံကျယ်ကျယ်ဖြင့် အသံသွင်းသည်။

ထို့နောက် လျှပ်စစ်လွှငယ်ကို သူ၏လက်ထောက်ဖြစ်သူထံ လှမ်း၍ပေးသည်။ ဦးခေါင်းခွံ အပေါက်အတွင်းသို့ ငုံ့၍ ကြည့်သည်။

မေဘုန်းရှိန် သိသာစွာ မျက်နှာပျက်၍နေသည်။

သူမပါးစပ်ကို လက်ဖြင့်အုပ်၍ အခန်းထဲမှ ပြေးထွက်သွားသည်။

"ဟာ . . . ဒီအမျိုးသမီး အတော်ခက်သေးတာပဲ။ အတွေ့အကြုံရှိပုံလည်း မရသေးဘူးနဲ့တူတယ် . ."

× × × × × ×

ထိုအချိန်မှာပင် . . . .

အဘိုးတန် အကောင်းစားဝတ်စုံကို သေသပ်ကျနစွာ ဝတ်ဆင်ထားပြီး၊ နေကာမျက်မှန်တပ်ဆင်ထားသူတစ်ဦးသည်



www.burmeseclassic.com

www.burmeseclassic.com

သားရေလက်ဆွဲအိတ်တစ်လုံးကိုဆွဲလျက်အဆောက်အဦကြီး၏ အဝင်ဝသို့ရောက်လာသည်။

"ဇာထို" သည် ရုံးချုပ်၌ အမှုသည်တစ်ဦးနှင့် တွေ့ဆုံရန် ရောက်လာသည့် ရှေ့နေတစ်ဦး၏ အသွင်မျိုးနှင့်ဖြစ်သည်။

အမှန်စင်စစ် -

သူသည် ရှေ့နေတစ်ဦးကဲ့သို့ ပီရိသေသပ်စွာ ဟန်ဆောင်၍ ရောက်လာခြင်းဖြစ်သည်။

ရုံးချုပ် အဆောက်အအုံ၏အတွင်းပိုင်းသို့ ဝင်ရမည့် အပေါက်တစ်ပေါက်တည်းသာ ဖွင့်ထားသည်။ ထိုဝင်ပေါက်၌ လက်နက်ရှာဖွေရေးကိရိယာ တပ်ဆင်ထားသည်။

လုံခြုံရေးနှစ်ဦးသည် လက်နက်ရှာဖွေရေး ကိရိယာဖြင့် ရုံးချုပ်အတွင်းသို့ ဝင်ရောက်မည့် လူအားလုံးကို တစ်ဦးချင်း စစ်ဆေးနေကြသည်။

"ဇာထို" သည် တန်းစီရာ၌ ဝင်၍ တန်းစီလိုက်သည်။

စားပွဲပေါ်၌ သားရေလက်ဆွဲအိတ်ကိုတင်လိုက်၏။ အိတ်ထဲမှ သော့တွဲများ၊ သတ္တုဘီးတစ်ချောင်းတို့ကို နှိုက်ထုတ်၍ လက်ဆွဲအိတ်ပေါ်၌ တင်လိုက်သည်။

ဒုတိယအစောင့်ဖြစ်သူက သားရေလက်ဆွဲအိတ်ကိုဖွင့်၍ သေချာစွာ စမ်းသပ်စစ်ဆေးကြည့်သည်။ အိတ်အတွင်း၌ စာရွက်စာတမ်းများသာ အထပ်လိုက်ပါလာသည်။

ဒုတိယအစောင့်သည် လက်ဆွဲအိတ်ကို ပြန်ပိတ်လိုက်ပြီး အခြားပစ္စည်းများနှင့်အတူ ပြန်၍ပေးသည်။ ဇာထိုသည် သူ၏ ပစ္စည်းများကို သားရေလက်ဆွဲအိတ်ထဲသို့ စနစ်တကျပြန်ထည့်





သည်။

ထို့နောက် ဓာတ်လှေကားရှိရာသို့ လျှောက်သွားပြီး အောက်ထပ်သို့ဆင်းသည့် ခလုတ်ကိုနှိပ်သည်။

ဓာတ်လှေကားဖြင့် မြေအောက်သို့ဆင်းလာသည်။ စင်္ကြံလမ်းမှ ဆက်၍လျှောက်သွားသည်။

စားသောက်ဆိုင် တစ်ဆိုင်ကို ကျော်ဖြတ်လာသည်။

အမျိုးသား သန့်စင်ခန်းဟု ရေးထားသော တံခါးကိုဖွင့်၍ ဝင်သည်။

သန့်စင်ခန်းအတွင်း၌ -

မျက်နှာပိုင်းပိုင်းနှင့် လူတစ်ဦး မှန်ရှေ့၌ ခေါင်းဖြီး၍နေ၏။

"ဇာထို" သန့်စင်ခန်းတစ်ခန်းအတွင်းသို့ဝင်သွားသည်။ တံခါးချက်ထိုး၍ပြန်ပိတ်သည်။ သားရေအိတ်ထဲမှ စက္ကူအချို့ကို ထုတ်၍ လုံးခြေပစ်ပြီး ခွက်ထဲသို့ ပစ်ချလိုက်သည်။

"ဇာထို" သည် သားရေလက်ဆွဲအိတ်ထဲမှအတွင်းခံ ချုပ်ရိုးကိုင်းကို ဆွဲခွာလိုက်၏။ အိတ်၏အတွင်းခံအသားပိုင်း ပြုတ်ထွက်သွားသည်။ သားရေလက်ဆွဲအိတ်၏ ဖင်ပိုင်း၌ ဘက်ထရီ ချိန်ကိုက်နာရီ၊ ဒိုင်းနမိုက်အသေးစားလေးများကို တပ်ဆင်ထားသည်။

"ဇာထို" သည် နာရီကို အချိန်ကိုက်၍ မှတ်သားပြီး ခလုတ်ကို နှိပ်လိုက်၏။ နာရီမှ အနီရောင် မီးပွင့်ကလေးလင်းလာသည်။ နာရီပေါ်မှ စက္ကန့်လက်တံကလေး လှုပ်ရှား၍သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

ဇာထိုသည် သားရေလက်ဆွဲအိတ်၏ အတွင်းပိုင်းကို ပြန်ဖုံး၍ သော့ခတ်လိုက်သည်။

သန့်စင်ခန်းထဲမှ ဇာထို ပြန်ထွက်သည်။

စောစောကလူသည် မှန်ရှေ့၌ ရပ်၍ ခေါင်းဖြီးအလှပြင်နေဆဲပင်ရှိသေးသည်။

"ဇာထို" စိတ်ထဲမှ ရေရွတ်လိုက်မိသည်။

"အရေးမပါလိုက်တာ . . . မိန်းမလျာကျနေတာပဲ။ မှန်ကြည့်လို့ကို မပြီးနိုင်သေးဘူး"

ဇာထိုသည် လက်ဆေးခွက်ရှိရာသို့ လျှောက်သွားသည်။

သားရေလက်ဆွဲအိတ်ကို ကြမ်းပြင်ပေါ်၌ ချသည်။ အချိန်ဆွဲ၍ လက်ဆေးနေလိုက်သည်။

အလှပြင်နေသော ပုဂ္ဂိုလ် မကြာခင်မှာပင် ပြန်ထွက်သွားသည်။

ဇာထိုသည် သူ၏ သားရေလက်ဆွဲအိတ်ကို အမှိုက်ပုံးထဲသို့ ထိုးထည့်သည်။ အပေါ်ဘက်မှနေ၍ တစ်သျှူးများဖြင့် အသာပြန်ဖုံးအုပ်ထားလိုက်သည်။

အမှိုက်ပုံး၏ အဖုံးကို ဖုံးလိုက်သည်။

"ဇာထို" မှန်ကို တစ်ချက်ကြည့်သည်။

ထို့နောက် သန့်စင်ခန်းထဲမှ ဇာထို ထွက်ခွာသွားလေတော့သည်။

× × × × ×





## အခန်း (၁၇)

အမှိုက်ပုံးရှေ့၌ ရပ်နေသော "မေဘုန်းရှိန်" ကို စဝ်ရန်နိုင် တွေ့လိုက်ရသည်။

သူမ မျက်စိ မျက်နှာ သိသာစွာ ပျက်၍နေ၏။

စဝ်ရန်နိုင်က -

"မင်း အဆင်ပြေရဲ့လား။ ကောင်းသွားပြီလား"

မေဘုန်းရှိန်က ဆတ်ခနဲ မော့ကြည့်လိုက်ပြီး -

"ကျွန်မ ဘာမှမဖြစ်ဘူး။ ရှင်နဲ့လည်း ဘာမှ မပတ်သက်ဘူး"

သူမ၏ အသံ၌ ဒေါသရိပ်များ ထင်ဟပ်၍နေ၏။

စဝ်ရန်နိုင် အံ့အားသင့်သွားသည်။

မေဘုန်းရှိန်သည် သူထင်ထားသကဲ့သို့ ခပ်ပျော့ပျော့ အစားထဲက မဟုတ်ကြောင်း သိလိုက်သည်။ သူမ စိတ်ဆိုးဒေါသထွက်လာလျှင် တစ်ခွန်းမခံ ပြန်လှန်ချေပ ပြောဆိုမည့် မိန်းမမျိုးဖြစ်သည်။


www.burmeseclassic.com

www.burmeseclassic.com



"မင်းမကြည့်ရဲတာတော့ ငါလည်း ဘာမှမတတ်နိုင်ဘူး
ဒီနေရာမှာ မင်းကို ငါက တာဝန်ချပေးခဲ့တာလည်း မဟုတ်ဘူး
မင်းဘာသာ ဒီတာဝန်ကို ကြိုးစားပြီး ယူခဲ့တာပဲ..."

"ကျွန်မ ဒီဒဏ်ကို မခံနိုင်ဘူး။ သွေးမြင်မိတာနဲ့ လန့်
မူးဝေအော့အန်တတ်တဲ့ အကျင့်ရှိတဲ့ မိန်းမသားတစ်ယောက်
ကျွန်မကို ရှင်က အထင်သေးတဲ့အတွက် ကျေးဇူးအထူးတင်
တယ်...စဝ်"

"ငါက ဒီလိုမျိုး မဆိုလိုပါဘူး"

"ရှင်က ဒီလိုပဲ ဖြစ်စေချင်နေတာ မဟုတ်လား"

စဝ်ရန်နိုင်က -

"အခု မင်းတွေ့တာ ဘာမှ မဟုတ်သေးဘူး။ အစ...
သေးတယ်၊ ရှေ့ဆက်ရင် ဒါ့ထက်ပိုဆိုးတာတွေ ကြုံရဦးမယ်။
နည်းပြီးတော့ ငိုလည်း မငိုနဲ့ဦး"

မေဘုန်းရှိန် စိတ်ကိုတင်းလိုက်သည်။

"ကျွန်မ ဝမ်းနည်းပြီး မငိုပါဘူး"

စဝ်ရန်နိုင်က မသိမသာပြုံး၍ -

"ဒီလိုပဲ...ဖြစ်ရမယ်.."

ရုတ်တရက် -

ကျယ်လောင်သော ပေါက်ကွဲသံကြီး တစ်ချက် ထွက်
ပေါ်လာ၏။

ပြင်းထန်သော ပေါက်ကွဲမှုအရှိန်ကြောင့် နှစ်ဦးစလုံး
တုန်ခါလှုပ်ယမ်းသွားကြသည်။

သန့်စင်ခန်းတံခါး ပွင့်ထွက်သွားသည်။





"ဘုရား...ဘုရား...ဘာဖြစ်သွားတာလဲ...ဟင်"

မေဘုန်းရှိန် ထိတ်လန့်စွာ ရေရွတ်လိုက်၏။

စဝ်ရန်နိုင် သန့်စင်ခန်းဘက်သို့ အမြန်ပြေးသည်။

သန့်စင်ခန်းတံခါး ကျိုးပဲ့၍ စင်္ကြံလမ်းပေါ်သို့ လွင့်ကျနေ
သည်။

သန့်စင်ခန်းတစ်ခုလုံး ပျက်စီးကျေမွ၍နေ၏။ အတွင်းရှိ
...န်ချပ်များအားလုံး ကွဲကုန်သည်။ လက်ဆေးကြွေခွက်များ
...တ်ကျ ပျက်စီးသွားသည်။

အပေါ်ဘက်မျက်နှာကြက်မှ အင်္ဂတေများကွာကျပြီး၊
...ိုင့်ခွက်ကြီးဖြစ်၍နေသည်။

တိုးဝေ့ရောက်ရှိလာသော လူအုပ်များကြားမှ ရဲစုံစမ်း
...ရေးမှူးတစ်ဦး တိုးဝင်လာသည်။ ထိုလူသည် ရာဇဝတ်မှုစုံစမ်း
...ရေးဌာနခွဲမှ ရဲစုံစမ်းရေးမှူး "လှိုင်ဘွား" ဖြစ်မှန်း စဝ်ရန်နိုင်
...သိထားသည်။

လှိုင်ဘွားက လှမ်းမေးသည်။

"ပေါက်ကွဲမှုဖြစ်တော့ အထဲမှာ လူရှိနေလား"

စဝ်ရန်နိုင်က ခေါင်းခါလိုက်၏။

"ရှိမယ်လို့တော့ မထင်ဘူး"

လှိုင်ဘွားသည် သန့်စင်ခန်းအတွင်း ပျက်စီးမှုများကို
ကြည့်ရှုရင်းမှ -

"အင်း...တော်တော် ကြောက်စရာကောင်းတဲ့ အဖြစ်
...ပျက်ပဲ"

စဝ်ရန်နိုင်က ခေါင်းညိတ်၍ -



www.burmeseclassic.com

www.burmeseclassic.com



"အေး ... ဟုတ်တယ်။ အရာ.ရာကို အမြဲသတိထား
ဖို့လိုလာပြီ"

လှိုင်ဘွားက သန့်စင်ခန်းကို ဆက်လက်စစ်ဆေးကြ
ရှုနေ၏။

စဝ်ရန်နိုင် စကြံလမ်းဘက်သို့ ထိုးထွက်လာသည်။

စားသောက်ဆိုင်ထဲမှ ဗိုက်ရွဲရွဲ ခေါင်းတုံးပြောင်ပြော
နှင့် လူဝဝကြီးတစ်ဦး တိုးဝှေ့၍ထွက်လာသည်။

စဝ်ရန်နိုင်က လေသံမာမာဖြင့် -

"ဟေ့လူ ... ခင်ဗျားက ဘယ်သွားမှာလဲ"

လူဝဝကြီးက မျက်လုံးကို လက်တစ်ဘက်ဖြင့် ပွတ်သ
လိုက်ပြီး -

"ကျွန်တော့်ရဲ့ တပည့်လေး သုံးယောက် ပျောက်သွ
လို့ပါ"

စဝ်ရန်နိုင်က -

"သန့်စင်ခန်းထဲမှာ သူတို့မရှိဘူး။ ခပ်စောစောကတေ
ချာတိတ်သုံးကောင် ဓာတ်လှေကားထဲ ဝင်သွားတာ တွေ့လိုက်
တယ်"

လူဝဝကြီး သက်ပြင်းတစ်ချက် ချလိုက်ရင်းမှ -

"ဘုရား ... ဘုရား။ တော်ပါသေးရဲ့ဗျာ"

စဝ်ရန်နိုင်က လူဝဝကြီးကို မေးသည်။

"နေပါဦး။ ပေါက်ကွဲမှုဖြစ်တော့ ခင်ဗျားက ဘယ်နေ
မှာ ရှိနေသလဲ"

"ဟို ... ဟိုဘက်။ အအေးဆိုင်အနားမှာရှိနေတယ်။ အဲ





မှာပဲ မီးခိုးငွေ့တွေ ..."

စဝ်ရန်နိုင်က ကြားဖြတ်၍ ခပ်မြန်မြန်မေးသည်။

"ပေါက်ကွဲမှုမဖြစ်ခင် သန့်စင်ခန်းထဲ လူတစ်ယောက်
ဝင်သွားတာမျိုး တွေ့လိုက်မိသလား"

လူဝဝကြီး နဖူးမှ ချွေးများကို သုတ်လိုက်ရင်းမှ စဉ်းစား
သည်။

"ခဏ ... နေဦး။ စဉ်းစားကြည့်လိုက်မယ်။ ဟုတ်ပြီ ...
ဟုတ်ပြီ။ ကျွန်တော် ... ကျွန်တော် လူတစ်ယောက်ဝင်သွားတာ
တွေ့လိုက်တယ်"

"အဲဒီလူရဲ့ ပုံသဏ္ဌာန်ကို ခင်ဗျား မှတ်မိသလောက် မြန်
မြန်ပြော။ သိပ်အရေးကြီးတယ်"

လူဝဝကြီး နဖူးကြောတွန့်၍ စဉ်းစားနေသည်။

"ဟေ့လူ ... မြန်မြန်ပြောလေ ..."

"အင်း ... အဲ ... အဲဒီလူက အရပ်အတော်မြင့်တယ်။
အသားအရောင်က ခပ်ညိုညို၊ ဆံပင်ခပ်ကောက်ကောက်နဲ့
လူထွားကြီးတစ်ယောက်ပဲ"

"သူ ဘယ်လိုအဝတ်အစားမျိုး ဝတ်ထားသလဲ"

"ခပ်မှိုင်းမှိုင်း ဝတ်စုံဝတ်ထားတယ်။ လက်ထဲမှ သားရေ
လက်ဆွဲအိတ်တစ်လုံးပါတယ်။ သူ သန့်စင်ခန်းထဲကနေ ပြန်
ထွက်လာတော့ လက်ထဲမှာ သားရေအိတ် ပါမလာတော့ဘူး"

"ဟုတ်ပြီ ... အဲဒီလူ ဘယ်ဘက်ကို သွားသလဲ"

လူဝဝကြီး ခေါင်းခါ၍ -

"အဲဒါတော့ ကျွန်တော် သတိမထားလိုက်မိဘူး"



www.burmeseclassic.com

www.burmeseclassic.com



စဝ်ရန်နိုင်၏နောက်ဘက်သို့ရောက်လာသောမေဘုန်းရှိန်က ဝင်၍ပြောသည်။

"အဲဒီလူကို ကျွန်မတွေ့လိုက်တယ်"

စဝ်ရန်နိုင် သူမဘက်သို့ လှည့်ကြည့်၍ -

"ဘယ်တုန်းကမြင်တွေ့လိုက်မိတာလဲ"

"ကျွန်မ မူးနောက်လာလို့ စကြံလမ်းက အမှိုက်ပုံးနားထွက်ပြီး ရပ်နေမိတယ်။ အဲဒီအချိန်မှာပဲ အရပ်မြင့်မြင့်နဲ့ လူထွားကြီးကို တွေ့လိုက်ရတယ်။ သူက အလျင်စလို လျှောက်သွားလို့ ကျွန်မတောင် သက်ာမကင်း ဖြစ်မိသေးတယ်"

"အဲဒီလူ...ဘယ်ကိုရောက်သွားသလဲ"

"ဟိုရှေ့ဘက်က ဘေးတံခါးကနေ ညာဘက်ကို ချိုးကွေ့သွားတာတွေ့လိုက်တယ်"

စဝ်ရန်နိုင် ရှေ့သို့ ပြေးထွက်သွားသည်။

နောက်ဘက်မှနေ၍ -

မေဘုန်းရှိန် လှမ်းအော်သည်။

"ဟေး...စဝ်။ ကျွန်မကို စောင့်ပါဦး..."

စဝ်ရန်နိုင် လုံးဝ လှည့်မကြည့်။

အလွန်အရေးကြီးသော အခြေအနေဖြစ်၍ အချိန်မဖြုန်းနိုင်...။

× × × × ×





## အခန်း (၁၈)

ဇီဇဝါရိပ်သာလမ်းမပေါ်သို့ စဝ်ရန်နိုင် ခြေလှမ်းကျဲကျဲဖြင့် လျှောက်လာရင်း ဘေးပတ်ဝန်းကျင် သွားလာနေသူများ၏ မျက်နှာ၊ ခန္ဓာကိုယ်အနေအထား၊ အဝတ်အစားများကို လျှင်မြန်စွာ သတိပြု၍ကြည့်ရှုသွားသည်။

အရောင်အသွေးပေါင်းစုံ လူပေါင်းစုံ....။

အရပ်ပုသူ၊ အရပ်မြင့်သူ၊ ထွားကျိုင်းသူ၊ ပိန်လှီသူ၊ လူငယ်များ၊ အသက်အရွယ်ကြီးသူများ လူစုံပင်ဖြစ်၏။

သို့သော် သူ ရှာဖွေနေသော ပုံသဏ္ဌာန်နှင့် လူကိုမူ မတွေ့မိရသေးပေ။

ရုတ်တရက် -



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ဘက်ရှိ လူအုပ်ကြားထဲသို့ ခပ်သွက်သွက် တိုးဝင်သွားသော အရပ်မြင့်မြင့် ကိုယ်လုံးကြီးကြီးနှင့် လူတစ်ဦးကို တွေ့လိုက်ရသည်။

ထိုလူသည် မီးခိုးရောင် ခပ်မှိုင်းမှိုင်းဝတ်စုံကို ဝတ်ဆင်ထားသည်။

"စဝ်ရန်နိုင် . . . ခဏနေပါဦး။ ကျွန်မကို စောင့်ပါဦး"

သူ၏နောက်မှ ပြေးလွှားလိုက်ပါ အော်ဟစ်လိုက်သော မေဘုန်းရှိန်၏အသံကို ကြားလိုက်ရသည်။

"ပြဿနာပဲ။ ဒီမိန်းမရဲ့အသံကြောင့် ဟိုအကောင်ကြား သွားရင် ဒုက္ခပဲ"

စဝ်ရန်နိုင် စိတ်ထဲမှ ရေရွတ်လိုက်မိသည်။

"စဝ်ရန်နိုင် . . ."

မေဘုန်းရှိန်၏အသံ နောက်တစ်ကြိမ် ပျံလွင့်ထွက်ပေါ် လာသည်။

မီးခိုးရောင် ဝတ်စုံနှင့်လူထွားကြီး နောက်ဘက်သို့ ဆတ် ခနဲ လှည့်ကြည့်သည်။ စဝ်ရန်နိုင်ကို မြင်လိုက်လျှင် ချက်ခြင်းပင် ပြေးလွှားသွားလေသည်။

စဝ်ရန်နိုင် ဒေါသဖြင့် ရေရွတ်အော်ဟစ်လိုက်သည်။

လူထွားကြီးနောက်သို့ ပြေးလွှားလိုက်ပါသွားသည်။

"စဝ်ရန်နိုင် . . . ကျွန်မကို စောင့်ပါဦး"

မေဘုန်းရှိန်၏အသံကို ကြားရပြန်သည်။

လူထွားကြီး ပြေးလွှားသွားရင်း လူတစ်ဦးနှင့် ဝင်တိုက်





မိ၍ နှစ်ဦးစလုံး လဲကျသွားကြသည်။

အခြေအနေမှာ ရှုပ်ရှုပ်ထွေးထွေး ဖြစ်သွားသည်။

"ဇာထို" ကို လမ်းသွားလမ်းလာများက ဝိုင်းအုံ၍ကြည့် ကြသည်။

ဝိုင်းအုံလာသော လူများကြောင့် "ဇာထို" ထွက်ပေါက် နေရာမရှိသလောက် ဖြစ်သွားသည်။

သူ၏နောက်ဘက်၌ "စဝ်ရန်နိုင်" ပို၍ နီးကပ်လာနေပြီ ဖြစ်ကြောင်း "ဇာထို" တွေ့လိုက်ရသည်။

"ဇာထို" သည် သူ့ရှေ့၌ ပိတ်ကာရပ်နေကြသော လူများကို စူးရှကျယ်လောင်စွာ အော်ဟစ်၍ ဆောင့်တွန်းပစ်လိုက်သည်။

ကမှူးရှူးထိုးနှင့် လမ်းတစ်ဘက်သို့ ဖြတ်၍ကူးပြေးသည်။

အတွန်း၊ အတိုက်ခံရသော လူများက ဇာထိုကို မေတ္တာပို့ကြသည်။

မောင်းလာနေသော ကားတစ်စီးရှေ့မှ ဇာထို ဖြတ်ပြေးသည်။

ကားဘရိတ်အုတ်သံ စူးရှကျယ်လောင်စွာ ပေါ်လာသည်။

ဇာထို လမ်းကျဉ်းလေးတစ်ခုထဲသို့ ပြေးဝင်လိုက်သည်။

ဇာထိုကို စဝ်ရန်နိုင် လှမ်း၍မြင်သည်။

ဤနေရာရှိ လမ်းကလေးများ၏ တည်ရှိပုံကို စဝ်ရန်နိုင်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းစွာသိထားသည်။

စဝ်ရန်နိုင်သည် လမ်းကြားနှင့် မျဉ်းပြိုင်ဖြစ်သော "နဝ လမ်း" အတိုင်း စုန်၍ပြေးသွားသည်။

ထို့နောက် -

ဇီဇဝါလမ်းထဲသို့ ချိုးဝင်သည်။ တိုက်ခန်းဆယ်လုံး ကျော်ကျော်ခန့်သို့အရောက်၌ လမ်းကြားမှ ပြေးထွက်လာသည့် "ဇာထို" နှင့် ရင်ဆိုင်တွေ့လိုက်ရသည်။

ဇာထို နောက်ပြန်လှည့်၍ ပြေးသည်။

စဝ်ရန်နိုင်က နောက်မှ ပြေး၍လိုက်သည်။

"မြရာပင်ရိပ်သာလမ်း" ၌ ကားတစ်စီး ပျက်နေသည်။

လမ်းပိတ်ဆို့မှုဖြစ်၍ မော်တော်ယာဉ်များ စုပြုံကျပ်ခဲ၍ နေသည်။

ဇာထိုသည် ကားတစ်စီး၏ ခေါင်းမိုးပေါ်သို့ ခုန်၍တက် သည်။

ကားမောင်းသူက လှမ်းအော်သည်။

"ဟေ့ကောင် .......ငါ့ကားပေါ်ကနေ မြန်မြန်ဆင်းစမ်း"

ဇာထို မည်သူ့ကိုမျှ ဂရုမစိုက်နိုင်။

ကျန်ကားများ၏ ခေါင်းမိုးများပေါ်သို့ ခုန်ကျော်နင်း၍ လမ်း၏တစ်ဘက်သို့ ခုန်ဆင်း၍ပြေးသည်။

စဝ်ရန်နိုင်လည်း ဇာထိုကဲ့သို့ပင် ကားခေါင်းမိုးပေါ်မှ ကျော်နင်း၍ ပြေးသွားသည်။ ကားသမားများ၏ အော်ဟစ်ဆဲဆို သံများ ပွက်လောညံ၍သွားသည်။





ဇာထိုသည် အဆောက်အအုံ ခပ်နွမ်းနွမ်းတစ်ခု၏ တံခါး ပေါက်ထဲသို့ ပြေးဝင်သွားသည်။ ထိုအဆောက်အအုံသည် ခပ်ညံ့ ညံ့ ဟိုတယ်တစ်ခုဖြစ်သည်။

ဧည့်ခန်းမထဲသို့ရောက်လျှင် -

စဝ်ရန်နိုင် လှည့်ပတ်ကြည့်သည်။

မည်သူ့ကိုမျှ မတွေ့ရ။

ဧည့်ခန်းမဆောင်တစ်ခုလုံး ညစ်ပတ်ပေကျံ၍ အနံ့ အသက်လုံးဝ မကောင်းပေ။ ထိုင်းမှိုင်း နံစော်၍နေ၏။

စားပွဲတစ်လုံးအောက်၌ ကြောက်ကြောက်လန့်လန့်နှင့် ဝပ်မှန်းနေသော ပိန်ကပ်ကပ်နှင့် ဟိုတယ်စာရေးတစ်ဦးကိုသာ တွေ့ရသည်။

"စောစောဝင်လာတဲ့လူ၊ ဘယ်ရောက်သွားလဲ"

စဝ်ရန်နိုင်က အော်၍မေးသည်။

ဟိုတယ်စာရေးဖြစ်သူက ခေါင်းခါခါ လက်ခါခါဖြင့် -

"ဒီကိစ္စထဲ ကျွန်တော် မပါ.ပါရစေနဲ့ ခင်ဗျာ။ တောင်းပန် ပါတယ်"

စဝ်ရန်နိုင် စိတ်မရှည်နိုင်တော့။

ဟိုတယ်စာရေးကိုရင်ဘတ်မှ ဆွဲ.မလိုက်ပြီး နံရံနှင့် ကိုင် ဆောင့်ပစ်လိုက်သည်။

ဟိုတယ်စာရေး နာကျင်စွာအော်လိုက်သည်။

"ဟေ့ကောင် . . . မြန်မြန်ပြောစမ်း . . . စောစောက ဝင် လာတဲ့လူ ဘယ်ကိုသွားသလဲ.."



www.burmeseclassic.com

www.burmeseclassic.com



ဟိုတယ်စာရေး ရှုံ့မဲ့လျက်ဖြင့် နောက်ဘက်သို့ လက်ညှိုးထိုးပြသည်။

"ဟို…ဟို ..နောက်ဖေးလမ်းကြားကနေ ပြေးပြီ"

ဟိုတယ်စာရေးမှာ ကြောက်ရွံ့တုန်လှုပ်စွာဖြင့် ပြန်ဖြေသည်။

စဝ်ရန်နိုင် နောက်ဘက် စင်္ကြံလမ်းသို့ ပြေးသွားသည်၊ တံခါးကို ဆောင့်ကန်၍ဖွင့်လိုက်၏။

တံခါးပွင့်သွားလျှင် နောက်ဖေးလမ်းကြားကို တွေ့ရသည်။

နောက်ဖေးလမ်းကြားမှ ကွေ့ချိုး၍ပြေးသွားသော ဇာထိုကိုလှမ်း၍တွေ့လိုက်ရသည်။

"ဇာထို" သည် အားစိုက်၍ ရှေ့သို့ပြေးသည်။

ရှေ့၌တွေ့ရသော သစ်သားခြံစည်းရိုးကြီးကို ခြေကန်၍ အပေါ်သို့ ခုန်တက်သည်။ တစ်ဘက်မြေပြင်သို့ ခုန်ချ၍ ဆက်ပြေးသည်။

စဝ်ရန်နိုင် ခြံစည်းရိုးရှိရာသို့ ရောက်လာသည်။

သစ်သား ခြံစည်းရိုးကို ကိုယ်လုံးဖြင့် ဆောင့်တိုက်ချလိုက်၏။ ခြံစည်းရိုး ကျိုးပျက်ထွက်သွားပြီး တစ်ဘက်သို့စဝ်ရန်နိုင် ရောက်သွားသည်။

ကျယ်လောင်သော သေနတ်သံတစ်ချက် ထွက်ပေါ်လာသည်။

ကျည်ဆန်က စဝ်ရန်နိုင်၏ ဦးခေါင်းပေါ်မှ ကျော်ဖြတ်





သွားသည်။

စဝ်ရန်နိုင် ခေါင်းငုံ့၍ နံရံတစ်ခု၌ ပြေး၍ခိုကပ်နေလိုက်သည်။

"ဇာထို" သည် တံခါးပေါက်တစ်ခုအနီးမှ နေ၍ လှမ်းပစ်လိုက်ခြင်းဖြစ်သည်။

စဝ်ရန်နိုင်သည် သူ၏မဂ္ဂနမ်သေနတ်ကို ဆွဲထုတ်လိုက်၏။

စဝ်ရန်နိုင်၏ လက်ထဲမှ ပစ်အားအလွန်ပြင်းထန်သော ၁၁ ဘက် မဂ္ဂနမ်သေနတ်ကိုမြင်လိုက်ရလျှင် "ဇာထို" တုန်လှုပ်သွား၏။

ဇာထိုသည် သူရောက်နေသော နေရာ၏ တံခါးလက်ကိုင်ကို သေနတ်နှင့် ပစ်၍ဖွင့်သည်။

တံခါးကို ခြေတစ်ဘက်ဖြင့် ဆောင့်ကန်သည်။

မှောင်မည်းတိတ်ဆိတ်နေသော အခန်းထဲသို့ ဇာထို ပြေးဝင်သွားသည်။

စဝ်ရန်နိုင် အိမ်ထဲသို့ ပြေး၍လိုက်သွားသည်။

အပေါ်ထပ်မှ ပြေးလွှားသွားသော ခြေသံကြွမ်းကြွမ်းကို ကြားရသည်။

လှေကားထစ်များကို ခုန်၍ကျော်၍ စဝ်ရန်နိုင် ပြေးတက်သည်။

ခေါင်မိုးပေါ်သို့ ရောက်သည်အထိ အတော်တက်ယူရသည်။ ခေါင်မိုးသို့ရောက်လျှင် စဝ်ရန်နိုင် အသက်ပြင်းပြင်း ရှူပြီး



www.burmeseclassic.com

www.burmeseclassic.com

အမောဖြေသည်။ အထပ် (၈)ထပ်ကို ပြေး၍တက်ရသည်မှာ မလွယ်လှပေ။

နောက်မှ ပြေးလွှားလိုက်ပါလာသော ခြေသံများကို ဇာထို ကောင်းစွာ ကြားနေရသည်။

"ဇာထို" ပုန်းခိုစရာ နေရာရှာသည်။

တစ်ခုမျှ မတွေ့ရပေ။

အင်တင်နာတိုင်များဖြစ်သလို စိုက်ထားသော ခေါင်မိုး ကြီးတစ်ခုအဖြစ်သာ တွေ့ရသည်။

"ဒုက္ခပဲ..ဟိုက ဆက်လိုက်လာနေသေးပါလား"

ဇာထို တီးတိုးရေရွတ်လိုက်သည်။

သူရောက်နေသော ခေါင်မိုး၏ အစွန်းတစ်ဘက်ကပ် လျက် အခြားတိုက်ခေါင်မိုးတစ်ခုရှိသည်။ တိုက်ခေါင်မိုးနှစ်ခု ကြားကွပ်လပ်မှ ခုန်ကျော်၍ ကူးနိုင်မည်ဟု ဇာထို တွက်ဆလိုက် သည်။

ရွေးစရာ လမ်းမရှိတော့။

ဇာထို တစ်ရှိန်ထိုး ပြေးလွှားသွားသည်။

စဝ်ရန်နိုင်နှင့် ဇာထိုတို့ ပေသုံးဆယ်ကျော်ကျော်ကွာ၍ နေသည်။

ဇာထို ပြေးလွှားသွားသည်ကို စဝ်ရန်နိုင် မြင်ရသည်။

စဝ်ရန်နိုင် သေနတ်ခလုတ်ကို ဆွဲညှစ်၍ ပစ်ခတ်ရန် ချိန်သည်။

သူ၏လက်များလှုပ်ရှားနေသဖြင့် ပစ်၍မရနိုင်သေးပေ။





တိုက်အစွန်းနှစ်ခုကြား ကွက်လပ်သို့ ဇာထို ပြေးလွှား ရောက်လာသည်။

သူခန့်မှန်းထားသည်ထက် ပို၍ကျယ်နေကြောင်း ဇာထို တွေ့လိုက်ရသည်။

အနည်းဆုံး ပေနစ်ဆယ်ခန့် ရှိပေလိမ့်မည်။

ဤမျှအကွာအဝေးကို သူ့အနေနှင့် မည်သို့မျှ ခုန်ကူးနိုင် မည်ဟု မထင်ပေ။

အောက်ဘက်သို့ ပြုတ်ကျလျှင် သေဖို့သာရှိသည်။

ဇာထို နောက်သို့ တစ်ချက်ကြည့်သည်။

ဇာထို နောက်ကြောင်းပြန်လှည့်၍ မဖြစ်နိုင်တော့။

ဇာထို အံတင်းတင်းကြိတ်၍ အရှိန်ယူပြီး အားစိုက်လျက် တစ်ဘက်သို့ ခုန်ကူးလိုက်သည်။

တစ်ဘက်တိုက် ခေါင်မိုးအစွန်း၌ သုံးပေခန့်ကျယ်ဝန်း သော အုတ်တန်းပတ်လည် တစ်ခုရှိသည်။ ထိုအုတ်တန်းပေါ်သို့ မှောက်လျက်သား ကျသွားသည်။ ခြေနစ်ချောင်းက လေထဲ၌ တွဲလောင်းကျ၍နေ၏။

ဇာထိုသည် ခြေနှစ်ချောင်းကို အပေါ်သို့ အားစိုက်၍ဆွဲ တင်သည်။ ထို့နောက် ခေါင်မိုးပေါ်သို့ ဆက်၍ပြေးလွှားသွား သည်။

နောက်ဘက်မှ စဝ်ရန်နိုင် ပြေးလွှားလိုက်ပါလာသည်။

တိုက်ခေါင်မိုးအစွန်း၌ရပ်၍ ခေတ္တကြည့်သည်။

အရှိန်ယူအားစိုက်၍ တစ်ဘက်သို့ ခုန်ကူးသည်။



www.burmeseclassic.com

တစ်ဘက်ရှိ ခေါင်မိုးပေါ်သို့ လေးဘက်ထောက်လျက်သားကျသည်။ အကျီလက်မောင်း၊ ဒူးခေါင်းနေရာတို့၌ အကျီများ ပွန်းပဲ့ စုတ်ပြတ်သွားသည်။

စဝ်ရန်နိုင် မော့ကြည့်လိုက်၏။

ဇာထိုသည် အဝတ်လှမ်းထားသော ကြိုးတန်းကို ဝင်တိုက်၍ ထဘီတစ်ထည်၊ ပင်တီတစ်ထည်တို့ သူ၏ ကိုယ်ပေါ်၌ ချိတ်၍ပါသွားသည်ကို မြင်ရသည်။

စဝ်ရန်နိုင်က ကွန်ဘက်မဂ္ဂနမ်သေနတ်ကို မြှောက်၍ ချိန်ပြီး အော်ဟစ်လိုက်၏။

"ဟေ့ကောင်...ဆက်မပြေးနဲ့...ရပ်လိုက်စမ်း"

ဇာထို လှည့်မကြည့် ဆက်၍ပြေးသည်။

စဝ်ရန်နိုင်က သေနတ်မောင်းခလုတ်ကို ဆွဲညှစ်လိုက်၏။

ဇာထို၏ ရှေ့ဘက်ရှိ ခေါင်မိုးမှ အင်္ဂတေအပိုင်းအစများကို သေနတ်ကျည်ဆန်က ဖဲ့ထုတ်ပစ်လိုက်သည်။

ဇာထို တန့်သွားပြီး ဘယ်ဘက်သို့ ချိုးကွေ့သည်။

နောက်တစ်ချက်ချိန်၍ ထပ်ပစ်သည်။

ကျည်ဆန်က ဇာထို၏နားရွက်ဘေးမှ ကျယ်လောင်စွာ မြည်ဟီး၍ဖြတ်ထွက်သွားသည်။

ဇာထို ထိတ်လန့်စွာ အော်ဟစ်လိုက်၏။

ဇာထို ဟန်ချက်ပျက်၍ ခေါင်မိုးစောင်းအတိုင်း အောက်ဘက်သို့ လျောကျသွားသည်။

ဇာထို ခြေကုပ်ရနိုင်မည့်နေရာကို ရှာသည်။ မတွေ့ရ...



ခေါင်မိုး မျက်နှာကြက်၌တပ်ဆင်ထားသော မှန်ချပ်ကြီးပေါ်သို့ အော်ဟစ်ရင်း ပြုတ်ကျသွားသည်။

အိပ်ရာခင်း ထူထူတစ်ခုပေါ်သို့ ဇာထိုပြုတ်ကျလာသည်။

ထိုအခန်းထဲ၌ စုံတွဲနှစ်ဦးရှိနေသည်။ နှစ်ဦးစလုံးက မျက်လုံးပြူး မျက်ဆန်ပြူးဖြင့် ငေးစိုက်ကြည့်နေကြသည်။

"မင်းတို့ လမ်းဖယ်ပေးလိုက်စမ်း"

စုံတွဲနှစ်ဦး ဘေးသို့ကပ်သွားသည်။

ဇာထို အခန်းထဲမှ ထွက်ပြေးသည်။

ကောင်မလေး လန့်၍အော်ဟစ်လိုက်ပြန်သည်။

"ဟောတော့...နောက်ထပ် တစ်ယောက်"

မျက်နှာကြက်မှန်ချပ်ကြီးမှ မဂ္ဂနမ်သေနတ်ကို ကိုင်လျက် ခုန်ဆင်းလာသော စဝ်ရန်နိုင်ကို စုံတွဲနှစ်ဦးက ပါးစပ်အဟောင်းသားဖြင့် ငေးစိုက်ကြည့်လိုက်မိကြသည်။

ကောင်မလေးက တုန်လှုပ်သော လေသံဖြင့် -

"သူ့လက်ထဲမှာ...သေနတ်ကြီးနဲ့"

စဝ်ရန်နိုင်က စုံတွဲနှစ်ဦးကို တွန်းဖယ်၍ အပြင်ဘက်သို့ ပြေးထွက်သွားသည်။

× × × × ×



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

ဇာထို ဓာတ်လှေကားထဲသို့ ပြေးဝင်၍ တံခါးပိတ်လိုက်သည်။

စစ်ရန်နိုင် ကွန်ဘက်မဂ္ဂနမ်သေနတ်ကို မြှောက်၍ကိုင်ပြီး နှစ်ချက်ဆင့်ပစ်လိုက်၏။

ဓာတ်လှေကားအတွင်းသို့ ကျည်ဆန်များ ဖောက်ဝင်သွားကြသည်။

ဓာတ်လှေကားအတွင်းရှိ ဇာထို၏ဦးခေါင်းဘေးမှ ကျည်ဆန်များ ဖောက်ထွက်သွားကြသည်။

စစ်ရန်နိုင် ဓာတ်လှေကား တံခါးချပ်ဆီသို့ ပြေးလာ





သည်။

ဓာတ်လှေကားသည် အောက်ထပ်သို့ ဆင်း၍သွားနေပေပြီ။

စစ်ရန်နိုင် အောက်သို့ဆင်းသည့် လှေကားတစ်ခုမှ လှေကားထစ်များကို ခုန်ကျော်၍ ပြေးဆင်းသည်။

ဓာတ်လှေကားထဲမှ ဇာထိုသည် သူ့နောက်သို့ လိုက်ပါလာနေသော ရဲနှင့် ထပ်မံမတွေ့ရပါစေနှင့်ဟု ရင်ထဲမှ ဆုတောင်းနေမိသည်။

စတုတ္ထထပ်...

တတိယထပ်၊ ဒုတိယထပ်...,

ပထမထပ်...။

ဓာတ်လှေကား တံခါးပွင့်သွားသည်။

ဓာတ်လှေကားစီးရန် စောင့်နေသော လူကြီးနှစ်ဦးနှင့် အမျိုးသမီးကြီးတစ်ဦးကို တွေ့လိုက်ရသည်။

ဇာထိုသည် အမျိုးသမီးကြီးကို ဆောင့်တွန်း၍ဖယ်ပြီး ဒဲ့ခန်းမဆောင်ထဲသို့ ပြေးဝင်သွားသည်။

ထိုစဉ်မှာပင် -

ဓာတ်လှေကားလိုဏ်ခေါင်းကိုပတ်၍ တည်ဆောက်ထားသော လှေကားမှ ပြေးဆင်းလာနေသော ခြေသံကို ဇာထို ကြားလိုက်ရသည်။

ဇာထို မျက်နှာပျက်သွားသည်။

"ဘုရား.. ဘုရား။ ဒီရဲ..ခုထက်ထိ လိုက်လာနေတုန်း



www.burmeseclassic.com

www.burmeseclassic.com

ပါလား"

လှေကားအဆင်းမှ စစ်ရန်နိုင်ကို ဇာထို မြင်လိုက်
သည်။

စစ်ရန်နိုင်ကို ဇာထိုက ခြောက်လုံးပြူးနှင့် လှမ်း၍ပ
ခတ်လိုက်သည်။

စစ်ရန်နိုင် ခေါင်းငုံ့၍ ဝပ်လိုက်သည်။

ကျည်ဆန်က စစ်ရန်နိုင်၏ဘေးမှ ကပ်၍ ဖြတ်ကျေ
ထွက်သွားသည်။ စစ်ရန်နိုင်က လှေကားနောက်သို့ ပြန်ဆုတ်
သည်။

ဇာထိုက နောက်တစ်ချက် လှမ်းပစ်သည်။

ပွင့်နေသောတံခါးပေါက်မှ ဇာထို ပြေးထွက်သွားပြ
သည်။

စစ်ရန်နိုင် လှေကားအိမ်ထဲမှထွက်သည်။

ဇာထိုကို မတွေ့ရတော့။ စစ်ရန်နိုင် တံခါးကို တွန်းဖွ
လိုက်၏။

နောက်ဖေးဘက်လမ်းကြားတစ်ခုကို တွေ့ရသည်။

စစ်ရန်နိုင်သည် နောက်ဖေးလမ်းကြားအတိုင်း ပြေ
သွားသည်။

ဂိတ်တံခါးတစ်ခုကို ဇာထို ခြေဖြင့်ဆောင့်ကန်၍ ဖွ
သည်။ စစ်ရန်နိုင်၏မြင်ကွင်းမှ ဇာထို ပျောက်၍သွားသည်။

ထိုဂိတ်တံခါးဝမှထွက်လိုက်လျှင် အစိမ်းရင့်ရောင် အု
တိုက်အဆောက်အအုံကြီးတစ်ခု၏နောက်ဘက်ကွက်လပ်ကျ





သို့ရောက်၍သွားသည်။

ဇာထိုကိုကား အစ.အနပင် မမြင်ရတော့ပေ။

ဆက်၍ ဝင်သွားစရာ အပေါက်တစ်ခုသာရှိသည်။

ထိုအပေါက်မှာ အစိမ်းရောင်တိုက်အိမ်ကြီး၏ နောက်
က်တံခါးပေါက်သာလျှင်ဖြစ်သည်။

သူရောက်နေသော ကွက်လပ်နေရာ၌ အခြားထွက်
ပေါက်ဟူ၍ လုံးဝမတွေ့ရပေ။ ဘေးပတ်လည်၌ ကာရံထားသော
အုတ်တံတိုင်းကြီးများမှာ မြင့်မားလွန်းလှ၏။ တွယ်တက်ရန်မှာ
သည်း လုံးဝ မဖြစ်နိုင်ပေ။

အစိမ်းရောင်အုတ်တိုက်ကြီး၏ တံခါးကိုကြည့်သည်။

သော့ခတ်ထားကြောင်း တွေ့ရသည်။

စစ်ရန်နိုင်သည် နောက်သို့ဆုတ်၍ အားယူပြီး ခြေနှင့်
ကန်၍ တံခါးကိုဖွင့်သည်။

တံခါးရွက် ပွင့်ထွက်သွားသည်။

ရှေ့ဘက်၌ ပြေးလွှားနေသော "ဇာထို" ကို မြင်လိုက်ရ
သည်။

"ဟိတ်...ရပ်လိုက်စမ်း"

စစ်ရန်နိုင် လှမ်းအော်လိုက်၏။

ဇာထို နောက်ဘက်သို့ ချာခနဲလှည့်သည်။ လက်ထဲမှ
ခြောက်လုံးပြူးဖြင့် စစ်ရန်နိုင်ကို လှမ်း၍ပစ်ခတ်သည်။

"ချောက်..."

ကျည်ဆန်ကုန်၍ နေပေပြီ။


www.burmeseclassic.com

www.burmeseclassic.com



“ဇာထို” သွေးရူးသွေးတန်းနှင့် လက်ထဲမှ သေနတ်ဖြ… လှမ်း၍ပစ်ပေါက်လိုက်၏။ ခြောက်လုံးပြူးသေနတ်ကနံရံကိုထိ… လွင့်စင်ကျသွားသည်။

စဝ်ရန်နိုင် ရှေ့သို့ခုန်၍ပြေးထွက်သည်။

ဇာထိုကို ခုန်အုပ်လိုက်၏။

တံခါးဝ၏အဆုံး၌ ခင်းထားသည့် ကော်ဇောကြီးပေါ်… လျှောတိုက်၍ လွင့်သွားကြသည်။

ဇာထိုက ရုန်းထွက်သည်။ စဝ်ရန်နိုင်က ဇာထိုကို ကျ… ကျင်စွာချုပ်ကိုင်ထားပြီး နားထင်ကို ကွန်ဘက်မဂ္ဂနမ်သေနတ်… ပြောင်းဝဖြင့် ဖိကပ်ထားလိုက်သည်။

“မင်းပါးစပ်ထဲ ကျည်ဆန်တွေ ရောက်မလာစေချင်… တော့ ထပ်ပြီး ပြေးဖို့ မစဉ်းစားနဲ့တော့…”

ရုန်းကန်ထွက်ပြေးရန် မလွယ်ကူနိုင်မှန်းသိသဖြင့် “ဇာထို” လက်လျှော့၍ ငြိမ်ကျသွားသည်။ စဝ်ရန်နိုင်က ဇာထို… လက်နှစ်ဘက်ကို နောက်ဘက်သို့ဆွဲ၍ သံမဏိလက်ထိပ်ဖြင့် ခတ်လိုက်သည်။

ထိုစဉ်မှာပင် -

ကျယ်လောင်နက်ကျောသော အသံကျယ်ကြီးတစ်… စဝ်ရန်နိုင်၏ နောက်ဘက်မှ ထွက်ပေါ်လာသည်။

“ဟေ့…မင်း…ဘယ်သူလဲ။ ဒါ…ဘာလုပ်လိုက်တာ…

စဝ်ရန်နိုင် လှည့်ကြည့်သည်။

ပေဒင်လက္ခဏာကြည့်ရှု ဟောပြောလေ့ရှိသည့် “မ…





…ဟိဒ္ဒိဆရာ” ဟု အမည်ပေးထားသော “လောဝေ” ကိုတွေ့လိုက် သည်။

“လောဝေ” သည် အညိုရောင် ဝတ်စုံကိုဝတ်ထားသည်။ ရှည်သော ဆံပင်များကို သျှောင်ထုံး ထုံး၍ထားသည်။ မျက်လုံးများက ဒေါသရောင် တဖိတ်ဖိတ်လက်၍နေ၏။

စဝ်ရန်နိုင် သူရောက်နေသော နေရာကိုအကဲခတ် လိုက်သည်။ မနောမဟိဒ္ဒိ “လောဝေ” ၏ သီးသန့်တိုက်အိမ်ကြီး တစ်ခုထဲသို့ ရောက်နေခြင်းဖြစ်ကြောင်း သတိပြုလိုက်မိသည်။

စဝ်ရန်နိုင်သည် လောဝေကို အယုံအကြည်မရှိ။

အစီအရင်များ၊ ယတြာများနှင့် ရှုပ်ထွေးပွေလီနေသော “လောဝေ” သည် နာမည်ရသူတစ်ဦးဖြစ်သည်။ သို့သော် “လောဝေ” ကို လူလိမ် လူရှုပ်တစ်ဦးအဖြစ်သာ စဝ်ရန်နိုင်က သတ်မှတ်ထားသည်။

“လောဝေ” ခြေလှမ်းတစ်ချက်မှားသည်နှင့် “လောဝေ” ကို အရေးယူရန် ဆုံးဖြတ်ထားသည်။

စဝ်ရန်နိုင်က “ဇာထို” ကို ဆွဲထူ၍ မတ်တတ်ရပ်လိုက် သည်။

“လောဝေ” ကို မျက်နှာချင်းဆိုင်လိုက်၏။

စဝ်ရန်နိုင်က -

“အင်း…ကျွန်တော် ဘယ်နေရာကို ရောက်နေတာလဲ”

“လောဝေ” က မျက်မှောင်ကြုတ်၍ -

“ကျုပ်နာမည် “လောဝေ” ပါ။ မနောမဟိဒ္ဒိ လောဝေ…



www.burmeseclassic.com

www.burmeseclassic.com



လည်း ခေါ်တယ်။ ခင်ဗျားတို့ ကျုပ်ရဲ့သီးသန့်တိုက်အိမ်ကြီးထဲကို ရောက်နေတယ်။ ခင်ဗျားတို့ ဒီနေရာကို ဘာကိစ္စနဲ့ ရောက်လာကြတာလဲ။ ပြောကြစမ်းပါဦး...''

လွန်စွာ သင်းပျံ့မွှေးကြိုင်သော အမွှေးတိုင်ရနံ့များ လေထဲ၌ လွင့်ပျံ၍နေသည်။

ဘုရားခန်း၌ အဝါရောင်ဖရောင်းတိုင်ကြီးများ ထွန်းညှိထားသည်။

''လောဝေ''ဆိုသူသည် အသက်သုံးဆယ်ကျော်အရွယ်သာရှိသေးသူတစ်ဦးဖြစ်သည်။ ကြည့်ပျော် ရှုပျော် ရုပ်ရည်မျိုးရှိသူဖြစ်သည်။

စစ်ရန်နိုင်က ရှင်းပြလိုက်၏။

''ကျွန်တော်က ရဲအရာရှိတစ်ဦးပါ။ ဒီလူကို ဗဟိုရုံးချုပ်မှာ ဖောက်ခွဲဖျက်ဆီးမှုနဲ့ ပတ်သက်ပြီး လိုက်ဖမ်းနေတာပါ''

''ဇာထို''က အကြောက်အကန်ငြင်းသည်။

''သူ.. ဘယ်သူမှန်း မသိပါဘူး.. ဆရာလောဝေ။ သူပြောသလို ကျွန်တော် ဘာတစ်ခုမှ မလုပ်ခဲ့ပါဘူး။ ကျွန်တော့်ကို ဘမင်အပြစ်ရှာပြီး လိုက်ဖမ်းနေတာပါ...ဆရာ''

ဇာထိုက စစ်ရန်နိုင်၏ လက်ထဲမှ ရုန်းထွက်သည်။

စစ်ရန်နိုင်က လက်မောင်းနှစ်ဘက်ကို လိမ်၍ဖမ်းချုပ်ထားလိုက်၏။

ဇာထို နာကျင်စွာ အော်ဟစ်လိုက်သည်။

''ဟေ့လူ...ကျုပ်ရဲ့လက် ကျိုးတော့မယ်''





စစ်ရန်နိုင် လုံးဝ လျှော့မပေးပေ။

''လောဝေ''က -

''ခင်ဗျားရဲ့ သက်သေခံကဒ်ပြား တစ်ခုခုကို ကျုပ်ကြည့်ပါရစေ''

စစ်ရန်နိုင်မှာ ဇာထိုကို ဖမ်းချုပ်ထားသဖြင့် လက်နှစ်ဘက်လုံး မအားပေ။

''ဒီမှာ လောဝေ။ ဒီကောင်ကို လွှတ်လိုက်တာနဲ့ ထွက်ပြေးသွားမှာ သေချာတယ်''

''ဇာထို''က ရုန်းကန်နေသည်။

''လောဝေ''က တင်းမာသော လေသံဖြင့် -

''ခင်ဗျားရဲ့ သက်သေခံကဒ်ပြား ပြမလား။ မပြဘူးလား။ ကျုပ် ကောင်းကောင်း တောင်းနေတာပါ''

စစ်ရန်နိုင်က -

''ကောင်းပါပြီဗျာ။ ခင်ဗျား ကြည့်ချင်တာကို ပြပါ့မယ်''

စစ်ရန်နိုင်က ဇာထိုကို ဆွဲလှည့်လိုက်၏။

ဇာထို၏ နောက်စေ့ မဂ္ဂနမ်သေနတ်ဒင်ဖြင့် ဆောင့်၍ ထုချလိုက်သည်။

ဇာထို အသံပင်မထွက်နိုင်ပဲ ခွေလဲကျသွားသည်။

စစ်ရန်နိုင်က အိတ်ထဲမှနေ၍ သက်သေခံကဒ်ပြားနှင့် ဘံဆိပ်ကိုထုတ်ပြလိုက်၏။

''လောဝေ''၏မျက်နှာ ရှုံ့တွ၍သွားသည်။

''ခင်ဗျား နာမည်ကကော၊ ဘယ်လိုခေါ်လဲ''



www.burmeseclassic.com

www.burmeseclassic.com



"စဝ်ရန်နိုင် ... အထူးရဲအရာရှိ စဝ်ရန်နိုင်"

"လောဝေ"က စက်ဆုပ်ရွံ့ရှာသည့် အကြည့်ဖြင့် ကြည့်လိုက်ပြီး -

"အင်း ... ခင်ဗျားဟာ ကျုပ်ရဲ့နေရာကို လာပြီး ရမ်းကားတဲ့လူတစ်ယောက်ပဲ ...။ အေးချမ်းသာယာတဲ့ ပောဒီမြို့တော်ကို ပါ ဖျက်ဆီးပစ်ဖို့ ကြံရွယ်တဲ့ လူတစ်ယောက်လို့ပဲ ဆိုရလိမ့်မယ်"

စဝ်ရန်နိုင်၏ မျက်နှာ အေးစက်တင်းမာ၍သွားသည်၊ လောဝေနှင့် မျက်လုံးချင်း အတန်ကြာဆိုင်၍ ကြည့်မိသည်၊ လောဝေ သူ၏မျက်လုံးများကို လွှဲဖယ်လိုက်သည်။

ရုတ်တရက် -

ရှေ့ဘက်တံခါးချပ်ကြီးကျယ်လောင်စွာအသံမြည်၍ပွင့်ထွက်သွားသည်။

မောဟိုက်ပင်ပမ်းနေသော အသွင်ဖြင့် "မေဘုန်းရှိန်" တိုက်အိမ်ကြီးအတွင်းသို့ သေနတ်ကိုင်လျက် တစ်လှမ်းခြင်း ဝင်လာသည်။

သူမက သေနတ်ကို ဆန့်ထုတ်လိုက်၏။

"ဘယ်သူမှ လှုံးဝမလှုပ်ကြနဲ့ ..."

စဝ်ရန်နိုင် သူမကိုကြည့်၍ သက်ပြင်းတစ်ချက်ချလိုက်၏။

"တကယ်တော်ပါပေတယ် ... မေဘုန်းရှိန်ရယ်"

ဟု စိတ်ပျက်စွာ ရေရွတ်လိုက်မိသည်။

× × × × ×





## အခန်း (၂၀)

လူသတ်မှု စုံစမ်းစစ်ဆေးရေး ဌာနခွဲ ...။

ရုံးခန်းထဲသို့ စဝ်ရန်နိုင် ဝင်လာသည်။

ဝင်းမော်ကိုတွေ့လျှင် စဝ်ရန်နိုင်က မေးသည်။

"ဘာထူးခြားသေးလဲ"

ဝင်းမော် ခေါင်းတစ်ချက် ညိတ်လိုက်ပြီး -

"ဒီကောင့်အိမ်ကို ဝင်ပြီး စစ်ဆေးကြည့်ပြီးပြီ။ အဝတ်ီရှိအံဝှက်ထဲမှာ ထည့်ထားတဲ့ ဒိုင်းနမိုင်းတွေတွေ့ရတယ်။ နစ်လုံး ြူးတစ်လက်နဲ့ အော်တိုမက်တစ်ရိုင်ဖယ်တစ်လက်ကိုပါ ထပ် တွေ့တယ်။ အော်တိုမက်တစ်ရိုင်ဖယ်က ကုန်လှောင်ရုံမှာ အခိုးခံ ိုက်ရတဲ့ အော်တိုမက်တစ်ရိုင်ဖယ်နဲ့ အတူတူပဲ ဖြစ်နေတယ်



www.burmeseclassic.com

www.burmeseclassic.com

စဝ်ရန်နိုင်က -

"ဒီကောင့်ကို ဘာတွေ ထပ်မေးလို့ ရသေးလဲ . . . ဝင်းမော်"

ဝင်းမော် ခေါင်းခါသည်။

"ဒီကောင် ပါးစပ်ပိတ်နေတုန်းပဲ။ ကျွန်တော်တို့ မေးတာတွေကို နားမလည်ချင်ဟန်၊ မသိချင်ဟန်ဆောင်နေတယ်။ သူ့အိမ်မှာတွေ့တဲ့ ပစ္စည်းတွေနဲ့ ပတ်သက်ပြီး သူ ဘာမှ မသိဘူးတဲ့။ ဒီကောင်တွေရဲ့ ဘူးခါတဲ့ ထုံးစံအတိုင်းပဲ။ ရေငုံနှုတ်ပိတ်နေတာပေါ့။ ဒီကောင်က ခေါင်းမာလို့ရမယ် ထင်နေပုံရတယ် . . ."

စဝ်ရန်နိုင် မသိမသာ ပြုံးလိုက်သည်။

စစ်ဆေးရေးအခန်းထဲသို့ ဝင်သွားသည်။

"ဇာထို" ကို ထိုင်ခုံတစ်လုံး၌ ချုပ်နှောင်ထားသည်။

ချစ်နိုင်နှင့် ရဲစုံစမ်းရေးမှူး "ဒီပါ" တို့က ဇာထိုကိုစစ်ဆေး၍နေ၏။

"ဒီပါ" သည် အသားဖြူဖြူနှင့် ကိုယ်လုံးကိုယ်ထည် ထွားကျိုင်းသန်မာသူ တစ်ဦးဖြစ်သည်။ သူ၏ မျက်ခုံးများမှာ ထူထဲမည်းနက်၍နေ၏။

"ဒီပါ" က အေးစက်စက်အမူအရာဖြင့် "ဇာထို" ၏ ရှေ့၌ ရပ်နေသည်။

စဝ်ရန်နိုင်က ခေါင်းညိတ်နှုတ်ဆက်လိုက်ပြီး ထိုင်ခုံတစ်လုံး၌ ဝင်ထိုင်သည်။

ချစ်နိုင်နှင့် ဒီပါတို့ စစ်ဆေးနေသည်ကို ငြိမ်သက်စွာ





နားထောင်နေလိုက်သည်။

ချစ်နိုင်က အေးဆေးသောလေသံဖြင့် မေးသည်။

"ဒိုင်းနမိုင်းတွေ မင်း ဘယ်ကရခဲ့တာလဲ"

ဇာထိုက လေသံခပ်တင်းတင်းဖြင့် ငြင်းသည်။

"ကျွန်တော် ဘာမှ မသိဘူး။ ဘယ်နေရာက ဒိုင်းနမိုင်းတွေကို ပြောနေကြတာလဲ။ ဒိုင်းနမိုင်းတွေနဲ့ ပတ်သက်ပြီး ကျွန်တော် ဘာမှ မသိဘူးလို့ပြောတာ ဘယ်နှစ်ကြိမ်ရှိနေပြီလဲ"

"ချစ်နိုင်" က တည်ငြိမ်စွာဖြင့် -

"မင်း လိမ်နေတာ ဇာထို။ မင်းလိမ်နေတာ ငါတို့သိတယ်။ မင်း ဆက်လိမ်နေလို့ ဘာမှထူးခြားလာမှာ မဟုတ်ဘူး"

ဇာထို၏ မျက်နှာပေါ်၌ ချွေးစေးများ ပြန်၍နေ၏။

မျက်လုံးများမှာ ပြူးကျယ်၍နေသည်။

"ကျွန်တော် မလိမ်ပါဘူး။ ခင်ဗျားတို့ ဘာဖြစ်လို့ ကျွန်တော့်ကို ဒုက္ခပေးချင်ကြရတာလဲဗျာ"

"ငါတို့ သိချင်တာတွေရှိတယ်။ ဆိပ်ခံဝေတတ်တား အမှတ်(၁၇)မှာ ဖောက်ထွင်းခိုးယူသွားတဲ့ ပစ္စည်းတွေအကြောင်းပေါ့။ အဲဒီအလုပ်မှာ မင်းနဲ့အတူ တွဲပြီး ဘယ်သူတွေပါသေးသလဲ။ ဒီအလုပ်ကို မင်းတစ်ယောက်တည်းနဲ့ လုပ်လို့မရဘူးဆိုတာ ငါတို့သိတယ်။ ကဲ . . . မင်းနဲ့အတူပါတဲ့ လူတွေရဲ့နာမည်ကို ပြောစမ်း"

"ဇာထို" က အားတင်း၍ရယ်လိုက်သည်။

"ခင်ဗျား ဘာတွေ လာပြောနေတာလဲ။ ကျွန်တော်


www.burmeseclassic.com

www.burmeseclassic.com



ဂိုဒေါင် ဖောက်ထွင်းမှုနဲ့ပတ်သက်ပြီး ဘာမှ မသိဘူး။ ကျွန်တော်နဲ့လည်း ဘာမှ မဆိုင်ဘူး"

"ချစ်နိုင်"၏ လေသံ မသိမသာ တင်းမာ၍လာသည်။

"ဟော့ကောင် . . . အမှတ်(၁၇) ဆိပ်ခံတံတား ဂိုဒေါင်ဖောက်ထွင်းခိုးယူမှုမှာ လူသုံးယောက် သေခဲ့ရတယ်။ ဂိတ်စောင့်တစ်ယောက်နဲ့ ရဲဝန်ထမ်း နှစ်ဦး။ ဒီအမှုနဲ့ပတ်သက်ပြီး မင်းကို အနည်းဆုံး သေဒဏ်အပြစ်ပေးလို့ရတယ် . . ."

ဇာထိုက မျက်နှာကို မဲ့လိုက်၏။

"သွားစမ်းပါဗျာ . . . ခင်ဗျားတို့ကို ကျွန်တော်က ကြောက်နေတယ်များ ထင်နေသလား။ ခင်ဗျားတို့ သိပ်ပြီးတော့ လည်လှပြီထင်နေတယ်ပေါ့ . . . ဟုတ်လား။ ဒီကိစ္စမပြီးခင်မှာ ကျွန်တော်က အပြင်ကို ထွက်ခွင့်ရမှာပါ။ ကျွန်တော့်ရဲ့ မိတ်ဆွေတွေက ကျွန်တော့်ကို ဒီအတိုင်းပစ်မထားကြပါဘူး။ ကျွန်တော့်ကို လုံ့သတ်မှုနဲ့ စွဲချက်တင်မလို့လား . . .။ ခင်ဗျားတို့ကြိုက်သလိုလုပ်နိုင်တယ်။ ကျွန်တော်ကတော့ လုံးဝ ဂရုမစိုက်ဘူး"

စစ်ရန်နိုင် ဖြည်းညင်းစွာ ထ၍ ရပ်လိုက်သည်။

အေးဆေး ညင်သာသောလေသံဖြင့် ပြောသည်။

"မင်းဆီမှာ ငါတို့လိုချင်တဲ့ အဖြေအားလုံး ရှိနေတယ်"

ဇာထိုက ခါးသည်းသော လေသံဖြင့် -

"ကျွန်တော့်ကို ဘာမှ ထပ်ပြောမနေနဲ့"

"အင်း . . . မင်းက စကားပြောအတော်ယဉ်ကျေး။ သိမ်မွေ့တဲ့လူပဲ"





စစ်ရန်နိုင်သည် ဇာထို၏ထိုင်ခုံဘေး၌ ကပ်၍ သူ၏ထိုင်ခုံကို ဆွဲလျက် ထိုင်လိုက်၏။

စစ်ရန်နိုင်က ဇာထို၏မျက်နှာအနီးသို့ တိုးကပ်လိုက်ပြီး

"ဒီမှာကြည့်စမ်း . . . ဟော့ကောင်။ မင်းတို့သတ်ခဲ့တဲ့ ရဲဝန်ထမ်းနှစ်ယောက်ဟာ ငါ့ရဲ့မိတ်ဆွေတွေ။ အဲဒီအထဲက တစ်ယောက်ဟာ ငါ့ရဲ့ အရင်းနှီးဆုံး သူငယ်ချင်းပဲ။ ငါတို့နှစ်ယောက်ဟာ လွန်ခဲ့တဲ့ နှစ်ပေါင်းအတော်များများကတည်းက အတူလက်တွဲခဲ့ကြတဲ့ လူတွေ"

စစ်ရန်နိုင်က ပြုံး၍ ဇာထို၏ ပခုံးကို ရင်းနှီးသောအမူအရာဖြင့် ဖက်လိုက်သည်။

"မင်း သေသေချာချာ နားထောင်။ မင်းနဲ့အတူပါတဲ့ အကောင်တွေ ဘယ်သူလဲဆိုတာ ငါ့ကိုပြော။ မပြောခဲ့ရင်တော့ မင်းအကြောင်းနဲ့ မင်းပဲ"

"ခင်ဗျားအနေနဲ့ ဘာမှလုပ်လို့ မရနိုင်ပါဘူး။ ကျွန်တော့်မှာ ကိုယ်ပိုင်ရပိုင်ခွင့်၊ အခွင့်အလမ်းတွေ ရှိပါသေးတယ်"

ဇာထိုမှာ စစ်ရန်နိုင်ကို ကြည့်၍ ထိတ်လန့်တုန်လှုပ်နေ၏။

ဤလူသည် သူ့ကိုလက်ရဖမ်းဆီးခဲ့သူဖြစ်သည်။ လိုအပ်လာလျှင် ရက်စက်ရန် ဝန်လေးမည့်သူမဟုတ်ကြောင်း နားလည်သည်။

"မင်း . . . လွတ်ထွက်သွားပေမယ့် ငါက မင်းနောက်ကနေ လိုက်နေဦးမှာပဲ။ မင်းကို တစ်စစီဖြစ်အောင် ငါ ရှင်းပစ်လိုက်



www.burmeseclassic.com

www.burmeseclassic.com

မယ်"

"ကျွန်တော့်ကို ချက်ခြင်း လွှတ်ပေးပါ။ ခင်ဗျား ဒီလိုမျိုး ခြိမ်းခြောက်လို့ မရဘူး"

စဝ်ရန်နိုင်က ညင်သာသော လေသံခပ်တိုးတိုးဖြင့် -

"ဒိုင်းနမိုင်းတွေ မင်း ဘယ်ကနေ ရလာတာလဲ"

"ကျွန်တော် လုံးဝမသိဘူး"

စဝ်ရန်နိုင် အေးစက်စွာ ပြုံးသည်။

"မင်းအဖြေက အတော်ကောင်းတဲ့ အဖြေပဲ . . . သိပ်ရှင်းတာပဲ"

စဝ်ရန်နိုင်သည် ဖာထိုး၏ လည်မျိုကို ဖမ်းဆုပ်လိုက်ပြီး နံရံနှင့် ခေါင်းကို ဆောင့်တိုက်ပစ်လိုက်၏။

"ဟောကောင် . . ပြောစမ်း ဒိုင်းနမိုင်းတွေ၊ ဘယ်ကရလာခဲ့တာလဲ"

"ကျွန်တော် ဘာမှ မသိဘူး"

စဝ်ရန်နိုင်က ဖာထိုး၏ ခေါင်းကိုနံရံနှင့် ခပ်ပြင်းပြင်း ဆောင့်တိုက်လိုက်၏။

"ဟောကောင် . . လူယုတ်မာ . . . ဒိုင်းနမိုင်းတွေ ဘယ်က ရလာတာလဲ"

"လုပ်ကြပါဦး . . . ကယ်ကြပါဦး"

စဝ်ရန်နိုင်က ဖာထိုး၏ဦးခေါင်းကို တစ်ချက်ခြင်း ဆောင့်တိုက်လိုက်သည်။

ချစ်ခိုင်နှင့် ကျန်တစ်ဦးဖြစ်သူ "ဒီပါ" က စဝ်ရန်နိုင်ကို





ဆွဲကြသည်။

"တော်လောက်ပြီ . . . စဝ်။ ဒီကောင် ကိစ္စ ပြတ်သွားလိမ့်မယ်"

"ဟောကောင် . . . ဖြေစမ်း။ မင်းနဲ့တွဲတဲ့ အကောင်တွေက ဘယ်သူတွေလဲ"

. . . . . . . . . . . . . . . . . . . . . . . .

"ဘယ်က ကောင်တွေလဲ။ ဖြေစမ်း . ."

. . . . . . . . . . . . . . . . . . . . . . . .

"လူတွေကို ဒုက္ခပေးဖို့ကြံတဲ့အကောင်တွေ . . ."

ရုတ်တရက်

ရုံးခန်းတံခါးပွင့်လာပြီး ဒု - စခန်းမှူးကျော်ဇေယျ ဝင်လာသည်။

"ဟော့ . . . ဘာဖြစ်နေကြတာလဲ"

စဝ်ရန်နိုင်က ဖာထိုးကို ပြန်လွှတ်လိုက်သည်။

စဝ်ရန်နိုင်က တစ်ချက်ပြုံးသည်။

"ဘာမှ မဖြစ်ပါဘူး . . . ဆရာ။ ကျွန်တော်တို့ ဖမ်းထားတဲ့ ဘရားခံ ခြေချော်ပြီး လဲကျသွားလို့ ဒဏ်ရာ နည်းနည်းပါးပါး ရသွားတာပါ"

စဝ်ရန်နိုင်က ဖာထိုးကို ပြုံး၍ ပခုံးတစ်ချက် ပုတ်လိုက်ပြီး

"သတိထားပြီး သွားမှပေါ့ သူငယ်ချင်းရယ်။ မတော်တဆ မင်း ဒဏ်ရာကြီးကြီးမားမားရသွားရင် မခက်ဘူးလား"

ဖာထိုသည် စဝ်ရန်နိုင်ကို တုန်လှုပ်စွာ မော့ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com

မည်သည့် စကားမျှ ပြန်မပြောပဲ ပါးစပ်ပိတ်ထားလိုက်
သည်။

ကျော်ဇေယျက မျက်မှောင်ကြုတ်၍ -

"စဝ်...ငါ့ရုံးခန်းကို အခုလိုက်ခဲ့ပါ"

စဝ်ရန်နိုင်သည် ဇာထိုကို မကျေမနပ် တစ်ချက်ကြည့်ပြီ
ရုံးခန်းထဲမှ ထွက်သွားသည်။

× × ×

ရုံးခန်းထဲသို့ ဝင်လာသော စဝ်ရန်နိုင်ကိုကြည့်၍
ကျော်ဇေယျက လှမ်းပြောသည်။

"စဝ်...မင်း ဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲ"

"ဒိုင်းနမိုင်းတွေကိစ္စ ဒီကောင်က ရေငုံနှုတ်ပိတ်နေ
တယ် ဆရာ။ ဒီကိစ္စ ဘယ်လောက်အရေးကြီးတယ်ဆိုတာ ဆရာ
သိပါတယ်"

ကျော်ဇေယျ ခေါင်းခါလိုက်သည်။

"တော်တော် ခက်တာပဲ စဝ်ရယ်။ ဘာမှမဟုတ်တဲ့ ဒီကိစ္စ
ကို ဦးထွန်းပိုင် သိသွားရင် မင်းကို ဒီနေရာကနေ ရွှေ့ပစ်မှာ သေ
ချာတယ်..."

"အချိန်မြန်မြန်နဲ့ လွယ်လွယ်သိရအောင် ကျွန်တော်
ကြိုးစားကြည့်တာပါ..."

ကျော်ဇေယျက ဖိုင်တွဲတစ်ခုထဲမှ အစိမ်းနုရောင်စာ
ရွက်တစ်ရွက်ကို ဆွဲထုတ်လိုက်သည်။

"ဒီကောင်နဲ့ပတ်သက်တဲ့ သူ့ရဲ့နောက်ကြောင်း ရာဇဝင်





ကို ငါတို့ သိထားပြီ။ ဒီကောင့်နာမည်က "ဇာထို"..။ ဒီကောင်
အဖမ်းခံရတဲ့ အကြိမ်းပေါင်း မနည်းဘူး။ ထောင် သုံးခါကျဖူး
တယ်။ "ယူနီကွန်း" လို့ခေါ်တဲ့ အောက်လမ်းမှော်ဂိုဏ်းတစ်ဂိုဏ်း
ရဲ့ အဖွဲ့ဝင်တစ်ယောက်ပဲ"

"အင်း...ကြားဖူးတယ်လို့ ထင်တယ်"

"သူတို့ရဲ့ဌာနချုပ်နေရာက ကျော်လွှာမြို့က ရပ်ကွက်
တစ်ခုထဲမှာရှိတဲ့ ပုဂ္ဂလိက အားကစားရုံတစ်ခုပဲ။ သူတို့ရဲ့ခေါင်း
ဆောင်က "ဗျဂ္ဂ" လို့ခေါ်တဲ့ အရူကြောင်ကြောင် လူကြီးတစ်
ယောက်ပဲ"

စဝ်ရန်နိုင်က -

"ကျွန်တော် သူ့ကိုသိတယ်။ ဒါပေမယ့် သူတို့က အကြမ်း
က်ကိစ္စတွေ ရာဇဝတ်မှုတွေမှာ လုံးဝမပတ်သက်ကြဘူး"

"ဒီကောင်တွေကို လုံးဝ ယုံလို့တော့ မဖြစ်ဘူး။ ဦးထွန်း
င်ကတော့ မင်းကို "ဗျဂ္ဂ"ရဲ့ ယူနီကွန်းဌာနချုပ်ကိုသွားပြီး အကဲ
ဘ်စစ်ဆေးကြည့်ခိုင်းမယ်လို့ ပြောထားတယ်"

"ပြီးတော့ ကုန်ကိုဒေါင် အမှတ် (၁၇) ဖောက်ထွင်းခိုးယူ
မှုဟာ ယူနီကွန်းဂိုဏ်းက အကောင်တွေ ဦးဆောင် စီစဉ်တယ်လို့
သူက ယူဆထားတယ်။ ယူနီကွန်းဌာနချုပ်ကို ဝင်ရှာဖို့ ဝရမ်း
တောင်းခံထားတယ်။ ယူနီကွန်းဌာနချုပ်မှာ ခိုးယူသွားတဲ့ လက်
နက်တွေ၊ ဖောက်ခွဲရေးပစ္စည်းတွေ၊ ဒိုင်းနမိုင်းတွေ ဝှက်ထားလိမ့်
မယ်လို့ သူ ထင်ထားတယ်။ မင်းနဲ့ မေဘုန်းရှိန်တို့ အရင်သွားကြ"

စဝ်ရန်နိုင် ပခုံးတစ်ချက် တွန့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ရဲ့တွဲဘက် ဘယ်ရောက်နေပြန်ပြီလည်း မသိပါဘူး။ သူ့ကိုရှာလိုက်ရင် မတွေ့တာချည်းပဲ"

"ငါနဲ့ စောစောက စကားပြောပြီး အပြင်ထွက်သွားတယ်။ မင်းအနေနဲ့ သူနဲ့တွဲပြီး အလုပ်.လုပ်ရတာ သဘောမကျမှန်း ငါသိပါတယ်။ မင်းက သူ့ကို အခွင့်အရေးပေးထားပါဦး"

"သူက လက်သမားဆရာဖြစ်ချင်တယ် မဟုတ်လား။ ဒါဆို လွှာနဲ့ တူကိုတော့ ကောင်းကောင်းကိုင်တတ်ဖို့ လိုတယ်။ ကျွန်တော်ပြောတာ မှားသလား"

"မင်းပြောတာ မှန်ပါတယ်"

"ကျွန်တော် သွားတော့မယ်"

စစ်ရန်နိုင်က ရုံးခန်းဝသို့ လှည့်၍လျှောက်သွားသည်။

ကျော်ဇေယျက လှမ်းပြောသည်။

"စစ်...မင်းဟာ တကယ့်ကို ထူးခြားရှားပါးတဲ့ လူကြမ်းတစ်ယောက်ပဲ"

စစ်ရန်နိုင်က တံခါးကိုဆွဲဖွင့်၍ မသိမသာ ရယ်မောလိုက်သည်။

"ကျွန်တော့်ကိုယ် ကျွန်တော် နားလည်ပါတယ်..."

× × × × ×





## အခန်း (၂၁)

ယူနီကွန်းအဖွဲ့၏ ဌာနချုပ်သည် အားကစားရုံဟောင်းကြီးတစ်ခုဖြစ်သည်။

ယခုမူ -

"စားသောက်ဆိုင်" တစ်ဆိုင်အဖြစ် ပြောင်းလဲဖွင့်လှစ်ထားသည်။

ကျောက်လှာရပ်ကွက်အနီးရှိ "ရွှေနဒီ" လမ်းပေါ်၌တည်ရှိသည်။

စစ်ရန်နိုင်သည် သူ၏ကားကို ကဖီးဆိုင်နှင့် ခပ်လှမ်းလှမ်းအကွာ၌ ရပ်သည်။

မေဘုန်းရှိန်သည် စစ်ရန်နိုင်နှင့်အတူ ကားပေါ်မှဆင်းသည်။

တိုက်အိမ်များမှာ ဟောင်းနွမ်း၍နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အမှောင်ရိပ်ရှိသော နေရာတစ်ခု၌ အမူးသမားအုပ်စု သံသေး၊ သံကြောင်ဖြင့် အော်ဟစ် ဆူပူနေကြသည်။

ယူနီကွန်းဌာနချုပ်၏ ရှေ့ဘက်မျက်နှာစာကို ဆေးအနီရောင်သုတ်ထားသည်။

တံခါးထိပ်ပေါ်၌ -

"ယူနီကွန်း" ဟူသောအမည်ကို အရောင်တစ်မျိုးစီဖြင့် ရေးထားသည်။

တံခါးဝ၌ ဝတ်ရုံရှည်ပွပွကြီးကို ဝတ်ဆင်ထားသည့် စုတ်ချွန်းချွန်းမျက်နှာပေးနှင့် လူရွယ်နှစ်ဦး ရပ်နေကြသည်။

စစ်ရန်နိုင်နှင့် မေဘုန်းရှိန်တို့ တံခါးဝသို့ ချဉ်းကပ်လာသည်ကို တွေ့လျှင် အတွင်းသို့ ဝင်သွားကြသည်။

စစ်ရန်နိုင်က -

"ငါတို့ရောက်လာတဲ့အကြောင်း သွားသတင်းပို့တာပဲ ဖြစ်မယ်"

သူမက ခေါင်းညိတ်ပြသည်။

ယူနီကွန်းဌာနချုပ်၏ အတွင်းပိုင်းမှာ ပေါင်းနွမ်း၍နေပြီဖြစ်သည်။ နံရံများပေါ်၌ ရုပ်ရှင်မင်းသမီးများ၏ ပုံများကို ချိတ်ဆွဲထားသည်။

ကောက်ရိုးပန်းချီကား အချို့ကိုလည်း နံရံ၌ချိတ်ဆွဲထားသည်။

အသားခပ်မည်းမည်း၊ မျက်နှာထားကြမ်းကြမ်းနှင့် လူရွယ်အချို့ဆိုင်ထဲ၌ရှိနေကြသည်။





အချို့က "ခြောက်၊ တစ်" ကစားနေကြသည်။

အချို့က ဘီလိယက်ခုံ၌....

ဆိုင်ထဲသို့ စစ်ရန်နိုင်နှင့် မေဘုန်းရှိန်တို့ဝင်လာလျှင် မီးကိုရေဖျန်းလိုက်သည့်နယ် ဆူညံသံများ တိတ်ဆိတ်သွားကြသည်။

အရက်သောက်နေသူ အချို့၏အကြည့်ပါ သူတို့ထံသို့ ရောက်လာကြသည်။

ခန္ဓာကိုယ် သေးသေးညှပ်ညှပ်နှင့် ကုလားဒိန်တစ်ဦး ဆိုင်ရာမှ ထ.လာပြီး စစ်ရန်နိုင်ထံသို့ လျှောက်လာသည်။

"ဟား...ဆရာတို့ ဘာကိစ္စနဲ့ကြွလာကြတာလဲ"

ကိုယ်လုံးဝဝနှင့် လူကြီးတစ်ဦးက -

"ဒီဆိုင်က အပြင်လူတွေကို လက်မခံဘူး"

ကုလားဒိန်က မျက်နှာထားမာမာဖြင့် -

"ဟုတ်တယ်၊ ဒီမှာ အဖွဲ့ဝင်တွေကိုပဲ လက်ခံတယ်"

စစ်ရန်နိုင်က -

"ငါ...ဗျဂ္ဂကို လာရှာတာ"

ကုလားဒိန်က နှုတ်ခမ်းကိုမဲ့လိုက်ပြီး -

"ဝမ်းနည်းပါတယ်။ ခင်ဗျားဒီနေရာကနေ ထွက်သွားပါ။ အမျိုးသမီးကိုတော့ ထားချင်ထားခဲ့လို့ရတယ်"

ကိုယ်လုံးဝဝနှင့် လူကြီးက မထီတရီလေသံဖြင့် -

"ဒီနေရာဟာ ခင်ဗျားတို့နဲ့ လုံးဝမသက်ဆိုင်ပါဘူး"

စစ်ရန်နိုင်က အေးစက်စက်လေသံဖြင့် -



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့စကားပြောတာ နည်းနည်းတော့ ဆင်ခြင်ရင်ကောင်းမယ်"

ကုလားဒိန်လူရွယ်က မျက်လုံးကိုပြူး၍ ကြည့်သည်။

"ခင်ဗျားကို ဒီနေရာမှာ ဘယ်သူကမှ လက်မခံချင်ကြဘူး"

ကျန်လူများက လှောင်ပြောင်ရယ်မောကြသည်။

မျက်နှာနီနီနှင့် လူဝကြီးက -

"ခင်ဗျားဆိုင်ထဲက ထွက်သွားတာ အကောင်းဆုံးပဲ"

ကျန်လူများ စဝ်ရန်နိုင်နှင့် မေဘုန်းရှိန်ထံသို့ တိုးကပ်လာကြသည်။

စဝ်ရန်နိုင်က သူ၏အမှတ်အသားတံဆိပ်ကို ထုတ်ပြလိုက်ပြီး -

"ငါတို့...ရဲအဖွဲ့က လူတွေဆိုတာ နားလည်လား"

ကုလားဒိန်က ခေါင်းတစ်ညိတ်လိုက်ပြီး -

"ဩော်...ခင်ဗျားကရဲအဖွဲ့ဝင်ကိုး။ ကျွန်တော်တို့လည်း ဥပဒေနဲ့ပတ်သက်ပြီး နားလည်ပါတယ်..."

"မင်းတို့လူ...ဇာထိုဆိုတဲ့ အကောင်ကို ငါတို့ဖမ်းထားတယ်"

ကုလားဒိန်က ခေါင်းခါလိုက်သည်။

"ဇာထိုဆိုတဲ့ နာမည်ကို တစ်ခါမှ မကြားဖူးဘူး။ ကျွန်တော်တို့ ဒေါသမထွက်ခင် ခင်ဗျား အမြန်ဆုံးထွက်သွားရင်ကောင်းမယ်"

ထိုစဉ်မှာပင် -





ကျယ်လောင်သော အသံကြီးတစ်သံ ထွက်ပေါ်လာသည်။

"ချန္ဒရာ...ဝါကူး...ဘာဖြစ်နေကြတာလဲ"

အသားမည်းမည်းနှင့် လူအုပ်စု နောက်သို့ဆုတ်သွားကြသည်။

ကိုယ်လုံးကိုယ်ထည်ကြီးမား၍ဦးခေါင်းတစ်လုံး ပြောင်လက်နေသည့် အသားအရေလွန်စွာမည်းနက်သော လူကြီးတစ်ဦးအခန်းထဲသို့ ခြေသံမကြားပဲနှင့် ဝင်ရောက်လာခြင်းဖြစ်သည်။

ထိုလူကြီး၏ အရပ်မှာ ခြောက်ပေကျော်ခန့်ရှိပေသည်။

ကြီးမားဝိုင်းစက်သော မျက်လုံးကြီးများနှင့် စဝ်ရန်နိုင်တို့နှစ်ဦးကို အေးစက်စွာစိုက်ကြည့်လိုက်သည်။

ထိုလူကြီးက ဘာတွေလုပ်ခဲ့လို့လဲ"

စဝ်ရန်နိုင်က -

"သူ့လက်ထဲမှာ ဒိုင်းနမိုင်းတွေ တွေ့ရလို့ပဲ"

"ဩော်...ဒီလိုလား"

"ခင်ဗျားက ဗျဂ္ဂလား"

"ဟုတ်ပါတယ်...ဘာကိစ္စရှိလို့လဲ"

ပုညက်ညက် ကုလားဒိန်က မကျေမနပ် အမူအရာနှင့် ဝင်ပြောသည်။

"ဒီကောင်တွေပြဿနာတမင်လာရှာတာပဲ ဆရာကြီး"

စဝ်ရန်နိုင်က တည်ငြိမ်စွာဖြင့် -

"မေးစရာ နည်းနည်းပါးပါးရှိလို့ပါ..."

ကြီးမားတုတ်ခိုင်သော လူကြီးက -



www.burmeseclassic.com

www.burmeseclassic.com

"ချွန်ရာ...မင်း...ဒေါသကြီးမနေစမ်းနဲ့၊ သူတို့ ဘာသိချင်သလဲဆိုတာ ငါ အရင်မေးကြည့်ဦးမယ်"

ထိုလူကြီးက သူ၏ ရုံးခန်းဘက်သို့ မေးဆတ်၍ပြလိုက်သည်။

"ခင်ဗျား တစ်ယောက်တည်း ကျုပ်ရဲ့ရုံးခန်းကို လိုက်ခဲ့ပါ"

× × ×

ဗျဂ္ဂ၏ ရုံးခန်းသည် ခမ်းနားလှပသော အနုပညာပစ္စည်းများနှင့် ဆင်ယင်မွမ်းမံထားသည်။

သူသည် ကျွန်းသားပန်းပုရုပ်လုံးများဖြင့် ထွင်းထုပုံဖော်ထားသော ထိုင်ခုံတစ်လုံး၌ ဝင်ထိုင်လိုက်၏။ စဝ်ရန်နိုင်ကို ထိုင်ခုံလွတ်တစ်လုံးဆီသို့ လက်ညှိုးညွှန်ပြလိုက်သည်။

"ထိုင်ပါ...စဝ်ရန်နိုင်"

သူ၏နာမည်ကို ဗျဂ္ဂက သိထားသဖြင့် စဝ်ရန်နိုင် အံ့ဩသွားသည်။ သို့သော်စဝ်ရန်နိုင်၏မျက်နှာပေါ်၌ အံ့ဩသည့် အရိပ်အသွင် လုံးဝပေါ်မလာပေ။

"ခင်ဗျားနဲ့ ကျွန်တော် မသိကြပါဘူး"

ဗျဂ္ဂက မသိမသာပြုံး၍ -

"ခင်ဗျားက ကျုပ်ကို မသိပေမယ့် ကျုပ်ကတော့ ခင်ဗျားကို ကောင်းကောင်းသိထားပါတယ်။ ဒီနေရာမှာက ခင်ဗျားတို့လို လူမျိုးတွေကို သိပ်သဘော မတွေ့ကြဘူး။ ကဲ...ဆိုပါဦး ဗာထို ဘာတွေလုပ်ခဲ့သလဲဆိုတာ ပြောပါဦး"

"ခင်ဗျား မသိလို့ မေးနေတာလား"





"ကျုပ် အမှန်အတိုင်းပြောနေတာ။ ဒီကောင် ကျုပ်တို့ဆီ မလာတာ အတော်ကြာသွားပြီ"

စဝ်ရန်နိုင်က ဗျဂ္ဂကို စူးစိုက်၍ကြည့်လိုက်ပြီး -

"ဗာထိုက ခင်ဗျားရဲ့အဖွဲ့ထဲမှာ အရေးပါတဲ့နေရာမှာ ရှိတဲ့ လူတစ်ယောက် မဟုတ်လား"

"အရင်ကတော့ ဟုတ်တယ်။ အခုတော့..မဟုတ်တော့ပါဘူး"

"ဘယ်လိုဖြစ်လို့လဲ"

"ဗာထိုက ကြမ်းတမ်း ရမ်းကားတယ်။ ကျုပ်ရဲ့ "ယူနီကွန်း" အဖွဲ့ဟာ စည်းကမ်းတင်းကျပ်ကြီးမားတဲ့ အဖွဲ့တစ်ခုပါ။ ဒီကောင်က လူလည်တွေနဲ့ သွားပေါင်းတယ်။ ဒီနောက်ပိုင်းမှာ သူက ကျုပ်ဆီကနေ နုတ်ထွက်သွားတယ်။ အခုလဲ ဒီကောင် မဟုတ်တာတွေ လုပ်လာပြန်ပြီ မဟုတ်လား"

"ဆိပ်ခံ ဘောတံတားအမှတ် (၁၇)က ကုန်ဂိုဒေါင်ရုံမှာ ဖောက်ထွင်းခိုးယူမှုဖြစ်တယ်။ အဲဒီကိစ္စမှာ သူပါနေတယ်..."

"အင်း...ဒါကိုတော့ ကျုပ်ကြားတယ်"

"ခင်ဗျားက ဘယ်နည်းနဲ့ ကြားတာလဲ"

ဗျဂ္ဂက သဘောကျစွာ ရယ်မောလိုက်၏။

"ကျုပ်ဆီမှာ သတင်းပေးမယ့် လူတွေအများကြီးရှိပါတယ်"

စဝ်ရန်နိုင်က -

"အခုကိစ္စကို ခပ်လွယ်လွယ် ခင်ဗျားသဘောမထားနဲ့။ လူသတ်မှု သုံးခုပါတွဲပြီးပါနေတယ်။ ခင်ဗျားကိုယ်တိုင်ပါရောပြီး



www.burmeseclassic.com

www.burmeseclassic.com



ပါချင်နေလို့လား . . . တရားခံဇာထိုကို ကူညီအားပေးမှု၊ ပူးပေါင်းကြံစည်မှုနဲ့ ဥပဒေအရ ပြင်းပြင်းထန်ထန် အရေးယူတာမျိုးခံချင်လို့လား"

"ဗျူဂို"က မျက်ခုံးတစ်ချက် ပင့်လိုက်ပြီး -

"ခင်ဗျား ထင်တာတွေ ပြောမနေနဲ့ စဝ်ရန်နိုင်။ ကျုပ်နဲ့ ကျုပ်ရဲ့လူတွေ၊ ဒီကိစ္စထဲမှာ လုံးဝ မပါကြဘူး။ ဘာမှလည်း မသိကြဘူး။ ကျုပ်တို့အနေနဲ့ အကြမ်းဖက်မှုတွေ၊ ရာဇဝတ်မှုတွေကို ဝါသနာ လုံးဝမပါကြဘူး"

စဝ်ရန်နိုင်က -

"ကောင်းပြီလေ။ ဇာထိုနဲ့ သူပေါင်းတဲ့လူတွေအကြောင်း ခင်ဗျားသိသလောက် ပြောပြပါ။ အဲဒီကောင်တွေက ဘယ်သူတွေလဲ"

စဝ်ရန်နိုင်က သူ၏အိတ်ထဲမှ စာရွက်တစ်ရွက်ကို ထုတ်ယူ၍ ဗျူဂိုကို လှမ်းပေးသည်။

"အဲဒီစာရင်းထဲမှာ ခင်ဗျားသိထားတဲ့ လူတွေပါသလား"

ဗျူဂိုက စာရွက်ပေါ်မှ အမည်များကို သေချာစွာကြည့်လိုက်သည်။

"ဇာထိုနဲ့ပေါင်းတဲ့ နှစ်ကောင်က ကြေးစားလူသတ်သမားနှစ်ယောက်ပဲ။ "အထွဲ" ဆိုတဲ့ အကောင်က သူတို့ရဲ့ခေါင်းဆောင်လုပ်တဲ့ အကောင်ပဲ"

"အထွဲနဲ့ ခင်ဗျား သိသလား"

ဗျူဂိုက စာရင်းစာရွက်ကိုပြန်၍ပေးရင်းမှ -

"အထွဲ" ဆိုတဲ့ အကောင်က အသုံးမကျတဲ့ အကောင်





တစ်ကောင်"

"ဘာဖြစ်လို့လဲ"

ဗျူဂိုက ပခုံးတစ်ချက်တွန့်လိုက်ပြီး -

"ဒီကောင် ပိုက်ဆံတစ်ထောင်ပေးရင်၊ သူ့ဆွေမျိုးသားအရင်းကိုတောင် လည်လှီးသတ်ဖို့ ဝန်မလေးတဲ့ အကောင်စားမျိုး။ ဒီကောင် ဟိုအရင်တုန်းက လေးလွင့်ဥဒ္ဒင်ငှက်တွေကို အုပ်ထိန်းတဲ့လူ လုပ်ခဲ့ဖူးတယ်။ ဒီကောင်က အင်မတန်ရက်စက်ကောက်ကျစ်တယ်။ တစ်ခါတုန်းက သူ့ဆီမှာရှိတဲ့ ဥဒ္ဒင်ငှက်မလေးတစ်ယောက်၊ သူ့ကိုမပေးပဲ ငွေနှစ်ထောင် ဖြတ်သုံးလို့ဆိုပြီး ရက်ရက်စက်စက် သတ်ပစ်ခဲ့တယ်လို့ ပြောသံကြားရတယ်။ ဒီကောင်ရဲ့စရိုက်နဲ့အကျင့်က အဲဒီအတိုင်းပဲ . . ."

"အဲဒီတုန်းက အဲဒီအမှုကို ကျွန်တော် လိုက်ခဲ့ရသေးတယ်။ တရားခံကို သက်သေနဲ့ရှာလို့ မရှာခဲ့ဘူး။ အခု . . အထွဲဘယ်မှာရှိနေသလဲဆိုတာ သိချင်တယ်"

ဗျူဂို ခဏတွေမျှ စဉ်းစားပြီး သက်ပြင်းတစ်ချက် မှုတ်ထုတ်၏။

"အထွဲနဲ့ပတ်သက်ပြီး ကျုပ် စုံစမ်းလို့ရနိုင်ပါတယ်။ ဒါပေမယ့် . . . ကျုပ်အနေနဲ့ ဒီလိုအလုပ်မျိုး လုပ်မပေးချင်ဘူး။ အထူးသဖြင့် ရဲတွေနဲ့ မပတ်သက်ချင်ဘူး"

စဝ်ရန်နိုင် နားလည်လိုက်သည်။

ဗျူဂိုသည် သူ့ဆီမှ သတင်းကို အကျိုးအမြတ်မရှိပဲ မပေးလိုပေ။

တစ်စုံတစ်ခုသော အလဲအလှယ်ပြုပြီးမှ ပေးမည့်ပုံမျိုး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

"ကျွန်တော် နားလည်ပါတယ်။ ခင်ဗျားကို ကျွန်တော် ဘယ်လိုပြန်ကူညီရမလဲ"

ဗျူဂ္ဂ ပါးနပ်စွာပြုံးသည်။

"ကျုပ်ရဲ့တပည့်တစ်ယောက် အဖမ်းခံထားရတယ်။ ကျုပ်ဆီမှာက တပည့်တွေကို စည်းကမ်းတင်းကျပ်ထားတယ်။ "ဘားလေး" ဆိုတဲ့ ကောင်လေး စိတ်နယ်လွန်းပစ္စည်းတွေနဲ့ တွေ့တယ်ဆိုပြီး အဖမ်းခံထားရတယ်။ ဒီကောင်လေး အပြစ်ပေးခံရတော့မယ် ..။ ကျုပ်က ဒီလိုပစ္စည်းမျိုးတွေနဲ့ ပတ်သက်ခွင့် လုံးဝပေးမထားဘူး။ ခင်ဗျားသိချင်တဲ့ကိစ္စကို ကျုပ်က စုံစမ်းပေးမယ်။ ခင်ဗျားက ကျုပ်ရဲ့တပည့်အတွက် သက်သာခွင့်ရအောင် ဆောင်ရွက်ပေးပါ"

စဝ်ရန်နိုင်က ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ။ ခင်ဗျားပေးတဲ့ သတင်းတကယ်ထိရောက်တယ်ဆိုရင်တော့ ကျုပ်ဘက်က တတ်နိုင်သမျှ အကူအညီပေးပါ့မယ်"

"ကျုပ်မှာ သတင်းပေးတွေ အများကြီးရှိပါတယ် ... စဝ်ရန်နိုင်။ ကျုပ်ကသာသိချင်ရင် ဒီတစ်ရက်၊ နှစ်ရက်အတွင်း သိရပါလိမ့်မယ်"

စဝ်ရန်နိုင် ထိုင်ရာမှ ထ၍ရပ်လိုက်သည်။

"ကျွန်တော် အမြန်ဆုံး သိချင်တယ် ဗျူဂ္ဂ။ ဒါပေမယ့် ... ဒီကိစ္စ "အထွဲ" သိလို့တော့မဖြစ်ဘူး။ ကျွန်တော်ကလွဲလို့ ဘယ်သူမှ မသိပါစေနဲ့ ..."





"ဒါလောက်တော့ ကျုပ် နားလည်ပါတယ်"

စဝ်ရန်နိုင်က သူ၏အိတ်ထဲမှ ကဒ်ပြားကို ထုတ်၍ စားပွဲပေါ်သို့ ပစ်တင်လိုက်၏။

"ဒါ ကျွန်တော့်ရဲ့ဖုန်းနံပါတ် ... ခင်ဗျား အချိန်မရွေး ဆက်သွယ်နိုင်တယ်"

ဗျူဂ္ဂက သူ၏ ကြီးမားလက်ဝါးကြီးကို ဖြန့်ပြလိုက်ပြီး -

"ဒီမှာ စဝ်ရန်နိုင် .. မင်း ဘယ်သူ့အတွက် အလုပ်လုပ်နေတာလဲ"

စဝ်ရန်နိုင်က တံခါးကို ဖွင့်လိုက်၏။

"ကျွန်တော် နိုင်ငံတော်အတွက် အလုပ်လုပ်နေတာ"

စဝ်ရန်နိုင် ရုံးခန်းအပြင်ဘက်သို့ ထွက်လာခဲ့သည်။

ဗျူဂ္ဂ အံ့သြတွေဝေစွာဖြင့် ငေး၍ကျန်ရစ်ခဲ့သည်။

× × × × ×



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

စဝ်ရန်နိုင်နှင့် မေဘုန်းရှိန် "ယူနီကွန်း"ဆိုင်ထဲမှ အပြ[illegible]
သို့ထွက်လာကြသည်။

စဝ်ရန်နိုင်က လက်ညှိုးထိုး၍ -

"ဟိုမှာ...ကြည့်စမ်း"

မေဘုန်းရှိန်က စဝ်ရန်နိုင် လက်ညှိုးညွှန်ရာသို့ကြည့်
သည်။

လမ်းကိုပိတ်ဆို့ရပ်နေသော ရဲကားများ...။

လမ်းနေရာအနှံ့၌ ရဲကားများပိတ်ဆို့၍ ရပ်တန့်ထား[illegible]
သည်ကို သူမတွေ့လိုက်ရသည်။

မေဘုန်းရှိန်က နားမလည်နိုင်စွာဖြင့် မေးသည်။





"သူတို့...ဘာလာလုပ်ကြတာလဲ...စဝ်"

"ဒါ...ဦးထွန်းပိုင်ရဲ့အကြံအစည်ပဲဖြစ်ရမယ်။ ဆိပ်ခံ ဗောတံတားအမှတ် (၁၇) ကုန်ဂိုဒေါင် ဖောက်ထွင်းခံရတဲ့ကိစ္စမှာ ဗျဂ္ဂရဲ့ယူနီကွန်းအဖွဲ့သားတွေ ပါရမယ်ဆိုပြီး ဦးထွန်းပိုင်က တွက်ဆ.ထားတယ်။ အခု ယူနီကွန်းတွေရဲ့ဌာနချုပ်ကို ဝင်ရှာဖို့ ဝရမ်းယူပြီး ရောက်လာတာပဲ။ ဦးထွန်းပိုင်ကတော့ အစီအစဉ်တွေအားလုံးကို ပျက်စီးအောင် ဖျက်ဆီးတော့မယ်"

ထိုအချိန်မှာပင် -

ရဲကားလေးစီး ဖြတ်ကျော် မောင်းနှင်ဝင်လာသည်။

ယူနီကွန်း ဌာနချုပ်၏ ရှေ့တည့်တည့်၌ ရပ်လိုက်ကြသည်။

ယူနီဖောင်းအပြည့် ဝတ်ဆင်ထားသော အထူးတိုက်ခိုက်ရေးအဖွဲ့ဝင်များ ရဲကားများပေါ်မှ လျှပ်တစ်ပြက် ခုန်ဆင်းလိုက်ကြသည်။

ရဲကားများ၏ နောက်၌ ချက်ခြင်း နေရာယူလိုက်ကြသည်။

တကိယမြောက် ရဲကားပေါ်မှ ဦးထွန်းပိုင် ဆင်းလာသည်။

သူ၏လက်ထဲ၌ လျှပ်စစ်စပီကာ အငယ်စားတစ်ခုကိုင်ထားသည်။

"ငါ...အာသာဝတီမြို့က စခန်းမှူး ဦးထွန်းပိုင်ပဲ။ ဟေ့...ဗျဂ္ဂ မင်းတို့အားလုံး လက်နက်ချပြီး အမြန်ထွက်ခဲ့ကြ။ မင်းတို့အားလုံးကို ငါတို့ရဲ့အဖွဲ့က ဝိုင်းထားပြီးပြီ။ မင်းတို့ရဲ့လက်တွေ


www.burmeseclassic.com

www.burmeseclassic.com

ခေါင်းပေါ်တင်ပြီး အပြင်ကိုထွက်လာခဲ့ကြ...''

ဦးထွန်းပိုင် ရဲကားတစ်စီးကြား၌ ဝပ်၍နေလိုက်သည်။

စစ်ရန်နိုင်က မေဘုန်းရှိန်ကို ဆွဲခေါ်၍ လမ်းတစ်ဘက်သို့ အမြန် ကူးသွားသည်။

ဦးထွန်းပိုင်က စစ်ရန်နိုင်ကို မြင်လျှင် လေသံခပ်တင်းတင်းဖြင့် -

''မင်းက ဒီနေရာမှာ ဘာလာလုပ်နေတာလဲ . . . စစ်ရန်နိုင်''

''ကျွန်တော်နဲ့ ရဲစုံစမ်းရေးမှူး မေဘုန်းရှိန်တို့ ဗျဂ္ဂဆီလာပြီး မေးမြန်းကြည့်နေကြတာပါ။ ဗျဂ္ဂရဲ့ ယူနီကွန်းအဖွဲ့ဟာ ကုန်ဂိုဒေါင် အမှတ် (၁၇)ဖောက်ထွင်း ခိုးယူမှုနဲ့ လုံးဝမပတ်သက်ပါဘူး...ဆရာ''

ဦးထွန်းပိုင်က လေသံမာမာဖြင့် -

''ငါ လုံးဝ မယုံဘူး...စစ်ရန်နိုင်။ ယူနီကွန်းအဖွဲ့ရဲ့ခေါင်းဆောင်ဟာ ဗျဂ္ဂပဲ မဟုတ်လား''

''ခဏနေပါဦး..ဆရာ ဦးထွန်းပိုင်''

ဦးထွန်းပိုင်က လက်ကာပြ၍ ဒေါသတကြီး အော်ဟစ်လိုက်သည်။

''မင်းပါးစပ် ပိတ်ထားလိုက်စမ်း။ ဒီအချိန်မှာ မင်းရဲ့ထင်မြင်ချက်တွေ၊ ယူဆချက်တွေကို ငါ မကြားချင်ဘူး''

နောက်ထပ် တစ်မိနစ်မျှအကြာ၌ -

''ယူနီကွန်း'' ဆိုင်၏ ရှေ့ဘက်တံခါး ပွင့်လာသည်။





ရှေ့ဆုံးမှ ''ဗျဂ္ဂ'' ဦးဆောင်၍ လက်မြှောက်ပြီး ထွက်လာသည်။ သူ၏နောက်ဘက်မှ သူ၏လူများ တစ်ဦးစီတန်းစီ၍ လက်မြှောက်ပြီး ထွက်လာကြသည်။

ဦးထွန်းပိုင်သည် လျှပ်စစ်စပီကာကို ကားအဖုံးပေါ်၌ တင်လိုက်သည်။

ဦးထွန်းပိုင်သည် ဗျဂ္ဂထံသို့ တိုး၍သွားလိုက်ပြီး -

''ဒီမှာ ဗျဂ္ဂ။ မင်းနဲ့ မင်းရဲ့တပည့်တွေအားလုံးကို ငါတို့ ဖမ်းလိုက်ပြီ နားလည်လား...''

ဦးထွန်းပိုင်က ရဲအဖွဲ့ဝင်များဘက်သို့ လှည့်၍ ခေါင်းဆတ်ပြလိုက်သည်။

ရဲအဖွဲ့ဝင်များက ယူနီကွန်း အဖွဲ့ဝင်များအား လက်ထိပ်များဖြင့် လျင်မြန်စွာ ခတ်လိုက်ကြသည်။

ဗျဂ္ဂက စစ်ရန်နိုင်နှင့် မေဘုန်းရှိန်ကို တစ်ချက်လှမ်းကြည့်သည်။

ဗျဂ္ဂက အံကြိတ်၍ မျက်မှောင်ကြုတ်ပြီး လှမ်းကြည့်သည်။

စစ်ရန်နိုင်က -

''တော်တော်ညံ့ဖျင်းတဲ့ လူကြီးပဲ။ လာ . . . မေဘုန်းရှိန် ငါတို့ သွားကြရအောင်''

လမ်းတစ်ဘက်၌ရပ်ထားသော ကားဆီသို့ စစ်ရန်နိုင်နှင့် မေဘုန်းရှိန်တို့ လျှောက်သွားကြသည်။

ရဲကားများပေါ်သို့ တင်၍ ဖမ်းဆီးသွားခြင်းခံရသည့် ယူနီကွန်းအဖွဲ့ဝင်များကို မေဘုန်းရှိန် လှမ်း၍ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် စဝ်ရန်နိုင်နောက်သို့ပြေး၍လိုက်သွားသည်။ သူမက စိတ်လှုပ်ရှားသံဖြင့် -

"ကျွန်မတို့အခု ဘာဆက်လုပ်ကြမလဲ"

စဝ်ရန်နိုင်က စိတ်ပျက်လက်ပျက်လေသံနှင့် ပြောလိုက်သည်။

"ရုံးကိုပဲ ပြန်ကြတာပေါ့..."

× × × × ×

မြို့တော် စည်ကမ်းထိန်းသိမ်းရေးမှူး၏ ရုံး....။

ညှော်ခန်းမဆောင်ကြီးထဲ၌ သတင်းထောက်များ၊ ဓာတ်ပုံသမားများ၊ ဗွီဒီယိုသမားများဖြင့် ရှုပ်ထွေး ပြည့်ကျပ်၍နေ၏။

လူအုပ်ထဲမှ စဝ်ရန်နိုင်နှင့် မေဘုန်းရှိန်တို့ တိုးဝှေ့၍သွားကြရသည်။

ထိုလူအုပ်၏ရှေ့ဘက်၌ ဒု-စခန်းမှူးကျော်ဇေယျ၊ စခန်းမှူး ဦးထွန်းပိုင်နှင့် မြို့တော်စည်းကမ်း ထိန်းသိမ်းရေးမှူးတို့ကို တွေ့ရသည်။ မြို့တော်စည်းကမ်းထိန်းသိမ်းရေးမှူးက ဦးထွန်းပိုင်၏ ပခုံးတစ်ချက်ကို ဖက်ထားသည်။

ဦးထွန်းပိုင်၏ မျက်နှာပေါ်၌ ပီတိပြုံးများ ဖြာလျက်ရှိနေ၏။

မြို့တော်စည်းကမ်း ထိန်းသိမ်းရေးမှူးက ရဲစခန်းမှူး ဦးထွန်းပိုင်အား ချီးကျူးဂုဏ်ပြုစကားများ ပြောနေသည်။

ဦးထွန်းပိုင်ကို လွန်စွာခက်ခဲ၍ အန္တရာယ်ကြီးမားလှသော အမှုကြီးတစ်မှုကို ဖော်ထုတ်အရေးယူပေးနိုင်သူ တစ်ဦးအဖြစ် ဂုဏ်ပြုချီးမွမ်းစကား ပြောဆိုနေခြင်းဖြစ်သည်။





ဖလက်(ရှ်)ဂန်းများမှ မီးရောင်များက တဖျတ်ဖျတ် ဝင်းလက်နေကြသည်။

မြို့တော်စည်းကမ်းထိန်းသိမ်းရေးမှူးက အားပါးတရ ပြုံးနေ၏။

ထို့နောက် မြို့တော်စည်းကမ်း ထိန်းသိမ်းရေးမှူးက စဝ်ရန်နိုင်နှင့် မေဘုန်းရှိန်တို့ကို တွေ့သွားပြီး လှမ်းခေါ်သည်။

စည်းကမ်းထိန်းသိမ်းရေးမှူးက ဂုဏ်ပြုလက်မှတ်များ ချီးမြှင့်မည်ဖြစ်ကြောင်း ပြောပြန်သည်။

စဝ်ရန်နိုင်က -

"ဟုတ်ကဲ့၊ မြို့တော်စည်းကမ်း ထိန်းသိမ်းရေးမှူးကြီးခင်ဗျာ။ ကျွန်တော်တို့ ဘာအတွက် ဂုဏ်ပြုလက်မှတ် ယူရမှာလဲ ခင်ဗျာ"

ကျော်ဇေယျက ဝင်၍ပြောသည်။

"ဒါတွေ နောက်မှ မေးစမ်းပါ"

"ကျွန်တော် အခု သိချင်တယ်"

ဦးထွန်းပိုင်က -

"မင်းအနေနဲ့ ဂုဏ်ပြုလက်မှတ် ဘာကြောင့် ချီးမြှင့်ခံရသလဲဆိုတာ သိခွင့်ရမှာပါ။ မင်းကို တောင်းပန်ပါတယ်...စဝ်ရန်နိုင်။ အခုအဖြစ်အပျက်က မမျှော်လင့်ဘဲနဲ့ ခပ်မြန်မြန် ဖြစ်သွားရတာပါ။ မင်းကို ငါ့အနေနဲ့ ရှင်းပြချိန် မရလိုက်တာ ခွင့်လွှတ်ပါ"

စဝ်ရန်နိုင်က ထိုအဖြေကို မကျေနပ်ပေ။

စဝ်ရန်နိုင်အကြောင်း ကောင်းစွာသိထားသော ဦးထွန်းပိုင်က -



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ရဲ့အာသာဝတီမြို့ကြီးကိုခြိမ်းခြောက်အကျပ်ကိုင်ပြီး ဒေါ်လာ သုံးသန်းတောင်းထားတဲ့ ဒုစရိုက်အကြမ်းဖက်သမားတွေကို နှိမ်နင်းတဲ့နေရာမှာ မင်းက အဓိကနေရာကနေ ပါဝင်စွမ်းဆောင်နိုင်ခဲ့လို့ အခုလို ဂုဏ်ပြုလက်မှတ် ချီးမြှင့်တာပဲ"

စစ်ရန်နိုင်က လွန်စွာ အံ့အားသင့်သောအမူအရာဖြင့်

"ကျွန်တော့်အနေနဲ့ ဘယ်အကြမ်းဖက် ဒုစရိုက်အဖွဲ့ကိုမဖြိုခွဲ မနှိမ်နင်းရသေးပါလား ခင်ဗျာ"

မြို့တော် စည်ကမ်းထိန်းသိမ်းရေးမှူးက -

"မင်း ဘယ်လိုပြောလိုက်တာလဲ"

"ကျွန်တော် ပြောပြီးပါပြီ"

"ဗျူဂွန်နဲ့ ယူနီကွန်းအဖွဲ့ဝင်တွေအားလုံး ထောင်ထဲရောက်သွားကြပြီ။ ဇာထိုကိုလည်း ဖောက်ခွဲ ဖျက်ဆီးတဲ့ အမှုနဲ့ ဖမ်းချုပ်ထားတယ်။ ဒီအမှုကြီးပြီးသွားပြီ မဟုတ်လား"

"ဒါဖြင့် ကျန်သေးတဲ့ လက်နက်တွေ၊ ဒိုင်းနမိုင်းတွေ Violet Rocket တွေက အခုထိရှာလို့မတွေ့သေးဘူး။ ယူနီကွန်းဌာနချုပ်မှာ ဘာလက်နက်မှ ရှာလို့မတွေ့ခဲ့ကြရဘူး။ ဒီအချက်ဟာ အင်မတန် အရေးကြီးတယ်လို့ ဘယ်သူမှ မတွက်ဆကြဘူးလား"

"ဟာ...ဒီကိစ္စ ငါတို့ဆက်ရှာကြမယ်။ ယူနီကွန်းအဖွဲ့ဝင်တွေရဲ့ အိမ်တွေမှာ လိုက်ရှာရုံပဲ။ ယူနီကွန်းအဖွဲ့ဝင်တစ်ယောက်ယောက်ရဲ့ မြေအောက်ခန်းတစ်နေရာရာမှာ လက်နက်တွေဝှက်ထားမှာသေချာတယ်။ ငါတို့မကြာခင် ရှာတွေ့မှာပါ။ တရားခံတွေအားလုံးကိုလည်း ဖမ်းမိထားပြီးပြီဆိုတော့ ဒီလက်နက်တွေကို ရှာတွေ့မှာသေချာပါတယ်။ မင်း...ဘာမှ ပူပင် မနေစမ်းပါနဲ့"





စစ်ရန်နိုင်က ခေါင်းခါယမ်းလိုက်ပြီး -

"ခင်ဗျားတို့ အခုလုပ်တာ သိပ်မှားနေပြီ။ ဒီအမှုမှာ ယူနီကွန်းအဖွဲ့လုံးဝမပါဘူး။ "ဇာထို" ဆိုတဲ့အကောင်ဟာ ဒီအဖွဲ့ထဲကနေ ထွက်သွားတာ ကြာလှပြီ။ ဇာထိုဟာ အကြမ်းဖက်သမား၊ သူ့လူတွေနဲ့ ပေါင်းနေတယ်။ အကြမ်းဖက်သမားတွေက ခုချိန်ထိလွတ်နေကြတုန်းပဲ။ ခင်ဗျားတို့ အခုလိုလုပ်နေကြတဲ့အချိန်မှာ အကြမ်းဖက်သမားတွေက အာသာဝတီမြို့ကို ဖျက်ဆီးပစ်ဘို့အသင့်ဖြစ်နေလောက်ပြီး"

စခန်းမှူး ဦးထွန်းပိုင် အကြီးအကျယ် ဒေါသထွက်သွားသည်။

"တော်ပြီ...စစ်ရန်နိုင်။ မင်း ဘာမှ ဆက်မပြောနဲ့တော့ မင်းကို ငါ အမိန့်ပေးနေတယ်...ရပ်လိုက်တော့"

စစ်ရန်နိုင်က -

"ခင်ဗျားတို့ ရပ်သံရိုက်မယ်ဆိုရင် သွားရိုက်ကြပါ။ ဒီအထဲမှာတော့ ကျွန်တော် မပါဘူး"

ဦးထွန်းပိုင်က နီရဲသောမျက်နှာကြီးဖြင့် ဒေါသတကြီး အော်ဟစ်လိုက်၏။

"စစ်ရန်နိုင် . . . မင်းကို ငါ အမိန့်ပေးထားလျက်သားနဲ့ ဆက်ပြောတယ်။ မင်းကို ရာထူးကနေ တစ်လ ခေတ္တချလိုက်ပြီ"

စစ်ရန်နိုင်က အပြုံးမပျက် -

"နှစ်လဆို ပိုမသင့်တော်ဘူးလား...ဆရာ"

စခန်းမှူးဦးထွန်းပိုင် အံကိုကြိတ်လိုက်သည်။

"ရတယ် . . . မင်းကို သုံးလတိတိ ရာထူးချတယ်။ ကဲ . . .



www.burmeseclassic.com

www.burmeseclassic.com



မင်းရဲ့အမှတ်တံဆိပ် ငါ့ကိုပေးစမ်း"

စစ်ရန်နိုင်က သူ၏အမှတ်အသားတံဆိပ်ကို ဦးထွန်းပိုင်လက်ထဲသို့ ထည့်ပေးလိုက်သည်။

စစ်ရန်နိုင် တံခါးပေါက်သို့ သွက်လက်စွာ လျှောက်သွားသည်။

မြို့တော်စည်ကမ်း ထိန်းသိမ်းရေးမှူးက စစ်ရန်နိုင်ကို မကျေမနပ် လှမ်းကြည့်နေသည်။

ထို့နောက် သူသည် တောက်ပစွာ ပြုံးလိုက်သည်။

"ကဲ...ကျုပ်တို့လုပ်စရာရှိတာ ဆက်လုပ်ကြရအောင်"

မြို့တော်စည်းကမ်း ထိန်းသိမ်းရေးမှူး၏လက်ထောက်ဖြစ်သူလက်ထဲ၌ဂုဏ်ပြုလက်မှတ်များကို ကိုင်၍ထားသည်။

ထို့နောက် ရုပ်သံအဖွဲ့ဝင်များဘက်သို့ လက်မြှောက်၍ အချက်ပေးလိုက်သည်။

× × × × ×





## အခန်း (၂၃)

"ဇမ္ဗူရာဇ်" ဖလား ဘောလုံးပြိုင်ပွဲ၏ ဖွင့်ပွဲနေ့ဖြစ်သည်။

စပါးနံ့အသင်းနှင့် ရွှေဝါရောင်အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြမည့် ပွဲကြီးပွဲကောင်းဖြစ်သည်။ ပရိသတ်များ ကွင်းပြည့် ကွင်းလျှံ ရောက်ရှိနေကြသည်။

မြို့တော်စည်းကမ်း ထိန်းသိမ်းရေးမှူးက ပြိုင်ပွဲအခမ်းအနားကို ဖွင့်လှစ်ပေးလိုက်သည်။ ဓာတ်ပုံသမားများက မှတ်တမ်းတင်ဓာတ်ပုံများကို ရိုက်ယူနေကြသည်။

မြို့တော်စည်းကမ်းထိန်းသိမ်းရေးမှူးသည် ဆက်၍ထိုင်ကြည့်ချင်စိတ်မရှိပေ။

ပထမပိုင်းအပြီး၌ စပါးနံ့အသင်းက နှစ်ဂိုး၊ တစ်ဂိုးဖြင့် နိုင်နေသည်။

မြို့တော်စည်းကမ်း ထိန်းသိမ်းရေးမှူး၏ လက်ထောက်



www.burmeseclassic.com

www.burmeseclassic.com



လှိုင်ဘွားက လေသံခပ်တိုးတိုးဖြင့် ကပ်၍ပြောသည်။

"ဆရာ . . . ပွဲမပြီးခင် ကျွန်တော်တို့ ကြိုထွက်ထားရင် ကောင်းမယ်။ ပွဲပြီးချိန်ထွက်ရင် လူတွေကြားထဲမှာ ရောပြီးပိတ်မိနေနိုင်တယ်။ ညနေ ခြောက်နာရီမှာ အစည်းအဝေး ရှိသေးတယ် မဟုတ်လား။ ကျွန်တော်တို့ အခုပြန်ပြီး ကြိုတင်ပြင်ဆင်စရာရှိတာတွေ ပြင်ထားဖို့ လိုလိမ့်မယ်"

မြို့တော်စည်းကမ်း ထိန်းသိမ်းရေးမှူးက ဝမ်းမြောက်ဝမ်းသာစွာ ခေါင်းညိတ်သည်။

"အေး . . . အေး . . . ဟုတ်တယ်။ မင်း သိပ်တော်တာပဲ . . . လှိုင်ဘွား"

မြို့တော်စည်းကမ်းထိန်းသိမ်းရေးမှူး ထိုင်ရာမှ ထ.လိုက်ပြီး -

"ငါတို့ . . . သွားကြရအောင်"

မြို့တော်စည်းကမ်းထိန်းသိမ်းရေးမှူးသည် သူ၏ဘေးမှ မိတ်ဆွေများကို နှုတ်ဆက်၍ လှိုင်ဘွားနှင့်အတူ အပြင်သို့ ထွက်လာခဲ့ကြသည်။

× × ×

"နီရင်း" သည် သူမ၏ဝတ်ရုံရှည်ကို ပြင်၍ဝတ်သည်။

အနီးရှိ ဖုန်းရုံထဲသို့ ဝင်သွား၍ ဖုန်းဆက်ပြီး ပြန်ထွက်လာသည်။ ထို့နောက် အနီး၌ရပ်ထားသည့် လိုက်(စ်)ထရပ်ကားထဲသို့ဝင်ထိုင်သည်။

ယာဉ်မောင်းသူမှာ "ဂျပ်" ဖြစ်သည်။

"နီရင်း" ရှေ့တူရှုသို့ ကြည့်ပြီး -





"သူတို့ ထွက်လာနေကြပြီ"

"ဂျပ်" က -

"အိုကေ..."

ဂျပ်က အံဝှက်ထဲမှ ပစ္စတိုနှစ်လက်ကို ထုတ်သည်။

တစ်လက်ကို နီရင်းအား လှမ်းပေးသည်။ ကျန်တစ်လက်ကို သူ၏ဘောင်းဘီ ခါးပတ်ကြား၌ ထိုးထည့်သည်။

နီရင်းက ပစ္စတိုသေနတ်ကို သူမ၏ ဝတ်ရုံရှည်ကြီးအောက်၌ ထိုးသွင်းထည့်ထားလိုက်သည်။

နီရင်းက "ဂျပ်" အား သတိပေးသည်။

"တံခါးတင်တဲ့အချိန်ကို လုံးဝ မမေ့နဲ့နော်...စိတ်ချပါ.."

နီရင်း ကားထဲမှပြန်ထွက်၍ လမ်းတစ်ဘက်သို့ ကူးသွားသည်။

မြစ်ဝနှင့် ပင်လယ်ပိုင်းကို ကောင်းစွာမြင်တွေ့နိုင်သော သတ္တုစင်တစ်ခုပေါ်၌ တံခါးအဖွင့်အပိတ် ထိန်းချုပ်သည့် အိမ်ငယ်လေးတစ်လုံး တည်ရှိသည်။

နီရင်းသည် သတ္တုလှေကားအတိုင်း တံခါးထိန်းချုပ်ရုံရှိရာသို့ ခပ်သွက်သွက် တက်သွားသည်။

သတ္တုလှေကား၏ထိပ်ဘက်ရောက်လျှင် -

တံခါးကို ခပ်သာသာ ခေါက်လိုက်သည်။

အတွင်းဘက်၌ အသက်ငါးဆယ်ကျော်အရွယ်ရှိ တံခါးစောင့်တစ်ဦးရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



တံခါးစောင့်ကြီးက တံခါး ထ.၍ ဖွင့်ပေးလိုက်သည်။

သူ၏စိတ်ထဲ၌ဤလိုဝတ်ရုံရှည်နှင့် အမျိုးသမီး သူ့ထံသို့ ဘာကိစ္စနှင့် ရောက်လာရသနည်းဟု အံ့ဩစွာတွေးလိုက်မိသည်။

တံခါးစောင့်ကြီးက -

"အင်း...ကျွန်တော် ဘာများ ကူညီရပါမလဲ"

"နီရင်း" နစ်လိုဖွယ်ရာပြုံး၍ -

"ကျွန်မကို တစ်ခုလောက် အကူအညီပေးပါ"

တံခါးစောင့်ကြီးအတွေး၌ သူ့ထံသို့ အလှူခံလာခြင်းပင်ဟုသာ တွေးမိသည်။ သူ၏ဘောင်းဘီအိတ်ထဲမှ ငွေစက္ကူများ ထုတ်ယူလိုက်သည်။

"ဩော်...အလှူငွေ ထည့်ရမှာလား။ ဘယ်လောက် ထည့်ရမလဲ"

သူမက ခေါင်းခါ၍ -

"အလှူခံလာတာ မဟုတ်ပါဘူး"

"ဒါဖြင့် ဘာကိစ္စနဲ့ လာရတာလဲ"

"တံခါးကို ခေါက်တင်ထားပေးဖို့ လာခဲ့တာပါ"

တံခါးစောင့်အဘိုးကြီး နားမလည်နိုင်အောင် ဖြစ်သွားရသည်။

"တံခါးကို ခေါက်တင်ပေးရမယ်...ဟုတ်လား။ ဟာ... ကျွန်တော်က ဘာဖြစ်လို့ လုပ်ပေးရမှာလဲ"

"နီရင်း" သည် သူမ၏ ခေါင်းဆောင်း ဝတ်ရုံရှည်ကြီး





အတွင်းမှ အော်တိုမက်တစ် ပစ္စတိုကိုဆွဲထုတ်၍ ဆန့်တန်းချိန်ရွယ်လိုက်၏။

"ဒါ...ကျွန်မ အမိန့်ပေးတာ"

တံခါးစောင့် အဘိုးကြီး မျက်လုံးပြူး မျက်ဆန်ပြူးနှင့်

"နေ...နေ...ခဏလောက် နေပါဦး"

"ရှင်...အထဲကို ပြန်ဝင်လိုက်စမ်း။ ရှင့် ခေါင်းတစ်လုံး လုံး.ပွင့်ထွက်သွားချင်လို့လား"

တံခါးစောင့်အဘိုးကြီး သက်ပြင်းချလိုက်သည်။

တံတားထိန်းချုပ်ခန်းအတွင်းသို့ဝင်သည်။

"နီရင်း" သေနတ်ကို ချိန်လျက် နောက်မှလိုက်ပါလာသည်။

တံခါးကိုပြန်ပိတ်၍ ဂျက်ချလိုက်သည်။လက်မှာ နာရီကို ကြည့်လိုက်သည်။ နောက်ထပ် (ရှစ်) မိနစ်မျှသာ စောင့်ရပေတော့မည်။

× × × × ×



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၄)

လေးနာရီ နှစ်ဆယ်မိနစ် ....။

မြို့တော်စည်းကမ်း ထိန်းသိမ်းရေးမှူး၏ကား ယခု ရောက်မလာသေးပေ။

အချိန် နောက်ကျနေပေပြီ။

"အထွဲ" တို့လည်း နောက်ကျ၍နေသည်။

"နီရင်း" သည် ပြတင်းပေါက်မှနေ၍ တံတားဆီသို့ လာ နေသောကားများကို လှမ်းကြည့်သည်။

ထိုကားများထဲ၌ မြို့တော်စည်းကမ်း ထိန်းသိမ်းရေးမှူး ၏ကားနှင့် "အထွဲ" တို့၏ ကားကို လုံးဝ မမြင်တွေ့မိပေ။

အမှားအယွင်း တစ်ခုခု ဖြစ်နေပြီလား။

"အထွဲ" က သူတို့လူစုနောက်ကျနေလျှင် စိုးရိမ်မနေ ဖို့ကြိုတင်မှာထားသည်။ လေးနာရီ လေးဆယ်မိနစ်အထိ ဆက် စောင့်ရမည်။ ထိုအချိန်ထိ မြို့တော်စည်းကမ်း ထိန်းသိမ်းရေးမှူး ၏ မာစီဒီးကားကြီး ရောက်မလာခဲ့လျှင် တံခါးစောင့် အဘိုးကြီး





ရှင်းပစ်ရမည်။ ထို့နောက် "ဂျပ်" နှင့်အတူ ထွက်ပြေးကြရန်ဖြစ် သည်။

အချိန်လိုပေသေးသည်။

မြို့တော်စည်းကမ်း ထိန်းသိမ်းရေးမှူး၏ ကားရောက် လာမည်ဟု သူမ တွက်ထားသည်။

တံခါးစောင့် အဘိုးကြီးက စိတ်မရှည်စွာဖြင့် မေးသည်။

"ဒီမှာ မိန်းကလေး။ မင်း ဘာဆက်လုပ်မလို့လဲ"

"နီရင်း" က လေသံခပ်တင်းတင်းဖြင့် -

"အဘိုးကြီး ...ရှင့်ပါးစပ် ပိတ်ထားစမ်း"

တံခါးစောင့်အဘိုးကြီး၏ မျက်နှာပေါ်၌ ချွေးများသီး၍ နေ၏။

အချိန်ကျလျှင် ဤအဘိုးကြီးကို ရှင်းပစ်ခဲ့ရပေမည်။

သူမသည် ကျေနပ်စွာ တစ်ချက်ပြုံးသည်။ ကားလမ်းမ ဘက်သို့ မျှော်၍ကြည့်သည်။

လေးနာရီ နှစ်ဆယ့်ငါးမိနစ် ....။

× × ×

မြို့တော်စည်းကမ်း ထိန်းသိမ်းရေးမှူးသည် စိတ်အေး လက်လေးဖြင့် မာစီဒီကားထဲ၌ လိုက်ပါလာသည်။

မြို့တော်စည်းကမ်း ထိန်းသိမ်းရေးမှူးက -

"ဒီညပိုင်း အစည်းအဝေးနဲ့ ပတ်သက်ပြီး ငါ့ကို ရှင်းပြပါ ဦး"

သူ၏လက်ထောက် လှိုင်ဘွားက လက်ဆွဲအိတ်ထဲမှ



www.burmeseclassic.com

www.burmeseclassic.com



စာရွက် စာတမ်းများကို ဆွဲထုတ်သည်။ ထို့နောက် မှတ်စု မှတ်
တမ်းများကို ဖတ်၍ပြသည်။

မြို့တော်စည်းကမ်း ထိန်းသိမ်းရေးမှူးသည် လှိုင်ဘွား၏
ရှင်းလင်းပြောဆိုချက်များကို ကြိုးစား၍ နားထောင်နေသည်။
သူ၏အာရုံထဲ၌ အခြားကိစ္စများပါ ရောထွေးဝင်ရောက်၍နေ
သည်။

သူ အသက်မကြီးသေးပေ။

သူ၏ ဘဝရေ့ရေးနှင့်ပတ်သက်ပြီး တွေးနေမိပြန်သည်။

အခြား အရေးကြီးသော ကိစ္စများလည်း ရှိပေသေး
သည်။

မြို့တော်စည်းကမ်း ထိန်းသိမ်းရေးမှူးသည် နောက်
ဘက်သို့ မသိမသာ ငဲ့စောင်းကြည့်လိုက်၏။ သူ၏ကားနောက်မှ
ကပ်လျက်လိုက်ပါသော ကျောက်စိမ်းအရင့်ရောင် ဆိုက်ဂ
နပ်(စ်)ကားကို သတိပြုမိသည်။

မြို့တော်စည်းကမ်း ထိန်းသိမ်းရေးမှူး ပြန်စဉ်းစားကြည့်
သည်။

နောက်မှကားသည် သူတို့ဘောလုံးကွင်းထဲမှ ထွက်လာ
ခါစအချိန်ကတည်းက နောက်မှ လိုက်ပါလာခြင်းဖြစ်ကြောင်း
ပြန်၍အမှတ်ရသည်။

တိုက်ဆိုင်မှုပင်လေလား။ ဤကဲ့သို့ ဆိုင်ဂနပ်(စ်)ကား
ပေါင်း မြောက်မြားစွာ ဤမြို့၌ရှိပေသည်။ ပုံသဏ္ဍာန်တူသော





အခြားကားတစ်စီးပင်လော...။

မြို့တော်စည်းကမ်း ထိန်းသိမ်းရေးမှူး မျက်မှောင်ကြုတ်
လိုက်၏။

ယာဉ်မောင်းဖြစ်သူ၏ ပခုံးကို အသာလက်တို့လိုက်
သည်။

"မျိုးထက်..."

"ခင်ဗျာ...အမိန့်ရှိပါ...ဆရာ"

"ငါတို့နောက်က ကျောက်စိမ်းရောင် ဆိုက်ဂနပ်(စ်)
ကားက ငါတို့နောက်ကို ကပ်ပြီး လိုက်လာနေတာများလား"

ယာဉ်မောင်းဖြစ်သူ မျိုးထက်က နောက်ကြည့်မှန်ထဲမှ
လှမ်းကြည့်သည်။

"ဟုတ်တယ်...ဆရာ။ ကျွန်တော့်တို့ ကျော်တက်ခွင့်
ပေးလိုက်မယ်"

ယာဉ်မောင်းမျိုးထက်က ပြတင်းပေါက်မှ လက်ထုတ်၍
ကျော်တက်ခွင့်ပေးသည်။ သို့သော် ဆိုက်ဂနက်(စ်)ကားက
နောက်မှသာကပ်လျက် လိုက်ပါနေသည်။

လှိုင်ဘွားက စာရွက်စာတမ်းများကို အိတ်ထဲသို့ထည့်
သည်။

မြို့တော်စည်းကမ်း ထိန်းသိမ်းရေးမှူးသည် စိတ်ဝင်စား
ဟန် မပေါ်ပေ။

မြို့တော်စည်းကမ်း ထိန်းသိမ်းရေးမှူးက ခပ်လွယ်လွယ်
ပင်ပြောသည်။

"ဒီကောင် ကားမောင်းမကျွမ်းကျင်သေးလို့ ဖြစ်မယ်



www.burmeseclassic.com

www.burmeseclassic.com

ထင်တယ်"

နောက်မှ လိုက်လာသောကားကြောင့် သူ စိုးရိမ်စိတ် ဝင်မိသည်။

သူထင်သလို မဖြစ်ပါစေနဲ့ဟု ဆုတောင်းလိုက်သည်။

စိုးရိမ်မိသည့်အတွက် သူ့ကိုယ်သူ အံ့သြနေမိသည်။

ဤရက်ပိုင်းအတွင်း၌ သူ့အလုပ်ပြင်းပြင်းထန်ထန်လုပ် နေရသည်။ အပင်ပမ်းခံ၍ အလုပ်လုပ်နေရသည်။

သူ့အနေဖြင့် အနားယူသင့်သည်။

ဂေါက်ကွင်းသို့သွား၍ ဂေါက်ရိုက်ရလျှင် သင့်ပေမည်။

ဘီယာအေးအေးသောက်၍ စိတ်လက် ဖြေရန်လိုအ မည်။

မြို့တော်စည်းကမ်း ထိန်းသိမ်းရေးမှူးသည် သူ့အတွေ နှင့်သူ အားရကျေနပ်သွားသည်။

နောက်မှလိုက်လာသော ဆိုက်ဂနပ်(စ်)ကို မေ့သွ သည်။

မျက်လုံးအစုံကိုမှိတ်၍ ခန္ဓာကိုယ်ကို အနည်းငေ လျှော၍ထိုင်သည်။

"အစည်းအဝေး"သို့မရောင်ခင်၊ ခဏလောက်တော့ အိပ်လိုက်ဦးမည်ဟု တွေးလိုက်သည်။

× × ×

လေးနာရီ သုံးဆယ့် သုံးမိနစ်...။

တံတားဆီသို့လာနေသော မြို့တော်စည်းကမ်း ထိ သိမ်းရေးမှူး၏ကားနှင့် နောက်မှ ကပ်လျက်လိုက်လာသေ





"အထွဲ"၏ကျောက်စိမ်းရောင် ဆိုက်ဂနက်(စ်)ကားကို နီရင်းမြင် လိုက်ရသည်။

မည်သည့် ပြဿနာမျှ ဖြစ်ပုံမပေါ်ပေ။

ယာဉ်ကြော ရှုပ်ထွေးမှုကြောင့် အချိန်နောက်ကျသွား ခြင်းပင်ဖြစ်မည်။

နီရင်းသည် တံခါးစောင့်ကြီး၏ ဝမ်းဗိုက်ကို ပစ္စတို ပြောင်းဝနှင့် ထိုးလိုက်သည်။

တံခါးစောင့်ကြီး ထိတ်လန့်တုန်လှုပ်သွားသည်။

တံခါးစောင့်အဘိုးကြီး၏ အမူအရာကိုကြည့်၍ သူမ ကျေနပ်သွားသည်။

သူမက လေသံမာမာဖြင့် -

"တံခါးကို ဆွဲတင်။ အခု...မြန်မြန်လုပ်စမ်း"

တံခါးစောင့်ကြီး၏လက်မှာ ထိန်းချုပ်ခလုတ်သို့ရောက် ရန် နေးကွေးနေ၏။

"နီရင်း"က တံခါးစောင့်အဘိုးကြီး၏ နားထင်ကို သေနတ်ပြောင်းဝဖြင့် ဖြတ်၍ရိုက်ချလိုက်၏။

တံခါးစောင့်ကြီး နာကျင်စွာအော်ဟစ်လိုက်၏။

တံခါးစောင့်အဘိုးကြီး၏ နားထင်မှ သွေးများ ယိုစီးကျ ဆင်းလာသည်။

နီရင်း၏ အမိန့်ပေးသံ ထပ်မံပေါ်လာသည်။

"ဘယ်လိုလဲ...အဘိုးကြီး။ မြန်မြန်လုပ်စမ်း"

တံခါးစောင့် အဘိုးကြီး ခလုတ်တစ်ခုကို နှိပ်သည်။

မောင်းတံခလုတ်များကို တစ်ခုပြီးတစ်ခု ဆွဲသည်။



www.burmeseclassic.com

www.burmeseclassic.com

တံတားလမ်းပေါ်၌ မီးနီလင်း၍လာသည်။

အဖြူ၊အနီ၊ စပ်ကျား သစ်သားတန်းကြီးတစ်ခု… တံတားကို ဖြတ်ကျော်သွားမည့်ကားများကို တား၍ထားလို… သည်။

အချက်ပြမီးနီနှင့်အတူ သတိပေးခေါင်းလောင်းသံ… ဆူညံ၊ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

တံခါးစောင့်အဘိုးကြီးက သွေးများကို သုတ်လိုက်ရင်း…

"ဒီမှာ . . . မိန်းကလေး။ မင်း ဘာရည်ရွယ်ချက်နဲ့ လု… တယ်ဆိုတာ ငါမသိဘူး။ သိလည်း သိချင်စိတ်မရှိဘူး။ မင်းနိုင်း… အတိုင်း ငါလုပ်ပေးမှာပါ။ ငါ့ကိုတော့ သေနတ်နဲ့ ပစ်သတ်မသွား… ပါနဲ့ . . ."

"နီရင်း" သည် ယဉ်ကျေးနူးညံ့ သိမ်မွေ့သည့် စိတ်ဓာတ် အလျဉ်းရှိသူ မဟုတ်ပေ။ ကြမ်းကြုတ်ရက်စက်သော စိတ်ဓာတ်… ကသာ သူမ၏ခန္ဓာကိုယ်ထဲ၌ နတ်ဆိုးတစ်ကောင်နှယ် ပူးကပ်… လှုပ်ရှား၍နေ၏။

"ဒီမှာ အဘိုးကြီး။ ရှင့်ပါးစပ်ကို ပိတ်ထား။ ရှင့်ကို ကျွန်… ပစ်လိုက်ရမလား။ ရှင့်ရဲ့ မျက်နှာကြီးကို ရှေ့ဘက်တည့်တည့်ကို… လှည့်ထားလိုက်စမ်း"

တံခါးစောင့်အဘိုးကြီး မျက်နှာပျက်၍သွားပြီး၊ သူ၏ မျက်နှာကို ရှေ့ဘက်သို့ လှည့်လိုက်သည်။

× × × × ×





## အခန်း (၂၅)

မြို့တော်စည်းကမ်း ထိန်းသိမ်းရေးမှူးသည် သူ၏ရှေ့ ဘက်၌ တံခါးမကြီး ပင့်မတင်လိုက်သည်ကို မြင်ရသည်။

သူ၏ကားနောက်၌ ဆိုက်ဂနက်(စ်)ကားက လိုက်ပါ လာနေဆဲ . . .။

မြို့တော်စည်းကမ်း ထိန်းသိမ်းရေးမှူး မျက်မှောင်ကြုတ် သွားသည်။

နောက်မှလိုက်ပါလာသော ကားနှင့်ပတ်သက်၍ သူ၏ စိတ်ထဲ၌ သဘောမကျနိုင်ပဲ ဖြစ်နေသည်။

"မျိုးထက် . . .။ ငါတော့ နောက်က ကားကိုလုံးဝမသင်္ကာ ဘူး။ ဘာတွေ ဖြစ်ကုန်တာလဲ"

"ဟုတ်တယ် . . . ဆရာ။ ကျွန်တော်လည်း မသင်္ကာဘူး"



www.burmeseclassic.com

www.burmeseclassic.com

"ဒါဆို ရှေ့ဘက်မှာ ဘယ်ဘက်ကို ချိုးကွေ့"အောင်ရတနာလမ်း"အတိုင်း ဆက်မောင်း"

ယာဉ်မောင်းမျိုးထက် ခေါင်းညိတ်ပြသည်။

လက်ထောက်လှိုင်ဘွားက တုန်လှုပ်သော အမူအရာဖြင့် မေးသည်။

"ဆိုက်ဂနက်(စ်) ကျောက်စိမ်းရောင်က ဘာဖြစ်လို့လိုက်လာနေရတာလဲ"

မြို့တော်စည်းကမ်း ထိန်းသိမ်းရေးမှူး မည်သို့မျှ ပြန်မဖြေ။

သူ့အတွက် စိုးရိမ်ရသော အန္တရာယ်တစ်ခုဖြစ်ကြောင်းကို မြို့တော်စည်းကမ်း ထိန်းသိမ်းရေးမှူး နားလည်ထားသည်။

မြို့တော်စည်းကမ်း ထိန်းသိမ်းရေးမှူး၏ မာစီဒီကားကိုဘယ်ဘက်သို့ ကွေ့၍ထွက်ရန်ပြင်လိုက်သည်။

ထရပ်ကားတစ်စီးက ရုတ်တရက် မောင်း၍ဝင်လာသည်။

မြို့တော်စည်းကမ်း ထိန်းသိမ်းရေးမှူး၏ကား ချိုးကွေ့၍မသွားနိုင်အောင် လမ်းကိုပိတ်ဆို့ ရပ်တန့်လိုက်သည်။

ထိုအချိန်မှာပင် -

နောက်မှလိုက်ပါလာသော ဆိုက်ဂနက်(စ်)ကားကကျော်တက်၍လာသည်။

မြို့တော်စည်းကမ်း ထိန်းသိမ်းရေးမှူးက စိတ်လှုပ်ရှားသံဖြင့် -

"မျိုးထက် . . . ဒီနေရာကနေ လွတ်ထွက်နိုင်အောင်





မြန်မြန် လုပ်စမ်း"

ယာဉ်မောင်းသည် ကားကို ဖိနင်းလိုက်၏။

စတီယာရင်ပတ်ချာလည် ဆွဲလှည့်လိုက်၏။

ဆိုက်ဂနက်(စ်) ကျောက်စိမ်းရောင်ကားသည် မြို့တော်စည်းကမ်းထိန်းသိမ်းရေးမှူး၏ ကားရှေ့၌ ပိတ်ရပ်လိုက်သည်။

မာစီဒီးကားသည် ဆိုက်ဂနက်(စ်)ကားကို ကွေ့ရှောင်ပြီး မောင်းထွက်ရန် ပြင်လိုက်၏။

"အထွဲ"က မာစီဒီးကားကို ဘေးတိုက်ဝင်၍ ဆောင့်တိုက်ချလိုက်၏။

မြို့တော်စည်းကမ်း ထိန်းသိမ်းရေးမှူး၏ကားသည် မှောက်တက်၍ တစ်ဘက်သို့ တိမ်းမှောက်သွားသည်။

ထိုစဉ်မှာပင် -

"ဂျပ်"က ထရပ်ကားပေါ်မှ ခုန်ဆင်းလာသည်။

မှောက်သွားသည့် မာစီဒီကား၏ ပြတင်းပေါက်မှ ယာဉ်မောင်းမျိုးထက် တိုး၍ ထွက်လာသည်။

မျိုးထက်က ယိမ်းယိုင်၍မတ်တတ်ရပ်သည်။

"ဂျပ်" ပြေး၍လာ၏။

မျိုးထက်က ခါးမှ ခြောက်လုံးပြူးကို ဆွဲထုတ်လိုက်၏။

ယာဉ်မောင်းမျိုးထက်အား "ဂျပ်"က သုံးချက်ဆင့်ပစ်သည်။

မျိုးထက်နောက်ဘက်သို့ လွင့်ထွက်သွားသည်။ မှောက်နေသည့် မာစီဒီးကားနှင့် သူ၏ကျော အရှိန်ပြင်းစွာဝင်၍ ဆောင့်



www.burmeseclassic.com

www.burmeseclassic.com



မိသည်။

ဆိုက်ဂနက်(စ်)ကား၏နောက်ခန်းတံခါးပွင့်လာသည်။

အော်တိုမက်တစ် ရိုင်ဖယ်ကိုင်ထားသည့် စံနက်ကျော် ခုန်ဆင်းလာသည်။ သူ၏နောက်၌ Violet Rocket ကိုင်ထားသည့် အာနီပါ ခုန်ဆင်းလာသည်။

အထွဲက ထရပ်ကား၏ တစ်ဘက်သို့ လက်ညှိုးထိုး၍ အမိန့်ပေးသည်။

"ညာဘက်က ဒုတိယလမ်းကြောကို ပိတ်ထား..."

"အာနီ" ခေါင်းညိတ်ပြသည်။

လူသုံးဦးပါသော မစ်ဆူဘီရှိကားတစ်စီး ဒုတိယလမ်းကြောပေါ်၌ မောင်းလာသည်။ အာနီက မစ်ဆူဘီရှိကားကို Violet Rocket ဖြင့် ချိန်၍ပစ်ခတ်လိုက်၏။

မစ်ဆူဘီရှိကား မီးတောက် မီးလျှံများနှင့်အတူ ပေါက်ကွဲ၍သွားသည်။ အစိတ်အပိုင်းများ လမ်းပေါ်သို့ လွင့်စင်ကျလာသည်။

"အထွဲ" သည် မြို့တော်စည်းကမ်းထိန်းသိမ်းရေးမှူး၏ ကားတစ်ဘက်သို့ ပြေးသွားသည်။ နောက်ခန်းတံခါးကို ဆွဲဖွင့်လိုက်၏။

မြို့တော်စည်းကမ်း ထိန်းသိမ်းရေးမှူးနှင့် သူ၏လက်ထောက် လိုင်ဘွားတို့က ထိတ်လန့်တုန်လှုပ်စွာဖြင့် မော့ကြည့်သည်။

"အထွဲ" က မရှင်းပစ္စတိုဖြင့် ချိန်၍အမိန့်ပေးသည်။

"ကဲ...ငါနဲ့ လိုက်ခဲ့စမ်း"





လိုင်ဘွားက ပြန်မေးလိုက်သည်။

"ငါတို့က ဘယ်ကိုလိုက်ရမှာလဲ"

"အထွဲ" က လှောင်ပြုံးတစ်ချက် ပြုံးသည်။

"လိုက်ရမယ့်အထဲမှာ မင်းမပါဘူး.."

"အထွဲ" က လိုင်ဘွား၏ မျက်နှာကို သေနတ်ဖြင့် ကပ်၍တေ့ပြီးပစ်လိုက်သည်။

"လိုင်ဘွား" နောက်ပြန်လန်၍ လဲကျသွားသည်။

နီစွေးသော သွေးစက်များ မြို့တော်စည်ကမ်း ထိန်းသိမ်းရေးမှူး၏ခန္ဓာကိုယ်ပေါ်သို့ ပေကျံလွင့်စဉ်ကျန်သည်။

မြို့တော်စည်းကမ်း ထိန်းသိမ်းရေးမှူး ကြောက်ရွံ့တုန်လှုပ်စွာဖြင့်နောက်သို့ တိုး၍ဆုတ်သည်။

"ဟော့...ထွက်စမ်း.."

"ငါ..ငါ...မထွက်နိုင်ဘူး။ မင်းတို့က ဘယ်သူတွေလဲ"

"အထွဲ" က တိရစ္ဆာန်ရိုင်းတစ်ကောင်နယ် သွားဖြဲ၍ရယ်လိုက်၏။

မြို့တော်စည်းကမ်း ထိန်းသိမ်းရေးမှူး၏အင်္ကျီကော်လာမှ ဆောင့်ဆွဲ၍ အပြင်သို့ ထုတ်သည်။ ကားကိုယ်ထည်ဖြင့် မြို့တော်စည်းကမ်း ထိန်းသိမ်းရေးမှူးကို ဆောင့်တိုက်လိုက်သည်။ သေနတ်ပြောင်းဖြင့် မျက်နှာကို ဖြတ်၍ရိုက်ချလိုက်၏။

မြို့တော် စည်းကမ်းထိန်းသိမ်းရေးမှူး၏ နှာခေါင်းနှင့်ပါးစပ်မှ သွေးများ စီး၍ကျလာသည်။

"အထွဲ" ဘေးသို့ "ဂျပ်" ရောက်၍လာသည်။

မြို့တော်စည်းကမ်း ထိန်းသိမ်းရေးမှူးကို လက်မောင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ဘက်စီမှညှပ်၍တွဲလျက် လှေဆိပ်တံတားသို့ တွဲခေါ်သွားကြသည်။

စံနက်ကျော်နှင့် အာနီတို့က နောက်မှကပ်လျက် လိုက်ပါသွားကြသည်။

× × × × ×

ထိုအဖြစ်အပျက်များကိုတံတားထိပ်နားချုပ်ရုံငယ်အတွင်း၌ ရှိနေသော "နီရင်း" က ကောင်းစွာမြင်နေရ၏။

သူမ ကျေနပ်အားရစွာဖြင့် ပြုံး၍နေ၏။

"အထွဲ" သည်အလွန်တော်သည့်လူတစ်ယောက်ပင်ဟု သူမ တွေးနေမိသည်။ သူမ မကြာခင် ချမ်းသာပေတော့မည်။ မိမိတို့ကို မည်သူမျှ တားဆီးဟန့်တားခြင်း ပြုနိုင်မည် မဟုတ်ပေ။

တံခါးစောင့်အဘိုးကြီးက ဒေါသတကြီးနှင့် အော်ဟစ်ရေရွတ်လိုက်သည်။

"ရိုင်းစိုင်းကြမ်းကြုတ်တဲ့ လူယုတ်မာတွေ"

တံခါးစောင့်ကြီးက အံကိုတင်းတင်းကြိတ်လျက် "နီရင်း" အနီးသို့ ချဉ်းကပ်လာသည်။

"မင်းတို့အကြမ်းဖက်သမားတွေ၊ လူဆိုးတွေ..."

နီရင်းက တံခါးစောင့်အဘိုးကြီး၏ရင်ဝသို့ သေနတ်ဖြင့် နှစ်ချက်ဆင့်၍ ပစ်လိုက်သည်။

တံခါးစောင့် အဘိုးကြီး အံ့အားသင့်စွာဖြင့် ရင်ဝကို လက်ဖြင့်ဖိ၍ လဲကျသွားသည်။

တံခါးစောင့်အဘိုးကြီး "နီရင်း" ကို မော့ကြည့်သည်။

သူ၏ နှုတ်ခမ်းအစုံမှ တရွရွ လှုပ်၍နေ၏။





တစ်စုံတစ်ခုပြောရန် ကြံရွယ်သော်လည်း အသံထွက်မလာနိုင်တော့ပေ။

"နီရင်း" က ခြောက်ကပ်ကြမ်းကြုတ်စွာ ရယ်မောလိုက်၏။

တံခါးစောင့်အဘိုးကြီး၏ဦးခေါင်းကိုသေနတ်ဖြင့် ချိန်၍ ထပ်မံ ပစ်ခတ်လိုက်သည်။

× × ×

မြို့တော်စည်းကမ်း ထိန်းသိမ်းရေးမှူးကို မော်တော်ပေါ်သို့ "အထွဲ" ကဆောင့်တွန်းချလိုက်၏။

မြို့တော်စည်းကမ်း ထိန်းသိမ်းရေးမှူး တုန်လှုပ်ချောက်ချားစွာဖြင့် လဲကျသွားသည်။

"အထွဲ" က သေနတ်ဖြင့် ချိန်၍ -

"လှေကားကနေ အောက်ကို ဆင်းစမ်း..."

မြို့တော်စည်းကမ်း ထိန်းသိမ်းရေးမှူး လှေကားမှ ခပ်သွက်သွက်ဆင်းသည်။

"အထွဲ" က စက်ခန်းသို့ဝင်၍ ခလုတ်ကိုနှိပ်သည်။

အင်ဂျင်စက်သံ ညင်သာစွာ ထွက်ပေါ်လာသည်။

"အထွဲ" က လှည့်၍မေးသည်။

"နီရင်းကော...ဘယ်မှာလဲ"

စံနက်ကျော်က ဆိပ်ခံတံတားဘက်သို့ မေးဆတ်၍ပြသည်။

"နောက်မှာ လာနေပါပြီ"

လှေဆိပ်တံတားအတိုင်း ပြေး၍လာနေသော "နီရင်း"



www.burmeseclassic.com

www.burmeseclassic.com



ကိုတွေ့လိုက်ရသည်။

"နီရင်း"သည် သူမ၏ ဝတ်ရုံရှည်ကြီးကို ချွတ်၍ ကုန်းပတ်ပေါ်သို့ ပစ်တင်လိုက်၏။

"ဒီဝတ်ရုံရှည်ကြီး ဝတ်ထားရတာ မသက်သာပါလား"

"အထွဲ"က အော်ပြောသည်။

"မော်တော်...ကြိုးဖြုတ်လိုက်တော့"

"ဂျပ်"က တံတားပေါ်တက်၍ မော်တော်ထိန်းကြိုးကို ဖြေသည်။

ထို့နောက် -

"ဂျပ်" မော်တော်ပေါ်သို့ ပြန်ခုန်ဆင်းလာသည်။

"အထွဲ" မော်တော်စက်ရှိန်ကို မြှင့်တင်လိုက်၏။

မော်တော်သည် လေ့ဆိပ်မှ လျင်မြန်စွာ ထွက်ခွာ၍ သွားလေသည်။

မော်တော်သည် ပယ်လယ်ဘက်သို့ဦးတည်၍ တရိပ်ရိပ် ပြေးလွှား၍ နေပေသည်။

ဒုတိယမြောက်လမ်းမပေါ်၌ -

မီးလောင်ကျွမ်းနေသော မစ်ဆူဘီရှီကားမှ မည်းနက်သော မီးခိုးလုံးများက ကောင်းကင်ထဲသို့ လွင့်ပျံ၍တက်လျက် ကျန်ရစ်ခဲ့ပေတော့သည်။

× × × × ×





## အခန်း (၂၆)

မြို့တော်စည်းကမ်း ထိန်းသိမ်းရေးမှူး ဘောလုံးကွင်းမှ အပြန်၌ အကြမ်းဖက်သမားများက ပြန်ပေးဆွဲသွားကြသည်။ ထိုအမှု၌ အပြစ်မဲ့သူများ ရက်စက်စွာ အသတ်ခံခဲ့ရသည်။ အကြမ်းဖက်သမားများသည် ခေတ်မီလက်နက်များကို ကိုင်ဆောင်ထားခဲ့ကြသည်။

အမျိုးသမီးတစ်ဦးနှင့် အမျိုးသားလေးဦးပါဝင်သည်။

ထိုအကြမ်းဖက်သမားများ ယခုအချိန်ထိ လွတ်မြောက်လျက်ရှိနေကြသည်။

အင်အားကြီးမားလှသော ရဲအဖွဲ့ဝင်များ ပိုက်စိတ်တိုက်လိုက်လံ စုံစမ်း စစ်ဆေးနေကြသည်။ ပထမပိုင်းက ဖမ်းဆီးထားသူများမှာ တရားခံ အစစ်မဟုတ်မှန်း ယခုမှပင် သိကြရသည်။

နောက်တစ်နေ့ -

အကြမ်းဖက်သမားများနှင့် မြို့တော်စည်းကမ်းထိန်းသိမ်းရေးမှူးတို့၏သတင်း အစအနပင် မရသေးပေ။



www.burmeseclassic.com

www.burmeseclassic.com



စတိုးဆိုင်တစ်ဆိုင်၏ မန်နေဂျာ အမျိုးသမီးတစ်ဦးထံသို့ တိပ်ခွေတစ်ခွေရောက်လာသည်။ ထိုတိပ်ခွေသည် "ကိတ်" အဖွဲ့၏ တောင်းဆိုချက်များ ထည့်သွင်းဖော်ပြထားကြောင်း အကြမ်းဖက်သမားများက ဆက်သွယ်အကြောင်းကြားသည်။

အကြမ်းဖက်သမားများက ထိုတိပ်ခွေထဲ၌...

မြို့တော်စည်းကမ်း ထိန်းသိမ်းရေးမှူးအား ဒေါ်လာသုံးသန်း ပေးမှပြန်လွှတ်ပေးမည်။ ပေးရမည့် နေရာနှင့်အချိန်ကို ထပ်မံဆက်သွယ်မည်။ "ကိတ်"အဖွဲ့၏ ညွှန်ကြားချက်များကို အတိအကျ လိုက်နာဆောင်ရွက်ရမည်။ ထိုသို့ မဆောင်ရွက်ခဲ့ပါက မြို့တော်စည်းကမ်း ထိန်းသိမ်းရေးမှူး၏ အလောင်းကိုသာ ပြန်ပို့ပေးလိုက်မည်ဟု ခြိမ်းခြောက်ထားသည်။

ထိုအချိန်မှာပင် -

မြို့တော်စည်းကမ်း ထိန်းသိမ်းရေးမှူး၏ မိသားစုတို့ ဒေါ်လာသုံးသန်း စုဆောင်းရန် စီစဉ်ဆောင်ရွက်နေကြလေသည်။

× × ×

ရောင်နီသစ် CENTRE

စစ်ရန်နိုင်သည် ပေါလစ်ရောင် တဖိတ်ဖိတ်လက်နေသည့် ကျွန်းသားစားပွဲခုံကြီး၌ တစ်ဦးတည်း ထိုင်နေသည်။

သူ၏ရှေ့၌ ကျောက်စိမ်းဖြင့်ပြုလုပ်ထားသော CHESS ခုံတစ်ခုံနှင့် အရုပ်များချထားသည်။

သူတစ်ဦးတည်း (CHESS) ထိုးနေခြင်းဖြစ်သည်။

CHESS ခုံပေါ်မှ အရုပ်များပေါ်သို့ သူ၏ အာရုံရောက်၍





နေသည်။

ဘေးတစ်ဘက်ရှိ ရုပ်သံစက်မှ သတင်းကြေညာ၍နေ၏။

မြို့တော်စည်းကမ်း ထိန်းသိမ်းရေးမှူးနှင့် ပတ်သက်သည့် မထူးခြားသေးသော သတင်းများ ဖတ်နေခြင်းဖြစ်သည်။ ရဲအဖွဲ့က အခြားမြို့နယ်များသို့ပါ "ပိုက်ကွန်" ဖြန့်၍ ရှာဖွေစုံစမ်းနေကြသည်။ မြို့တော် စည်းကမ်းထိန်းသိမ်းရေးမှူး ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် ပြန်ရောက်မည်ဖြစ်ကြောင်း သက်ဆိုင်ရာအရာရှိက ပြောသည်။

× × ×

စစ်ရန်နိုင် တစ်ဘက်မှ အနက်ရောင် အရုပ်တစ်ရုပ်ကို ရွှေ့သည်။

"ဟော့...စစ်ရန်နိုင်"

စားပွဲခုံ၏ဘေး၌ လာ၍ရပ်သည့် ဒု-စခန်းမှူး ကျော်ဇေယျနှင့် ဦးထွန်းပိုင်တို့ကို စစ်ရန်နိုင်က မော့ကြည့်သည်။

ဤလူနှစ်ဦး သူ့ထံသို့ မလွဲမသွေရောက်လာမည်ကို စစ်ရန်နိုင် ကြို၍သိထားသည်။

စစ်ရန်နိုင်က CHESS ခုံပေါ်သို့ အာရုံစိုက်ကြည့်ရင်း မေးသည်။

"ခင်ဗျားတို့အတွက် ကျွန်တော် ဘာအကူအညီပေးရမ



www.burmeseclassic.com

www.burmeseclassic.com



မလဲ"

ကျော်ဇေယျက -

"မင်းနဲ့ စကားပြောချင်လို့...စစ်"

စစ်ရန်နိုင်က အဖြူဘစ်ရှော့ကို တစ်ဘက်ရှိ အနက်ရောင် ကာဆယ်လ်ဖြင့် လဲလိုက်သည်။

ဦးထွန်းပိုင်က လေသံခပ်ဆတ်ဆတ်ဖြင့် -

"ငါတို့ပြောမယ့်စကားကို သေသေချာချာ နားထောင် ပါ"

စစ်ရန်နိုင်က ဦးထွန်းပိုင်ကို မကြည့်ပဲ ပြောသည်။

"ဟုတ်ကဲ့...ကျွန်တော် နားထောင်နေပါတယ်"

ဦးထွန်းပိုင်၏ မျက်နှာနီရဲ၍လာသည်။ သူ့စိတ်ထိန်း ထားလိုက်သည်။

ဦးထွန်းပိုင်က ပုံမှန်လေသံဖြင့် -

"မြို့တော်စည်းကမ်း ထိန်းသိမ်းရေးမှူးကို အကြမ်းဖက် သမားတွေ ဖမ်းခေါ်သွားတဲ့ကိစ္စနဲ့ ပတ်သက်ပြီး မင်းရထား သတင်းအချက်အလက်တွေ အားလုံးငါသိချင်တယ်"

"ကျွန်တော့်မှာ ဘယ်လိုဖြစ်လို့ဒီအချက်အလက်တွေ နေရမှာလဲ"

"ဒီအကြမ်းဖက်သမားတွေက မင်းရဲ့သူငယ်ချင်း လူ ကြီး ဗသန်းထိုက်ကို သတ်သွားတဲ့ကောင်တွေ ဖြစ်နေလို့ မ အနေနဲ့ စိတ်ဝင်စားမှာ သေချာတယ်။ ငါတို့လည်း နားလ ထားတယ်။ မင်းအနေနဲ့ ဒီအကြမ်းဖက်သမားတွေ လွတ်မြော

နေတာကို ကြည့်နေနိုင်မှာ မဟုတ်ဘူး"

စစ်ရန်နိုင်က ပခုံးတစ်ချက် တွန့်လိုက်၏။

"ကျွန်တော်က ရာထူးအချထားခံရတဲ့ လူပါ..."

စစ်ရန်နိုင်က CHESS ခုံပေါ်သို့ အာရုံပြန်စိုက်လိုက်၏။

CHESS ခုံပေါ်မှ စစ်တုရင်ရွှေ့ကွက်များမှာ အတွင်၌ အထိပ် အခြေအနေသို့ ရောက်နေသည်။

အဖြူရောင် "နိုက်(ခ်)" က အနက်ရောင်၏ လူပ်ရှား ကွက်များကို ထိန်းချုပ်ခြိမ်းခြောက်ထားသည်။

စစ်ရန်နိုင်က သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ရင်းမှ

"ကျွန်တော်က အခု သာမန်လူတစ်ယောက်ဖြစ်နေပြီပဲ။ ကျွန်တော် CHESS ကစားနေတာကို ခင်ဗျားတို့ဘာဖြစ်လို့လာ ပြီး အနှောင့်အယှက် ပေးနေကြရတာလဲ"

ဦးထွန်းပိုင်က -

"မင်း...ဒီသတင်းနဲ့ပတ်သက်ပြီး လိုက်စုံစမ်းနေတာ ငါ သိတယ်။ မင်း ဘာအကြောင်းတွေ သဲလွန်စ.ရထားသလဲ။ ငါ့ကို ပြောစမ်းပါ"

စစ်ရန်နိုင်က ဦးထွန်းပိုင်ကို စူးစူးစိုက်စိုက်ကြည့်လိုက် ပြီး -

"ခင်ဗျားတို့ပဲ အဲဒီကောင်တွေကို ဖမ်းပြီးကြပြီမဟုတ် လား။ "ယူနီကွန်း" အဖွဲ့ဝင်တွေဆို။ ဗျဂ္ဂနဲ့ သူ့ရဲ့တပည့်တွေ မဟုတ် လား။ ခင်ဗျား ဆောင်ရွက်ပုံ၊ စုံစမ်းထောက်လှမ်းတာ ကောင်း လွန်း တော်လွန်းလို့ ဂုဏ်ပြုလက်မှတ်တောင် ချီးမြှင့်တာ ခံရပြီး ပြီမဟုတ်လား။ ဒီလိုမျိုး ပုဂ္ဂိုလ်ကြီးတစ်ယောက်ကို ကျွန်တော့်





www.burmeseclassic.com

www.burmeseclassic.com



အဖေနဲ့ ထွေထွေထူးထူး ပြောပြစရာ မရှိပါဘူး"

ဦးထွန်းပိုင်၏ မျက်နှာပို၍ နီရဲလာသည်။

ခံပြင်း ဒေါသထွက်မှုကို ထိန်းချုပ်ထားသည်။

သုံးဦးသား စကား ဆက်မပြောဖြစ်ကြ။

ဦးထွန်းပိုင် အံကိုကြိတ်၍ ခက်ခဲစွာ ဝန်ခံလိုက်သည်၊

"ဟုတ်တယ်...စစ်ရန်နိုင်။ ငါ မှားသွားတာ ဝန်ခံတယ်"

ဦးထွန်းပိုင်လို လူစားမျိုး၏ ဖွင့်ဟဝန်ခံမှုမှာ ရှားပါး...

သည်။

"ခင်ဗျား မှားမှန်းသိတာ ကျွန်တော် ဝမ်းသာပါတယ်... အဲဒီလို မှားသွားတဲ့အကြောင်း အကြမ်းဖက်သမားတွေရဲ့လ... ချက်နဲ့ သေသွားတဲ့လူတွေကို ပြောပြနိုင်ရင် သိပ်ကောင်းမှာ... သူတို့ရဲ့ဂူတွေပေါ်မှာ မှားလို့ဝမ်းနည်းကြောင်း ကဗ္ဗည်းပါ ထိုး... သင့်တယ်လို့ထင်တယ်"

"မင်းဆီမှာ သတင်းရှိရင် ငါတို့ကိုပေးပါ။ မင်းဆီ... သတင်းပေးတွေက မင်းကို ဘာပြောထားကြသလဲ"

"ဒီကိစ္စကို ကျွန်တော်ကိုယ်တိုင် လုပ်မယ်"

"ငါတို့ လက်တွဲပြီး လုပ်ကြမယ်"

"ခင်ဗျားတို့နဲ့ လက်တွဲပြီးလုပ်တုန်းက ကျွန်တော့်... ဘေးကန်ထုတ်ပစ်ခဲ့တယ် မဟုတ်လား..."

ဦးထွန်းပိုင်က ဒေါသသံဖြင့် -

"ငါပြောတာ သေသေချာချာ နားထောင် စစ်ရန်နို... ဒီအမှုမှာ မင်း ဝင်မပါနဲ့။ ငါတို့အလုပ်ထဲဝင်ပြီး မနှောင့်ယှက်ပါ..."

"ခင်ဗျား လုပ်ချင်တာလုပ်လို့ ရှုပ်ထွေးကုန်ခဲ့ရပြီး...





မဟုတ်လား"

"မင်းဝင်ပါရင် အခြေအနေ ပိုဆိုးကုန်လိမ့်မယ်။ အကြမ်းဖက်သမားတွေနဲ့ မဖြစ်မနေ ညှိနှိုင်းရမယ့် အခြေအနေ ဖြစ်နေတယ်"

"သြော် ... ခင်ဗျားတို့က သူတို့တောင်းတဲ့ ဒေါ်လာသုံးသန်းကိုအလွယ်တကူပေးလိုက်မယ်ပေါ့...ဟုတ်လား။ ဖြစ်ကောဖြစ်နိုင်ပါ့မလား"

ဒု-စခန်းမှူး ကျော်ဇေယျက ဝင်ပြောသည်။

"မြို့တော်စည်းကမ်း ထိန်းသိမ်းရေးမှူးရဲ့ ဆွေမျိုးမိသားစုက အရမ်းချမ်းသာတယ်။ သူတို့အနေနဲ့ လွယ်လွယ်ကူကူပေးနိုင်ပါလိမ့်မယ်"

စစ်ရန်နိုင် ခေါင်းခါလိုက်၏။

"ဒီအကြမ်းဖက်သမားတွေကို ခင်ဗျားက လွယ်လွယ်အလျှော့ပေးတော့မှာလား။ လူတစ်ဦးကို ဓားစာခံလုပ်ပြီး ကိုယ်လိုချင်တဲ့ ငွေကြေးအတိုင်းအတာကို တောင်းယူ၊ ပြီးတော့ လွတ်ရာကျွတ်ရာ ထွက်ပြေး။ ဒီအကြမ်းဖက်သမားတွေ အခုလိုလုပ်လို့ရမယ်မှန်းသိရင် နောက်တစ်ခါဒီလိုလုပ်လာကြဦးမှာပဲ။ တစ်ခြားဒုစရိုက်သမားတွေကလည်း ဒီအချိုးအတိုင်း လိုက်နင်းလာကြမှာပဲ"

ဦးထွန်းပိုင်က ဒေါသတကြီး အော်၍ပြောသည်။

"ငါ ... ဒါတွေ ပြောနေတာ မဟုတ်ဘူး။ မြို့တော် စည်းကမ်းထိန်းသိမ်းရေးမှူး လွတ်မြောက်ဖို့က အဓိက အရေးကြီး



www.burmeseclassic.com

www.burmeseclassic.com

တယ်။ ဒီအမှုထဲ မင်း ဝင်မရှုပ်နဲ့။ မင်းဝင်ပါလာတာနဲ့ ငါ မင်းကို အရေးယူမယ်"

စဝ်ရန်နိုင် CHESS ခုံမှ ထ.လိုက်သည်။

ဦးထွန်းပိုင်ကို မျက်နှာချင်းဆိုင်လိုက်သည်။

"ခင်ဗျား ပြောချင်တာတွေ ပြောပြီးရင်၊ ကျွန်တော် သွားတော့မယ်"

စဝ်ရန်နိုင် CHESS ခန်းမထဲမှ ချာခနဲ လှည့်ထွက်သွားသည်။

ဦးထွန်းပိုင် မျက်နှာ ပျက်၍ကျန်ရစ်ခဲ့သည်။

× × × × ×





## အခန်း (၂၇)

"ပယင်းဝါ" ပန်းခြံအတွင်းရှိ စားသောက်ဆိုင်၌ စဝ်ရန်နိုင် ထိုင်၍ ဘီယာသောက်နေသည်။

ချစ်စရာကောင်းသော ဝတ်ရည်စုပ်ငှက်ကလေးတစ်ကောင် ပန်းပွင့်တစ်ပွင့်မှ ဝတ်ရည်စုပ်ယူနေသည်ကို ငေးကြည့်နေမိသည်။

ဘီယာ နောက်ထပ်တစ်လုံး မှာလိုက်စဉ်မှာပင် -

သူ၏ဘေး၌ အသားအရေ လွန်စွာမည်းနက်၍ ခေါင်းပြောင်နှင့် လူထွားကြီး "ဗျူဂ္ဂ" ဝင်ထိုင်လိုက်၏။

ဗျူဂ္ဂက ကြီးမားသော ပါးစပ်ကြီးကိုဖြဲ၍ ပြုံးလိုက်၏။

"ခင်ဗျားအတွက် ကျုပ် ဘာကူညီရမလဲ"

"မြို့တော်စည်းကမ်း ထိန်းသိမ်းရေးမှူးကို ဖမ်းသွားတဲ့


www.burmeseclassic.com

www.burmeseclassic.com



အကြမ်းဖက်သမားတွေနဲ့ ပတ်သက်ပြီး သတင်းလိုချင်တယ်"

"ခင်ဗျားလာလိုက်ရင် တကယ့်ပြဿနာကြီးကို ကို
လာတာချည်းပဲ။ ကျုပ်က ဘာတွေများ သိထားတယ်လို့ ထင်
သလဲ"

"ခင်ဗျားဆီမှာ သတင်းပေး လူစုံရှိတယ် မဟုတ်လား"

"ခင်ဗျားတို့ လူတွေ ကျုပ်တို့ကို ဖမ်းပြီးကတည်းက ကျ
အနေနဲ့ ကူညီစရာ မရှိတော့ဘူး"

"အဲဒါ ကျွန်တော်နဲ့ မဆိုင်ဘူး ဗျဂ္ဂ။ ဦးထွန်းပိုင် လုပ်
အလုပ်"

ဗျဂ္ဂ ရယ်လိုက်သည်။

"သြော်...သြော်...ကျုပ် သိပြီ။ ဦးထွန်းပိုင်ဆိုတာ ခင်
ညှို့ထဲက လူပဲ။ နာမည်ယူချင်တဲ့ လူညစ်ပတ်ကြီးများစာရင်းထဲ
သူ့ကိုကွင်းထားတယ်"

"သူ့ကို ချစ်တဲ့လူ ပေါပါတယ်"

ဗျဂ္ဂ ထပ်မံ ရယ်မောလိုက်၏။

"ကဲ...ကျုပ် သိထားတာလောက်တော့ ပြောမယ်.."

"ပြော..."

"အထွဲရဲ့ကောင်မလေးတစ်ယောက်ဟာ "ကိတ်"အဖွဲ့
တွဲနေတယ်လို့ သိရတယ်။ အကြမ်းဖက်လုပ်ရပ်မှာ အဲဒီကော
မလေးပါတယ်လို့လည်းကြားမိတယ်"

"အဲဒီ ကောင်မလေးရဲ့နာမည်ကို သိသလား"

"နိုရင်းတဲ့ နာမည်ရင်းဟုတ်ချင်မှ ဟုတ်လိမ့်မယ်။ သူ





က "ကိတ်"အဖွဲ့ဆိုတဲ့ လံကြုတ်နာမည်ပေးပြီး လှုပ်ရှားနေကြတယ်။ ဒီကောင်တွေ ငွေလိုချင်လို့ ဒီလိုလုပ်ကြတာ။ "ကိတ်"အဖွဲ့လို့ နာမည်တပ်ပြီး သူတို့လိုချင်တဲ့ ဒေါ်လာသုံးသန်းကို တောင်းတာ။ ဒါ "အထွဲ"ရဲ့ အကြံအစည်ပဲ။ သူက တစ်ခြား အကြမ်းဖက်အဖွဲ့တွေရဲ့ အကူအညီပါ ရမယ်လို့ ထင်ထားပုံရတယ်။ ဒီကောင်တွေ ငွေရတာနဲ့ ဒီနေရာကနေ တစ်နေရာ.ရာကို လစ်ပြေးကြလိမ့်မယ်"

"ဒီအမျိုးသမီးက ပင်လယ်ပြာကမ်းခြေ ရပ်ကွက်ထဲက အနှိပ်ခန်းတစ်ခုမှာ အလုပ်.လုပ်တယ်။ သူက ကိုယ်လုံးတောင့်တင်းတယ်။ "အထွဲ"ဆီမှာ အလုပ်.လုပ်ဖူးတဲ့ ဥဩငှက်မလေးတစ်ယောက်ပဲ"

"ခင်ဗျား ပြောစရာ ဒါပဲလား"

"ဟုတ်တယ်...စဝ်"

စဝ်ရန်နိုင် ထ.ရပ်၍ ကျသင့်ငွေ ရှင်းလိုက်သည်။

"ခင်ဗျားကို ကျေးဇူးတင်တယ် ဗျဂ္ဂ။ ခင်ဗျားကို တစ်ချိန်ချိန်မှာ ကျွန်တော် ပြန်ကူညီနိုင်မှာပါ..."

"ကျုပ် လိုအပ်ရင် ပြောပါ့မယ်"

စဝ်ရန်နိုင် စားသောက်ဆိုင်ထဲမှ ခပ်သွက်သွက် ထွက်လာခဲ့သည်။

× × ×

တံခါးပေါ်မှ ဆိုင်းဘုတ်ကို စဝ်ရန်နိုင် ကြည့်လိုက်သည်။

"ဥဩလွှာရုံ"ဟု အမည်ပေးထားသော အနှိပ်ခန်းတစ်



www.burmeseclassic.com

www.burmeseclassic.com



ခန်းဖြစ်သည်။

ထိုနေရာ၌ အမည်မျိုးစုံ တပ်ထားသည့် တစ်တန်းစား တည်းဖြစ်သော လုပ်ငန်းများရှိကြသည်။

စဝ်ရန်နိုင် လှေကား ခပ်ကျဉ်းကျဉ်းမှတက်၍ ချိုးကွေ လိုက်၏။

ဇည့်ခန်းတစ်ခန်းကို ကွေ့လိုက်ရသည်။ အခန်းမှာ ခပ်ညို ညို့ ပရိဘောဂများဖြင့် ခင်းကျင်း၍ထားသည်။

အခန်းထဲရှိ အလင်းရောင်မှာ အဝါရောင်သန်း၍နေ၏

ဂျင်းစကပ်အတို၊ လက်ပြတ်စပို့ရှည်အနက်ရောင်ဝတ် ထားသည့် အမျိုးသမီးတစ်ဦး နောက်ဘက်ခန်းမှ ထွက်လာ သည်။

သူမ၏အသက်မှာ သုံးဆယ်နီးပါးခန့်ရှိသည်။

ဖောင်းကြွ တစ်ရစ်သော အလှအပများရှိသည်။

သူမက စဝ်ရန်နိုင်ကို ညို့မြို့စွာ ပြုံးလိုက်ပြီး -

"အထဲကိုဝင်ပါ။ ကျွန်မ နာမည်က "ဆူဇီ" လို့ခေါ်တယ်။ ရှင်လိုချင်တာကို ကျွန်မတို့က ပေးနိုင်စွမ်းရှိပါတယ်"

"အင်း...အဲ...ကျွန်တော် ကောင်မလေးတစ်ယောက် ကို တွေ့ချင်လို့ လာရတာ.."

"အို...ဒီမှာ ကောင်မလေးတွေအများကြီးရှိတယ်။ သူတို့ အားလုံး သိပ်တော်တယ်။ သဘောလည်း ကောင်းကြတယ်"

ဆူဇီက စဝ်ရန်နိုင်၏ပခုံးကို လက်တစ်ဘက်ဖြင့် မှီတွယ် သိုင်းဖက်လိုက်သည်။ စဝ်ရန်နိုင်၏ အင်္ကျီကြယ်သီးတစ်လုံးကို သူမက စ၍ ဖြုတ်ပေးသည်။





"အဲ...အဲဒီကောင်မလေးက "နီရင်း" တဲ့..."

"အိုကေ...ရှင်ပြောတဲ့ ကောင်မလေးနဲ့ တွေ့ရစေမယ်"

"အင်း...ကျွန်တော် သူ့ကို လိုချင်တယ်..."

စဝ်ရန်နိုင်က အူကြောင်ကြောင် အမူအရာဖြင့် သူမကို ကြည့်သည်။

"ဆူဇီ" က ရှေ့သို့ ခေါင်းငိုက်လိုက်ပြီး -

"ရှင့်အတွက် သီးသန့် စီစဉ်ပေးမယ်။ ဒီအတွက် (....) ပေးရမယ်နော်။ ရှင် မသိတာတွေ အားလုံး ဒီမှာ သင်ပေးလိုက် မယ်"

စဝ်ရန်နိုင် ခေါင်းညိတ်လိုက်၏။

"အင်း...အင်း"

ကန့်လန့်ကာတစ်ခု၏နောက်မှ တုတ်ခိုင်ကြီးမားသော ခန္ဓာကိုယ်နှင့် လူထွားကြီးတစ်ဦး ထွက်လာသည်။ ဆိုင်မှ မွေး ထားသော လူမိုက်ပင် ဖြစ်ရမည်ဟု စဝ်ရန်နိုင် တွေးလိုက်မိသည်။

ဆူဇီက လက်ဖြန့်၍ -

"ကဲ...ငွေပေးမယ်"

စဝ်ရန်နိုင်က ငွေစက္ကူအထပ်လိုက် ဆွဲထုတ် ရေတွက်၍ ပေးလိုက်သည်။

ဆူဇီက ကျေနပ်စွာ ရယ်မောလိုက်၏။

"ကဲ...ကျွန်မ နောက်ကို လိုက်ခဲ့"

သူမက စဝ်ရန်နိုင်ကို အခန်းကျဉ်းလေးတစ်ခုသို့ ခေါ် သွားသည်။ ဆူဇီနှင့် ဆိုင်စောင့်လူမိုက်တို့ ထွက်သွားကြသည်။

ခေတ္တမျှအကြာ၌



www.burmeseclassic.com

www.burmeseclassic.com



မခို့တရို့အမူအရာနှင့် ချစ်စဖွယ် ကောင်မလေးတစ်ဦး အခန်းထဲဝင်လာသည်။ ခန္ဓာကိုယ် သေးသွယ်၍ "နီရင်း" မဟုတ်နိုင်ကြောင်း စဝ်ရန်နိုင် သိလိုက်သည်။

စဝ်ရန်နိုင်က သူမကိုကြည့်၍ -

"မင်းက ... နီရင်းမှ မဟုတ်ပဲ"

"ရှင့်မှာ အချိန်များများစားစားရမှာ မဟုတ်ဘူးနော်"

စဝ်ရန်နိုင်က ကောင်မလေးကို ဆောင့်ဆွဲ၍ နံရံနှင့် မျက်နှာကို တွန်းကပ်လိုက်သည်။

စဝ်ရန်နိုင်က တိုးတိတ်သော လေသံဖြင့် -

"ငါမေးတာ ဖြေ။ နီရင်း ဘယ်မှာလဲ"

ကောင်မလေးက တုန်လှုပ်စွာကြည့်၍ -

"ကျွန်မအော်လိုက်ရင် "ဂျော့စ်" ဝင်လာလိမ့်မယ်။ ရှင့်ကို တစ်စစီဖြစ်အောင် လုပ်ပစ်လိမ့်မယ်"

"ငါ မေးတာကို မှန်မှန်ဖြေစမ်း"

ကောင်မလေး ခေါင်းခါယမ်း၍ -

"ကျွန်မ တကယ်မသိတာပါ။ နီရင်း ဒီဆိုင်ကထွက်သွားတာ တစ်လလောက်ရှိသွားပြီ။ ဒီဆိုင်မှာ သူအလုပ်.မလုပ်တော့ဘူး"

"သူ့ကို ဘယ်နေရာမှာ ရှာရမလဲ"

"ဒီဆိုင်ရှင် "သက်ရင်စော" ကို မေးကြည့်ပါ"

"သက်ရင်စောက ဘယ်နေရာမှာလဲ"

"ဟို ... ဟို နောက်ဘက်မှာ သူ့ရဲ့ရုံးခန်းလေးရှိတယ်"

စဝ်ရန်နိုင် ကောင်မလေးကို လွှတ်ပေးလိုက်ပြီး အခန်း





ထဲမှထွက်လာသည်။

× × ×

စင်္ကြံလမ်းမှ ကွေ့ကောက်စွာ လျှောက်၍သွားရပြီး၊ အစွန်ဆုံးနေရာ၌ သက်ရင်စော၏ ရုံးခန်းကိုတွေ့ရသည်။

စဝ်ရန်နိုင် တံခါး ခေါက်လိုက်၏။

တံခါးချပ်ပွင့်လာပြီး သပ်ရပ်သော ဝတ်စုံကိုဝတ်ဆင်ထားသည့်အသက်ငါးဆယ်အရွယ်အသားနီစပ်စပ်နှင့် လူတစ်ဦးကိုတွေ့လိုက်ရသည်။

ထိုလူက မျက်မှောင်ကြုတ်၍ -

"ဘာကိစ္စလဲ ... ခင်ဗျား ဘယ်သူလဲ"

"ခင်ဗျားက ဆိုင်ရှင် ... သက်ရင်စောလား"

ထိုလူက မျက်နှာထားတင်းတင်းဖြင့် -

"ခင်ဗျား ဒီနေရာက မြန်မြန်ထွက်သွားပါ။ ကျုပ်ရဲ့လူတစ်ယောက်ကိုခေါ်ပြီး မောင်းထုတ်ခိုင်းလိုက်ရမလား ..."

စဝ်ရန်နိုင်က ရှေ့သို့ တိုးကပ်လိုက်ပြီး -

"ကျွန်တော်က အရပ်မြင့်မြင့် ကိုယ်လုံးတောင့်တောင့်နဲ့ နီရင်းကို လာရှာတာပါ။ သူ ဒီမှာ အလုပ်.လုပ်ဖူးတယ်လေ"

သက်ရင်စော မသိမသာ မျက်နှာပျက်သွားသည်။

စဝ်ရန်နိုင်က -

"သူ့ကို ဘယ်နေရာမှာ လိုက်ရှာရမလဲ"

"ဟေ့ကောင် ... ဒီ အလုပ်ရုံနေရာက စည်းကမ်းရှိတဲ့နေရာကွ။ မင်းလုပ်ချင်သလို လုပ်လို့မရဘူး။ မင်း ... ဒီနေရာကနေ မြန်မြန်ထွက်သွားစမ်း"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ခင်ဗျားက ဒုစရိုက်ဂိုဏ်းတွေနဲ့ အဆက်အသွယ်ရှိတယ်လို့ ဆိုလိုတာလား။ ကြောက်စရာ တော်တော်ကောင်းမှာပဲနော် .."

"ငါ ... ဖုန်းတစ်ချက် ဆက်တာနဲ့ မင်း တစ်စစီ ဖြစ်သွားလိမ့်မယ်.."

စဝ်ရန်နိုင်က သက်ရင်စောၢ အင်္ကျီရင်ဘတ်ကို ဆောင့်ဆွဲလိုက်၏။

"ဒီမှာ ... ခင်ဗျား ဘာအလုပ်လုပ်စားတယ်ဆိုတာ သိတယ်။ ခင်ဗျားကို လူယုတ်မာတစ်ယောက်လို့ပဲ သတ်မှတ်ထားတယ်..."

ရုတ်တရက် -

"ဂျော့(စ်)ဟု အမည်ပေးထားသော လူထွား၊ လူမိုက်ကြီး ပြေးလွှားရောက်လာသည်။ သူ၏တုတ်နိုင်ကြီးမားသော လက်ကြီးထဲ၌ သားရေစွပ်တုတ်ကြီးတစ်ချောင်းကိုင်ထားသည်။

ဂျော့(စ်)က သက်ရင်စောဘက်လှည့်၍ -

"စိတ်ချပါ ဆရာ...။ ဒီလူရှုပ်ကို ကျွန်တော် ရှင်းပစ်လိုက်ပါ့မယ်"

ဂျော့(စ်)က စဝ်ရန်နိုင်ဘက်လှည့်၍ ကောက်ကျစ်ရက်စက်သော အပြုံးမျိုး ပြုံးလိုက်သည်။

"မင်းစောစောက အခန်းထဲမှာ အေးအေးဆေးဆေးနေရင် အကောင်းသား။ အခုတော့ အရိုးတစ်ခြား အသားတစ်ခြား ဖြစ်ရတော့မယ်"

စဝ်ရန်နိုင်က သက်ရင်စောကို ဆောင့်တွန်းထုတ်လိုက်၏။ သက်ရင်စော သူ၏ ရုံးခန်းထဲသို့ ပြေးဝင်သွားသည်။

ဂျော့(စ်)က လက်ထဲမှတုတ်တံဖြင့် လွှဲ၍ရိုက်ချလိုက်၏။

စဝ်ရန်နိုင်က ဘေးတစ်ဘက်သို့ တိမ်း၍ရှောင်သည်။

အရှိန်လွန်လာသော ဂျော့(စ်)၏ ဝမ်းဗိုက်အတွင်းသို့ ညာလက်သီးတစ်လုံး ပစ်သွင်းလိုက်၏။ လည်မျိုကို လက်ဝါးစောင်းဖြင့် အရှိန်ပြင်းစွာ ခုတ်ချလိုက်သည်။ ဂျော့(စ်)အသံပင် မထွက်နိုင်ပဲ ပုံလျက်သား လဲကျသွားသည်။

စဝ်ရန်နိုင် "သက်ရင်စော" ၏ ရုံးခန်းတံခါးကို ခြေဖြင့် ဆောင့်ကန်လိုက်၏။ တံခါးကျိုးပဲ့ထွက်သွားပြီး ပတ္တာပါပြုတ်ထွက်သွားသည်။

စဝ်ရန်နိုင် အတွင်းသို့ ခုန်ဝင်လိုက်၏။

သက်ရင်စော နောက်သို့ ဆုတ်သွားသည်။

သန့်စင်ခန်းသို့ဝင်ပြေးရန် သက်ရင်စော ကြိုးစားသည်။

စဝ်ရန်နိုင်က သက်ရင်စော၏ လည်ကုပ်ကို ဖမ်းချုပ်လျက် အခန်းထဲသို့ ပြန်ခေါ်လာသည်။ နံရံနှင့် ဆောင့်တိုက်ပစ်လိုက်သည်။

ပုံလျက်သား လဲကျသွားသော သက်ရင်စောကို ဆွဲမ.ထူလိုက်သည်။

သက်ရင်စော၏ မျက်လုံးများပြူးကျယ်၍နေ၏။

"ဂျော့(စ်) ...ဂျော့(စ်) ..လာစမ်းပါဦး ... မြန်မြန်"

"ဂျော့(စ်)လား မလာနိုင်တော့ဘူး။ ဒီကောင်အိပ်ချင်တယ်ဆိုပြီး ကြမ်းပြင်ပေါ်မှာ အိပ်နေတယ်"

စဝ်ရန်နိုင်က သက်ရင်စော၏ ခေါင်းကို နံရံနှင့်မဆောင့်





www.burmeseclassic.com

www.burmeseclassic.com



တိုက်ပစ်လိုက်၏။

"ကဲ...ပြောစမ်း။ နီရင်း ဘယ်မှာလဲ"

"ငါ မသိဘူး"

စံရန်နိုင်က သက်ရင်စော၏ ဆံပင်ကိုဆွဲလျက် သန့်စင်ခန်းထဲသို့ ဆွဲခေါ်သွားသည်။ ရေဇလုံခွက်ကြီးထဲသို့ သက်ရင်စောကို ခေါင်းစိုက်၍ ဖိတွန်းလိုက်သည်။

အတန်ကြာမှ ပြန်ဆွဲထုတ်လိုက်သည်။

သက်ရင်စော အဆက်မပြတ် ချောင်းဆိုး၍ ရေများကို ထွေးထုတ်သည်။

"မင်းက ငါ့စကားကို ကောင်းကောင်းမှ နားမထောင်တာကိုး၊ ကဲ...နီရင်း..ဘယ်မှာလဲ"

"မသိဘူး...မင်း သေချင်တဲ့နေရာ သွားသေလိုက်"

စံရန်နိုင်က ရေဇလုံထဲသို့ သက်ရင်စောကို ထပ်မံဖိနှစ်လိုက်၏။ ပထမအကြိမ်ကထက် ပို၍ကြာပြီးမှ ဆွဲထုတ်လိုက်သည်။

သက်ရင်စော၏ မျက်နှာ ပြာနှမ်း၍နေသည်။

"ကဲ...နီရင်း ဘယ်မှာလဲ"

သက်ရင်စော လက်ကာ၍ပြပြီး -

"ပြော...ပြောပါ့မယ်"

"ကဲ...မြန်မြန်ပြောစမ်း"

"သူ ဒီနေရာကနေ အလုပ်ထွက်သွားတာ တစ်လလောက်ကြာသွားပြီ။ ဟို...ဟို...သူက ဒီနေရာမှာ ဆက်ပြီး အလုပ်မလုပ်ချင်တော့ဘူးလို့ ပြောတယ်။ ဘဉ္ဖငှက်တွေကို ထိန်း





ချုပ်တဲ့ "အထွဲ" ဆိုတဲ့ ကောင်ဆီ ပြန်သွားမလို့တဲ့၊ အထွဲနဲ့ သူက ငွေအများကြီးရနိုင်မယ့် အလုပ်တစ်ခု စီစဉ်ထားကြတယ်"

"သူတို့ ဘယ်မှာရှိမလဲ"

"သူတို့ရဲ့လိပ်စာကို မသိဘူး"

"ဘာပြောတယ်"

စံရန်နိုင်က သက်ရင်စောကို ရေဇလုံကြီးထဲသို့ ဆွဲနှစ်ရန် ဟန်ပြင်လိုက်၏။

သက်ရင်စောက ကမန်းကတန်း ဖြေသည်။

"ဟို ...ဟို ... ခဏနေပါဦး။ နီရင်းက နကွတ်ဗေဒင်ပျောက်စေဆရာကြီး "လောဝေ" ရဲ့ "ငွေစန္ဒာ" စံအိမ်အနီးမှာ ရှိတတ်တယ်"

"ငွေစန္ဒာစံအိမ်...လောဝေ..."

စံရန်နိုင်၏ ခန္ဓာကိုယ်တစ်ခုလုံး တောင့်တင်း၍သွားသည်။

အကြမ်းဖက်သမားတစ်ဦးဖြစ်သည့် "ဇာထို" ကို ဖမ်းမိခဲ့သော နေရာသည် လောဝေ၏ "ငွေစန္ဒာ" စံအိပ်၌ဖြစ်သည်။

သူ သတိလစ် ပေါ့လျော့မိခြင်းပင်တည်း။

"ငွေစန္ဒာ" စံအိမ်၌ ဇာထိုကို ဖမ်းမိခြင်းမှာ မတော်တဆ တိုက်ဆိုင်မှုမဟုတ်ပေ။ ဇာထိုသည် ငွေစန္ဒာစံအိမ်၌ အကူအညီတောင်းရန် ကမူးရှူးထိုးပြေးသွားခြင်းဖြစ်သည်။ သူ့အား မေးမြန်း စုံစမ်းခြင်းပြုသည့် အယောင်ဆောင် လူလိမ်ကြီး လောဝေကိုယ်တိုင် သူတို့လူစုနှင့် ကြံရာပါ ဖြစ်ရပေမည်။

စံရန်နိုင်က သက်ရင်စော၏ လည်ကုပ်ကို [illegible]ဝါး



www.burmeseclassic.com

www.burmeseclassic.com

စောင်းနှင့် တစ်ချက် ခုတ်ချလိုက်၏။

သက်ရင်စော ခွေလျက်သား လဲကျသွားလျှင် စဝ်ရန်နိုင် အခန်းထဲမှ ထွက်လာခဲ့သည်။

× × × × ×





## အခန်း (၂၈)

စန္ဒကူးစစ်စစ် အမွှေးနံ့များ၊ အခန်းတွင်း၌ ပျံ့လွင့်၍နေ၏။

တစ်ခန်းလုံး မွှေးပျံ့သင်းကြိုင်၍နေသည်။

အနီရောင် ဖယောင်းတိုင်ကြီးများကို စင်ပေါ်၌ ထွန်းညှိထားသည်။

ဘုရား ဆင်းတု၊ ရုပ်ပွားတော်များကို မတွေ့ရ။

အခြားသော အရုပ်များသာ တွေ့ရသည်။

ထိုနေရာ၌ ကျောပေး၍ "လောဝေ" ထိုင်နေသည်။

အထင်ကြီးစရာ လုံးဝမရှိသော "လောဝေ" ကိုကြည့်၍ စဝ်ရန်နိုင် ရွံ့ရှာ စက်ဆုပ်လာမိသည်။

"ဟယ်လို...ဦးလောဝေ"

လောဝေ တုန်၍သွားပြီး မော့ကြည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

"အာရုံတွေ စုစည်းနေတာလား ...ဦးလောဝေ"

စစ်ရန်နိုင်ကို မြင်လိုက်သည်နှင့် လောဝေ၏ မျက်လုံ[း]ထဲ၌ ဒေါသအရိပ်အငွေ့များ ယှက်သန်း၍လာ၏။

"ဪ..မင်းကိုး..."

"ခင်ဗျား...ကျွန်တော့်ကို မှတ်မိတယ် မဟုတ်လား"

"ဘာမှ အပြစ်မရှိရှာတဲ့ လူတစ်ယောက်ကို ဖမ်းသွားတဲ့ အထူးရဲ အရာရှိပါလား"

"သူမှာ အပြစ်မရှိဘူးဆိုတာတော့ အံ့ဩစရာပဲ။ အပြစ်[မဲ့]တဲ့လူတွေ သေဖို့အတွက် ဖောက်ခွဲခဲ့တဲ့ အကောင်မှာ အပြစ်မ[ရှိ]တော့ဘူးလား။ လွန်ခဲ့တဲ့နှစ်ရက်က "ဇာထို" ရဲ့လူတွေက မြို့တော်စည်းကမ်းထိန်းသိမ်းရေးမှူးကို ဖမ်းခေါ်ပြီး ငွေတောင်းနေတယ်။ ခင်ဗျားက ဒီအဖွဲ့နဲ့ ကြံ့ရာပါပဲ.."

"လောဝေ" ဆတ်ခနဲ ထ၍ရပ်သည်။

"မင်းက ငါ့ရဲ့နေရာမှာလာပြီး စော်ကားနေပါလား။ မင်း ထက်ကြီးမြင့်တဲ့ လူတွေကို မင်းမသိတော့ဘူးလား"

"ရယ်စရာ အတော်ကောင်းတာပဲ။ ခင်ဗျားရဲ့ မိတ်ဆွေတွေ သတ်ပစ်ခဲ့တဲ့ အပြစ်မဲ့တဲ့လူတွေက မနည်းလှတော့ဘူး။ ကဲ မြို့တော်စည်းကမ်းထိန်းသိမ်းရေးမှူးနဲ့ အထွဲ အကြောင်း[း]ကျွန်တော် သိချင်တယ်"

"မင်း မေးတာတွေ ငါ မဖြေနိုင်ဘူး"

ထိုအချိန်၌ -

ဝတ်ရုံရှည်ကို ဦးခေါင်းမှ ခြုံလွှမ်း၍ထားသူတစ်ဦး တစ်ဘက်ဝင်ပေါက်မှ ဝင်လာသည်။ ထိုင်ခုံတန်းရှည်တစ်ခု၌ ဝင်ထိုင်





လိုက်သည်။

စစ်ရန်နိုင်က တစ်ဘက်သို့ လှည့်ထွက်သွားသော လောဝေ၏ လက်မောင်းကို ဖမ်းဆွဲလိုက်၏။

"ခင်ဗျားရဲ့ မိတ်ဆွေ၊ အထွဲ နဲ့ အပေါင်းအပါတွေက ကျွန်တော်ရဲ့ သူငယ်ချင်း ရဲအရာရှိတစ်ယောက်ကိုပါ သတ်သွားကြတယ်။ ဒီကောင်တွေကို မရ ရအောင် လိုက်ဖမ်းရပါလိမ့်မယ်"

"မင်း...ငါ့ကိုလာပြီး ခြိမ်းခြောက်မနေစမ်းနဲ့၊ ဒီနေရာကနေ မြန်မြန် ထွက်သွားတာ အကောင်းဆုံးပဲ"

"အထွဲ...ဘယ်မှာလဲ"

"မင်းမေးတိုင်း ငါက ဖြေမယ် ထင်နေသလား"

စစ်ရန်နိုင် စိတ်မရှည်တော့...။

"ခင်ဗျား ဖြေရလိမ့်မယ်။ ခင်ဗျားက အထွဲဆိုတဲ့ အကောင်းကို ဘာဖြစ်လို့အကာအကွယ်ပေးနေတာလဲ။ အထွဲဆိုတာ လူသတ်သမား၊ အကြမ်းဖက်သမား၊ ဒုစရိုက်ကောင်တစ်ကောင်...။ ခင်ဗျား နားလည်မှာပါ... ခင်ဗျားတော့ ဘာအလုပ်တွေ လုပ်နေသလဲ။ အထွဲတို့အုပ်စု သတ်ခဲ့တဲ့လူ ဘယ်နှစ်ယောက်ရှိပြီလဲဆိုတာ ခင်ဗျားသိသလား။ ဒီကောင်တွေ ထပ်ပြီး လူသတ်ကြဦးမှာပဲ။ ဘာအတွက်နဲ့ အပြစ်မဲ့တဲ့ လူတွေကို သတ်နေရတာလဲ။ ဒေါ်လာသုံးသန်းရတာနဲ့ ဝေစုခွဲပြီး တစ်မြားတစ်နေရာမှာ သူဌေးလုပ်ပြီး နေကြဖို့အတွက်ပေါ့။ ကဲ... ခင်ဗျား ဘာပြောချင်သေးလဲ ...လောဝေ"

လောဝေက မခိုးမခန့် လေသံဖြင့် -

"သူတို့က သူတို့အလုပ် သူတို့လုပ်ကြတာလေ"


www.burmeseclassic.com

www.burmeseclassic.com

စဝ်ရန်နိုင် ဒေါသ ထွက်၍လာသည်။

"ဩော် . . . ခင်ဗျားက မစ်ဆူဘီရှိကားထဲမှ သေသွားခဲ့ရတဲ့ မိသားစုသုံးယောက်ဟာ၊ သူတို့ရဲ့အလုပ်ကြောင့် သေသွားခဲ့ကြရတာလား . . .။ ခင်ဗျားရဲ့လူတွေ ဒီလိုလုပ်နိုင်ဖို့ ခင်ဗျားက ကူညီအားပေးနေမယ်ဆိုရင်တော့၊ ခင်ဗျားဟာ အင်မတန်ယုတ်ညံ့တဲ့ အောက်တန်းစားလူတစ်ယောက်ပဲ"

လောဝေ၏မျက်နှာမှာ ပို၍ တင်းမာခက်ထန်လာ၏။

"ဒီအကြောင်းတွေကို ရှင်းပြလို့ မင်း နားလည်မှာမဟုတ်ဘူး"

"ကောင်းပြီ။ အကြမ်းဖက်သမားတွေနဲ့ ထိပ်တိုက်ရင်ဆိုင်တဲ့အခါမှာ ခင်ဗျားဟာ သူတို့ဘက်က ပထမဆုံးကျဆုံးရတဲ့ရန်သူတစ်ယောက်ပဲ ဖြစ်သွားလိမ့်မယ်"

"မင်း ခြိမ်းခြောက်လို့ ငါ လုံးဝမကြောက်ဘူး"

စဝ်ရန်နိုင်က သူ၏ ပို့ဂ့် ၃၅၇ ကွန်ဘက်မဂ္ဂနမ်သေနတ်ကို ဆွဲထုတ်လိုက်၏။ နကွတ်၊ ဗေဒင်ဟောက်စေဆရာကြီး လောဝေ၏ မျက်နှာကို သေနတ်ဖြင့် ချိန်လိုက်သည်။

"ခင်ဗျား . . . ကျွန်တော် မေးတာ ဖြေပါ"

"မင်း . . အတော် ရမ်းကားနေပါလား။ ငါ့နေရာမှာ ဒီလိုလုပ်လို့ လွယ်လွယ်ရမယ် ထင်နေသလား"

ဧည့်ခန်းမဆောင်ကြီးမှာ အတော်ပင်ကျယ်ဝန်းသည်။ ခမ်းနားသပ်ရပ်စွာ တည်ဆောက်ထားသည်။

စဝ်ရန်နိုင် အနောက်ဘက်သို့ လှမ်းကြည့်သည်။ နံတန်းရှည်များကြားမှ ဝတ်ရုံရှည်ဝတ်ဆင်ထားသော အမျိုးသမီး မတ်





ဘတ်ရပ်လိုက်သည်ကို စဝ်ရန်နိုင် သတိပြုမိသည်။

ထိုအမျိုးသမီးသည် သူတို့နှစ်ဦးအား လှမ်း၍ကြည့်နေသည်။

ထို့နောက် သူတို့ထံသို့ တည့်မတ်စွာ လျှောက်၍လာနေပေသည်။

စဝ်ရန်နိုင်က လောဝေ၏ ခန္ဓာကိုယ်ကို ခပ်ကြမ်းကြမ်း လှုပ်ခါလိုက်၏။

"ကျွန်တော့်မှာ အချိန်မရှိဘူး။ ကဲ . . . အထွဲ ဘယ်မှာလဲ ပြောစမ်း။ ခင်ဗျား မပြောရင်တော့ ဒီသေနတ်ကိုသုံးရလိမ့်မယ်"

"မင်း သတ္တိရှိရင် သုံးကြည့်လိုက်စမ်း . . .။ မင်းသိချင်တာတွေ လွယ်လွယ်နဲ့ မရနိုင်ဘူး . . ."

× × ×

ဦးခေါင်းအထိ လွှမ်းခြုံထားသော ဝတ်ရုံရှည်ဝတ်ဆင်ထားသော အမျိုးသမီးက အတွင်းဘက်မှ တစ်စုံတစ်ခုကို ဆွဲနှိုက်ယူနေ၏။

ထိုလှုပ်ရှားမှုမှာ လွန်စွာလျင်မြန်လှသည်။

စဝ်ရန်နိုင် ဖျတ်ခနဲ လှမ်းမြင်သည်။

စဝ်ရန်နိုင် လှည့်ကြည့်လိုက်၏။

ရုတ်တရက် -

သေနတ်သံတစ်ချက် ကျယ်လောင်စွာ ပေါ်ထွက်လာ၏။

ဧည့်ခန်းမကြီးအတွင်း၌ ပဲ့တင်သံထပ်၍ မြည်ဟည်းသွား


www.burmeseclassic.com

www.burmeseclassic.com

သည်။

ဝတ်ရုံရှည်အမျိုးသမီး၏ နောက်ဘက်ဝင်ပေါက်၌ -

မေဘုန်းရှိန်သည် ခြေနှစ်ဘက်ကို ကား၍ရပ်ထား သည်။

လက်နှစ်ဘက်ထဲ၌ယမ်းငွေ့တလူလူဝေထွက်နေသော ခြောက်လုံးပြူးကို ဆုပ်ကိုင်ထားသည်။

ပျောက်စေဆရာကြီး "လောဝေ" ထိတ်လန့်တုန်လှုပ် စွာအော်ဟစ်လိုက်၏။

"ဘုရား...ဘုရား...ဘယ်သူပစ်လိုက်တာလဲ"

"လောဝေ" သည် လဲကျသွားသည့် ဝတ်ရုံရှည်နှင့်အမျိုး သမီးထံသို့ သွေးရူးသွေးတမ်း ပြေးထွက်သွားသည်။

စဝ်ရန်နိုင် နောက်မှလိုက်၍သွားသည်။

တံခါးပေါက်မှဝင်လာသော မေဘုန်းရှိန်ကို တွေဝေစွာ စိုက်ကြည့်၍ "လောဝေ" က ပြောလိုက်သည်။

"မင်း...မင်း...ဒါ...ဘယ်လိုလုပ်လိုက်တာလဲ။ မင်း သူ့ကို သတ်ပစ်လိုက်တာ မဟုတ်လား"

မေဘုန်းရှိန်က ခြောက်လုံးပြူးသေနတ်ကို ဖြည်းလေး စွာ ပြန်ချလိုက်၏။

သူမ၏ မျက်နှာပြင်မှာ ဖြူလျော်၍နေ၏။

လက်များမှာ တုန်ယင်လျက်ရှိနေသည်။

မေဘုန်းရှိန်က တုန်ခါနေသော လေသံခပ်တင်းတင်း ဖြင့် -

"ဒီအမျိုးသမီးက ဟန်ဆောင်ထားတဲ့ အမျိုးသမီး..."





စဝ်ရန်နိုင်က လဲကျနေသော အမျိုးသမီး၏ ဝတ်ရုံရှည် ကြီးကိုဆွဲ၍ပက်လက်လှန်လိုက်သည်။

အရပ်မြင့်မြင့်၊ ကိုယ်လုံးကိုယ်ထည် တောင့်တောင့် တင်းတင်းနှင့် အမျိုးသမီးတစ်ဦးကို တွေ့လိုက်ရသည်။ သူမ၏ ရှည်သောလက်သည်းများ၌ သပြေသီးမှည့်ရောင် ဆေးဆိုးထား သည်။

ဝတ်ရုံရှည်ကြီး၏အောက်၌ အဝါရောင်စပို့ရှပ်နှင့် ဂျင်း ဘောင်းဘီရှည်နက်ပြာရောင်ကို ဝတ်ဆင်ထားသည်။

သူမ၏ ဝတ်ရုံရှည်ကြီးအောက်၌ တစ်စုံတစ်ခုကို ဝှက်၍ ထားသည်။

စဝ်ရန်နိုင်က ဆွဲယူလိုက်၏။

ပြောင်းဖြတ်ထားသော နှစ်လုံးပြူး သေနတ်တစ်လက် ကိုတွေ့လိုက်ရသည်။

မေဘုန်းရှိန်က -

"စဝ်...ရှင့်ကို ဒီအမျိုးသမီးက ပစ်တော့မလို့။ ကျွန်မက လက်ဦးပြီး အရင်ပစ်လိုက်ရတာ။ ကျွန်မ ဒီလိုမျိုးတစ်ခါမှ မပစ် ဖူးဘူး"

စဝ်ရန်နိုင်က အေးတိအေးစက်လေသံဖြင့် ပြောလိုက် သည်။

"ဒီအမျိုးသမီးက ငါတို့နှစ်ယောက်စလုံးကို သတ်ဖို့ကြံ ထားတယ်။ အဲဒီအထဲမှာ ခင်ဗျားလည်းပါတယ် .. လောဝေ၊ ဒီအမျိုးသမီး ဒီနေရာကို ဘာကိစ္စနဲ့ လာတယ်လို့ ခင်ဗျားထင် သလဲ။ ခင်ဗျားက ပျောက်စေဆရာကြီး "လောဝေ" ဆိုတော့


www.burmeseclassic.com

www.burmeseclassic.com



သူတို့အဖွဲ့ရဲ့ အကြောင်းကို ခင်ဗျားက အတော်များများ သိထား ပြီးသားဖြစ်နေတယ်။ ဒီတော့ ခင်ဗျားကို သူတို့က စိတ်မချကြ တော့ဘူး။ မယုံကြည်နိုင်ကြတော့ဘူး...ခင်ဗျားကိုလွှတ်ထားလို့ မဖြစ်တော့ဘူးဆိုပြီး တစ်ခါတည်းသတ်ပစ်လိုက်ဖို့ကြံစည်ထား တာ"

လောဝေသည် စင်ရန်နိုင်ကို ကြောင်တောင်တောင် မျက်လုံးများဖြင့် ငေးစိုက်ကြည့်သည်။

ထို့နောက် အယောင်ဆောင် အမျိုးသမီး၏ အလောင်း ဘေး၌ ဒူးထောက်၍ထိုင်ချလိုက်၏။

"လောဝေ" က ကြေကွဲသောလေသံဖြင့် ခပ်တိုးတိုး ရေရွတ်လိုက်သည်။

"ဖြစ်မှ ဖြစ်ရလေ...နိရင်းရယ်..."

"လောဝေ" က သူမ၏လက်တစ်ဘက်ကို ဆုပ်ကိုင်လိုက် သည်။

စင်ရန်နိုင်ကို တစ်ချက်မော့ကြည့်လိုက်ပြီး -

"သူတို့ကို လူမသတ်ကြပါနဲ့လို့ ကျုပ် ပြောထားတယ်။ သူတို့ကလည်း သူတို့ရဲ့အခုကိစ္စမှာ ဘယ်သူ့ကိုမှ အထိအခိုက်မခံ စေရဘူး၊ အန္တရာယ် မပေးပါဘူးလို့ ကတိပေးထားခဲ့ကြတယ်"

စင်ရန်နိုင်က -

"ဒီကောင်တွေ ဘာအလုပ်တွေ လုပ်နေတယ်၊ ဘာတွေ ဖြစ်ပျက်နေတယ်ဆိုတာ ခင်ဗျား အားလုံးသိနေခဲ့တယ် မဟုတ် လား"

"လောဝေ" လေးတွဲစွာ ခေါင်းညိတ်သည်။





"ဟုတ်ပါတယ်...ကျုပ် သိထားပါတယ်"

စင်ရန်နိုင်က "လောဝေ" ကို ဆွဲထူ၍ မတ်တတ်ရပ်စေ လိုက်၏။

"ကဲ...ဒီကောင်တွေ မြို့တော်စည်းကမ်းထိန်းသိမ်းရေး မှူးကို ဘယ်နေရာမှာ ဖမ်းထားကြသလဲ...လောဝေ"

လောဝေ သက်ပြင်းရှည်တစ်ချက်ချသည်။

ခြောက်သွေ့သောလေသံဖြင့် တစ်လုံးခြင်းပြောသည်။

"သူတို့လူစု...ကျေးညီနောင်ကျွန်းမှာ ရှိတယ်"

× × × × ×



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

ရဲတပ်ဖွဲ့မှူးပိုင်သည့် မီးသတ်မော်တော်ပေါ်သို့ စစ်ရန်နိုင်နှင့် မေဘုန်းရှိန်တို့ လိုက်ပါလာကြသည်။

မီးသတ်မော်တော်၏အမည်မှာ "ရေနဂါး" ဖြစ်သည်။

ကျေးညီနောင်ကျွန်းနှင့် မီးသတ်မော်တော်တဖြည်းဖြည်း နီးကပ်၍လာ၏။

မီးသတ်မော်တော် ရေယာဉ်မှူးဖြစ်သူက -

"အကူအညီပေးဖို့ ရဲသားတွေထပ်ခေါ်ဖို့ လိုဦးမယ် စစ်ရန်နိုင်"

စစ်ရန်နိုင်က ပြန်၍ပြောသည်။

"ကျွန်တော်တို့ကို ကျွန်းပေါ်အထိ ရောက်အောင်ပို့ပေးပါ။ အကူအညီခေါ်လို့လည်း အချိန်ရတော့မှာ မဟုတ်ဘူး"

ရေယာဉ်မှူးက -

"ကောင်းပြီ။ ဒါကတော့ . . . ခင်ဗျားရဲ့ဆုံးဖြတ်ချက်ပဲ"

မီးသတ်မော်တော်စက်ခန်းအတွင်းသို့ ရေယာဉ်မှူးဝင်





သွားသည်။

မေဘုန်းရှိန်က -

"စစ် . . . ကျွန်မတို့ ဒီကိစ္စနဲ့ပတ်သက်ပြီး ရဲအဖွဲ့ကို လှမ်းအကြောင်းကြားပြီး ဆက်လုပ်ရားရင် သင့်မယ်ထင်တယ်"

စစ်ရန်နိုင်က ပခုံးတစ်ချက်တွန့်လိုက်၏။

"ငါတို့အကြောင်းကြားလည်း သူတို့က ဘာဆက်လုပ်မယ်လို့ မင်းထင်သလဲ။ ဦးထွန်းပိုင်က ဒီကောင်တွေကို ဒေါ်လာသုံးသန်းပေးပြီး မြို့တော်စည်ကမ်းထိန်းသိမ်းရေးမှူးကို ပြန်လွှတ်ပေးဖို့ စီစဉ်ပြီးသွားပြီ။ ငါ့အနေနဲ့ ဒီလိုအခြေအနေမျိုး လုံးဝ လက်မခံနိုင်ဘူး . . ."

သူမက မငို့မရဲလေသံဖြင့် -

"ကျွန်မတို့လုပ်တာ၊ ကိုင်တာ လွဲချော်သွားရင် သူတို့က မြို့တော်စည်းကမ်း ထိန်းသိမ်းရေးမှူးကို သတ်ပစ်လိုက်ရင် ဘယ်လိုလုပ်ကြမလဲ"

"မြို့တော်စည်းကမ်း ထိန်းသိမ်းရေးမှူးကို ဒီကောင်တွေ မသတ်ဝံ့ပါဘူး။ မြို့တော်စည်းကမ်း ထိန်းသိမ်းရေးမှူးဟာ သူတို့ရဲ့ "နိုင်ဖဲ" မဟုတ်လား။ မြို့တော်စည်းကမ်း ထိန်းသိမ်းရေးမှူး အသက်ရှင်လျက်ရှိနေမှ သူတို့ လွတ်လမ်းရှိနိုင်မယ်။ မြို့တော်စည်းကမ်းထိန်းသိမ်းရေးမှူး သေသွားခဲ့ရင် သူတို့ ဘယ်ကိုမှ ထွက်ပြေးလို့ မရနိုင်တော့ဘူး။ သူတို့ အင်မတန် မက်မောတဲ့ ဒေါ်လာသုံးသန်းလည်း ရနိုင်တော့မှာ မဟုတ်ဘူး . . .။ သူတို့ မြို့တော်စည်းကမ်း ထိန်းသိမ်းရေးမှူးကို လုံးဝ မသတ်ရဲပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



အကြမ်းဖက်သမားတွေက လူညံ့တွေမှ မဟုတ်တာ။ မြို့တော်စည်းကမ်းထိန်းသိမ်းရေးမှူးကို သူတို့လက်ထဲကနေ လုံးဝအလွတ်ခံနိုင်ကြမှာမဟုတ်ဘူး"

"ဒါဆို ကျွန်မတို့နှစ်ယောက် သေသွားခဲ့ရင်ကော"

စဝ်ရန်နိုင်က သူမကိုကြည့်၍ ထူးခြားစွာ ပြုံးသည်။

"မင်း . . . မသေရဘူး မေဘုန်းရှိန်။ သေစရာရှိရင် ငါတစ်ယောက်တည်းပဲ အသေခံသွားမယ်။ မင်း . . . ငါ့နောက်ကို လိုက်စရာ မလိုဘူး"

"ဟို…ဟို…"

"တော်ပြီ။ မင်းက အတွေ့အကြုံ သိပ်နည်းသေးတယ်"

သူမက မကျေမနပ်လေသံဖြင့် -

"ကျွန်မသာ "လောဝေ"ရဲ့စံအိမ်ထဲ ရောက်မလာခဲ့ရင် ဟိုအယောင်ဆောင် မိန်းမရဲ့လက်ချက်နဲ့ ရှင်သေနေလောက်ပြီ"

"မင်း ကယ်တာကို ကျေးဇူးတင်ပါတယ်။ မင်းလုပ်တာ တကယ် တာဝန်ကျေပါတယ်။ ဒါပေမယ့် အခု ငါတို့ရင်ဆိုင်ရမယ့် အကောင်တွေက အတွေ့အကြုံရှိတဲ့ ကြေးစားလူသတ်သမားတွေ။ မင်းပါလာရင် မင်းကို ငါက လိုက်ပြီးစောင့်ကြည့်ပေးနေရလိမ့်မယ်။ ငါ ဘာမှ ဆက်လုပ်လို့ ရမှာမဟုတ်ဘူး။ အဲဒီလိုနေရင်းနဲ့ နှစ်ယောက်လုံးပါ မတော်တဆ သေကုန်နိုင်တယ်။

အဲဒီလိုမျိုး မင်း အဖြစ်ခံနိုင်မလား။ ဒီကောင်တွေက မြို့တော်စည်းကမ်း ထိန်းသိမ်းရေးမှူးကို ရှေ့ကနေ ဒိုင်းတစ်ခုလို အကာအကွယ် လုပ်ထားရင်တော့ တော်တော်ခက်ခဲသွားလိမ့်





မယ်။ ဒီလိုမျိုးလည်း အဖြစ်မခံနိုင်ဘူး။ ညနေ ငါးနာရီမှာ ရဟတ်ယာဉ်ရောက်လာတာနဲ့…တိုက်ပွဲ စ.ပြီ"

"ကျွန်မလိုက်လာတာ ပိုကောင်းမယ်ထင်တယ် . . . စဝ်။ သေနတ်တစ်လက်တည်းနဲ့စာရင် နှစ်လက်ဆိုတော့ ပို မထိရောက်ဘူးလား"

စဝ်ရန်နိုင် ခေါင်းခါလိုက်သည်။

"မင်း လုံးဝ မလိုက်ရဘူး။ ဒါ ငါ့အမိန့်ပဲ"

မေဘုန်းရှိန်မှာ လေထဲ၌ဝဲပျံ့နေသော ဆံနွယ်အချို့ ပင့်သပ်သိမ်းလိုက်သည်။

"ရှင် အခုလို ဆောင်ရွက်တာ ဦးထွန်းပိုင် သိသွားရင်တော့ မဟာပြဿနာပဲ။ ကျွန်မက တာဝန်ပေးတဲ့အတိုင်း လုပ်နေတာပါ"

"မှန်တယ်။ အဲဒီအချက်ကြောင့် မင်းကို ငါက မလိုက်နဲ့လို့ ပြောနေရတာ။ ငါလုပ်တဲ့ အလုပ်က မအောင်မြင်ဘူး။ ငါက မသေဘူးဆိုရင် ဦးထွန်းပိုင်က ငါ့ကို အကြီးအကျယ် ပြဿနာရှာလိမ့်မယ်။ ဒီတော့ မင်းအနေနဲ့ ဒီကိစ္စထဲမှာ ဝင်မပါတာ အကောင်းဆုံးပဲ မေဘုန်းရှိန် . . ."

သူမက ချိုမြစွာ ပြုံး၍ ခေါင်းညိတ်သည်။

"ကျွန်မ နားလည်ပါပြီရှင်"

× × ×

"နောက်ဆုံးတိပ်ခွေ သူတို့ဆီက အခုပဲ ရောက်လာတယ်"

ရဲမှူးကြီးက ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးထွန်းပိုင်နှင့် ကျော်ဇေယျတို့ ရဲမှူးကြီး၏ ရုံးခန်းအတွင်း၌ရှိနေကြသည်။

"သူတို့က ဘာပြောသလဲ . . . ဆရာ"

"အကြမ်းဖက်သမားတွေက မြို့တော်စည်းကမ်းထိန်းသိမ်းရေးမှူးကို ကျေးညီနောင်ကျွန်းပေါ်မှာ ဖမ်းထားကြတယ်။ အဲဒီကျွန်းကို ငါတို့ အခုချက်ခြင်း ငွေသွားပို့ပေးရလိမ့်မယ်"

"ဟုတ်ကဲ့ . . . ဆရာ ကျွန်တော်ကိုယ်တိုင် သွားပို့ပါ့မယ်"

ဦးထွန်းပိုင်က သွက်လက်စွာ ပြောသည်။

ရဲမှူးကြီးက ခေါင်းညိတ်၍ -

"ဟုတ်ပြီ။ မင်းကိုယ်တိုင် ခေါင်းဆောင်ပြီးသွားပို့ . . ."

ဦးထွန်းပိုင် သူ၏ရှေ့တက်လမ်းများကို မှန်း၍ မြင်ယောင်နေမိသည်။ သူ၏ကိုယ်ရေးရာဇဝင် မှတ်တမ်းထဲ၌ ချီးကျူးခံရသည့် တာဝန်ထမ်းဆောင်ချက်များ ထပ်မံတိုးလာပေလိမ့်မည်။

ရဲမှူးကြီးက စားပွဲပေါ်၌တင်ထားသော အနီရောင် ကြိုးသိုင်းအိတ်နှစ်လုံးကို လက်ညှိုးညွှန်ပြသည်။

"ငွေတွေကဒီမှာအသင့်ရှိနေပြီ။ ရဟတ်ယာဉ်ကအပေါ်ထပ်မှာ စောင့်နေတယ် . . ."

ရဲမှူးကြီးက ဆက်ပြောသည်။

"ကျေးညီနောင်ကျွန်းပေါ်က ခံတပ်ပေါ်ရဲ့အလယ်ကွက်လပ်မှာ မင်းကို ရဟတ်ယာဉ် လာချပေးမယ်။ မင်းက အကြမ်းဖက်သမားတွေနဲ့ တွေ့မယ်။ သူတို့က မြို့တော်စည်းကမ်းထိန်းသိမ်းရေးမှူး အန္တရာယ်ကင်းကင်းရှိနေကြောင်း ခေါ်ပြလိမ့်မယ်။



အဲဒီတော့မှ မင်းက ရဟတ်ယာဉ်ကို အချက်ပြလိုက်။ ပြီးတော့ . . မင်းတို့အားလုံး ရဟတ်ယာဉ်နဲ့ "အောင်သိဒ္ဓိ" လေဆိပ်မှာ ဆင်းကြရမယ်။ အဲဒီလေယာဉ်ကွင်းမှာ ဂျက်လေယာဉ်တစ်စီးအသင့်ရပ်ထားတယ်။ အကြမ်းဖက်သမား၊ ပြန်ပေးသမားတွေ သွားမယ့်နေရာကို လိုက်ပို့ပေးဖို့အတွက်ပဲ"

ရဲမှူးကြီးသည် တစ်စုံတစ်ရာကို လေးနက်စွာ စဉ်းစားနေ၏။

"ဘာအကြောင်းရှိသေးလို့လဲ . . . ဆရာ"

ရဲမှူးကြီးက သက်ပြင်းတစ်ချက် ချလိုက်ပြီး -

"အင်း . . . ငါတို့ အခုလုပ်လိုက်တဲ့ အလုပ် သင့်တော်မှန်ကန်ပြီး အဆင်ပြေပါစေလို့ ဆုတောင်းကြရမှာပဲ"

"အခုလို အခြေအနေမျိုးမှာတော့၊ ကျွန်တော်တို့ဘက်က ရွေးချယ်စရာ တစ်ခြားနည်းလမ်း မရှိတော့ဘူး . . ဆရာ"

ရဲမှူးကြီး ပြတင်းပေါက်မှ အပြင်ဘက်သို့ လှမ်း၍ကြည့်လိုက်သည်။

အဝေးဆီ၌ "ကျေးညီနောင်ကျွန်း" ကို ခပ်ရေးရေး မြင်တွေ့နေရပေသည်။

× × ×

သံတိုင်များကာရံထားသော အကျဉ်းခန်းတစ်ခုအတွင်း၌မြို့တော်စည်းကမ်း ထိန်းသိမ်းရေးမှူးတစ်ဦးတည်းရှိနေသည်။

သူ့ကိုဖမ်းဆီး ပြန်ပေးဆွဲသည့် လုပ်ငန်းကို ဦးဆောင်လုပ်ကိုင်သူမှာ "အထွဲ" ဆိုသူဖြစ်ကြောင်း သိထားရသည်။

သူရောက်နေသော နေရာမှာ ကျေးညီနောင်ကျွန်းပေါ်



www.burmeseclassic.com

မှ ခံတပ်ဟောင်းကြီးဖြစ်ကြောင်း နားလည်ထားသည်။

ဤကျွန်းကြီးသည် လူသူကင်းမဲ့သော ကျွန်းကြီးတစ်ကျွန်းဖြစ်သည်။ အဝင်အထွက်ခက်ခဲသော ခံတပ်ဟောင်းကြီး တစ်ခု ဖြစ်ပေသည်။

အကြမ်းဖက်သမားများအတွက် အကောင်းဆုံး ပုန်းစရာ နေရာတစ်ခုပင်။

ပြန်ပေးငွေရလျှင် အကြမ်းဖက်သမားများက သူ့ကို ကျိုန်းသေပြန်လွှတ်ပေးကြမည်။ သူ၏မိသားစု ဆွေမျိုးသားချင်းများက လိုအပ်သောငွေကို ထုတ်ပေးကြပေလိမ့်မည်။ အကြမ်းဖက်သမားများက သူ့ကိုသတ်ပစ်စရာ အကြောင်းမရှိနိုင်ဟု တွေးမိသည်။

အကြမ်းဖက်သမားများအနေနှင့် သူတို့တောင်းခံသော ငွေရပြီးလျှင် သူတို့အသက်ရှင်သန် လွတ်မြောက်နိုင်ရေး အတွက် သူ့ကို ဘေးမသီ ရန်မခစေပဲ ထားကြဦးမည်။ သူတို့ အတွက် ကြိုတင်စီစဉ်ပေးထားမည့် ဂျက်လေယာဉ်ပေါ်သို့ ရောက်မှသာ သူ့ကိုပြန်လွှတ်ပေးမည်ဟု ပြောသည်။

အကြမ်းဖက်သမားများပြောသော များပြောသော စကားကို သူယုံကြည်သည်။ သူ့အနေနှင့် စိတ်ရှည်လက်ရှည်ဖြင့် ဆက်လက် စောင့်ဆိုင်းနေရမည်သာ ဖြစ်သည်။

အကြမ်းဖက်သမားများ၏ အစီအစဉ်ကို သူယုံကြည် သော်လည်း သူ၏ရင်ထဲ၌ တင်းကျပ်စွာ ခံစားနေရ၏။

တစ်စုံတစ်ခုအတွက် စိတ်ထဲမှ လေးလံ၍နေမိသည်။

အကြမ်းဖက်သမားခေါင်းဆောင် "အတွဲ" သည် ကြောက်စရာအလွန်ကောင်းသူတစ်ဦးဖြစ်သည်။ "အတွဲ" သည် စိတ်မမှန် ရူးသွပ်နေသူတစ်ဦးဖြစ်သည်။

ကြမ်းတမ်း ရက်စက်သော စိတ်ဓာတ်ရှိသူဖြစ်သည်။

စိတ်ရူးသွပ် ဖောက်ပြန်နေသူ တစ်ဦးကဲ့သို့ ကြည့်နေ တတ်သူဖြစ်သည်။

"အတွဲ" က သူ့ကိုကြည့်လိုက်သည့်အကြည့်မှာ -

သွေးဆာ၍ ရက်စက်ကြမ်းကြုတ်သော တောရိုင်း တိရစ္ဆာန်တစ်ကောင်က သိုးငယ်တစ်ကောင်ကို ဖမ်းဆီးစား သောက်ပစ်တော့မည့် အကြည့်မျိုးဖြစ်သည်။

"အတွဲ" သည် လူသတ်ရန်အတွက် ဝန်မလေးသူ၊ လက် မနှေးသူတစ်ဦးပင်ဖြစ်သည်။

လူသတ်ရခြင်းကို နှစ်ခြိုက် နှမ်သူတစ်ဦးလည်းဖြစ် ပေလိမ့်မည်။

မြို့တော်စည်းကမ်း ထိန်းသိမ်းရေးမှူးသည် လက်အုပ် ချီ၍ ဘုရားစာများကိုသာ တတွတ်တွတ် ရွတ်ဆိုနေမိလေတော့ သည်။

× × × × ×



www.burmeseclassic.com

www.burmeseclassic.com


## အခန်း (၃၀)

ပင်မခံတပ်ဟောင်းကြီး၏ နံဘေး၌ မီးပြတိုက်ဟောင်းကြီး တစ်ခုရှိသည်။

"ဂျပ်" သည် မီးပြတိုက်ပေါ်မှနေ၍ ကြည့်လိုက်လျှင် ကျေးညီနောင်ကျွန်းကြီး တစ်ကျွန်းလုံးကို ကောင်းစွာမြင်တွေ့နေရသည်။

ကျေးညီနောင် ကျွန်းဘေးမှ ညင်သာစွာ ဖြတ်ကျော်မောင်းနှင်သွားသည့် မော်တော်ဘုတ်တစ်စီးကို အမှုမဲ့ အမှတ်မဲ့ဖြင့် ကြည့်နေလိုက်သည်။ သူသည် ဤမျှော်စင်ပေါ်မှနေ၍ သုံးရက်တိုင်တိုင် အစောင့်တာဝန် ယူထားရသည်။

ကျွန်းဘေးပတ်ဝန်းကျင်၌ ခုတ်မောင်းလာသော သင်္ဘော၊ မော်တော်၊ လှေများကို တွေ့မြင်ရသည်မှာ ထူးခြားလှခြင်းမရှိတော့ပေ။

စိုးရိမ်စရာ အခြေအနေမရှိ။

ညနေ (၄း၀၅)နာရီ ရှိပေပြီ။





နောက်ထပ် မိနစ်ပိုင်းအတွင်း ရဟတ်ယာဉ်တစ်စီး ရောက်ရှိလာပြီး သူတို့တောင်းထားသော ငွေကို ပေးကြလိမ့်မည်။

ထို့နောက် သူတို့လူစု လွတ်ကင်းရာ နေရာဒေသတစ်ခုသို့ဆက်၍သွားနိုင်ကြမည်။

"အတွဲ" စီစဉ်ထားသည့်အတိုင်း အရာအားလုံး အဆင်ပြေချောမော၍နေ၏။ ရဟတ်ယာဉ်က သူတို့လူစုအား လေဆိပ်၌ အသင့်စောင့်ဆိုင်း နိုင်းထားသည်။ ဂျက်လေယာဉ်ဆီသို့ ပို့ဆောင်ပေးလိမ့်မည်။

"အတွဲက လေယာဉ်မှူးအား လမ်းညွှန်ချက် ပေးပေမည်။

ထို့နောက် သူတို့ လိုရာဒေသသို့ ရောက်သွားကြမည်။

"ဂျပ်" သည် စီးကရက်တစ်လိပ်ကို အားပါးတရ ဖွာရှိုက်လိုက်၏။

ဒေါ်လာ သုံးသန်းရခဲ့လျှင် . . .

'ဟူသော အတွေးဖြင့် ပီတိဖြစ်၍နေသည်။

ရုတ်တရက် -

တစ်စုံတစ်ရာကို "ဂျပ်" သတိပြုလိုက်မိသည်။

မီးသတ်မော်တော်တစ်စီး . . .။

မီးသတ်မော်တော်သည် ဆိပ်ခံတံတားသို့ ကပ်ပေတော့မည်။

"ဂျပ်" ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်သွားသည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com

မီးသတ်မော်တော်သည် ဟောင်းနွမ်း၍ ရေညှိများ
အထပ်ထပ်တက်၍နေသော ဆိပ်ခံကွန်ကရစ်တံတားသို့ ရပ်တန့်
လိုက်၏။

စဝ်ရန်နိုင် ဆိပ်ခံတံတားပေါ်သို့ ခုန်တက်လိုက်သည်။

"သတိထားနော်...စဝ်"

သူမက စိုးရိမ်သံဖြင့် လှမ်း၍ သတိပေးသည်။

စဝ်ရန်နိုင်က ပြုံး၍ လှည့်ကြည့်ပြီး ခေါင်းညိတ်ပြသည်။

စဝ်ရန်နိုင်သည် ကွန်ကရစ် လူသွားလမ်းအတိုင်း ဆက်
၍လျှောက်သွားသည်။

မီးသတ်မော်တော်ပေါ်မှ လူတစ်ဦး ခုန်ချလိုက်သည်ကို
"ဂျပ်" လှမ်းမြင်သည်။

ထိုလူသည် တိုက်တန်းလျားပုကလေးများဆီသို့ သွက်
လက်စွာ လျှောက်သွားသည်ကို တွေ့ရသည်။

ထိုလူသည် သူ၏ ဂျာကင်အင်္ကျီအောက်မှ ပွိုင့် (၃၅၇)
ကွန်ဘက်မဂ္ဂနမ်သေနတ် ထုတ်ယူလိုက်သည်ကိုပါ "ဂျပ်" မြင်
လိုက်သည်။

"ဂျပ်" မျက်လုံးပြူးသွားသည်။

"ရဲတစ်ယောက်ပါလား.." ဟု တီးတိုးရေရွတ်လိုက်
သည်။

ကြမ်းပြင်ပေါ်၌ ချထားသော အေ-အာ(၈)အမျိုးအစား
အော်တိုမက်တစ်ရိုင်ဖယ်ကို ကောက်ယူလိုက်၏။

သူ တွေ့လိုက်ရသူသည် တိုက်တန်းလျားပုကလေးများ
နောက်၌ ပျောက်ကွယ်သွားသည်။





"ဂျပ်" သည် စိတ်လှုပ်ရှားမှုကို ထိန်းချုပ်လိုက်သည်။

စီးကရက်ကို ကြမ်းပြင်ပေါ်သို့ ပစ်ချ၍ ခြေဦးဖြင့် ဖိချေ
ပစ်လိုက်၏။

အော်တိုမက်တစ်ရိုင်ဖယ်ဖြင့် အောက်ဘက်သို့ လှမ်း၍
ချိန်ရွယ်လိုက်သည်။

"ဂျပ်" ငြိမ်သက်စွာဖြင့် စောင့်ဆိုင်းကြည့်ရှုနေ၏။

× × ×

မီးသတ်မော်တော်ကမ်းမှ ခွာရန်ပြင်သည်။

မေဘုန်းရှိန်က လှမ်း၍အော်ပြောသည်။

"ခဏနေပါဦး။ ကျွန်မ အောက်ကို ဆင်းလိုက်ဦးမယ်"

မေဘုန်းရှိန် လှေကားမှ သွက်လက်စွာ ဆင်းလာသည်။

ဆိပ်ခံတံတားပေါ်သို့ ခုန်ချလိုက်၏။

မီးသတ်မော်တော်သည် စက်နှိုး၍ ဆိပ်ခံတံတားမှ
ဖြည်းဖြည်း ထွက်လာသည်။ ထို့နောက် ပင်လယ်ဘက်သို့
ဦးတည်၍ မောင်းနှင်ထွက်ခွာသွားသည်။

မေဘုန်းရှိန်သည် သူမ၏ ခြောက်လုံးပြူးကို ထုတ်ယူ
သည်။

ကျည်ဆန် ဆုံလည်အိမ်ကိုဖွင့်၍ စစ်ဆေးသည်။

ကျည်ဆန်က အပြည့်...။

သူမသည် ရှေ့ဘက်ရှိ ကမူလေးဘက်သို့ ဦးတည်၍
လျှောက်သွားသည်။

စဝ်ရန်နိုင်နှင့် သူမတို့နှစ်ဦးတည်း အကြမ်းဖက်သမား
များနှင့် ရင်ဆိုင်တိုက်ခိုက်ကြရတော့မည် ဖြစ်သည်။


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

တောင်ကုန်းထိပ်ဘက်၌ မီးပြတိုက်နှင့် ပြုပြင်ထား
သော တိုက်အိမ်တစ်လုံးကို စဝ်ရန်နိုင် တွေ့ရသည်။

မီးပြတိုက်မှာ အလိုအလျောက် မီးပြသည့် စနစ်ဖြင့်
ဆောက်လုပ်ထားခြင်းဖြစ်သည်။

စဝ်ရန်နိုင်သည် မီးပြတိုက် မျှော်စင်ဘက်သို့ လှမ်း၍
ကြည့်သည်။

ထိုနေရာ၌ အထွဲက အစောင့်တစ်ဦးထားပေလိမ့်မည်။

ထိုအစောင့်က မိမိကို တွေ့မြင်သွားမည်မှာ သေချာ
သည်။

ထိုစဉ်မှာပင် -

အော်တိုမက်တစ် ရိုင်ဖယ်ကျည်ဆန်များသည် အော်
မြည်၍ ရှေ့ဘက်ရှိ ကွန်ကရစ်လမ်းပေါ်သို့ ကျဆင်းလာသည်။





စဝ်ရန်နိုင်သည် ကျည်လမ်းကြောင်း လွတ်ရာဘက်သို့
ဒိုင်ဗင်ထိုး၍ လိမ့်ချလိုက်၏။ တိုက်အိမ်ကြီး၏ ဘေးဘက်သို့
ဆက်၍လိမ့်ဝင်သွားသည်။

စဝ်ရန်နိုင်သည် တိုက်အိမ်ကြီး၏ဘေးမှ ခြေသံလုံလုံ
ဖြင့် လျှောက်သွားသည်။

တိုက်အိမ်၏နောက်ဘက်ထောင့်သို့ရောက်လျှင် -

မီးပြတိုက်မျှော်စင်၏ ထိပ်ဆုံးလှေကားပေါ်၌ လျှောက်
သွားနေသည့် လူတစ်ယောက်ကိုမြင်ရသည်။ ထိုလူ၏လက်ထဲ၌
အေ.အာရ်အော်တိုမက်တစ်ရိုက်ဖယ်တစ်လက်ကို ကိုင်ထား
သည်။

စဝ်ရန်နိုင်သည် သူ၏မဂ္ဂနမ်သေနတ်ဖြင့် လှမ်း၍ချိန်
ရွယ်လိုက်၏။

အစောင့်ဖြစ်သူသည် စဝ်ရန်နိုင်ကို လိုက်လံ ရှာဖွေရင်း
ပြန်၍ထွက်လာသည်။

စဝ်ရန်နိုင်က မဂ္ဂနမ်သေနတ်၏ မောင်းခလုတ်ကို ဆွဲ
လိုက်သည်။

ကျယ်လောင်သော သေနတ်သံတစ်ချက်၊ လေထုထဲ၌
ပေါက်ကွဲမြည်ဟီး၍သွားသည်။

မီးပြတိုက်မျှော်စင်၏ ထိပ်၌ ရပ်နေသော "ဂျပ်"သည်
လေထဲ၌ယိမ်းထိုး၍သွား၏။

ထို့နောက် ခေါင်းငိုက်စိုက်ကျလျက် သံလက်ရန်းပေါ်မှ
ကျော်၍အောက်ဘက်သို့ အရှိန်ဖြင့် ပြုတ်ကျလာသည်။

"ဂျပ်"သည် စဝ်ရန်နိုင်၏ ရှေ့ဘက်ရှိ ကွန်ကရစ်လမ်း


www.burmeseclassic.com

www.burmeseclassic.com

ပေါ်သို့ အရှိန်ပြင်းစွာ ပြုတ်ကျလာ၏။ "ဂျပ်" သည် ခြေကားယား လက်ကားယား အနေအထားဖြင့် ပွဲချင်းပြီး သေဆုံးသွားပေ သည်။

x x x

ရှုပ်ထွေးသော စကြံလမ်းများအတိုင်း ဆက်၍လျှောက် သွားသည်။

မည်သည့်အရာကိုမျှ မတွေ့ရပေ။

ရှေ့ဘက်၌ လှေကားတစ်ခု ...။

မြေအောက်ခန်းဘက်မှ ပြေးလာနေသော ခြေသံကို ကြားရသည်။

စဝ်ရန်နိုင် မြေအောက်ခန်းထဲသို့ ဆင်းသည်။ လှေကား ခြေရင်းရောက်လျှင် စကြံလမ်းကျယ်ကြီးတစ်ခုအတိုင်း ဆက်၍ လျှောက်သွားသည်။

ဤမြေအောက်ခန်းထဲ၌ အလင်းရောင်မရှိသည့် နေရာ ပေါင်းများစွာ ရှိနေနိုင်သည်။ ရန်သူသည် တစ်နေရာရာ၌ ပုန်းနို ၍ နေနိုင်ပေသည်။

ရုတ်တရက် -

တိုးတိတ်သော အသံတစ်သံ ...။

စဝ်ရန်နိုင် လှည့်ကြည့်သည်။

တံခါးဝ၌ "လူ့ဘီလူးကြီး" အာနီ ...။

အာနီ၏လက်ထဲရှိ အော်တိုမက်တစ်ရိုင်ဖယ်မှ ကျည် ဆန်များ တဝေါဝေါ မြည်ဟီး၍ လွင့်ပျံထွက်လာသည်။

ကျည်ဆန်များက စဝ်ရန်နိုင်၏ ဦးခေါင်းအထက်မှ ဖြတ်





ကျော်သွားကြသည်။

စဝ်ရန်နိုင် ကြမ်းပြင်ပေါ်သို့ ဝမ်းလျားထိုး မှောက်ချ လိုက်၏။

စဝ်ရန်နိုင်သည် မဂ္ဂနမ်သေနတ်ကို လက်နှစ်ဘက်ဖြင့် ဆုပ်ကိုင်လျက် ကြမ်းပြင်ပေါ်၌ ဝမ်းလျားထိုး လျှောတိုက်၍သွား သည်။

"အာနီ" သည် သူ၏အော်တိုမက်တစ်သေနတ်ကိုပြန်ဆွဲ ယူ၍ စဝ်ရန်နိုင်ကို ပစ်ခတ်ရန် ဟန်ပြင်လိုက်၏။

စဝ်ရန်နိုင်က တစ်ဘက်သို့ လှိမ့်ချလိုက်၏။

လက်ထဲမှ မဂ္ဂနမ်သေနတ်၏ မောင်းခလုတ်ကို နှစ်ချက် ဆင့်၍ဆွဲလိုက်သည်။

ကျည်ဆန်များက "အာနီ" ၏ ရင်ဝသို့ တည့်မတ်စွာ တိုး ဝင်သွားသည်။

"အာနီ" တံခါးပေါက်မှ တစ်ဆင့်နောက်ဘက်သို့ ယိုင် ထိုးလဲကျသွားသည်။

စဝ်ရန်နိုင် လဲကျနေရာမှ ထ၍ ရပ်သည်။

"အာနီ" သည် ပက်လက်လန်၍ လဲကျသေဆုံးနေ၏။

မျက်လုံးအစုံမှာ ပွင့်ဟ၍နေသည်။

စဝ်ရန်နိုင်သည် စကြံလမ်းအတိုင်း ပြန်၍လျှောက်သွား သည်။

သေနတ်သံများ တစ်နေရာမှ ထွက်ပေါ်လာသံကို ကြား ရသည်။

စဝ်ရန်နိုင် လှေကားရှိရာသို့ အလျင်အမြန် ပြေး၍သွား သည်။



www.burmeseclassic.com

www.burmeseclassic.com



အချုပ်ခန်းတံခါးသော့ကို စံနက်ကျော် ဖွင့်သည်။

လက်ထဲမှ အော်တိုမက်တစ်ရိုင်ဖယ်ပြောင်းဝနှင့် မြို့တော်စည်းကမ်း ထိန်းသိမ်းရေးမှူး ချိန်၍ -

"ထ.စမ်း။ သွားကြမယ်"

မြို့တော်စည်းကမ်း ထိန်းသိမ်းရေးမှူးက ကြောက်ရွံ့တုန်လှုပ်စွာဖြင့် -

"ဘယ်...ဘယ်ကို သွားရမှာလဲ"

စံနက်ကျော်က ခနဲ့သံဖြင့် -

"ကျုပ်တို့ လေညင်းခံထွက်ကြမလို့လေ"

စံနက်ကျော်က မြို့တော်စည်းကမ်း ထိန်းသိမ်းရေးမှူး အား ရှေ့သို့ တွန်းထုတ်လိုက်၏။

သူတို့နှစ်ဦးသည် အခန်းများရှိသည့် စင်္ကြံလမ်းအတိုင်း လျှောက်သွားကြသည်။

ရုတ်တရက် -

အမျိုးသမီးတစ်ဦး၏ အမိန့်ပေးသံ ထွက်ပေါ်လာသည်။

"ဟေ့...ရဲတပ်ဖွဲ့ဟေ့။ လက်မြှောက်လိုက်စမ်း"

ခြောက်လုံးပြူးနှင့် ချိန်၍ရပ်နေသည့် မေဘုန်းရှိန်ကို နှစ်ဦးစလုံး လှည့်ကြည့်လိုက်မိကြသည်။

စံနက်ကျော်က အေးစက်ကျဉ်းမြောင်း စဉ်းလဲသည့် မျက်လုံးများဖြင့် စိုက်ကြည့်နေ၏။

မေဘုန်းရှိန်က -

"အခု ... လက်နက်ချလိုက်။ နောက်တစ်ခါ ... ထပ်





မပြောနိုင်ဘူး"

စံနက်ကျော်သည် သူ၏ အော်တိုမက်တစ် ရိုင်ဖယ် ပြောင်းဝကို အောက်ဘက်သို့ ဖြည်းညင်းစွာ နိမ့်ချလိုက်၏။

ချက်ခြင်းပင် -

သေနတ်ပြောင်းဝကို ပြန်၍ထောင်လိုက်သည်။

မေဘုန်းရှိန်သည် ချိန်ရွယ်မနေပဲ လှမ်း၍ပစ်ခတ်လိုက်သည်။

ကျည်ဆန်က စံနက်ကျော်၏ ရင်ဝသို့ ထိမှန်ပြီး နောက်ဘက်သို့ လန်ထွက်သွားသည်။

စံနက်ကျော်၏ လက်ထဲမှ အော်တိုမက်တစ်ရိုင်ဖယ် လွတ်ကျသွားသည်။ စံနက်ကျော် လုံးဝမလှုပ်ရှားနိုင်တော့ပေ။

မြို့တော်စည်းကမ်း ထိန်းသိမ်းရေးမှူးသည် ဝမ်းမြောက်မှု၊ ထိတ်လန့်တုန်လှုပ်မှုတို့ဖြင့် ရောထွေးလျက် လှမ်းပြောသည်။

"ဟာ...ရဲစုံစမ်းရေးမှူး မေဘုန်းရှိန်ပါလား။ မင်းရောက်လာလို့တော်ပါသေးတယ်။ ကျေးဇူးပါပဲ...သူတို့...သူတို့...ကျုပ်ကို သတ်ပစ်ကြတော့မယ့်ထင်တယ်.."

မေဘုန်းရှိန်က တုန်ယင်ချောက်ချားနေသော မြို့တော်စည်းကမ်းထိန်းသိမ်းရေးမှူးကို ဖေးမ.လျက် စင်္ကြံလမ်းဆီသို့ ခေါ်လာသည်။

ရုတ်တရက် -

တံခါးဝ၌ "အထွဲ" ပေါ်၍လာသည်။

အထွဲကို မြင်လိုက်သည်နှင့် မေဘုန်းရှိန် လက်ထဲမှ ခြောက်လုံးပြူးကို ပင့်မလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် -

သူမ နောက်ကျသွားသည်။

"အထွဲ" ၏ အော်တိုမက်တစ်ရိုင်ဖယ်မှ ကျည်ဆန်များ မေဘုန်းရှိန်၏ ရင်ဝသို့ ထိမှန်သွားကြသည်။

မေဘုန်းရှိန်သည် မြို့တော်စည်းကမ်း ထိန်းသိမ်းရေးမှူးအား တစ်ချက်ကြည့်၍ကြမ်းပြင်ပေါ်သို့ မှောက်လျက်သား လဲကျသွားသည်။

မြို့တော်စည်းကမ်း ထိန်းသိမ်းရေးမှူး ထိတ်လန့်စွာဖြင့် အသံကုန် အော်ဟစ်လိုက်သည်။

"အထွဲ" က မြို့တော်စည်းကမ်း ထိန်းသိမ်းရေးမှူးကို သေနတ်ဒင်ဖြင့် ဖြတ်၍ရိုက်လိုက်သည်။

"တိတ်စမ်း ... ခင်ဗျားကြီး ဉာဏ်များမယ် မကြံနဲ့။ တစ်ကိုယ်လုံး အပိုင်းပိုင်း အတစ်တစ် ဖြစ်သွားမယ်။ နားလည်လား"

အထွဲက မြို့တော်စည်းကမ်း ထိန်းသိမ်းရေးမှူး၏ နားထင်ကို သေနတ်ပြောင်းဝဖြင့် ဖိကပ်ထားလိုက်သည်။

"ကျုပ် ... ကျုပ်ကို မသတ်ပါနဲ့"

"အထွဲ" က တိရစ္ဆာန်ရိုင်းတစ်ကောင်နယ် သွားဖြဲ၍ရယ်လိုက်၏။

"ထ.စမ်း . . . မြန်မြန်။ ခင်ဗျားရဲ့လူတွေ နောက်ထပ် ဆယ်မိနစ်အတွင်း ငွေလာမပေးရင်တော့ ခင်ဗျားရဲ့ခေါင်းထဲက ဦးနှောက်တွေ ပွင့်ထွက်သွားစေရမယ် ... နားလည်လား"

"အထွဲ" က မြို့တော်စည်းကမ်း ထိန်းသိမ်းရေးမှူးကို ကြမ်းတမ်းစွာ ဆွဲခေါ်သွားသည်။





"အထွဲ" သည် တံခါးပေါက်တစ်ခုမှ ဖြတ်၍ထွက်လာသည်။

ကွက်လပ်ကျယ်ကြီး တစ်ခုသို့ ရောက်သည်။

"အထွဲ" က အစောင့်မျှော်စင်ကင်းတဲကို လှမ်းကြည့်လိုက်ပြီး -

"ခင်ဗျားကို သူတို့ကောင်းကောင်းမြင်နိုင်မယ့်နေရာကို ပို့ပေးထားမယ်"

အထွဲက မြို့တော်စည်းကမ်း ထိန်းသိမ်းရေးမှူးကို မျှော်စင်လှေကားအတိုင်း အပေါ်သို့ တွန်းထိုး၍ တက်စေသည်။

မြို့တော်စည်းကမ်း ထိန်းသိမ်းရေးမှူးမှာ မောပန်းနွမ်းနယ်နေပြီး မတက်နိုင်ပေ။

"ကျုပ် ... ကျုပ် ... မတက်နိုင်ဘူး"

"ခင်ဗျားကြီး ... မြန်မြန်တက်စမ်း ... မတက်ရင် သတ်ပစ်လိုက်မယ်"

မြို့တော်စည်းကမ်း ထိန်းသိမ်းရေးမှူးမှာ ပျို့အန်လျက်ရှိနေ၏။ အထွဲက စက်ဆုပ်သော အမူအရာဖြင့် စိုက်၍ကြည့်သည်။

သူ၏မျက်လုံးအစုံ၌ လူသတ်ချင်သော အရိပ်အငွေ့များ ပေါ်၍လာသည်။

ထိုစဉ်မှာပင် -

ရိုင်ဖယ်ဒလက်လည်ပတ်သံကို ကြားလိုက်ရသည်။

အင်ဂျင်စက်သံမှာ တဖြည်းဖြည်းနှင့် ကျယ်လောင်၍လာ၏။

"အထွဲ" ကျေနပ်စွာ ပြုံးသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟော ... ခင်ဗျားရဲ့လူတွေ လာနေကြပြီ။ သူတို့ ကျုပ်တောင်းတဲ့ငွေကို လာပို့ကြပြီ"

အထွဲသည် မြို့တော်စည်းကမ်း ထိန်းသိမ်းရေးမှူးကို ဤအတိုင်းပင် ထားရစ်ခဲ့ပြီး မျှော်စင်ပေါ်သို့ လှေကားမှ ပြေးတက်သွားသည်။

မျှော်စင်ပေါ်သို့ရောက်လျှင် -

ရဟတ်ယာဉ်ကို လက်ဝှေ့ယမ်း၍ပြသည်။

ကျယ်လောင်သောအသံတစ်သံကို "အထွဲ" ကြားလိုက်ရသည်။

"ဟေး...အထွဲ"

မျှော်စင်အောက်သို့ ငုံ့ကြည့်သည်။

ကျောက်သားလှေကားထစ်များပေါ်၌ ရပ်နေသော ကျစ်လျစ်တောင့်တင်းသော ခန္ဓာကိုယ်နှင့် ယောက်ျားပီသသည့် လူရွယ်တစ်ဦးကို လှမ်းမြင်လိုက်ရသည်။

ထိုလူရွယ်က အော်၍ပြောသည်။

"မင်းရဲ့လူတွေ အားလုံးသေကုန်ပြီ။ အခု ... မင်းရဲ့ အလှည့်ပဲ ကျန်တော့တယ်..."

"အထွဲ" က ထိုလူစိမ်းကို မျက်မှောင်ကြုတ်၍ စိုက်ကြည့်သည်။

ထိုလူစိမ်း၏ လက်ထဲ၌ တစ်စုံတစ်ခုကို ကိုင်ထားသည်။

ခရမ်းပြာရောင် ယှက်သန်းနေသည့် ရှည်မျောမျော ဖန်ပြွန်ချောင်းကြီးတစ်ခုဖြစ်သည်။

"အထွဲ" သူ၏တစ်သက်တာ၌ ပထမဆုံးအကြိမ်အဖြစ် အကြီးအကျယ် တုန်လှုပ်ချောက်ချားသွားသည်။





ထိုလူစိမ်း၏လက်ထဲ၌ ကိုင်ထားသောအရာမှာ -

Violet Rocket ဖြစ်နေသည်ကို သူကောင်းစွာ သိလိုက်သည်။

ထိုလူစိမ်းက Violet Rocket ဖြင့် "အထွဲ" ဆီသို့ တည့်မတ်စွာ ချိန်ရွယ်ထားသည်။

"အထွဲ" က ခြေကားယား လက်ကားယားနှင့် အသံကုန်အော်ဟစ်လိုက်သည်။

"မ...မ...မလုပ်ပါနဲ့။ မပစ်ပါနဲ့..."

စဝ်ရန်နိုင်က Violet Rocket ၏ ပြောင်းဝကို အပေါ်သို့ အနည်းငယ်မြှင့်၍ သေချာစွာ ချိန်ရွယ်လိုက်သည်။

Violet Rocket ၏ခလုတ်ကို ညင်သာစွာ ဆွဲလိုက်သည်။

Violet Rocket သည် "အထွဲ" ရှိရာ မျှော်စင်ထိပ်ပိုင်းကို တည့်မတ်စွာ ထိမှန်သည်။

မီးတောက် မီးလျှံများနှင့်အတူ အထွဲ၏ ခန္ဓာကိုယ်တစ်ခုလုံး အစ.ရာ၍ မရနိုင်အောင်ဖြစ်သွားသည်။

စဝ်ရန်နိုင်က Violet Rocket ကို မြေပြင်ပေါ်သို့ ပစ်ချလိုက်၏။

မြို့တော်စည်းကမ်း ထိန်းသိမ်းရေးမှူး အလဲလဲအကွဲကွဲဖြင့် ပြေးလာသည်။

"ဟေး ... စဝ်ရန်နိုင် ... စဝ်ရန်နိုင်။ မင်း ကယ်လိုက်လို့ပဲကွာ။ မင်းကို ဒီကိစ္စအတွက် ဂုဏ်ပြုလက်မှတ်နဲ့ အထူးဆုတစ်ဆု ချီးကျူးဂုဏ်ပြုပေးပါ့မယ်"

စဝ်ရန်နိုင်က ခံစားချက်ကင်းမဲ့သည့် အေးစက်သော


www.burmeseclassic.com

www.burmeseclassic.com

မျက်လုံးများဖြင့် စိုက်၍ကြည့်လိုက်သည်။

မြို့တော်စည်းကမ်းထိန်းသိမ်းရေးမှူး၏ ခြေလှမ်းများ တုံ့ခနဲ ဖြစ်သွားသည်။

ရဟတ်ယာဉ်မှာ ပျံဝဲ၍ ဆင်းလာနေပေပြီ။

ရဟတ်ယာဉ်စက်ခန်းမှ လျှပ်စစ်အော်လံကိုင်ထားသော လူတစ်ယောက်၏ ခန္ဓာကိုယ်တစ်ပိုင်း ထွက်လာသည်။

"ကိတ်" အဖွဲ့ကို ခေါ်နေပါတယ်။ "ကိတ်" အဖွဲ့ကို ခေါ်နေပါတယ်"

ဦးထွန်းပိုင်၏အသံဖြစ်ကြောင်း စဝ်ရန်နိုင် သိလိုက်သည်။

"ကိတ်" အဖွဲ့ကို ဆက်သွယ်ချင်ပါတယ်။ ရဟတ်ယာဉ် မြေပေါ်ကို ဆင်းပါတော့မယ်။ ခင်ဗျားတို့ တောင်းဆိုတဲ့ငွေ အပြည့်ပါလာပါတယ်"

စဝ်ရန်နိုင် အဆောက်အအုံအတွင်းသို့ ပြေးဝင်သွားသည်။

ပင်မ အချုပ်ခန်းအတွင်း၌ -

လဲကျနေသော "မေဘုန်းရှိန်" ကို တွေ့လိုက်ရသည်။

သူမ၏ မျက်နှာလေးမှာ ဖြူဖွေး၍နေသည်။

စဝ်ရန်နိုင်က သူမ၏ လက်တစ်ဖက်ကို ညင်သာစွာ ဆုပ်ကိုင်၍ -

"မေဘုန်းရှိန် . . . မေဘုန်းရှိန်"

သူမတစ်ချက် ညည်းညူ၍ တွန့်သွားသည်။ မျက်လုံးအစုံကို ဖြည်းညင်းစွာ ဖွင့်ကြည့်သည်။





စဝ်ရန်နိုင်ကိုမြင်လျှင် -

"ကျွန်မ . . . ကျွန်မ တာဝန်ကျေပါတယ်နော် . . ."

"မင်း . . . တာဝန်ကျေပါတယ်"

စဝ်ရန်နိုင်က သူမကို အကဲခတ်ကြည့်လိုက်၏။ သူမ၏ ခန္ဓာကိုယ်အထက်ပိုင်း၌ ကျည်ရာများကို မြင်လိုက်ရသည်။ ကျည်ဆန်ထိပ်ဖူးများက ဖောက်၍ဝင်နေသည်။

စဝ်ရန်နိုင် နားလည်လိုက်သည်။

သူမအတွင်းဘက်၌ ကျည်ကာအင်္ကျီဝတ်ထားကြောင်း သိလိုက်သည်။

သူမ ရက်သွေးဖြန်းသော အပြုံးတစ်ချက်ပြုံးသည်။

"ကျွန်မ . . . ကျွန်မ၊ ရင်ဘတ်တွေ တော်တော်အောင့်နေတယ်"

သူမက တိုးတိုးလေးသံဖြင့် ပြောသည်။

BURMESE CLASSIC .com

စဝ်ရန်နိုင် သက်ပြင်းတစ်ချ ချလိုက်သည်။

"မင်းကိုပစ်လိုက်တာ "အထွဲ" မဟုတ်လား"

"ဟုတ်တယ် . . . စဝ်။ ကျွန်မ . . . ကျွန်မ ကောင်းကောင်း မထ.နိုင်ဘူး"

"မင်းအတွက် ငါ စိုးရိမ်လိုက်ရတာ သေလုမဘတ်ပဲ မေဘုန်းရှိန်ရယ် . . ."

စဝ်ရန်နိုင်က သူမကို ပွေ့ချီလိုက်သည်။

သူမ ကြည်နူး ကျေနပ်စွာ ပြုံးလိုက်သည်။

ဤကြမ်းတမ်းသော လူ့ကြီး၌ နူးညံ့သော နှလုံးသားရှိပါလားဟု သူမ ရင်ခုန်စွာ တွေးလိုက်မိသည်။

မေဘုန်းရှိန်ကို ပွေ့ချီလျက် စဝ်ရန်နိုင် အဆောက်အအုံ

www.burmeseclassic.com

www.burmeseclassic.com



၏အပြင်ဘက်သို့ထွက်လာသည်။

ညင်သာစွာ တိုက်ခတ်နေသော လေပြေထဲ၌ မေဘုန်း
ရှိန်၏ ဆံနွယ်များ လုပစွာ လွင့်မျောလျက်ရှိနေပေသည်။

ရဟတ်ယာဉ်မှာ မြေပြင်ပေါ်၌ ဆင်းသက်ရပ်တန့်၍နေ
ပြီဖြစ်သည်။

ဦးထွန်းပိုင်သည် -

မေဘုန်းရှိန်ကို ပွေ့ချီလာသည့် စစ်ရန်နိုင်နှင့် မြို့တော်
စည်းကမ်းထိန်းသိမ်းရေးမှူးတို့ကို တွေ့မြင်လိုက်ရသည်။

ဦးထွန်းပိုင်သည် မယုံကြည်နိုင်စွာ အံ့အားသင့်စွာဖြ
သွားသည်။

သူ မည်သို့မျှ မှတ်ထင် မျှော်လင့်မထားသော အခြေ
အနေတစ်ခုပင်။

ဦးထွန်းပိုင်သည် ပါးစပ်အဟောင်းသားဖြစ်၍သွားပြ
စစ်ရန်နိုင်နှင့် မေဘုန်းရှိန်တို့ကို တအံ့တဩ ငေးစိုက်ကြည့်နေ
မိလေတော့သည်။

BURMESE CLASSIC .com

× × × × ×

ပြီးပါပြီ

ဇော်ထက်အောင်



www.burmeseclassic.com